www.burmeseclassic.com

တက္ကသိုလ် ဝင်းကြွယ်

# ခြိမ်းခြောက်သခင်မ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၁၀၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၁၂၁၀၀၉

၂၀၁၀ - ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ပိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
# ဇင်းကြွယ်

# မြိမ်းရောင်သခင်မ

(စာစဉ်-၁)

www.burmeseclassic.com

www.burmeseclassic.com



## လူရုပ်းကားသိုင်းသမားကြီး ခြောက်ဦး

လမင်းထိန်ထိန်သာနေသော ညတစ်ညဖြစ်သည်။

အချိန်အားဖြင့် ခြောက်လပိုင်း ပူအိုက်သောရာသီ ဖြစ်သည်။

နေရာသည်ကား ...

လူစန်းတောင်တန်းမှ ဟန့်ယံတောင်ထိပ်တစ်နေရာတွင်ဖြစ်သည်။

လူစန်းတောင်တန်းကြီးသည် တဖြူးဖြူးတိုက်ခတ်လျက်ရှိသော တောင်လေ၏ချော့သိပ်မှုကြောင့် အေးမြသောလရောင်အောက်တွင် ပကတိငြိမ်သက်စွာဖြင့် ထီးထီးကြီး အိပ်မောကျလျက်ရှိလေသည်။

မကြာမီ ငြိမ်သက်တိတ်ဆိတ်စွာ အိပ်မောကျနေသော လူစန်းတောင်တန်းကြီး၏တောစပ်ကျောက်တုံးများကြားမှ သွက်သွက်လှုပ်ရှားနေသော လူရိပ်တစ်ရိပ် ပေါ်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏လှုပ်ရှားမှုများကား လျှင်မြန်ဖျတ်လတ်လွန်းလှ၏။

သူသည် ဟန်နယ်တောင်ထိပ်သို့ ဦးတည်သွားနေခြင်း ဖြစ်သည်။

သူ၏ ထူးခြားလှသော ကိုယ်ဖော့ပညာကြောင့် မကြာမီမှာပင် သူသည် ဟန်နယ်တောင်ထိပ်ပေါ်သို့ ရောက်ရှိလာခဲ့တော့သည်။

ထိုသူသည် အသက်အားဖြင့် နှစ်ဆယ်ကျော်မျှသာ ရှိဦးမည်ဖြစ်သည်။

သူ၏ကိုယ်တွင် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားခြင်းကြောင့် လရောင်အောက်တွင် အထူးထင်ပေါ်လျက်ရှိနေလေသည်။

သူ၏ ဘယ်ဘက်ချိုင်းအောက်တွင် အထုပ်ကလေးတစ်ခု ညှပ်ထားသည်ကိုတွေ့ရ၏။

သူသည် ခြေလှမ်းများကို ခပ်သွက်သွက် လှမ်း၍လျှောက်လိုက်သည်။

အနည်းငယ်လျှောက်မိသောအခါ ငါးပေပတ်လည်ခန့်ရှိမည်ဖြစ်သော ကျောက်ပြားတစ်ချပ်ဆီသို့ ရောက်ရှိလာခဲ့လေသည်။

သူသည် လေးထောင့်ကျောက်ပြားပေါ် ထိုင်ချပြီး ချိုင်းကြားမှ အထုပ်ကလေးကို ဖြည်လိုက်၏။



အထုပ်ကလေးထဲမှ အသုံးအဆောင်ပစ္စည်းသုံးမျိုး ထွက်ပေါ်လာလေသည်။

ယင်းပစ္စည်းများမှာ မီးခိုးရောင် ဝတ်ရုံရှည်ကြီးတစ်ထည်၊ ခေါက်ယပ်တောင်တစ်ခုနှင့် ရှည်လျားသော မုတ်ဆိတ်မွေးများ ရှိသည့် သားရေမျက်နှာတစ်ခုတို့ပင် ဖြစ်လေသည်။

သူသည် ကျောက်ပြားပေါ်တွင် မတ်တတ်ရပ်လိုက်ပြီး မီးခိုးရောင် ဝတ်ရုံရှည်ကြီးကို ကိုယ်တွင်ကပ်၍ တိုင်းကြည့်လိုက်သည်။

ထို့နောက် မိမိ၏ဝတ်စုံနှင့် လဲလှယ်ဝတ်ဆင်၍ ရုပ်ဖျက်ရန် ပြင်ဆင်လေတော့သည်။

ကိစ္စအဝဝပြီးသောအခါ သူသည် ကျောက်ပြားကြီးပေါ်တွင် တင်ပျဉ်ခွေ၍ထိုင်ကာ မျက်လုံးအစုံကိုမှိတ်လျက် အတွင်းအားများ ညည်းလေ့ကျင့်နေလိုက်တော့သည်။

အစစအရာရာ ပိပိရိရိဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ သူ့ကိုယ်သူတော့ လုံလုံပြီဟု ထင်နေမိသည်။

သို့သော် တောတွင်းမှောင်ရိပ်တစ်နေရာမှနေ၍ သူ၏ ပြုမူလှုပ်ရှားပုံများကို အစအဆုံး ချောင်းမြောင်းကြည့်ရှုနေသော မျက်လုံးတစ်စုံ ရှိနေသည်ကိုမူ အဆိုပါလူငယ် လုံးဝမသိရှိပါချေ။

မည်သို့ဆိုစေ စောစောက ငယ်ရွယ်နုပျို၍ ခန့်ငြားသော

www.burmeseclassic.com



လူရွယ်ကလေးသည် လရောင်အောက်တွင် အိုမင်းရင့်ရော်သော အဘိုးကြီးတစ်ဦးအသွင်သို့ ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

သူ၏ ရုပ်ဖျက်ခြင်းအတတ်ပညာ ပြောင်မြောက်လှသဖြင့် သူ့အား မြင်တွေ့ရသူတိုင်း မည်သူကမျှ ရုပ်ဖျက်ထားသော လူတစ်ယောက်ဖြစ်ကြောင်း ရိပ်မိသိရှိနိုင်ကြလိမ့်မည် မဟုတ်ချေ။



သန်းခေါင်ယံကျော်လွန်၍ နံနက်နှစ်ချက်တီးအချိန်သို့ ... ရောက်လာခဲ့လေပြီ။

လေးထောင့်ကျောက်ပြားကြီးပေါ်တွင် တင်ပျဥ်ခွေထိုင်၍ သိုင်းပညာအတွင်းအားများ လေ့ကျင့်အားထုတ်နေသော အဘိုးကြီးအဖြစ် ရုပ်ဖျက်ထားသည့် လူငယ်၏မျက်လုံးများက ပွင့်လာသည်။

ထို့နောက် သူသည် ခေါင်းကို ဘယ်ဘက်သို့ စောင်းငဲ့၍ မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်သည်။

ထိုစဥ်မှာပင် အောက်ဘက်ဆင်ခြေလျှောမှ တောင်ထိပ်ပေါ်သို့ တရွေ့ရွေ့ လှုပ်ရှားပြီး တက်လာနေသော လူနှစ်ယောက်၏ အပေါ်ပိုင်း ဦးခေါင်းများကို တွေ့ရှိလိုက်ရလေသည်။

ထိုသူတို့သည်ကား အရွယ်အားဖြင့် လေးဆယ်ကျော်စီ ရှိကြသည့် သိုင်းသမားကြီးနှစ်ယောက်ပင် ဖြစ်လေသည်။

ရှေ့မှလျှောက်လာသူသည် အဖြူရောင်သိုင်းဝတ်စုံကို သေ

www.burmeseclassic.com

www.burmeseclassic.com



သပ်စွာဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

မကြာမီပင် သူတို့နှစ်ဦးသည် ဟန့်ယံတောင်ထိပ်သို့ ရောက်လာကြသည်။

ဟိုဟိုသည်သည် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ကြပြီးနောက် တောင်ထိပ်တစ်နေရာရှိ ကျောက်ပြားကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော အဘိုးကြီးဆီသို့ ဦးတည်လျက် လျှောက်လာခဲ့ကြသည်။

အဘိုးကြီးရှေ့သို့ရောက်သောအခါ နှစ်ဦးစလုံးသည် အဘိုးကြီးအား ဦးညွှတ်၍ အရိုအသေပြုလိုက်ကြသည်။

ထို့နောက် သူတို့သည် နောက်ဘက် လေးငါးကိုက်အကွာအဝေးသို့ ဆုတ်ခွာသွားကြပြီး မြေကြီးပေါ်တွင် အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်၍ ထိုင်ချလိုက်ကြလေသည်။

ထိုစဉ် ဟန့်ယံတောင်ထိပ်ပေါ်သို့ နောက်ထပ်လူတစ်ယောက် ထပ်မံရောက်ရှိလာပြန်လေသည်။

နောက်ထပ်ရောက်လာသော လူကြီး၏ကိုယ်ခန္ဓာသည် ထွားကျိုင်းလွန်းလှ၏။

ပထမလူနှစ်ဦးထက် သူက အသက်ပိုကြီးသော်လည်း သူ



၏လှုပ်ရှားမှုများမှာ ပထမလူများထက် ပို၍လျင်မြန်ဖျတ်လတ်နေသည်ကို တွေ့ရ၏။

ထိုလူကြီးသည်လည်း မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီး၏ရှေ့သို့ရောက်လာပြီး ပထမလူများနည်းတူ ဦးညွှတ်အရိုအသေပြုပြီးနောက် ပထမလူနှစ်ယောက်အနီးတွင် နေရာယူ၍ ထိုင်ချလိုက်သည်။

ယခု ဟန့်ယံတောင်ထိပ်တွင် လူလေးယောက် ရှိနေပြီ ဖြစ်သည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် မည်သူမျှ စကားမပြောကြသေးဘဲ အသီးသီးထိုင်မြဲထိုင်နေလျက် ငြိမ်ချက်သားကောင်းနေကြလေသည်။

သူတို့ကိုကြည့်ရသည်မှာ ရောက်ရှိလာမည့် လူ မစုံသေး၍ စောင့်ဆိုင်းနေကြဟန် တူပေသည်။

နံနက်နှစ်ချက်ခွဲအချိန်ခန့်ရှိသောအခါ တောင်အောက်ဘက်ဆီမှ စူးရှကျယ်လောင်သောအသံတစ်သံ ထွက်ပေါ်လာသည်ကို ... အားလုံးကြားလိုက်ရလေ သည်။

ထိုအသံနှင့် မရှေးမနှောင်းပင် လွှားခနဲ ပေါ်ထွက်လာသော လူရိပ်နှစ်ခုကို တွေ့လိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်သောအခါ ခြောက်ဆယ်ကျော် အဘိုးကြီး နှစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်အနက် တစ်ယောက်သည် အဝါရင့်ရောင် ဝတ်စုံဝတ် ဆင်ထားပြီး ကျန်တစ်ယောက်မှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သို့သော် အဖြူရောင်ဝတ်စုံနှင့်အဘိုးကြီးမှာ ခါးကုန်းနေသူ တစ်ဦး ဖြစ်လေသည်။

အဖြူရောင်ဝတ်စုံနှင့် ခါးကုန်းအဘိုးကြီးသည် ခြောက်ပေ ခန့်ရှည်၍ လုံးပတ်တစ်လက်မခွဲခန့်ရှိသည့် သံလုံးရှည်လက်နက်တစ် ချောင်းကို ညာဘက်လက်ဖြင့် ဟန်ပါပါ ကိုင်ဆောင်ထားလေသည်။

ထိုအဘိုးကြီးနှစ်ယောက်သည် ဟန့်ယံတောင်ထိပ်ပေါ်သို့ ရောက်လာကြပြီးနောက် ခပ်တည်တည်နှင့်ပင် လေးထောင့်ကျောက် ပြားပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော မီးခိုးရောင်ဝတ်စုံနှင့် အဘိုး ကြီးထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လှမ်းသွားကြလေသည်။

မီးခိုးရောင်အဘိုးကြီး၏ရှေ့သို့ရောက်သောအခါ သူတို့ နှစ်ဦး၏ခြေလှမ်းများက ပြိုင်တူရပ်တန့်သွားကြပြီး ဦးညွှတ်၍ ဂါရဝ ပြုလိုက်ကြသည်။

ထို့နောက် အဖြူရောင်ဝတ်စုံနှင့် ခါးကုန်းအဘိုးကြီးက



သူတို့ရောက်ရှိလာကြပြီဖြစ်ကြောင်း အစီရင်ခံလိုက်သည်။

"သိုင်းအဓိပတိ ဆရာကြီးယန်ခင်ဖျား ... ကျွန်တော် ယိ ယန်စွမ်းနှင့် နှင်းတောင်သံနဂါးကြီးထိလုံတို့ အချိန်မှန်ရောက်ရှိလာကြ ပါပြီ၊ ဟိုဆံပင်နီမာရ်နတ်သူဇာလေး ကျိရှောင်မေကော ရောက်နေပါ ပြီလား"

ထိုအခါမှ လေးထောင့်ကျောက်ပြားပေါ် ငြိမ်သက်စွာ ထိုင် နေသော မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးသည် သူ၏မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်၏။

"မရောက်သေးဘူး၊ သုံးချက်တီးချိန်လောက်အထိတော့ စိတ်ရှည်ရှည်နဲ့ ထိုင်ပြီးစောင့်ကြည့်ပါဦး"

သူ၏အကြည့်က စူးရဲသလို သူ၏အသံက အေးစက်စက် နိုင်လှသည်။

အဖြူရောင်ဝတ်စုံနှင့် ခါးကုန်းအဘိုးကြီး မျက်မှောင် တစ် ချက်ကုတ်လိုက်၏။

ထို့နောက် သူက မကျေမနပ်လေသံဖြင့် ပြောလိုက်သည်။

"ဒီမာရ်နတ်ဆိုးမလေးဟာ နှစ်တိုင်း ဒီလိုချည်းပဲ၊ သူပဲ အမြဲ နောက်ကျတယ်၊ ကျန်တဲ့လူတွေကို သူက ဘာများအောက်မေ့နေ တယ် မသိဘူး"

www.burmeseclassic.com



သူ့လေသံက မနှစ်မြို့ဟန် ဖော်ပြနေသော်လည်း သူ၏ အဖော်ဖြစ်သော အဝါရောင်ဝတ်ဆင်ထားသည့် အဘိုးကြီးနှင့်အတူ နောက်ဘက်သို့ ဆယ်ပေခန့်ဆုတ်ပြီး ကျောက်ပြားပေါ်ရှိ အဘိုးကြီး အား မျက်နှာမူလျက် ထိုင်ချလိုက်လေသည်။

ထိုအချိန်မှာပင် ဆင်ခြေလျှောတစ်နေရာမှနေ၍ တောင်ထိပ်ဆီသို့ လူရိပ်တစ်ခု အပြေးအလွှားတက်လာနေသည်ကို တွေ့မြင်ရတော့သည်။

ထိုလူရိပ်၏နောက် ခပ်လှမ်းလှမ်းတစ်နေရာမှ အခြားလူရိပ်တစ်ခုက မျက်ခြည်မပြတ် နောက်ယောင်ခံ၍ လိုက်ပါလာလေသည်။

ဤသည်ကို ရှေ့မှသွားနေသော လူရိပ်က လုံးဝသိဟန်မတူချေ။

လျင်မြန်လှသော အချိန်အတွင်းမှာပင် ရှေ့မှလူရိပ်သည် ဟန့်ယံတောင်ထိပ်ဆီသို့ ကိုယ်ဖော့ရောက်ရှိလာခဲ့တော့သည်။

ထိုလူရိပ်သည် သူနှင့်အတူ မွှေးရနံ့ လေပြည်ကလေးကို သယ်ဆောင်လာခဲ့၏။

မွှေးရနံ့လေပြည်ကလေးနှင့်အတူ ရောက်ရှိလာသူမှာ နုပျိုလှသော အမျိုးသမီးကလေးတစ်ဦးပင် ဖြစ်လေသည်။



သူမသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ကျောက်ပြားပေါ်တွင် ဣန္ဒြေရရှာထိုင်နေသော မီးခိုးရောင်ဝတ် အဘိုးကြီး၏ရှေ့မှောက်သို့ ရောက်ရှိလာခဲ့၏။

သို့သော် ထူးဆန်းသည်မှာ စောစောက သူမ၏နောက်မှ မျက်ခြည်မပြတ်လိုက်ပါလာသောအရိပ်သည် ထွက်ပေါ်လာခြင်းမရှိဘဲ ပျောက်ချက်သားကောင်းနေခြင်းပင် ဖြစ်၏။

မိန်းမပျိုလေးက မီးခိုးရောင်ဝတ်အဘိုးကြီးအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

ကျောက်ပြားပေါ်မှ အဘိုးကြီးက နှုတ်ခမ်းတွန့်၍ တစ်ချက်မျှ ပြုံးလိုက်သည်။

"ဩော် ... မင်းရောက်လာပြီလား"

ထိုအခါ မိန်းမပျိုလေးက မျက်ခုံးတစ်ဖက်ကို ပင့်၍ ခစ်ခနဲ ရယ်သံတစ်ချက် ပြုလိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး ... ဒီနှစ်လည်း ကျွန်မ အချိန်နည်းနည်း နောက်ကျသွားပါတယ်"

သူမ၏ မခိုင်လုံသောအကြောင်းပြချက်ကြောင့် သိန်အမိပတိကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

သူသည် သူမအရင်ရောက်နှင့်နေသော လူကြီးငါးယောက်

www.burmeseclassic.com



ကို လက်ယပ်၍ အချက်ပြ ခေါ်ယူလိုက်သည်။

လူကြီးငါးဦးစလုံးသည် မိန်းမပျိုလေးအား မကျေနပ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေကြရမှာ တစ်ပြိုင်နက်တည်း ညီညာစွာ ထရပ်လိုက်ကြပြီး ရှေ့သို့လျှောက်လာကာ ကျောက်ပြားအနီးတွင် တန်းစီ၍ ရပ်လိုက်ကြသည်။

ယခုအခါတွင် မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးကြီး၏ ရှေ့တွင် သိုင်းသမားကြီးငါးယောက်နှင့် မိန်းမပျိုလေးတစ်ယောက်တို့က ရိုရိုသေသေ၊ လေးလေးစားစားနှင့် ငြိမ်သက်စွာရပ်၍ အမိန့်တစ်စုံတစ်ရာကို နာခံလျက် ရှိကြလေသည်။

"ဟဲ ဟဲ ဟဲ ... နာမည်ကျော် လူရမ်းကားကြီးသုံးယောက်၊ သိုင်းမိစ္ဆာကြီးနှစ်ကောင်နဲ့ မာရ်နတ်ဆိုးသူဇာတို့အားလုံး စုံစုံညီညီ ရောက်နေကြပြီလား"

ထိုစကားကြောင့် အားလုံး၏စိတ်တွင် အောင့်သက်သက်နှင့် အခံရခက်သွားကြလေသည်။

"ဟုတ်ကဲ့ ... အားလုံး လူစုံတက်စုံရောက်နေကြပါပြီ၊ လွန်ခဲ့တဲ့တစ်နှစ်တာကာလအတွင်း သိုင်းလောကကြီးမှာ လှုပ်ရှားခဲ့သမျှ ကျွန်တော်တို့ရဲ့လုပ်ရပ်တွေနဲ့ပတ်သက်လို့ အစီရင်ခံချက်များကို နားဆင်ပါတော့မလားခင်ဗျာ"



ခါးကုန်းကြီး ယိယန်စွန်းက လေးလေးစားစားနှင့် မေးလိုက်သည်။

မီးခိုးရောင်အဘိုးကြီးက ဆတ်ခနဲ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"တျုပ် ... ဒါတွေကို ကြားချင်လို့ ရောက်လာခဲ့တာပဲ၊ ကျုပ်ကိုယ်တိုင်နားမထောင်ချင်ဘူးဆိုရင် ဒီတောင်ပေါ်ကို တစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ပွဲတော်ကာ အပင်ပန်းခံပြီး လာရောက်ကြဖို့ မင်းတို့ကို မှာကြားထားမှာ မဟုတ်ဘူး"

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးက ဆက်၍ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံးထဲမှာ စကားပရိယာယ် အကြွယ်ဝဆုံးကတော့ ခါးကုန်းကြီး ယိယန်စွန်းပဲ၊ ဒါကြောင့် ခင်ဗျားကပဲ ပထမဆုံးမှာ အရင်ဆုံး အစီရင်ခံပါ"

ယိယန်စွန်းက ချောင်းတစ်ချက်ဟန့်၍ လည်ချောင်းရှင်းလိုက်သည်။

ပြီးမှ ...

"ကျွန်တော့်အနေနဲ့ ကုန်လွန်ခဲ့တဲ့ တစ်နှစ်တာအတွင်း တစ်ယောက်ပဲ သိုင်းလောကမှာ လှုပ်ရှားခဲ့ပါတယ်၊ အဲဒီလှုပ်ရှားမှုတဲ့ကာလအတွင်းမှာပဲ ကျွန်တော်ဟာ အမြင်မတော်လို့ လူသုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ခဲ့ပါတယ်"

"အဲဒီလူသုံးယောက်က ဘယ်သူတွေများပါလိမ့်"

မီးခိုးရောင်ဝတ်စုံနှင့်အဘိုးကြီးက မျက်မှောင်ကုတ်၍ မေးလိုက်သည်။

"နှစ်ယောက်ကတော့ ဝမ်ယားဒေသက ဝမ်းတွမ်စွမ်းရဲ့ တပည့်တွေပါ၊ နောက်တစ်ယောက်က မော်ကျွန်းကူးတို့ဆိပ်မှာရှိတဲ့ ငွေစင်ရော်ဂိုဏ်းက ကူးတို့လှေသမားလေးတစ်ဦး ဖြစ်ပါတယ်"

ခါးကုန်းကြီး ယိယန်စွန်း၏ စကားအဆုံးတွင် မီးခိုးရောင် အဘိုးကြီး၏မျက်နှာက ရုတ်တရက် တင်းမာသွားသည်။

"နေပါဦး ... ငွေစင်ရော်ဂိုဏ်းအဖွဲ့သားကို သတ်ရအောင် သူ့မှာ ဘယ်လိုသေလောက်တဲ့အပြစ်မျိုးများ ရှိနေလို့လဲ"

ခါးကုန်းကြီး ယိယန်စွန်းမှာ ထိတ်ခနဲဖြစ်သွားမိ၏။

သို့သော် ဣန္ဒြေမပျက်ဘဲ တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။

"ငွေစင်ရော်ဂိုဏ်းက အဖွဲ့သားဟာ ကူးတို့လှေပေါ်မှာ ခရီးသည်တွေဆီက မတော်မတရား အခကြေးငွေများ တောင်းခံနေတဲ့ အပြင် မောက်မောက်မာမာ ဆက်ဆံခဲ့ပါတယ်၊ ဒါကို အမြင်မတော်လို့ ကျွန်တော်က သူ့ကို ဖျောင်းဖျပြောဆိုပေမယ့် ကလန်ကဆန်



ပြန်လုပ်တာကြောင့် ဆုံးမလိုက်မိတာပါ"

"ကျွန်တော်ပြောတာ ဆရာကြီးမယုံရင် မော်ကျွန်းကူးတို့ဆိပ်မှလူတွေဆီမှာ စုံစမ်းမေးမြန်းကြည့်နိုင်ပါတယ်"

မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးသည် ဆတ်ခနဲ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကောင်းပြီ ... နောက်တစ်ယောက်ကကော ပြောပါဦး"

ထိုအခါ ခါးကြားတွင် ဓားရှည်ကြီးတစ်လက်ထိုးထားသော နှင်းတောင်နဂါးဆိုးကြီး ထိလုံသည် လက်နှစ်ဖက်ကိုယှက်၍ ဂါရဝပြုကာ ပြောလိုက်သည်။

"သိုင်းအဓိပတိဆရာကြီးခင်ဗျား ... ကျွန်တော်ကတော့ ကုန်လွန်ခဲ့တဲ့ တစ်နှစ်အတွင်းမှာ အများကောင်းကျိုးလည်း မပြုခဲ့သလို သူတစ်ပါးကို ထိခိုက်နစ်နာစေမယ့် ဆိုးကျိုးမျိုးလည်း ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး"

အဓိပတိဆရာကြီးက ခေါင်းညိတ်လိုက်ပြန်၏။

"နောက်တစ်ယောက်ကော"

မီးခိုးရောင်အဘိုးကြီးသည် နောက်တစ်ယောက်အား မေးမြန်း အလှည့်ပေးလိုက်၏။ ထိုအခါ ဆံပင်နီနှင့်မိန်းကလေးက ခိုးခိုးခစ်ခစ် ရယ်၍မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ... ဆရာကြီး ကျွန်မအလှည့်ရောက်ပြီလား"

"သိပ်ဟုတ်တာပေါ့ ... မင်းဆီက ဘာများ ထူးထူးခြားခြား ကြားရမလဲလို့ ငါ နားစွင့်နေတာပဲ"

ဆံပင်နီနှင့်မာရ်နတ်သူဇာ ကိုရှောင်မေသည် မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးကိုကြည့်ကာ ချွဲချွဲနွဲ့နွဲ့ ရယ်၍ ပြောလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... ပြောရရင် ဆရာကြီးယုံမယ်လို့ မထင်ပါဘူး၊ ကျွန်မက တစ်နှစ်လုံး မကောင်းတဲ့အလုပ်မှန်သမျှ ဘာတစ်ခုမှမလုပ်ခဲ့ပါဘူး ... ဟင်း ဟင်း"

သူမ၏အသံက ချွဲနွဲ့သလို သူမ၏ဟန်အမူအရာက နွဲ့လျလှပေသည်။

"အေး ဟုတ်တယ် ... မင်းပြောတဲ့အတိုင်းပဲ မင်းစကားကို ငါ မယုံဘူး"

ကိုရှောင်မေသည် သူမ၏မျက်ခုံးနှစ်ဖက်ကို ဟန်ပါပါ တစ်ချက်ပင့်တင်ကာ ပြုံးရယ်၍ ပြန်ပြောလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... အမှန်အတိုင်းပြောရမယ်ဆိုရင် သိုင်းလောကကြီးရဲ့ အထွဋ်အထိပ်ဆရာကြီးလေးဦးအနက်က ဆရာကြီး



လို တောင်ထိပ်သိုင်းဝိဇ္ဇာ အဓိပတိကြီးရဲ့ ရှေ့မှာ ကျွန်မလို အညာတရ သိုင်းသမားလေးတစ်ယောက်အနေနဲ့ စကားမပြောဝံ့၊ မပြောတတ် အောင်ကိုပဲ ဖြစ်ရပါတယ်ရှင် ... ဟင်း ဟင်း"

သူမ ပြောသည်မှာ မှန်ပေသည်။

တကယ်တော့ ဤလေးထောင့်ကျောက်ပြားပေါ်တွင် တင်ပျဉ်ခွေ၍ထိုင်နေသော မီးခိုးရောင်ဝတ်စုံနှင့် အဘိုးကြီးမှာ သိုင်းလောကကြီးမှ သိုင်းဝိဇ္ဇာကြီးလေးဦး၏ အထွဋ်အထိပ် ဝါအရင့်ဆုံး တောင်ထိပ်သိုင်းဝိဇ္ဇာအဓိပတိကြီး ယန်းဂူကျိုပင် ဖြစ်ပေသည်။

သို့မို့ကြောင့်လည်း သိုင်းလောကမှ လူရမ်းကားကြီးသုံးဦးတို့သည်ပင် ကျားရှေ့ရောက်သော ကြောင်သူငယ်ကဲ့သို့ ပြားပြားဝပ်မျှ ကြောက်နေကြရခြင်း ဖြစ်လေသည်။

ကိုရှောင်မေ၏စကားကို ကြားသောအခါ သိုင်းဝိဇ္ဇာကြီး ယန်းဂူကျိုက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ဟေ့ မေသခင်မလေး ... အချိန်ကုန်ခံပြီး အပိုစကားတွေ ပြောနေမယ့်အစား မင်းရဲ့ဆိုးသွမ်းတဲ့လုပ်ရပ်တွေကို မြန်မြန်ထုတ်ဖော်ပြောရင် ကောင်းလိမ့်မယ်၊ ငါ့ကို စိတ်မတိုတိုအောင် လုပ်မနေနဲ့၊ ငါ ဒေါသထွက်လာရင် မင်းမလွယ်ဘူး"

"စိတ်မရှိပါနဲ့ ဆရာကြီး ... ကျွန်မ ပြောပါ့မယ်၊ ပြီးခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်အတွင်း ကောင်းကျိုးလုပ်ရပ်တစ်ခုခုကို ကျွန်မ ဆောင်ရွက်ခဲ့ပါတယ်၊ အဲဒါ ဘာလဲဆိုရင် အမျိုးသမီးတစ်ယောက်ရဲ့သိက္ခာကို ကျွန်မ ကာကွယ်ပေးနိုင်ခဲ့ခြင်းပါပဲ"

ကျိုရှောင်မေက ဆက်မပြောသေးဘဲ ခေတ္တရပ်နားလိုက်သည်။

"အင်း ... ဆက်ပြောပါဦး"

ယန်းဝူကျိုသည် နားထောင်နေရာမှ စကားဆက်ရန် ပြောလိုက်သည်။

"ပြီးတော့ မကောင်းတဲ့လုပ်ရပ်သုံးခုကို ကျူးလွန်ခဲ့ပါတယ်"

"ဘာ ... မကောင်းတဲ့လုပ်ရပ်သုံးခု ... ဟုတ်လား၊ ဘာတွေလဲ"

"ပထမဆုံးကတော့ ဝါဠမ်းဂိုဏ်းက အဖွဲ့သားတစ်ယောက်ကို ကျွန်မ ရှင်းပစ်ခဲ့တယ်"

ယန်းဝူကျိုက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဝါဠမ်းအဖွဲ့သားကို မင်းရှင်းပစ်ရအောင် သူမှာ ဘယ်လိုအပြစ်များ ရှိနေလို့လဲ"

ကျိုရှောင်မေ၏မျက်နှာက တစ်ချက်မျှ မဲ့သွားသည်။

"ဒီကောင်လား ... မိန်းမမြင်တိုင်း ငမ်းငမ်းတက်နေတဲ့ကောင်ပေါ့၊ သူ ကျွန်မကို ထိပါးစော်ကားလာခဲ့တယ်လေ၊ ကျွန်မ သည်းခံခဲ့ပါသေးတယ်၊ ခုဟာက သည်းမခံနိုင်လောက်အောင် လွန်လွန်းလာလို့ သူ့ကို ရှင်းပစ်လိုက်ရတာ"

"ထားပါတော့ ... ဒုတိယမြောက် မင်းရဲ့ မကောင်းမှုလုပ်ရပ်ကို ပြောပါဦး"

"ဟုတ်ကဲ့ ... ဒုတိယအနေနဲ့ ဂူတန်းဂိုဏ်းက သိုင်းဆရာကြီးတစ်ယောက်ကို အနာတရဖြစ်အောင် လုပ်ခဲ့မိပါတယ်"

"ဘာကွ"

ယန်းဝူကျိုသည် ဒေါသတကြီး လှမ်းအော်လိုက်၏။

"ဂူတန်းဂိုဏ်းဆိုတာ သိုင်းလောကရဲ့ ထိပ်သီးအဖွဲ့ကြီးခြောက်ဖွဲ့မှာ တစ်ဖွဲ့အပါအဝင်ပဲ မဟုတ်လား၊ မင်းက ဘာ်ယ်လိုအရေးကိစ္စကြောင့် ဒီအဖွဲ့ကြီးနဲ့မှ သွားပြီး ရန်မီးပွားချင်တာလဲ"

ယန်းဝူကျိုသည် ကျိုရှောင်မေအား အပြစ်တင်၍ မာန်မဲလိုက်သည်။

ဤသည်ကို ကျိုရှောင်မေက မခံမရပ်နိုင်ဖြစ်ကာ ပြန်လည်ချေပရှင်းလင်းလိုက်၏။

"ဆရာကြီးက ဘာသိလို့လဲ ... အဲဒီဆရာကြီးဟာ သူ့အသက်အရွယ်, သူ့သိက္ခာနဲ့မလိုက်အောင် ယုတ်မာတယ်၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ရိုသွဲ့သွဲ့လုပ်ရုံတင်မကဘူး ..., ရှိင်းရှိင်းစိုင်းစိုင်းပါ ပြော ဆက်ဆံလာတယ်၊ ဒီအတွက် ကျွန်မလည်း ဒေါသကို မထိန်းနိ တော့လို့ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ရတာ"

"မင်းက ဆင်ခြေဆင်လက် အပေးတော့ကောင်းသား တတိယလုပ်ရပ်ကကော ဘာတဲ့လဲ"

ကိုရှောင်မေသည် မျက်နှာကိုရှုံ့မဲ့၍ တစ်ဖက်သို့လွှဲလို ၏။

"ဒီအကြောင်းကိုတော့ ကျွန်မ မပြောချင်တော့ပါဘူး"

"အင်း ... ဒါဆိုရင်တော့ အဆိုးရွားဆုံးလုပ်ရပ်တစ်ခုပဲ ဖြ မှာပေါ့",

"ဆရာကြီး ထင်သလို မဟုတ်ပါဘူး၊ ဘာလဲ ... ဆရာကြ က ကျွန်မကို ဒီအကြောင်း အတင်းအကျပ်ပြောခိုင်းနေတာလား"

"ဒါက မင်းဆန္ဒနဲ့ မင်းသဘောပါ ... မင်းကို ငါက ဘာ မတိုက်တွန်းပါဘူး၊ ဒီနေရာက မင်းမပြန်ချင်ဘူးဆိုရင်တော့ မပြေ ဘဲနေလို့လည်း ရပါတယ်"

ယန်းဝူကျိုက အရိပ်အမြွက်မျှ လေသံဟလိုက်သည်။ ကို ရှောင်မေကလည်း ပါးနပ်လိမ္မာ၏။

"ဟာ ဟ ... ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ"



ထို့နောက် သူမသည် သက်ပြင်းတစ်ချက် ခပ်မှျဉ်းမှျဉ်း ချ ပြီး ...

"ခု ကျွန်မပြောမယ့် အကြောင်းအရာက အင်မတန် ဆန်း ကြယ်ပြီး အံ့ဩဖို့ ကောင်းပါတယ်၊ တခြားတော့ မဟုတ်ပါဘူး ... သိုင်းသမားလူငယ်လေးတစ်ယောက်က သူ့ဆရာသမားကြီးကို ပြန် လည်လုပ်ကြံတဲ့ ကြေကွဲစရာဖြစ်ရပ်ကလေးတစ်ခုပါ၊ နောက်ဆုံး တော့ အဲဒီသိုင်းသမားလူငယ်ကလေးကို ကျွန်မ သတ်လိုက်မိတဲ့ အထိ ဖြစ်သွားပါတယ်"

ယန်းဝူကျို၏မျက်နှာသည် ရုတ်တရက် တင်းမာသွား၏။

"ဟော့ ဟော့ ... မင်းက ငါ့ကို နောက်ပြောင်စရာ လူတစ် ယောက်လို့ သဘောထားပြီး ခုလို ရယ်စရာစကားတွေ လာပြောနေ တာလား"

ယန်းဝူကျိုသည် အမှန်ပင် ဒေါသထွက်ပြီး လေသံမာမာဖြင့် မေးလိုက်ခြင်း ဖြစ်၏။

ကိုရှောင်မေသည် ကြောက်ရွံ့ဟန်ဖြင့် မျာပျာသလဲ တောင်းပန်ဟန်ပြုကာ ပြောလိုက်သည်။

"ကျွန်မ ... ကျွန်မ ... ဆရာကြီးကို စိတ်ကူးနဲ့တောင် မနောက်ဝံ့ပါဘူးရှင်၊ ကျွန်မစကားထဲမှာ အမှားပါသွားရင် ခွင့်လွှတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အနူးအညွတ် တောင်းပန်ပါတယ်"

ကျိုရှောင်မေသည် တောင်းပန်ပြောဆိုနေရင်းမှာပင် သူမ၏ခြေကို နောက်သို့ တစ်လှမ်းဆုတ်ခွာသွားလိုက်လေသည်။

"ပထမတော့ ကျွန်မ ဒေါသထွက်ပြီး သူ့ကိုသတ်လိုက်မိတဲ့အတွက် မှားသွားတယ်လို့ ထင်မိပါတယ်၊ ဒါပေမဲ့ တကယ်တော့ ကျွန်မ မမှားဘူး ... ဘာကြောင့်လဲဆိုတော့ ဒီသိုင်းသမားလေးဟာ သူ့ဆရာကြီးကို လုပ်ကြံခဲ့တဲ့အပြင် အဲဒီဆရာကြီးအဖြစ် ဆက်လက်ပြီး ရုပ်ဖျက်ဟန်ဆောင်နေတဲ့လူမှန်း နောက်မှသိခဲ့ရပါတယ်"

ယန်းဂူကျိုသည် တုန်လှုပ်စွာဖြင့် ကြက်သီးမွေးညင်းများပင် ထသွားမိ၏။

သားရေမျက်နှာဖုံး ခံနေ၍သာ ထိုအခြင်းအရာကို မည်သူမျှ မသိလိုက်ခြင်းဖြစ်၏။

သို့မဟုတ်လျှင် ...

နောက်ဆက်တွဲအခြေအနေက ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်ပေသည်။

မာရ်နတ်သူဇာ ကျိုရှောင်မေသည် သူ၏စကားဆုံးသည်နှင့် တစ်ပြိုင်နက် နောက်ဘက်သို့ ထပ်မံ၍ ခြေနှစ်လှမ်း ဆုတ်ခွာသွားလေသည်။



ထို့ပြင် သူမ၏ညာဘက်လက်သည် ခါးကြားမှ ဓားကိုင်ရိုးပေါ်သို့ မသိမသာ ဖုံးအုပ်ဆုပ်ကိုင်မိလျက်သား ဖြစ်သွား၏။

ဆရာကြီး ယန်းဂူကျို၏ဒေါသစိတ်ကို သူမက သိထားသည်ဟုတ်ပါလား။

အကယ်၍ မမျှော်လင့်ဘဲ ဆိုးရွားသောအခြေအနေ ဖြစ်ပေါ်လာခဲ့လျှင် ခုခံကာကွယ်နိုင်ရန်အတွက် ကြိုကြိုတင်တင်နှင့် အသင့်ပြင်ဆင်ထားပုံ ရလေသည်။

သို့သော် ယန်းဂူကျိုထံမှ ထူးခြားသောအမူအရာ လုံးဝ တွေ့ရချေ။

"အေး ... မင်း နောက်ကို အပြောအဆို နည်းနည်းဆင်ခြင်ပါ"

သူသည် ကျိုရှောင်မေအား သတိပေးစကား တစ်ခွန်းမျှသာ ပြောလိုက်သည်။

ကျိုရှောင်မေအတွက် အနည်းငယ် သက်သာရာ ရသွားလေသည်။

ထို့နောက် ယန်းဂူကျိုသည် အနီရောင်ဝတ်စုံရှည်ကြီး ဝတ်ဆင်ထားသော အရုပ်မြင့်မြင့် ခပ်ထွားထွား အဘိုးကြီးအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟန်ဖုဟို ... ခင်ဗျား အစီရင်ခံဖို့ အလှည့်ရောက်ပြီ"

မိမိ၏နာမည်ကိုတပ်၍ ပြောလိုက်သံကြောင့် ဟန်ဖုဟိုသည် ရှေ့သို့ခြေတစ်လှမ်း တိုးတက်လိုက်ပြီး လက်နှစ်ဖက်ယှက်၍ ဂါရဝပြုလိုက်သည်။

ပြီးမှ သူက လေးလေးစားစား အစီရင်ခံလိုက်သည်။

"ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ တစ်နှစ်တာကာလအတွင်း လှေကြီးနှစ်ဆယ့်ခုနစ်စင်းကို ဓားပြတိုက်ခဲ့ပြီး လူပေါင်းသုံးဆယ့်လေးယောက် သတ်ခဲ့ပါတယ် ဆရာကြီး"

ယန်းဂူကျိသည် ပြူးကျယ်သောမျက်လုံးအစုံဖြင့် သူ့ကို စိုက်ကြည့်လိုက်သည်။

ဟန်ဖုဟိုက သူ၏စကားကို ဆက်လိုက်သည်။

"ဒါပေမဲ့ ကျွန်တော်ဟာ ဓားပြမတိုက်ခင် လှေပေါ်မှာပါတဲ့ လူတွေနဲ့ ပစ္စည်းတွေအကြောင်းကို တိတိကျကျ စုံစမ်းခဲ့ပါတယ်၊ သူတို့အားလုံးဟာ အေးအေးချမ်းချမ်းနေလိုတဲ့ ပြည်သူတွေကို ဒုက္ခရောက်အောင် အနှောင့်အယှက်အမျိုးမျိုးပေးနေတဲ့ နေပြည်တော်က အရာရှိဆိုးတွေနဲ့ လူရမ်းကားကြီးတွေချည်းပါပဲ၊ ဒါကြောင့် သူတို့ကို ကျွန်တော်သတ်လိုက်တာပါ၊ ဒီလိုလူမျိုးတွေကို သတ်လိုက်လို့လည်း ဆရာကြီးအနေနဲ့ ကန့်ကွက်မယ်မထင်ပါဘူး"



ဟန်ဖုဟိုသည် သူ၏စကားကို အဆုံးသတ်လိုက်ပြီး ယန်းဂူကျိထံမှ အဖြေစကားကို နားစွင့်စောင့်နေမိသည်။

ယန်းဂူကျိသည် အနည်းငယ်စဉ်းစားနေလိုက်ပြီးမှ သူ့အား ခေါင်းငြိမ့်ပြလိုက်သည်။

"အင်း ... ခင်ဗျား သွားနိုင်ပြီ"

ယန်းဂူကျိသည် သိုင်းဝတ်စုံ အဖြူရောင်နှင့် အနက်ရောင် ဝတ်ဆင်ထားသူနှစ်ဦးအား လှမ်း၍ကြည့်လိုက်လေသည်။

သိုင်းသမားကြီးနှစ်ဦးသည် ပြိုင်တူပင် ရှေ့သို့ တိုးထွက်လိုက်ပြီး ဂါရဝပြု လိုက်ကြ၏။

"တောင်ပိုင်းခုနစ်ပြည်နယ်မှ ဓားပြဗိုလ်လီချုံးနဲ့ မြောက်ပိုင်းငါးပြည်နယ်မှလက်မရွံ့ဓားပျံ ရှိန်းဝမ်တို့က ဆရာကြီးကို လေးစားစွာအရိုအသေပြုလိုက်ကြပါတယ် ခင်ဗျား"

အဖြူရောင်ဝတ်စုံနှင့်လူက ပြောလိုက်သည်။

"ဆိုစမ်းပါဦး ... မင်းတို့နှစ်ယောက်ကကော လူသတ်ပြီး ပစ္စည်းလုတဲ့အလုပ်မျိုး ဘယ်လောက်များများ ကျူးလွန်ခဲ့ကြသလဲ ဆိုတာ"

ယန်းဂူကျိသည် သိုင်းသမားကြီးနှစ်ဦးအား အထင်သေးသောအကြည့်ဖြင့် ကြည့်၍ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဝတ်စုံအဖြူရောင်နှင့် လီချုံးက ပြုံး၍ အဖြေပေးလိုက်သည်။

"ကျွန်တော့်အနေနဲ့ ထွေထွေထူးထူးတော့ သိပ်မရှိလှပါဘူး ခင်ဗျား၊ ပြောရမယ်ဆိုရင် လူယဉ်ကျေးကလေးတစ်ယောက်ကို ကယ်တင်လိုက်တာနဲ့ နောက်တစ်ခုက ကိုယ့်ကိုယ်ကိုယ် အစော်ကား မခံဘဲ အရက်ကို အသက်ပေးကာကွယ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ကယ်တင်ပေးခဲ့တာပါပဲ"

လီချုံး၏စကားအဆုံးတွင် ယန်းဂူကျိုသည် ရှိန်းဝမ်ကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"ကဲ ... မင်းကကော ပြောစမ်းပါဦး"

"ကျွန်တော်လည်း ဒီတစ်နှစ်အတွင်း အရာရှိဆိုးတစ်ဦးဆီက လိုလောက်တဲ့ငွေ အတော်များများ လုယူရရှိခဲ့လို့ တစ်နှစ်လုံး ဘယ်သူ့ကိုမှ ဓားပြမတိုက်တော့ဘဲ အေးအေးဆေးဆေး နေခဲ့ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်ဟာ ကောင်းသောလုပ်ဆောင်ချက်ဆယ်ခုကို ဆောင်ရွက်နိုင်ခဲ့ပါတယ် ခင်ဗျား"

ရှိန်းဝမ်က သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြောလိုက်သည်။

ယန်းဂူကျိုသည် သူ့ရှေ့မှ သိုင်းသမားခြောက်ယောက်အား ကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်ကာ အေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

"အင်း ... မင်းတို့ခြောက်ယောက်စလုံး စိတ်ကောင်းလေးတွေ အတော်အသင့် မွေးနိုင်လာကြပြီ၊ နောက်ကို ဒီထက်ပိုပြီး စိတ်နှလုံးကောင်းထားရှိနိုင်ဖို့ ဆက်ကြိုးစားကြရလိမ့်မယ်"

သိုင်းသမားခြောက်ဦးသည် အချင်းချင်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"ဟင်း ဟင်း ဟင်း ... ဒီဟာ ဆရာကြီးရဲ့ ဆုံးမသွန်သင်မှု သြဝါဒစကားတွေရဲ့ အကျိုးကျေးဇူးကြောင့်ပဲ ဖြစ်ပါတယ်"

ကျိုရှောင်မေက ခပ်မျဉ်းမျဉ်း ရယ်၍ပြောလိုက်သည်။

သူမ၏စကားကိုလည်း ယန်းဂူကျိုသည် သဘောကျစွာဖြင့် ဟားဟားဟား ရယ်လိုက်သည်။

"ဟား ဟား ဟား ... မင်း တကယ်ပဲ စိတ်ပါလက်ပါ ပြောလိုက်တဲ့ စကားမှဟုတ်ရဲ့လား"

"ဟင်း ဟင်း ဟင်း ... သိုင်းအဓိပတိဆရာကြီးကို ရိုးသားစွာ အစီရင်ခံရမယ်ဆိုရင်ဖြင့် ကျွန်တဲ့လူတွေ စိတ်ပါမပါတော့ မပြောတတ်ဘူး၊ ကျွန်မကိုယ်တိုင်ကတော့ အမှန်တကယ်ပဲ အလေးအနက်ထားပြီး ပြောလိုက်တာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားက ကျန်လူများကို ပုတ်ခတ်သလို ဖြစ်သွားသည်။

ထို့ကြောင့် သိုင်းသမားကြီးငါးဦးက သူမကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်ကြလေသည်။

ယန်းဂူကျိုက ...

"ဒီမယ် မာရ်နတ်ဆိုးမလေးရဲ့ ... ငါက တစ်ယောက်တည်းကိုပဲ သီးသီးသန့်သန့် ပြောနေတာ မဟုတ်ဘူး"

ထို့နောက် ယန်းဂူကျိုသည် သူ့ရှေ့ရှိ သိုင်းသမားခြောက်ဦးအား တစ်ဦးချင်း အကဲခတ်ကြည့်ရှုလိုက်၏။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ မင်းတို့အားလုံး ကျုပ်အပေါ် သိပ်ပြီးကျေနပ်ကြလိမ့်မယ်လို့ မထင်မိဘူး။ မကျေနပ်ရုံသာမက မင်းတို့ ကျုပ်ကို မုန်းတီးနေကြမှာပဲ၊ မတော်လှန်ရဲလို့သာ ခေါင်းငုံ့နေကြရတာ ... ကျုပ်ပြောတာ မဟုတ်ဘူးလား"

ယန်းဂူကျိုသည် သိုင်းသမားခြောက်ဦးအား တိုက်ရိုက် ပွင့်လင်းစွာ ဖွင့်ဆိုမေးမြန်းလိုက်သည်။

မာရ်နတ်ဆိုးမလေး ကျိုရှောင်မေသည် ဘာမျှပြန်မပြောဘဲ နှာခေါင်းတစ်ချက်ရှုံ့၍ နှုတ်ဆိတ်နေ၏။

နှင်းတောင်သံနဂါးကြီး ထိလုံက ချောင်းတစ်ချက်ဟန့်၍



လည်ချောင်းရှင်းလိုက်သည်။

ပြီးမှ ...

"ကျွန်တော်တို့အားလုံး ဆရာကြီးထင်သလို ဘယ်သူမှ မကျေမနပ် မဖြစ်မိကြပါဘူး ခင်ဗျား၊ မုန်းတီးဖို့ဆိုတာတော့ အိပ်မက်တောင် မမက်မိကြပါဘူး"

"ဟုတ်ပါတယ် ခင်ဗျာ ... ဆရာကြီးရဲ့ဆုံးမသြဝါဒကို ကျွန်တော်တို့ အမြဲနာခံလျက် ရှိပါတယ်"

ဝတ်ရုံနီနှင့် နဂါးကြီးဟန်ဖုဟိုတလည်း သူ့သဘောထားကို ပြောလိုက်သည်။

"ကျွန်တော်တို့ဟာ ဆရာကြီးကို လေးစားလို့လည်း နှစ်စဥ် မပျက် ဒီနေရာကို အချိန်မှန်ရောက်လာကြတာပါ ခင်ဗျာ"

တောင်ပိုင်းခုနစ်ပြည်နယ်မှ ဓားပြဗိုလ်လီချုံးက ပြောလိုက်ပြန်သည်။

ယန်းဂူကျိုသည် ကောင်းကင်တွင် ထိန်ထိန်သာနေသော လမင်းကြီးကို မော့ကြည့်သည်။

"အင်း ... မင်းတို့ခြောက်ယောက်ကို နှစ်စဥ်နှစ်တိုင်း ခြောက်လ၊ (၁၅) ရက်နေ့ည သန်းခေါင်ကျော်နှစ်ချက်တီးချိန် ဒီ ဟန့်ယံတောင်ထိပ်မှာ ငါနဲ့ လာရောက်တွေ့ဆုံကြဖို့ အမိန့်ရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ အခုဆို ဘယ်နှနှစ်လောက် ရှိသွားပြီလဲ … မှတ်မိကြသေးလား”

“ဟုတ်ကဲ့ … အခုတစ်ကြိမ်ပါနဲ့ဆိုရင် ဆရာကြီးနဲ့ လာရောက်တွေ့ဆုံကြရတာ ခြောက်ကြိမ်မြောက်ခဲ့ပါပြီ”

ခါးကုန်းကြီးယိယန်စွန်းက လျှင်မြန်သွက်လက်စွာ အဖြေပေးလိုက်သည်။

ယန်းဂူကျိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“အေး မင်းပြောတာမှန်တယ် … အခုဆိုရင် ခြောက်ကြိမ်မြောက်လို့ ခြောက်နှစ်တောင် ရှိသွားခဲ့ပြီ၊ မင်းတို့အနေနဲ့ အခုလို နှစ်စဉ်နှစ်တိုင်း တာဝန်ကြီးတစ်ရပ်အဖြစ် ငါနဲ့ လာရောက်တွေ့ဆုံရတာ နည်းနည်းလေးမှ စိတ်မညစ်ကြဘူးလား”

ယန်းဂူကျိုက လေပြေကလေးနှင့် အေးစက်စက် မေးလိုက်ခြင်း ဖြစ်သည်။

သူ၏စကားကို ကြားလိုက်ရသော သိုင်းသမားခြောက်ဦးစလုံးပင် ထိတ်လန့်တကြား ဖြစ်သွားကြသည်။

ယန်းဂူကျို၏စကားများက မည်သည့်အနက်အဓိပ္ပာယ်မျိုး ဖော်ဆောင်နေသည်ကို မည်သူမျှစဉ်းစား၍မရနိုင်အောင် ဖြစ်သွားကြသည်။



ထို့ ကြောင့်လည်း မှင်တက်မိကာ မည်သူမျှ အဖြေစကား ပြောကြားခြင်း မပြုနိုင်ဘဲ ငေးငိုင်နေကြလေသည်။

မာရနတ်ဆိုးမလေး ကျိုရှောင်မေသည်ပင်လျှင် အံ့အားသင့်ကာ နှုတ်ဆိတ်နေမိသည်။

သူတို့၏အဖြစ်ကို ရိပ်စားမိသော ယန်းဂူကျိုက ပြုံးလိုက်၏။

“မင်းတို့ကို ကျုပ် ခွင့်လွှတ်ထားပါတယ်၊ မင်းတို့စိတ်မှာ ဖြစ်ပေါ်ခံစားနေကြရတဲ့အတိုင်း မခြွင်းမချန်ဘဲ မှန်ရာကိုသာ ပြောကြပါ”

သို့စဉ်တိုင် မည်သူထံမှ အသံထွက်ပေါ်မလာသေးပါ။ ခဏကြာမှ ခါးကုန်းကြီးယိယန်စွန်းက …

“သိုင်းအဓိပတိဆရာကြီး ခင်ဗျား … ကျွန်တော်တို့စိတ်မှာ ခံစားနေရတဲ့အတိုင်း မှန်ရာကိုပြောမယ်ဆိုရင် ဆရာကြီးအနေနဲ့ ဘာကယ်ဗွေမယူဘဲ နားထောင်မှာလား”

အားလုံး၏ မျက်လုံးများက ယိယန်စွန်းဆီသို့ ရောက်ရှိသွားကြသည်။

“ကျုပ် အားလုံးကို ခွင့်လွှတ်ထားပါတယ် … လို့ ပြောပြီးမှပဲ”

ထိုအခါမှ ခါးကုန်းကြီးယိယန်စွန်းသည် သူပြောချင်သည်

www.burmeseclassic.com

www.burmeseclassic.com



များကို ရင်ဖွင့်ပြောဆိုလိုက်သည်။

"ကျွန်တော်တို့အပေါ် သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နိုင်မယ်ဆိုရင် ဝမ်းမြောက်လေးစားပါတယ် ခင်ဗျာ၊ ကျွန်တော့်သဘောထားအမှန်ကို ပွင့်ပွင့်လင်းလင်း တင်ပြရမယ်ဆိုရင်တော့ ကျွန်တော့်အပေါ်မှာ ဆရာကြီးဟာ သိုင်းပညာအင်အားနဲ့ ဖိနှိပ်ချုပ်ချယ်ထားတဲ့အပြင် အမျိုးမျိုးအကျပ်ကိုင်နေတဲ့အတွက် စိတ်မချမ်းသာ ဖြစ်ရပါတယ်"

သူ့စကားကြောင့် နံဘေးတွင် ရပ်နေကြသူအားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကာ မျက်စိမျက်နှာ ပျက်သွားကြလေသည်။

သို့သော် ထူးခြားဆန်းကျယ်လွန်းလှပေသည်။

ယန်းဝူကျိုသည် စိတ်ဆိုးသည့်အမူအရာ လုံးဝမရှိချေ။ ထို့မျှသာမက သူက အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်ပြန်၏။

"အင်း ... ယိယန်စွန်းပြောတာ မှန်ပါတယ်၊ ဒါက ဘယ်သူမှ မငြင်းနိုင်တဲ့ လူ့သဘာဝတစ်ရပ်ပဲ မဟုတ်လား၊ ဖိနှိပ်မှု၊ ချုပ်ချယ်မှုကို ဘယ်လိုလူမျိုးကမှ လိုလားကြမှာ မဟုတ်ဘူးလေ"

ယန်ရှေ့အဖို့ အရာရာသည် ထူးဆန်းလှချေသည်။ ယန်းဝူကျိုထံမှ ဤအသုံးအနှုန်း၊ အပြောအဆိုလေသံမျိုးကို မည်သည့်အခါကမျှ မကြားဖူးခဲ့ကြပါချေ။



ယန်းဝူကျိုသည် အသက်တစ်နှစ် ပိုမိုကြီးရင့်လာ၍ သူ၏စိတ်ဓာတ်များ ပျော့သွားလေပြီလား မပြောတတ်တော့ချေ။

အားလုံးအံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်မိကြသည်ကတော့ အမှန်ပင်ဖြစ်၏။

ယန်းဝူကျိုသည် ကျန်လူငါးယောက်အား တစ်လှည့်စီကြည့်လိုက်ပြီးနောက် သဘောထားတောင်းခံလိုက်ပြန်သည်။

"မင်းတို့ကကော ဘာပြောချင်ကြသေးသလဲ"

ယန်းဝူကျိုကိုယ်နှိုက် လိုက်လျောခွင့်ပြုလာ၍ ပြောရဲဆိုရဲဖြစ်လာသည်ထင်၏။

နှင်းတောင်သံနဂါးကြီးထိလုံထံမှ အသံထွက်ပေါ်လာသည်။

"မှန်ပါတယ် ခင်ဗျာ ... ယိယန်စွန်းပြောသလိုပဲ ကျွန်တော်လည်း ဆရာကြီးရဲ့ချုပ်ချယ်မှုကြောင့် စိတ်မချမ်းမြေ့ ဖြစ်ရပါတယ်"

"အင်း ... မင်းတို့စိတ်မှာ ခံစားရတာကို ကျုပ် နားလည်ပါတယ်"

ယန်းဝူကျိုက ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောလိုက်၏။ ထို့နောက် ကျိုရှောင်မေက ခပ်ညင်းညင်းရယ်သံပြု၍ ပြောလိုက်ပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ... ဆရာကြီးက လွတ်လွတ်လပ်လပ် သိုင်းဆရာကြီးတစ်ယောက် မဟုတ်လား၊ အခုလို နှစ်စဉ်နှစ်တိုင်း ကျွန်မတို့ကို ဒီတောင်ထိပ်ပေါ် လာခိုင်းနေရတာ ဆရာကြီးရဲ့ လွတ်လပ်မှုအတွက် အနှောင့်အယှက်တစ်ရပ်လို့များ ဖြစ်မနေဘူးလား"

သူမ၏စကားကို ယန်းဂူကျိုက သဘောကျစွာဖြင့် ခပ်ကျယ်ကျယ် ရယ်သံပြုကာ ပြန်ပြောလိုက်လေသည်။

"ဟား ဟား ဟား ဟား ... မင်းပြောတာ မဆိုးဘူးပေ့၊ မှန်တော့ မှန်သားပဲ၊ ဒါပေမဲ့ ... ကျုပ် အခု အသက်ရှစ်ဆယ်ရှိသွားပြီ၊ တောင့်ကြားကြီးတွေလို လွတ်လွတ်လပ်လပ် လျှောက်သွားတာကို အားကျပြီး သွားချင်လို့လည်း သွားစရာဆိုလို့ မြစ်ချောင်း အင်းအိုင် ရေမြေတောတောင်တွေက ကုန်သလောက် ရှိနေပြီကွယ့်"

ယန်းဂူကျို ပြောလိုက်သောစကားက ရှင်းပါသည်။

ဝေစ် ပြည်လုံးရှိ နာမည်ကျော်၍ ထင်ရှားသော မြစ်ချောင်း အင်းအိုင် တောတောင်များအားလုံး ရေကြောကော မြေကြောပါ မကျန် သူ မရောက်ဖူးသောအရပ်ဟူ၍ မရှိဟု ဆိုလိုခြင်းဖြစ်၏။

ဆံပင်နီနှင့် မာရ်နတ်သူဇာမလေး ကျိုရှောင်မေက ဆက်၍ ပြောလိုက်ပြန်၏။

"ဆရာကြီးအနေနဲ့ ဖြစ်နိုင်စရာ အကြောင်းအရာတစ်ခုကို တော့ ထည့်သွင်းစဉ်းစားမိခဲ့သေးသလားတော့ မပြောတတ်ဘူး"

သူမက ပဟေဠိဆန်ဆန် ပြောလိုက်သည်။

ယန်းဂူကျိုသည် မျက်မှောင်တစ်ချက်ကုတ်၍ကြည့်ရင်း ပြန်မေးလိုက်၏။

"မင်း ဘာကိုဆိုလိုတာလဲ"

ကျိုရှောင်မေသည် မခိုးမခွဲ ရယ်သံပြု၍ ပြောလိုက်ပြန်၏။

"ဟင်း ဟင်း ဟင်း ... တကယ်လို့များ ကျွန်မတို့ခြောက်ယောက် ပူးပေါင်းပြီး ဆရာကြီးကို စိန်ခေါ်ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုရင် အနိုင်အရှုံးကို ဆရာကြီးအနေနဲ့ ကျိန်းသေကြိုတင်တွက်ဆနိုင်မယ်လို့များ ထင်မိသလား၊ ဒီအကြောင်းကိုကော ဆရာကြီး စဉ်းစားမိရဲ့လား"

ထိုအခါ အားလုံး၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်စွာဖြင့် ကျိုရှောင်မေအား လှမ်းကြည့်လိုက်မိကြလေသည်။

ဤသူငယ်မသည် သိုင်းအဓိပတိကြီး ယန်းဂူကျိုအား အမှန်တကယ်ပင် စိန်ခေါ်နေလေပြီလား။

ယန်းဂူကျိုကမူ ပခုံးနှစ်ဖက်ကိုတွန့်၍ ပြုံးလိုက်၏။

"ဟား ဟား ဟား ... မင်းစကားက အကြောင်းယုတ္တိ ရှိပါသတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခါးကုန်းကြီးယိယန်စွန်းကလည်း ရယ်သလို မေး သလိုနှင့် အတည်ပေါက်ပြောလိုက်၏။

"ဟုတ်တယ် ဆရာကြီး ... မာရ်နတ်သခင်မလေးပြောတာ နားထောင်လို့ကောင်းသလို ယုတ္တိလည်းရှိတယ်"

ယန်းဂူကျိုသည် ယိယန်စွမ်းအား မျက်မှောင်ကြုတ်၍ကြည့် ပြီး မေးလိုက်၏။

"ဟုတ်လား ... ဘယ်လိုလဲ ... ခင်ဗျားက စမ်းကြည့်ချင်လို့ လား"

"စမ်းကြည့်နေစရာ မလိုတော့ပါဘူး ခင်ဗျာ"

ယိယန်စွန်းက ဖြေလိုက်သည်။

"ဘယ်လိုကြောင့်လဲ ... ခင်ဗျားမှာ စမ်းရဲတဲ့သတ္တိတွေ မရှိ တော့ဘူးလား"

ယန်းဂူကျိုသည် ယိယန်စွန်းအား အကဲစမ်းသည့်သဘော နှင့် စိတ်ကို ဆွပေးလိုက်သည်။

"သတ္တိမရှိလို့တော့ မဟုတ်ပါဘူး၊ အနိုင်အရှုံး အဆုံးအဖြတ် ကို ကျွန်တော်က ကြိုတင်သိနှင့်ထားလို့ စမ်းကြည့်စရာ မလိုတော့ ဘူးလို့ ပြောတာပါ"

ယိယန်စွန်းက ထိန်းထိန်းသိမ်းသိမ်းနှင့် ပြန်ပြောလိုက် သည်။



ယန်းဂူကျိုသည် သူ့အား အေးစက်သောမျက်လုံးများနှင့် စိုက်ကြည့်ရင်း မေးလိုက်ပြန်၏။

"ဘာလဲ ... မင်းတို့နဲ့ယှဉ်ပြိုင်ရင် ကျုပ် ရှုံးလိမ့်မယ်လို့များ ထင်နေကြသလား"

ယိယန်စွန်းသည် မည်သည့်အဖြေမှ မပေးတော့ဘဲ ငြိမ် သက်စွာ ရပ်နေလေသည်။

"ဆရာကြီးက သိုင်းလောကဝိဇ္ဇာကြီးလေးဦးရဲ့ အမိပတိ ခေါင်းဆောင်ကြီးတစ်ယောက်ပဲ၊ ကျွန်မတို့ထက် ဆရာကြီးကသာ ပိုပြီးသိနိုင်ပါလိမ့်မယ်"

မာရ်နတ်မလေး ကျိုရှောင်မေက မထိတထိ ပြောလိုက် သည်။

ယန်းဂူကျိုသည် သူ့ရှေ့မှ သိုင်းသမားကြီးခြောက်ယောက် ကို အေးစက်သောမျက်လုံးများနှင့် စူးစိုက်၍ ကြည့်ရှုလိုက်သည်။

ထို့နောက်မှ သူက အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ဟား ဟား"

ယန်းဂူကျို၏ ရယ်သံသည် တောတောင်ဝန်းကျင်တစ်ခုလုံး ကို ပဲ့တင်ရိုက်ခတ်၍ ပျံ့နှံ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကပင် တောင်ရိပ်တစ်နေရာ၌ ပုန်းကွယ်လျက်ရှိသော လူရိပ်တစ်ခုအတွက် နေရာရွှေ့ပြောင်းနိုင်ရန် လှုပ်ရှားမှုအခွင့်အလမ်းတစ်ရပ် ဖြစ်သွားလေသည်။

❀ ❀ ❀



## သက်တံ့ရောင်ခြည်များ

ယန်းဂူကျိုသည် အားပါးတရ ရယ်မောလိုက်ပြီးသည့်နောက် သူ့ရှေ့မှ လူခြောက်ယောက်အား စူးစိုက်ကြည့်လိုက်လေသည်။

"မင်းတို့ခြောက်ယောက်ပူးပေါင်းပြီး ကျုပ်ကို နိုင်အောင်တိုက်နိုင်လိမ့်မယ်လို့ထင်ရင် ဘာဖြစ်လို့ ဒီခြောက်နှစ်အတွင်း မဖိဆန်ဝံ့ဘဲ ကျုပ်အမိန့်အတိုင်း နာခံနေကြသေးသလဲ"

ကျိုရှောင်မေက ပြုံး၍ ရယ်သံပြုရင်း ပြန်လည်မေးလိုက်သည်။

"ဟင်း ဟင်း ဟင်း ... ဒီအတွက် အကြောင်းရင်းကို ဆရာကြီး တကယ်မသိဘူးလား"

"မင်းတို့အတွက် ဘယ်လိုအကြောင်းထူး ရှိနေမယ်ဆိုတာ ကျုပ်က ဘယ်လိုလုပ် သိနိုင်မှာလဲ"

"ဒါဆိုလည်း ဆရာကြီးသိအောင် ပြောပြရမှာပေါ့၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ခြောက်ဦးရဲ့ သိုင်းပညာအင်အားတွေကို တညီတညွတ်တည်း စုစည်းပူးပေါင်းပြီး ဆရာကြီးကို ယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုရင် နောက်ဆုံးမှာ ဆရာကြီး ရှုံးနိမ့်သွားနိုင်တာ မှန်ပါတယ်၊ ဒါပေမဲ့ ဆရာကြီးကို နိုင်အောင် မတိုက်ခိုက်ခင်မှာဘဲ ကျွန်မတို့ ခြောက်ယောက်ထဲက အနည်းဆုံးတစ်ဝက်လောက်ဟာလည်း ဆရာကြီးလက်ချက်နဲ့ အသက်ပျောက်သွားနိုင်တဲ့အရေးကို ကြိုတင်တွေးမိပြီး စိုးရိမ်နေကြလို့ပါပဲ"

ကျိရှောင်မေ၏စကားဆုံးသောအခါ ယန်းဝူကျိုက နှုတ်ခမ်းတစ်ချက် တွန့်လိုက်သည်။

"မင်းတို့ပြောတဲ့အတိုင်း ကျူပ်ကိုသာ အပြတ်ရှင်းပစ်လိုက်နိုင်မယ်ဆိုရင် မင်းတို့အားလုံး လွတ်လပ်စွာနဲ့ စိတ်တိုင်းကျ ကိုယ့်သဘောရှိ ထင်ရာစိုးနိုင်ကြမှာပဲ မဟုတ်လား၊ ဒါနဲ့များ မင်းတို့အတွက် အကျိုးရှိမယ့် ကိစ္စကြီးတစ်ခုကို ဘာကြောင့် လက်ရှိနေကြရတာလဲ၊ မင်းတို့ မစွန့်စားရဲဘူးလား"

ခါးကုန်းကြီးယိယန်းစွန်းက ဝင်၍ ပြောလိုက်လေသည်။

"ဆရာကြီးကို မာရ်နတ်သူဇာ သခင်မလေး ရှင်းပြပြီးခဲ့ပြီ မဟုတ်လား ... ဆရာကြီးကို အနိုင်ရဖို့အတွက် ကျွန်တော်တို့ ခြောက်ယောက်ထဲက အနည်းဆုံး သုံးယောက်လောက်ကတော့



ဆရာကြီးလက်ချက်နဲ့ အသေခံသွားရမှာ သေချာတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အသက်ကိုယ်တော့ နှမြောကြတာချည်းပါပဲ၊ တစ်ဖက်မှာ အနိုင်ရယူနိုင်ပေမယ့် တစ်ဖက်က စတေးခံကြရမယ့် အသက်စွန့်ပြီး ရင်းနှီးမြှုပ်နှံရမယ့်အလုပ်ဖြစ်နေလို့ ဘယ်သူကမှ မရင်းနှီးချင်ကြဘူးလေ၊ ဒါကြောင့်လည်း ခြောက်နှစ်လုံးလုံး ဆရာကြီးအဖို့ သက်သာရာရသွားတာပေါ့၊ ကျွန်တော်တို့မှာတော့ ဒီဝဋ်က မကျွတ်နိုင်တော့ဘူးပေါ့လေ"

ခါးကုန်းကြီး ရှင်းပြလိုက်မှပင် ပိုမိုပီပြင်စွာ ရှင်းလင်းသွားလေတော့သည်။

ယန်းဝူကျိုမှာ အတော်ပင် ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

သူတို့၏ပြောစကားများသည် မိမိအား ခြိမ်းခြောက် ပြောဆိုနေခြင်းမဟုတ်ဘဲ အမှန်တကယ်ပင်ဖြစ်နိုင်သော အကြောင်းယုတ္တိများဖြင့် ဆီလျော်နေပေသည်။

"ဟင်း ဟင်း ဟင်း ... ခုထိတော့ ကျွန်မတို့က ဆရာကြီးကို မယှဉ်ပြိုင်သေးပါဘူး၊ ဒါပေမဲ့ တကယ်လို့များ ကျွန်မတို့အပေါ် ဆရာကြီးရဲ့ ဆက်ဆံမှုတွေဟာ သည်းခံနိုင်တဲ့အတိုင်းအတာထက် ပိုမိုလွန်ကဲလာပြီလို့ ယူဆမိတဲ့အခါကျရင်တော့ သွေးချောင်းစီး တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးကို မလွဲမရှောင်သာဘဲ တိုက်ရပါလိမ့်မယ်"

ကျိရှောင်မေ၏စကားက သတိပေးသည်ဟုလည်း ယူဆ၍ ရ၏။

စိန်ခေါ်သည်ဟုလည်း ဆိုချင်ဆိုနိုင်၏။

ယန်းဝူကျိကဲ့သို့ သိုင်း ဝိဇ္ဇာအဓိပတိကြီးတစ်ဦးအား ဤသို့ မခန့်လေးစားပြောလိုက်ခြင်းသည် လွန်ကဲသော စော်ကားမှုတစ်ရပ်ပင် ဖြစ်ပေသည်။

ယန်းဝူကျိအနေနှင့် မည်သို့မျှ ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့ချေ။

"ဟေ့ ကလေးမ … မင်း သိပ်ပြီးကြီးကြီးကျယ်ကျယ် ပြောမနေနဲ့၊ မင်း ယှဉ်ပြိုင်ချင်တယ်ဆိုရင် အခုချက်ချင်းပဲ တိုက်ခိုက်နိုင်တယ်၊ ကျုပ်က မင်းတို့ကို ကြောက်ရွံ့နေတယ်လို့များ ထင်နေသလား၊ မင်းတို့အားလုံးကို တစ်ယောက်ပြီးတစ်ယောက် ကျုပ် အနိုင်ယူပြလိုက်မယ်၊ ကျုပ်က မင်းတို့ကို လေနဲ့ အနိုင်ယူနေတာ မဟုတ်ဘူး၊ လက်တွေ့ မျက်မြင်သိရအောင် မင်းတို့ခြောက်ယောက်စလုံး တစ်ပြိုင်နက်တည်း ပူးပေါင်းပြီး စမ်းကြည့်လိုက်ကြစမ်း"

ယန်းဝူကျိ၏ ဒေါသသည် အမှန်တကယ်ပင် အထွဋ်အထိပ်သို့ ရောက်ရှိသွားခဲ့လေပြီ။



ဤသည်ကိုသိလိုက်သော သိုင်းသမား ခြောက်ယောက်စလုံး ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားမိကြလေသည်။

သူတို့အားလုံး ဘာပြန်ပြောရမှန်းမသိကြဘဲ ကြောင်တက်တက် ဖြစ်သွားကြ၏။

ဝတ်ရုံနီနှင့် နဂါးကြီးဟန်ဖုဟိုက ပျာပျာသလဲ တောင်းပန်စကား ပြောကြားလိုက်သည်။

"ဒီမိန်းကလေးဟာ ငယ်ရွယ်သူဖြစ်တဲ့အလျောက် အပြောအဆို အနေအထိုင် မတတ်လို့ပါ၊ ဒီအတွက် ဆရာကြီး စိတ်မကွက်ဖို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် ခင်ဗျာ၊ ခြောက်နှစ်လုံးလုံး ခုချိန်အထိ ဆရာကြီးနဲ့ ယှဉ်ပြိုင်ဖို့ စိတ်ကူးမျိုး ကျွန်တော့်မှာ လုံးဝမရှိခဲ့ရိုး အမှန်ပါ"

တောင်ပိုင်းဓားပြဗိုလ် လီချုံးနှင့် မြောက်ပိုင်းဓားပြဗိုလ် ရှိန်းဝမ်တို့ကလည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ မျက်နှာချို သွေး၍ တောင်းပန်လိုက်ကြ၏။

"ဟုတ်ပါတယ် ဆရာကြီး … သည်းခံခွင့်လွှတ်ဖို့ ကျွန်တော်တို့ကလည်း တောင်းပန်ပါတယ် ခင်ဗျာ"

"ဆရာကြီးကို အန်တုဖို့အတွက် ကျွန်တော်တို့ ဘယ်တုန်းကမှ စိတ်မကူးဝံ့ခဲ့ကြပါဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ယန်းဂူကျိုအား ဤမျှ မျက်နှာချိုသွေးကာ အောက်ကျို့တောင်းပန်နေသော သုံးယောက်၏အဖြစ်ကိုကြည့်၍ ကျန်သိုင်းသမားသုံးယောက်မှာ ခေါင်းများ ခါယမ်းမိကြပြီး အကြီးအကျယ်စိတ်ဓာတ်ကျသွားကြလေ၏။

မာရ်နတ်ဆိုးမလေး ကျိုရှောင်မေသည် သတ္တိကြောင်သူသုံးဦးကိုယ်စား ခံပြင်းလွန်းလှ၍ အံတကြိတ်ကြိတ်နှင့် ကြိတ်မနိုင်ခဲမရ ဖြစ်သွား၏။

ယန်းဂူကျိုသည် ယိယန်စွန်းဘက်သို့ လှည့်၍ပြောလိုက်သည်။

"ယိယန်စွန်း ... လောကကြီးဟာ အတော်ပဲ ဆန်းကြယ်လှတယ်၊ လူတွေအတွက် ဘယ်လိုမှ စဉ်းစားနားလည်လို့ မရနိုင်လောက်အောင် အကြောင်းကိစ္စတွေ အတော်များများရှိနေသေးတယ်ဆိုတာ ခင်ဗျားယုံသလား"

ရုတ်တရက် ထူးခြားစွာပြောလိုက်သော ယန်းဂူကျို၏စကားကြောင့် ယိယန်စွန်းက ပြုံးလိုက်သည်။

"ဆရာကြီးမှာ ထူးခြားတဲ့အကြောင်းအရာတစ်ခုခု ပြောစရာ ရှိနေလို့လား"

"ဟုတ်တယ်"



"အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ဒီလူစန်းတောင်တန်းကြီးပေါ်မှာ ကျုပ်နေနေရတာ ငြီးငွေ့လာပြီ"

သူ့စကားကိုဖြတ်၍ မာရ်နတ်ဆိုးမလေး ကျိုရှောင်မေက ဆတ်သွက်သွက် ဝင်မေးလိုက်သည်။

"ဟင် ... ဒါဆို ဆရာကြီးရဲ့သဘောထားက ကျွန်မတို့ကို အစ်နှစ်တစ်ခါ ဒီနေရာမှာ လာရောက်တွေ့ဆုံပြီး အမိန့်ရှိတဲ့ စည်းကမ်းချက်ကို ဖျက်သိမ်းလိုက်တော့မလို့လား"

"အင်း ... မင်းဟာ လူငယ်သလောက် ဉာဏ်ကောင်းသားပဲ ဟုတ်တယ် ... ကျုပ်ကလည်း ဒါကို ပြောမလို့ပါပဲ"

ယန်းဂူကျိုသည် ကျိုရှောင်မေကို လှမ်းကြည့်ရင်း ပြန်ပြောလိုက်၏။

"ဒီလိုဆိုရင်တော့ ကျွန်မက အရင်ဆုံး ဝမ်းမြောက်ဝမ်းသာနဲ့ ထောက်ခံပါတယ်"

ကျိုရှောင်မေသည် လှိုက်လှဲဝမ်းသာဟန်ဖြင့် ပြောလိုက်သည်။

မမျှော်လင့်ဘဲ ကြားလိုက်ရသော ယန်းဂူကျို၏စကားကြောင့် ကျန်သိုင်းသမားကြီးများသည်လည်း အံ့ဩဝမ်းသာ ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ... တကယ်ပြောလိုက်တာပဲလား"

ယိယန်စွန်းသည် ကိုယ့်နားပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားကာ သေချာစေရန် ပြန်မေးလိုက်၏။

"ဟုတ်တယ် ... ကျုပ် တကယ်ပြောနေတာ"

ယန်းဂူကျိုက တည်ကြည်စွာ ပြန်ပြော၏။

"ဒီလိုဆိုရင်ဖြင့် ရှေ့နှစ်ကျရင် ကျွန်မတို့ ဒီကျွန်စီပြည်နယ်ကို လာဖို့မလိုတော့ဘူးပေါ့နော်"

ကျိုရှောင်မေက သေချာစေရန် ထပ်မံ၍ အတည်ပြုချက် ရယူလိုက်သည်။

"ဟုတ်တယ် ... မင်းတို့ကို ကျုပ် လွတ်လပ်ခွင့်ပြုလိုက် တော့မယ်"

သိုင်းသမားခြောက်ယောက်စလုံးပင် ဝမ်းမြောက်ဝမ်းသာ နှင့် ပီတိဖြစ်သွားမိကြလေသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

ထပ်မံထွက်ပေါ်လာသော ယန်းဂူကျို၏ နောက်ဆက် စကားကြောင့် အားလုံး၏ စိတ်ထဲတွင် မတင်မကျ ဖြစ်သွားကြရ ၏။

"ဘာများပါလိမ့်ခင်ဗျာ ... ဒီအတွက် ဆရာကြီးမှာ တ



ခြင်းချက်များ ရှိနေသေးလို့လား"

ယန်းဂူကျိုက သူတို့အားလုံးကို စူးစိုက်ကြည့်လိုက်သည်။

"နောက်ထပ် အကြောင်းမရှိဘဲနဲ့ ကျုပ်က စကားကို ပလွှင် ပြီး ပြောမနေဘူး"

မာရ်နတ်သူဇာ ကျိုရှောင်မေက တခစ်ခစ်ဖြင့် ရယ်လိုက် ...

"ဟင်း ဟင်း ဟင်း ... စကတည်းက ကျွန်မထင်သားပဲ၊ ဆရာကြီးမှာ ခြွင်းချက်တစ်ခုခုမရှိဘဲနဲ့တော့ ဒီလောက်တောင် သဘောထား မကြီးနိုင်ပါဘူးလို့၊ နောက်ဆက်တွဲအကြောင်းတစ်ခုခု တော့ ရှိကိုရှိရဦးမှာပါ၊ အဲဒီနောက်ဆက်တွဲအကြောင်းအရာကလည်း ကျွန်မ ခန့်မှန်းမိသလောက်တော့ ... ဟင်း ဟင်း ... သိပ်လွယ်လှ မယ်လို့ မထင်မိဘူး"

ကျိုရှောင်မေပြောသည်ကို ယန်းဂူကျိုက ဘာမှ ပြန်မပြော ဘဲ ပြုံး၍ နားထောင်နေ၏။

"ဆရာကြီး ပြောစရာရှိတာကိုသာ ပြောပါ၊ ကျွန်တော်တို့ နားထောင်နေပါတယ်"

ယန်းဂူကျိုပြောလာမည့်အကြောင်းအရာကို သူတို့အားလုံး နားစွင့်နေကြပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းက မပြောလို့လည်း မဖြစ်တော့ ပြောရမှာပေါ့ကွာ"

ယန်းဂူကျိုသည် စကားစလိုက်ပြီးနောက် ချောင်းတစ်ချက်ဟန့်လိုက်သည်။

ပြီးမှ ...

"ကျုပ်အနေနဲ့ မင်းတို့ကို လွတ်လပ်ခွင့်မပြုခင် မင်းတို့ရဲ့သိုင်းပညာတွေကို ဖျက်ဆီးပစ်ရလိမ့်မယ်၊ ဒါမှလည်း မင်းတို့ဟာရှေ့ဆက်ပြီး ဆိုးချင်တိုင်း မဆိုးနိုင်ဘဲနေမှာပေါ့၊ မင်းတို့ရဲ့ ဆိုးသွမ်းရမ်းကားမှုတွေကင်းပါမှ အပြစ်မဲ့တဲ့လူကောင်းတွေအတွက် အန္တရာယ်ကင်းနိုင်မှာ မဟုတ်လား"

သိုင်းသမားလူဆိုးကြီး ခြောက်ယောက်မှာ ဘာပြန်ပြောမည်ကိုပင် မသိကြတော့ဘဲ ကြောင်အမ်းအမ်းဖြစ်ကာ ငေးငိုင်သွားမိကြလေတော့သည်။

"ဘယ်လိုလဲ ... မင်းတို့ ဘာမှအဖြေမပေးကြတော့ဘူးလား၊ ဒီလိုဆိုရင်တော့ ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းဖြစ်လို့ ကျုပ်ပြောတာကို အားလုံးလက်ခံသဘောတူကြတယ်လို့ ယူဆပြီး ကျုပ်က မင်းတို့ရဲ့သိုင်းအင်အားတွေကို တစ်ယောက်ပြီးတစ်ယောက် ဖျက်ဆီးပစ်ရတော့မလား"



ယန်းဂူကျိုထံမှ ဤစကားမျိုးကို သူတို့မျှော်လင့်မထားမိကြချေ။

ယန်းဂူကျို၏စကားများက တစ်ဆင့်ထက်တစ်ဆင့် ပိုမိုလွန်ကဲလာပြီဖြစ်၏။

သူတို့၏သည်းခံနိုင်စွမ်းကို ကျော်လွန်လာခဲ့ချေပြီ။

ဤအတိုင်း ဆက်လက်ငြိမ်သက်နေကြမည်ဆိုလျှင် ယန်းဂူကျိုသည် သူ့စကားအတိုင်း တစ်ဆင့်တက်၍ မိမိတို့၏သိုင်းအင်အားများကို ဖျက်ဆီးရန် လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်ချေတော့မည်။

ထို့ကြောင့် ဆက်လက်ငြိမ်သက်နေ၍ မဖြစ်တော့သည်ကို နားလည်သွားကြ၏။

ယိယန်စွန်းသည် ရယ်သွမ်းသွေး၍ သူ၏ခေါင်းပြောင်ပြောင်ကြီးကို ခါယမ်းရင်း ပြောလိုက်သည်။

"ဟဲ ဟဲ ဟဲ ... ကျွန်တော်တို့အပေါ် ဆရာကြီး ဖိနှိပ်ချုပ်ချယ်လာတဲ့လုပ်ရပ်တွေက မလွန်လွန်းဘူးလား ခင်ဗျာ"

ယန်းဂူကျိုက ...

"မင်းတို့ကို ကျုပ်ညှာတာလွန်းလို့ ခုချိန်အထိ အားလုံးအသက်ရှင်ရပ်တည်နေနိုင်ကြတယ်ဆိုတာ နားလည်စမ်းပါ ခြောက်

www.burmeseclassic.com



နှစ်လုံးလုံး မင်းတို့ကျူးလွန်ခဲ့ကြတဲ့အပြစ်တွေနဲ့ နှိုင်းစာမယ်ဆိုရင် ကျုပ် အခုပေးမယ့်အပြစ်က ဘာမှမပြောပလောက်ပါဘူး၊ တကယ်ဆိုရင် မင်းတို့ကို ဒီနေရာမှာတင်ပဲ တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်သင့်နေပြီ"

"တကယ်လို့ ဆရာကြီးရဲ့လုပ်ရပ်ကို ကျွန်တော်တို့က လက် မခံကြဘူးဆိုရင်ကော"

နှင်းတောင်နဂါးကြီးထိလုံက မျက်ခုံးနှစ်ဖက်ကို ပင့်တင်ပြီး မေးလိုက်သည်။

ကိုရှောင်မေကလည်း ခပ်မှုန်းမှုန်းရယ်ရင်း ...

"ဟင်း ဟင်း ဟင်း ... စဉ်းစဉ်းစားစားလည်း လုပ်ပါ ဆရာကြီးရယ်၊ ဆရာကြီးပြောတဲ့အတိုင်း ကျွန်မတို့ရဲ့သိုင်းအင်အားကို အတင်းအဓမ္မ ဖျက်ဆီးပစ်ဖို့ ကြိုးစားလာမယ်ဆိုရင်တော့ မ မရှောင်သာတဲ့အချိန်မှာ ကျွန်မတို့ကလည်း ပူးပေါင်းပြီး ဆရာကြီးကို ခုခံတိုက်ခိုက်ကြရလိမ့်မယ်ဆိုတာ ဆရာကြီး သိထားစေချင်ပါတယ် ... ဟင်း ဟင်း ဟင်း'

ယန်းဂူကျိသည် သူမအား အေးစက်သောမျက်လုံးများနှင့် ကြည့်လိုက်၏။

"ကျုပ်ကို ... မင်း ဒါတွေ ပြောနေစရာမလိုပါဘူး"



"ဟဲ ဟဲ ... ဆရာကြီးသိရင်လည်း ပြီးတာပါပဲ၊ တော်ကြာ ကျွန်မတို့ ဘာမှမဖြစ်ကြဘဲ ဆရာကြီး ဒုက္ခရောက်မှာကို စိုးရိမ်လို့ သတိပေးရတာပါ"

"ဟား ဟား ဟား ... မင်းတို့လက်ချက်နဲ့ ကျုပ် ဒီတောင်ပေါ်မှာ သေရမယ်ဆိုရင်ဖြင့် မင်းတို့ခြောက်ယောက်စလုံးလည်း ဒီတောင်ပေါ်မှာ သေကြရမှာ သေချာတယ်"

ယန်းဂူကျိ၏လေသံအရ သူသည် ဤသိုင်းသမား လူရမ်းကားကြီး ခြောက်ယောက်စလုံးကို အလွယ်တကူနှင့် အနိုင်ရယူနိုင်လိမ့်မည်ဟု ကျိန်းသေတွက်ဆထားပုံရလေသည်။

သူ့စကားကြောင့် ခါးကုန်းကြီး ယိယန်စွန်းသည် တဟဲဟဲ ရယ်လိုက်ကာ ...

"ဟဲ ဟဲ ဟဲ ... ဒီလောက်လည်း လွယ်မယ်မထင်ပါနဲ့လေ၊ ဆရာကြီးအနေနဲ့ လက်တွေ့သိရအောင် စမ်းကြည့်ပါဦး"

ယိယန်စွန်းသည် စိန်ခေါ်သံနှင့်အတူ အသင့်ပြင်ဆင်ထားလိုက်လေသည်။

နှင်းတောင်သံနဂါးကြီး ထိလုံသည်လည်း စိတ်ရိုင်းများဝင်လာကာ သူ့အဖော်ဖြစ်သော ခါးကုန်းကြီးအား လှမ်း၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယိယန်စွန်း ... ဆရာကြီးဟာ ကျုပ်တို့ကို သိပ်ပြီး အထင်သေးလွန်းတယ်၊ အခုတစ်ခါ သူက တစ်ဆင့်တက်ပြီး ကျုပ်တို့ကို စော်ကားလာခဲ့ပြန်တယ်၊ သူ့စော်ကားမှုကို ကျုပ်တော့ ဆက်ပြီး သည်းညည်းမခံနိုင်တော့ဘူး၊ ခေါင်းငုံ့အညံ့ခံနေတာနဲ့စာရင် အသက်ချင်း လဲချင်လဲရပါစေ ... အပြတ်တိုက်ခိုက်သင့်ပြီလို့ ကျုပ်ယူဆမိတယ်"

ထိုလုံ၏စကားက ထိရောက်လွန်းလှ၏။

ယိယန်စွန်းသာမက ... ကျန်သိုင်းသမားများ၏ စိတ်ဓာတ်ကိုပါ မြှင့်တင်နှိုးဆွပေးလိုက်သလို ရှိနေသည်။

စောစောက သတ္တိကြောင်သည်ဟု ယူဆရသော ဟန်ဖုဟို၊ လီချုံးနှင့် ရှိန်းဝမ်တို့သည်ပင် စိတ်ဓာတ်များ တက်ကြွနိုးကြားလာကြ၏။

"နင်းတောင်နဂါးကြီးပြောတာ မှန်တယ်"

"ကျုပ်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းယှဉ်ပြိုင်တိုက်ခိုက်ကြပါစို့"

ဂူးရေကန်သာနဂါးကြီး ဟန်ဖုဟိုကလည်း တစ်ခဲနက် ကြွေးကြော်လိုက်သည်။

'ချွင် ချွင်'



'ချွင် ချွင်'

ထို့နောက် သူတို့သုံးဦးစလုံး လက်နက်ကိုယ်စီ ထုတ်ယူ၍ ယန်းဂူကျိအား ယှဉ်ပြိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသောသည်။

သို့သော် ...

ယန်းဂူကျိသည် ထိုလူရမ်းကားကြီးသုံးယောက်ကို လုံးဝအမှုမစိုက်ဟန်ဖြင့် လှည့်၍ပင်မကြည့်ချေ။

သူသည် ယခုတိုင် လေးထောင့်ကျောက်ပြားပေါ်တွင် သူ့နေ့မပျက် တည်ငြိမ်စွာထိုင်နေလျက်မှ ခါးကုန်းကြီးယိယန်စွန်းအား လှမ်း၍ သတိပေးစကား ပြောကြားလိုက်၏။

"ယိယန်စွန်း ... ခင်ဗျား သေသေချာချာစဉ်းစားပြီးမှ တိတိကျကျ ဆုံးဖြတ်ရင် ကောင်းလိမ့်မယ်"

"ခင်ဗျားတို့ ရွေးချယ်ရမှာကတော့ နှစ်လမ်းပဲရှိတယ် ... ခင်ဗျားတို့ခြောက်ယောက် ပူးပေါင်းပြီးတော့ ကျုပ်ကို အပြတ်တိုက်ခိုက်ချင်သလား ...၊

ဒါမှမဟုတ် ခင်ဗျားတို့ရဲ့သိုင်းအင်အားတွေကို တစ်ယောက်ချင်း အေးအေးဆေးဆေး အဖျက်ဆီးခံကြမလား၊ ဒါကို အလေးအနက်ထားပြီး စဉ်းစားဆုံးဖြတ်ကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ယိယန်စွန်းမှာ မိမိတစ်ဦးတည်းဆန္ဒအလျောက် ဆုံးဖြတ်ရ ခက်နေပုံရ၏။

ထို့ကြောင့် သူက အတတ်နိုင်ဆုံး အချိန်ဆွဲထားရန် လေးလံသောအသံဖြင့် ပြန်ပြောလိုက်သည်။

“ဒီကိစ္စအတွက် ကျွန်တော့်အနေနဲ့ အကောင်းဆုံးအကြံပြု ရမယ်ဆိုရင် ... ဆရာကြီးနဲ့အတူ ကျွန်တော်တို့အားလုံး ခေါင်းအေး အေးထားပြီး စဉ်းစားဆုံးဖြတ်ကြရင် ပိုပြီးကောင်းလိမ့်မယ် ထင်ပါ တယ်”

နဂိုကမှ ယိယန်စွန်းကိုယ်တိုင် ခံပြင်းစိတ်နှင့်အတူ ဒေါသ ထွက်မိနေပြီဖြစ်၏။

သို့သော် ယန်းဂူကျိုက ရုတ်တရက် သူ့အား သတိပေး စကား ပြောကြားလိုက်သဖြင့် ယိယန်စွန်း၏စိတ်တွင် တွေဝေသွား ခြင်း ဖြစ်၏။

ထို့ကြောင့်လည်း ယန်းဂူကျိုအား ယှဉ်ပြိုင်တိုက်ခိုက်ရန် ကိစ္စကို လတ်တလော မဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

ဤသည်ကို အကင်းပါးသော မာရ်နတ်ဆိုးမလေးကျိုရှောင် မေက ရိပ်မိလိုက်ပေသည်။

ယိယန်စွန်း၏အနယ်ထိုင်သွားသော စိတ်ဓာတ်ကို နှိုးဆွ



ပေးဖို့လိုကြောင်း သူမ သဘောပေါက်လိုက်၏။

“ဟင်း ဟင်း ဟင်း ... အဘယိယန်စွန်းကလည်း ဆရာကြီး ယန်းဂူကျိုကို ခြိမ်းခြောက်လိုက်တာနဲ့ ဘာကြောင့် သွေးကြောင်သွားရ တာလဲ၊ ကျွန်မ ခန့်မှန်းမိသလောက်တော့ ဆရာကြီးလို ပါးနပ်လိမ္မာ လှတဲ့ သိုင်းအဓိပတိကြီးတစ်ယောက်က ကျွန်မတို့နဲ့ အပြတ်ရှင်းဖို့ အလုပ်မျိုးကိုလုပ်ဖို့ စိတ်ကူးမှာမဟုတ်ပါဘူး”

ယန်းဂူကျိုသည် ကျိုရှောင်မေအား ဖျတ်ခနဲ လှမ်းကြည့်ပြီး မေးလိုက်သည်။

“နေပါဦး မိန်းကလေးရဲ့ ... မင်းက ဘယ်လိုသဘောနဲ့ ဒီ စကားကို ပြောရတာလဲ”

“ဟဲ ဟဲ ဟဲ ... ဆရာကြီးကလည်း သိလျက်သားနဲ့ မေးနေ ရပြန်ပါပြီ၊ ကျွန်မ,ဆိုလိုတဲ့အဓိပ္ပာယ်က ဆရာကြီးဟာ ဘယ်နည်းနဲ့ မှ အသက်စွန့်ပြီး ကျွန်မတို့နဲ့ ယှဉ်ပြိုင်တိုက်ခိုက်မှာ မဟုတ်ဘူးလို့ ပြောတာပါ”

ယန်းဂူကျို၏စိတ်တွင် မခံချိမခံသာ ဖြစ်သွားမိ၏။

“ဘာကွ ... ဘယ်လို ဘယ်လို ... မင်းတို့ကို ငါက ယှဉ်ပြိုင် ပြီး မတိုက်ဝံ့ဘူးလို့များ မင်းက ပြောရသေးတယ်လို့”

ကျိုရှောင်မေသည် မျက်လုံးတစ်ချက်ကစားကာ ခိုးခိုးခစ်ခစ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံနှင့်အတူ ပြန်ပြောလိုက်သည်။

"အဟက် ဟက် ဟက် ... ဆရာကြီးရဲ့လျှို့ဝှက်ချက်တွေ ပေါ်သွားရင် ရုပ်ပျက်ဆင်းပျက်အဖြစ်မျိုးနဲ့ ကြုံနေမှာစိုးလို့ ကျွန်မက ပြောရတာပါ"

သူမ၏စကားကြောင့် ယန်းဝူကျိုစိတ်တွင် ထိတ်ခနဲ ဖြစ်သွားသည်။

မာရ်နတ်သူဇာမလေး ကျိုရှောင်မေသည် မိမိနှင့်ပတ်သက်၍ မည်သည့်အတိုင်းအတာအထိ သိရှိထားလေပြီနည်း။

မိမိဘက်က ဣန္ဒြေမပျက်ဖို့သာ အရေးကြီးပေသည်။

ယန်းဝူကျိုက ခပ်တည်တည်နှင့် ပြန်မောက်ပစ်လိုက်သည်။

"ဟော့ ... ကောင်မဆိုးကလေး ... မင်း ငါ့ကို ရမ်းကားစော်ကားနေတာ လွန်လွန်းပြီနော်၊ ဒီလောက် အတင့်ရဲရအောင် မင်းမှာ ဘယ်လိုအားကိုးအားထားပြုလောက်တဲ့လူမျိုးများ ကျောထောက်နောက်ခံရှိနေလို့လဲ"

"အိုး ဟိုး ဟိုး ... ဆရာကြီးကလည်း မဟုတ်မဟုတ် ပြောရော့မယ်၊ ကျွန်မ အားကိုးပြုစရာလူမျိုးက ဆရာကြီးထက် သိုင်းအင်အားကြီးမားမှသာ ဖြစ်တော့မှာပေါ့၊ ဆရာကြီးလို သိုင်းအဓိပတိကြီး



ထက် သိုင်းအင်အားကြီးတဲ့လူ သိုင်းလောကမှာ ဘယ်မှာရှိနိုင်တော့မှာလဲရှင်"

ကျိုရှောင်မေသည် လိမ္မာပါးနပ်ရုံမျှမက စကားပြောရာတွင်လည်း ကျွမ်းကျင်လှပေသည်။

ထိုစဉ် နှင်းတောင်သံနဂါးကြီး ထိလုံကူ ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့ ကြားမိသလောက်တော့ ဆရာကြီး အတော်ကလေး မမာမကျန်းဖြစ်နေတယ်လို့ သိုင်းလောကမှာ သတင်းပျံ့နေပါတယ်၊ ဒါကြောင့် ဆရာကြီးကို ထူထူထောင်ထောင်နဲ့ တွေ့ရလိမ့်မယ်လို့တောင် မထင်မိဘူး၊ အခုတော့လည်း ဆရာကြီးကို သန်သန်မာမာနဲ့ တွေ့လိုက်ရလို့ ကျွန်တော်တို့ အံ့အားသင့်ကြရတယ်၊ ဒီအတိုင်းဆိုရင် သိုင်းလောကမှာထွက်နေတဲ့ သတင်းတွေက မှားယွင်းနေပြီပေါ့"

ယန်းဝူကျိုက မျက်မှောင်ကြုတ်၍ ထိလုံအား ကြည့်လိုက်သည်။

သူတို့သည် မိမိအပေါ် သံသယသက်ဝင်နေကြပြီလားဟု တွေးမိ၏။

ယန်းဝူကျို ဘာမှပြန်မပြောရသေးမီမှာပင် ကျိုရှောင်မေ

www.burmeseclassic.com

www.burmeseclassic.com



က ဝင်ပြောလိုက်သည်။

"ဟဲ ဟဲ ဟဲ ... သိုင်းလောကရဲ့သတင်းတွေ မှားတယ်၊ မှန်တယ်ဆိုတာ ဘယ်သူမှ အတတ်မပြောနိုင်သေးပါဘူး၊ ကျွန်မတို့ စောင့်ကြည့်ရဦးမှာပေါ့"

"ဟား ဟား ဟား ... ကျုပ်ရဲ့ကျန်းမာရေးအခြေအနေကို မင်းတို့ အခုကြည့်မြင်ရုံနဲ့ မသိနိုင်ကြသေးဘူးလား၊ အေး ... မင်းတို့ ကြားထားတဲ့အတိုင်း ကျုပ်မှာ ကိုယ်ခံရောဂါရှိနေတယ်လို့ ယူဆပြီး မင်းတို့ အလွယ်တကူနဲ့ အနိုင်ကျင့်နိုင်ကြလိမ့်မယ်လို့ ထင်မိရင်တော့ မှားသွားကြလိမ့်မယ်၊ ဒါကြောင့်လည်း မင်းတို့စဉ်းစားကြဖို့ ကျုပ် အတန်တန်သတိပေးနေတာ"

ယန်းဂူကျိသည် ဟန်မပျက်ပင် တဟားဟားရယ်၍ တစ်ခွန်းတစ်စ သတိပေးလိုက်ပြန်သည်။

"အဟင်း ဟင်း ဟင်း ... ဆရာကြီးကို ကျွန်မတို့အားလုံး ဝိုင်းဝန်းပူးပေါင်းပြီး မတိုက်ဝံ့ဘူးလို့များ ထင်နေသလား၊ ဒါဆိုရင် တော့ မှားသွားလိမ့်မယ်"

"ဟား ဟား ဟား ... မင်းကလည်း အောက်ကလည်းနေ့ သေး၊ လေသံကလည်း နည်းနည်းမှမလျှော့ဘူးဆိုတဲ့အစားထဲက ပါ ပဲလား"



"ဒါက ဆရာကြီးရဲ့အထင်ကိုး၊ ဒီနှစ်ပိုင်းအတွင်း ကျွန်မတို့ အားလုံး တစ်နေရာမှာ စုပေါင်းပြီး တစ်ယောက်နဲ့တစ်ယောက် သိုင်း ပညာချင်း ညှိနှိုင်းဖလှယ်ရင်း လေ့ကျင့်အားထုတ်ခဲ့ကြတယ်ဆိုတာကို တော့ ဆရာကြီးမှ မသိသေးဘဲ"

ကျိရှောင်မေက မခံချင်သောလေသံနှင့် ပြန်ပြောလိုက်လေ၏။

သူမ၏စကားက ယန်းဂူကျိအား အနည်းငယ်တုန်လှုပ်သွားစေခဲ့ပါ သည်။

အကယ်၍ သူမပြောသည့်အတိုင်းသာ မှန်ကန်ခဲ့လျှင် သိပ်တော့မလွယ်။

ဤလူစုကို ယန်းဂူကျိအနေနှင့် အထင်သေး၍ မဖြစ်တော့ပေ။

ကျိရှောင်မေ၏စကားက ဟုတ်ချင်လည်း ဟုတ်မည်။

ဤအတွက် ယန်းဂူကျိက စကားစကို ရသလောက်နှိုက်ယူ လိုက်သည်။

"ဘာပြောတယ် ... မင်းတို့အားလုံး စုပေါင်းပြီး သိုင်းပညာ ညှိနှိုင်းဖလှယ်လေ့ကျင့်ခဲ့တယ် ... ဟုတ်လား ... ဟား ဟား ဟား ... မင်းစကားကို ငါက ယုံမယ်လို့များ ထင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ယုံဘာ၊ မယုံတာကို လေကုန်ခံပြီး ပြောနေမယ့်အစား [illegible] သိချင်ရင် ကျွန်မတို့နဲ့ ဆရာကြီး ယှဉ်ပြိုင်တိုက်ခိုက်ကြည့် လိုက်ပေါ့"

ဆံပင်နီမလေး ကျိုရှောင်မေက စိန်ခေါ်လိုက်သည်။

ကျိုရှောင်မေစကား လွန်သွားသည်ကို နှင်းတောင်နဂါးကြီး ထိလုံက မကျေမနပ် ဖြစ်သွားသည်။

"ဟေ့ ရှောင်မေ ... မင်းတစ်ယောက်တည်းရဲ့ ဆန္ဒသဘောနဲ့ ငါတို့အားလုံးအတွက် ဆုံးဖြတ်ချက် မပေးနိုင်ပါဘူး၊ ငါတို့ စုပေါင်း လေ့ကျင့်တဲ့ လျှို့ဝှက်ထားရမယ့်ကိစ္စမျိုးကို မင်း ဘာကြောင့် လျှာ ချောင်ပြီး ပြောရတာလဲ"

"ဒါတွေ ပြောမနေပါနဲ့တော့ ထိလုံ၊ သူ့နှုတ်က ထွက်လိုက်ပြီးမှတော့ သူ့ကို အပြစ်တင်နေလို့လည်း ဘာအကြောင်းထူးတော့မှာလဲ၊ လောလောဆယ်အရေးကြီးတာက ဆရာကြီးယန်းဂူကျိုက ကျုပ်တို့ရဲ့ သိုင်းအင်အားတွေကို ဖျက်ဆီးပစ်တော့မယ့်ပြဿနာကို အရင်ဆုံး ဖြေရှင်းကြဖို့ပဲ"

ထိုအခါ ခါးကုန်းကြီးယိယန်စွမ်းက အချင်းချင်း ပြဿနာ ထပ်မဖောက်စေရန် ဝင်ရောက်၍ ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်သည်။



ထိလုံသည် ကျိုရှောင်မေအား ဘာမှဆက်မပြောတော့ဘဲ ယိယန်စွန်း၏သဘောထားကို တီးခေါက်ကြည့်လိုက်သည်။

"အစ်ကိုကြီးယိယန်ရဲ့ သဘောထားက ဘယ်လိုရှိလို့လဲ၊ ဆရာကြီးယန်းဂူကျိုကို ကျွန်တော်တို့က အသက်စွန့်ပြီး တိုက်ခိုက်ကြ [illegible] ဆုံးဖြတ်လိုက်ပြီလား"

ယိယန်စွန်းက ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးဟန်နှင့် ဖြည်းလေးစွာ ပြန်ပြောလိုက်သည်။

"ကျုပ်တို့အနေနဲ့ မလွှဲမရှောင်သာတဲ့အချိန်မှာ ဒီလမ်းကိုပဲ ရွေးဖို့ ရှိတော့တယ် မဟုတ်လား"

တစ်ဆက်တည်းမှာပင် သူသည် ယန်းဂူကျိုဘက်သို့ လှည့် ၍ လေပြေအေးနှင့် ပြောလိုက်သည်။

"ဆရာကြီးကသာ ကျွန်တော်တို့ရဲ့ သိုင်းအင်အားတွေကို [illegible]ယ်ပဲ ဖျက်ဆီးပစ်တော့မယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ မလွှဲမရှောင်သာဘဲ အသက်စွန့်ပြီး ဆရာကြီးကို ခုခံတိုက်ခိုက်ကြရပါ လိမ့်မယ်ခင်ဗျာ"

ယန်းဂူကျို၏စိတ်တွင် ဤလူဆိုးလူသွမ်း လူရမ်းကားကြီး [illegible]ဦးအား အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆွဲမနေတော့ဘဲ တိုက်ခိုက်ယှဉ်ပြိုင်ရန် အသင့်ပြင် လိုက်လေသည်။

"ဟေ့ ... ကျုပ်က မင်းတို့ကို လေကုန်ခံပြီး ကျီစယ်နေ တယ်လို့များ ထင်နေကြသလား၊ မင်းတို့အားလုံးသာ အသင့်သာ ပြင်လိုက်ကြပေတော့"

ယန်းဂူကျိသည် နှုတ်မှသာ အသင့်ပြင်ခိုင်းလိုက်သော် လည်း လူကမူ ထိုင်ရာမှ မထသေးချေ။

သိုင်းသမား လူရမ်းကားကြီးခြောက်ဦးကမူ သူ့စကား အတိုင်း အသင့်ပြင်ဆင်လိုက်ကြသည်။

သူတို့အားလုံးပင် ရုတ်တရက် နောက်သို့ဆုတ်ခွာ၍ အသင့် အနေအထား ပြင်ဆင်ကာ ရပ်နေကြ၏။

သူတို့ခြောက်ယောက် နေရာယူထားပုံက ခေါက်ယပ် တောင်ပုံစံ အနေအထားမျိုးဖြစ်ပြီး အားလုံး လက်နက်ကိုယ်စီစွဲကိုင် ၍ ယန်းဂူကျိအား တိုက်ခိုက်ရန် အသင့်ရှိနေကြလေပြီ။

ခါးကုန်းကြီးယိယန်စွမ်းထံမှ စကားသံ ထွက်ပေါ်လာလေ သည်။

"ဆရာကြီးခင်ဗျာ ... ကျွန်တော်တို့အားလုံး အသင့်ရှိနေပြ ပါပြီ"



ယှဉ်ပြိုင်တိုက်ခိုက်ကြတော့မည့်ဆဲဆဲ အချိန်မှာပင် ယိယန် စွမ်းက လေးစားမှုအပြည့်ဖြင့် ပြောလိုက်သည်။

ထိုအခါမှ ကျောက်ပြားပေါ်တွင် ဣန္ဒြေမပျက်ထိုင်နေသော ယန်းဂူကျိသည် ရုတ်တရက် ထ,ရပ်လိုက်၏။

မတ်တတ်ရပ်မိသည်နှင့်တစ်ပြိုင်နက် သူသည် ခါးကြားမှ ဓားတစ်လက်ကို ဖျတ်ခနဲ ဆွဲထုတ်ယူလိုက်သည်။

ယန်းဂူကျိ၏ဓားမှာ ထူးခြားသော အပျော့စားဓားတစ် လက် ဖြစ်ပေသည်။

သူ၏လက်သည် လေထဲသို့မြောက်တက်သွားပြီး ဓားကို ခပ်ဆဆ ယမ်းလိုက်သည်။

ထို့နောက် ...

ကျယ်လောင်စွာ ဟစ်အော်ရယ်မောရင်း ပြောလိုက်လေ သည်။

"ဟား ဟား ဟား ... ကျုပ် ဘယ်သူနဲ့မှ ရှုပ်ရှုပ်ရှုံရှုံ တိုက်ခိုက်ခဲ့ရတာ နှစ်ပေါင်းအတော်ကြာနေခဲ့ပြီ၊ ဒီကနေ့တော့ အားပေးထားခဲ့သမျှ ကျုပ်စိတ်ကြိုက် လှုပ်ရှားတိုက်ခိုက်ရတော့ မယ်၊ မင်းတို့ကို ကျုပ် နည်းနည်းလေးမှ ညှာလိမ့်မယ်မထင်ကြနဲ့ ... ကြပ်ကြပ်သတိထားကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ယန်းဝူကျိုသည် နေအိမ်ဟာစ်ကြိုးဝါးလိုက်ပြီးနောက် သိုင်းသမားကြီးခြောက်ယောက်ရှေ့သို့ ပေါ်ပါးသွက်လက်စွာနှင့် ခုန်ထွက်ရောက်ရှိသွားလေသည်။

သူ၏လက်တွင် ကိုင်ဆောင်ထားသော ဓားကလည်း လေတွင် တရှိန်ရှိန် ဝှေ့ဝဲနေပေသည်။ ယိယန်စွန်း၏စိတ်တွင် ထိတ်ခနဲဖြစ်သွားကာ သူ့အဖွဲ့ဖော်ငါးယောက်တို့အား လှမ်း၍ သတိပေးလိုက်၏။

"ကိုယ့်လူတို့ သတိထားကြဟေ့၊ သိုင်းအမိပတိကြီးလက်ထဲက ဓားပျော့ကလေးဟာ သိုင်းလောကမှာ စတုတ္ထအဆင့်ရှိတဲ့ ဒိပ္ပတ်ဓားတစ်လက်ပဲ၊ ဒီဓားဟာ အလွန်အစွမ်းထက်လှတယ်၊ မင်းတို့ရဲ့ သာမန်လက်နက်တွေနဲ့ဒီဓားကြီးကို အရမ်းသွားပြီး မတိုက်ခိုက်ကြလေနဲ့"

ထိုအခါ မာရ်နတ်ဆိုးမလေး ကျိုရှောင်မေသည် သူမ၏လက်တွင် ကိုင်ဆောင်ထားသော မိုးမခရွက် ဓားရှည်ကြီးကို ဟန်ပါပါနှင့် ဝှံ့ဝှံ့ကြွားကြွား ကိုင်မြှောက်ပြရင်း ရယ်သွမ်းသွေးကာ မေးလိုက်သည်။

"ဟင်း ဟင်း ဟင်း ... ဒီလိုဆို ကျွန်မလက်ထဲက ဓားကိုလည်း ဆရာကြီးယိယန်စွန်း သိလိမ့်မယ် ထင်ပါရဲ့"



သူမ၏စကားကြောင့် ကျန်လူအားလုံးသည် ကျိုရှောင်မေ၏ဓားရှည်ကြီးကို လှမ်းကြည့်လိုက်မိကြသည်။

ခါးကုန်းကြီး ယိယန်စွန်း၏မျက်လုံးအစုံသည် ကျိုရှောင်မေ၏ဓားကို မြင်ရသည့်တစ်ခဏမှာပင် အံ့ဩစွာဖြင့် တဖြည်းဖြည်းပြူးကျယ်သွားလေသည်။

"ဟင် ... မင်းရဲ့ဓားကလည်း သက်တံ့ရောင်ခြည်ဓားပါလား"

သက်တံ့ရောင်ခြည်ဓားဟူသောအသံကြောင့် ကျန်သိုင်းသမားကြီးများမှာ တုန်လှုပ်သွားကြလေသည်။

"ဟင်း ဟင်း ဟင်း ... ဆရာကြီးက အသက်ကြီးပေမယ့် မျက်စိရှင်သားပဲ၊ ဆရာကြီးပြောတဲ့အတိုင်း ကျွန်မလက်ထဲက ဓားကြီးဟာ သက်တံ့ရောင်ခြည်ဓားပါပဲ"

ကျိုရှောင်မေသည် မပွင့်တပွင့် ရယ်၍ ခပ်ကြွားကြွား ပြောလိုက်သည်။

"အင်း ... ခုချိန်မှာတော့ ဒီဓားမျိုးဟာ သိုင်းလောကမှာ ပဉ္စမအဆင့်ကို ရောက်နေပါပြီ၊ ဆရာကြီးယန်းဝူကျိုရဲ့ ဓားနဲ့နှိုင်းစာမယ်ဆိုရင်တော့ မင်းဓားက အောက်တစ်ဆင့်နိမ့်သွားပြီ"

"ဒါပေမဲ့ ... ဒီလို အမျိုးကောင်းဓားတွေက တစ်ဆင့်နှစ်

www.burmeseclassic.com



ဆင့်လောက် ကွာလို့လည်း သိပ်ပြီး အကြောင်းမထူးလှပါဘူး၊ ကိုယ်ပိုင်သိုင်းပညာစွမ်းရည်ကိုလည်း ထည့်တွက်ရဦးမှာပေါ့"

"ဟား ဟား ဟား … မင်းတို့က ဒီသက်တံရောင်ခြည်ဓားအားကိုးနဲ့ ငါ့ကို အနိုင်ယူနိုင်လိမ့်မယ်လို့ ထင်နေတယ်ပေါ့လေ၊ ကဲ … အားလုံး အသင့်ဖြစ်ပြီဆိုရင် တစ်ပွဲတစ်လမ်းလောက် အကဲစမ်းလိုက်ကြစို့လား"

ထိုအခါ အားလုံးပင် လှုပ်ရှားတိုက်ခိုက်ရန် အတွင်းအားများကို စုစည်းလိုက်သည်။

ပထမဦးဆုံး လှုပ်ရှားလိုက်သူမှာ လှံတိုနှစ်လက်ပိုင်ရှင် … လီချူးပင် ဖြစ်၏။

လီချူးက သူ၏လှံနှစ်ချောင်းဖြင့် ယန်းဝှကျိုအား ထိုးနှက်တိုက်ခိုက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ရှိန်းဝမ်ကလည်း သူ၏ဓားမောက်ကြီးနှင့် ယန်းဝှကျို၏ဦးခေါင်းပေါ်မှ လွှဲ၍ခုတ်ပိုင်းလိုက်သည်။

ဟန်ဖုဟိုသည်လည်း သူ၏ဓားရှည်ကို ဝှေ့ယမ်း၍ ယန်းဝှကျို၏နံဘေးဘက်မှ ဓားလွယ်ခုတ် ခုတ်ပိုင်းချလိုက်သည်။

သူတို့သုံးယောက်၏လှုပ်ရှားမှုများက ရှေ့ဆင့်နောက်ဆင့်ဖြစ်သော်လည်း အလွန်ပင် လျင်မြန်လွန်းလှသဖြင့် တစ်ပြိုင်နက်



ည်းဟုပင် ထင်မှတ်ရ၏။

ယန်းဝှကျိုသည် ညင်သာပျော့ပါးစွာ တိမ်းရှောင်ပြီး သူ၏တ်မှ ဓားကြီးကို ဆွဲ့ခနဲ ဝှေ့ဝဲကာ လွှဲ၍ ရိုက်ထုတ်လိုက်သည်။

'ချွင်'

'ချွင်'

'ချွင်'

သိုင်းသမားသုံးယောက်၏ ဓားလှံလက်နက်များသည် လွန်ပြင်းထန်ကြီးမားသော အားကြီးတစ်ခုဖြင့် ရိုက်ထုတ်ခြင်း ခံကိုက်ရသလို ဖြစ်သွားသည်။

သူတို့သုံးဦးစလုံးပင် ရုတ်တရက် လန့်ဖျပ်ကာ နောက်သို့မန်းကတန်း ဆုတ်ခွာသွားကြရလေသည်။

ယန်းဝှကျို၏အတွင်းအား ဤမျှအထိ ကြီးမားနေလိမ့်မည်ာ သူတို့ လုံးဝထင်မထားမိခဲ့ကြချေ။

ယခု သူတို့သည် အသက်ဘေးမှ သီသီကလေး ပွတ်ကာကာ လွတ်မြောက်သွားကြပြီ ဖြစ်ပေသည်။

သူတို့အလှည့် ပြီးသောအခါ ကျန်သုံးဦးက တစ်ပြိုင်နက်ည်း ထပ်မံလှုပ်ရှားလိုက်ကြပြန်သည်။

ခါးကုန်းကြီး ယိယန်စွန်းသည် သူ၏သံချောင်းရှည်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ငှေ့ယမ်းဝင်ရောက်လာကာ ယန်းဂူကျိုအား အရှိန်ပြင်းစွာဖြင့် ရိုက်ခဲ့လိုက်၏။

နှင်းတောင်နဂါးကြီးထိလိုကလည်း သူ၏ဓားဖြင့် တရကြမ်းဝင်ရောက်တိုက်ခိုက်လေသည်။

မာရိနတ်ဆိုးမလေး ကျိုရှောင်မေကလည်း သက်တံရောင်ခြည်ဓားကို ခပ်သွက် သွက် ငှေ့ယမ်း၍ ထိုးနှက်တိုက်ခိုက်လိုက်သည်။

"ယား"

"အူး"

လရောင်အောက်တွင် ဓားရောင်များ တဝင်းဝင်း တလက်လက် ထွက်ပေါ်လာပြီး ယန်းဂူကျို၏ကိုယ်ခန္ဓာ နေရာအနှံ့အပြားသို့ ဦးတည်ကျရောက်လာချေပြီ။

ယခု လက်နက်သုံးလက်၏အင်အားများက စောစောက သိုင်းသမားသုံးယောက်၏အင်အားနှင့်မတူသည်ကို ယန်းဂူကျို ကောင်းစွာသတိပြုမိသည်။

ဤလူသုံးယောက်၏ အတွင်းအားများမှာ ထူးထူးခြားခြား ကြီးမားပြင်းထန်နေသည်ကို တွေ့လိုက်ရလေသည်။

ယန်းဂူကျိုသည် ရုတ်တရက် တိမ်းရှောင်ပြီး သူ၏ဓားကြီးဖြင့် ပြန်လည်ခုခံ တိုက်ထုတ်လိုက်သည်။



'ချွင်'

'ချွင်'

'ချွင်'

သံသံချင်း ထိသံများက ဆူညံ၍သွား၏။

စောစောက သုံးယောက်တုန်းကမူ ယန်းဂူကျိုသည် သူ၏ ဓားချက်တစ်ချက်တည်းနှင့် ဆုတ်ခွာသွားအောင် ရိုက်ထုတ်နိုင်ခဲ့လေသည်။

ယခု ဤလူသုံးယောက်ကမူ ယန်းဂူကျို၏ဓားကြီးဖြင့် ရိုက်ဆုတ်သော်လည်း ဆုတ်ခွာသွားခြင်းမရှိဘဲ ဆက်လက်၍ ထိုးနှက်တိုက်ခိုက်လျက် ရှိကြ၏။

ယိယန်စွန်း ...၊

ထိလုံ ... နှင့်

ကျိုရှောင်မေ ...။

သူတို့သုံးယောက်ကို အထင်သေး၍မဖြစ်။ ဂရုစိုက်နိုင်မှ တော်ကာကျပေမည်။

ယန်းဂူကျိုက ယိယန်စွန်းတို့သုံးဦးသို့ အာရုံစိုက်နေရသည်ဖြင့် လီချုံး ရှိန်းဝမ်နှင့် ဟန်ဖုပိုတို့ အတွက် အနည်းငယ်အသက်ရှူချောင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကပင် လီချူးတို့အတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်သွား၏။

သူတို့သုံးယောက်သည် ယိယန်စွန်းတို့အား အာရုံစူးစိုက်၍ တိုက်ခိုက်နေသော ယန်းဝူကျိအား ဘေးမှဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ထိုအခါ ...

ယန်းဝူကျိမှာ လူရမ်းကားကြီးခြောက်ယောက် ပူးပေါင်း၍ တစ်ပြိုင်နက်တည်း တိုက်ခိုက်သည်ကို အပြင်းအထန် ခုခံကာကွယ်ရင်း ပြန်လည်တိုက်ခိုက်နေရပေတော့သည်။

'ချွင်း ... ချွင်း'

'ရှီး ... ရှီး'

'ဝှီး ... ဝှီး'

'ချွမ်း ... ချွမ်း'

မာရ်နတ်ဆိုးမလေး ကျိရှောင်မေ၏လက်မှ သက်တံရောင်ခြည်ဓားမှာ ကျော်ကြားသော ရှေးဟောင်းဓားကောင်းတစ်လက် ဖြစ်ပေသည်။

ထို့ကြောင့်လည်း ပင်ကိုကပင် ကြောက်ရွံ့စိတ် နည်းပါးလှသော ကျိရှောင်မေသည် ဓားအရှိန်အဝါဖြင့် အထူးပင် ရဲရင့်တက်ကြွ



လျက်ရှိသည်ကို တွေ့ရ၏။

သူမသည် ယန်းဝူကျိအား တရကြမ်း ဖိ၍တိုက်ခိုက်နေသလို ယန်းဝူကျိ၏ဓားချက်များကိုလည်း အစွမ်းကုန်လိုက်၍ တွန်းလှန်ပြီးဖျက်နေ၏။

ဤသည်ကပင် သူမ၏ အဖော်များဖြစ်သော ကျန်သိုင်းသမားလူရမ်းကားကြီး ငါးယောက်အပေါ် ကျရောက်လာမည့် အန္တရာယ်ကို နည်းနိုင်သမျှနည်းအောင် ကာကွယ်ပေးနေခြင်း ဖြစ်ပေသည်။

ယန်းဝူကျိမှာ ထိတ်လန့်သည်ဟု မဆိုသာသော်လည်း စိတ်အတွင်းမှ ကျိတ်၍စိုးရိမ်ပူပန်မိ၏။

သူ၏သိုင်းပညာကလည်း သာမန်အဆင့်မဟုတ်ဘဲ အလွန်ထူးချွန်ထက်မြက်နေခြင်းကြောင့်သာ ယခုကဲ့သို့ သိုင်းသမားကြီးခြောက်ယောက်၏ ဝိုင်းဝန်းဝိတ်ဆို့တိုက်ခိုက်နေသည့် တိုက်ပွဲကြီးအား ဆေးဆေးသက်သာစွာဖြင့် ပြန်လည်တိုက်ခိုက်နေနိုင်ခြင်း ဖြစ်ပေသည်။

သူတို့၏ယှဉ်ပြိုင်တိုက်ခိုက်မှုက သိုင်းကွက်ဆယ်ကွက်ကျော်လာခဲ့ချေပြီ။

ဤမျှတိုက်ခိုက်လိုက်ရုံမျှနှင့်ပင် မိမိအား ယှဉ်ပြိုင်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိသော သိုင်းသမားခြောက်ဦး၏လက်စလက်နနှင့် သိုင်းအင်အားအဆင့်များကို ယန်းဂူကျို ကောင်းစွာခန့်မှန်းမိပြီး ဖြစ်၏။

ထိုအခါ ဤလူရမ်းကားခြောက်ယောက်အား ဆက်လက်ရင်ဆိုင်ရန်အတွက် နည်းလမ်းသစ်များကို ယန်းဂူကျို စိတ်ကူးပေါက်သွားလေတော့သည်။

ဤသိုင်းသမားခြောက်ယောက်အနက် လီချူးနှင့် ရှိန်းဝမ်တို့၏ သိုင်းပညာအဆင့်က အနိမ့်ဆုံးဖြစ်သည်။

ထို့ကြောင့် ယန်းဂူကျို၏စိတ်တွင် သူတို့နှစ်ယောက်အား အရင်ဆုံးရှင်းလင်းတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

ယန်းဂူကျိုသည် အချိန်ဆွဲမနေတော့ဘဲ ကျိုရှောင်မေ၏ သက်တံရောင်ခြည်ဓားနှင့် ခါးကုန်းကြီးယိယန်စွမ်း၏ သံချောင်းရှည်တို့ကို သူ၏ဓားကြီးဖြင့် ကာ၍ရိုက်ထုတ်လိုက်ပြီး တစ်ဆက်တည်းမှာပင် လီချူးနှင့် ရှိန်းဝမ်တို့အား တစ်ချက်တည်း ခုတ်ပိုင်းချလိုက်လေသည်။

ယခုတစ်ကြိမ် တိုက်ကွက်ဆင်ရာတွင် ယန်းဂူကျိုမှာ မညှာတာနိုင်တော့ဘဲ သူ၏အတွင်းအားများကို စုစည်း၍ ခပ်ကြမ်းကြမ်း တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

လီချူးနှင့်ရှိန်းဝမ်တို့မှာ ယန်းဂူကျို၏ဖိနှိပ်တိုက်ခိုက်မှုကို



ချည်သို့မျှလွတ်အောင် မရှောင်တိမ်းနိုင်ကြတော့ဘဲ နှစ်ဦးစလုံးပင် ဓားဒဏ်ရာကိုယ်စီရသွားကြပြီး သွေးများ ဖြာခနဲ ပန်းထွက်လာ၏။

"အား"

"အူး"

လီချူးနှင့် ရှိန်းဝမ်တို့ထံမှ နာကျင်စူးရှစွာ အော်ညည်းသံများ ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး မြေပေါ်သို့ လဲကျသွားလေတော့သည်။

ယိယန်စွမ်းသည် ယန်းဂူကျို၏ လျှပ်တစ်ပြက်တိုက်ကွက်ကို မြင်လိုက်ရသည့် တစ်ခဏမှာပင် မျက်နှာ ဖွက်ခနဲပျက်သွားလေသည်။

"ဟာ ... အရိပ်မဲ့ ဓားသိုင်းကွက်ပါလား"

ယန်းဂူကျိုသည် သူ၏ဓားပျော့ကြီးကို လေတွင် ဝှေ့ယမ်းရင်း ပြန်ပြောလိုက်သည်။

"သိပ်ဟုတ်တာပေါ့ ... ဒါကို ခင်ဗျားက အခုမှ သိတာလား၊ ခင်ဗျားကိုကော ကျုပ် ဒီသိုင်းကွက်တစ်ချက်တည်းနဲ့ အပြတ်တိုက်ခိုက်လိုက်ရမလား"

ယန်းဂူကျိုက ခြိမ်းခြောက်နေခြင်းတော့ မဟုတ်ပါ။ အခုပင် လက်တွေ့လုပ်ပြလိုက်ပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယိယန်စွန်းမှာ တုန်လှုပ်ချောက်ချားစွာဖြင့် ထိတ်လန့်တကြား ဖြစ်သွားလေသည်။

ယခုအခြေအနေရောက်မှတော့ နောက်ဆုတ်၍လည်း မဖြစ်တော့သည်ကို သူတွက်မိသည်။

ထို့ကြောင့် ယိယန်စွန်းသည် ကြောက်စိတ်ကို ဘေးဖယ်၍ ရယ်သံနှောပြီး ပြောလိုက်သည်။

"ဟဲ ဟဲ ... ဆရာကြီးရဲ့ အရိပ်မဲ့ဓားသိုင်းပညာနဲ့ ကျွန်တော်တို့ကို ခြိမ်းခြောက်လို့ရမယ် မထင်ပါနဲ့"

ကျိုရှောင်မေကလည်း သူမ၏သက်တံရောင်ခြည်ဓားကြီးကို ကိုင်မြှောက်ဝှေ့ယမ်းရင်း ...

"ဟင်း ဟင်း ဟင်း ... ဆရာကြီးက လီချုံးနဲ့ ရှိန်းဝမ်တို့ကိုသာ အနိုင်ယူနိုင်ပေမယ့် ကျွန်မတို့ကို အနိုင်ရဖို့ကတော့ ဝေးပါသေးတယ်"

နဂါးကြီးနှစ်ကောင်ဖြစ်သော ထိုလုံနှင့် ဟန်ဖုဟိုတို့ကမူ ဘာမှမပြောကြဘဲ ငြိမ်သက်စွာဖြင့် အသင့်ရပ်နေကြပေသည်။

ထို့နောက် သူတို့အားလုံးပင် တိုက်ပွဲကို တစ်ကျော့ပြန်၍ စတင်တိုက် ခိုက်ကြပြန်သည်။

'ချွမ်း ချွင် ချွင်'



'ချွမ်း ချွင် ချွင်'

သံလက်နက်ချင်း ထိခိုက်သံများက ဆူညံစွာ ထပ်မံထွက်ပေါ်လာပြန်၏။

ယခုတစ်ကြိမ် တိုက်ခိုက်ကြခြင်းက စောစောကထက် ပိုမိုပြင်းထန်လာ၏။

ယန်းသူကျိုမှာ သိုင်းသမားကြီးလေးယောက် တက်ညီပူးပေါင်းတိုက်ခိုက်နေခြင်းအား အတော်ပင်ကြိတ်မှိတ်၍ ခုခံကာကွယ်နေရ၏။

တိုက်ခိုက်နေရင်းမှပင် သူ၏စိတ်တွင် စိုးရိမ်ပူပန်နေမိသည်။

စောစောက အရိပ်မဲ့အရှိန်ဓားသိုင်းကွက်ကို အသုံးပြု တိုက်ခိုက်လိုက်ခြင်းအတွက် မှားများမှားသွားလေပြီလား ... ဟု တွေးမိ၏။

သူ၏ အရိပ်မဲ့အရှိန်ဓားသိုင်းကွက်ကို ဖော်ထုတ်အသုံးပြု တိုက်ခြင်းဖြင့် အသည်းထိတ်ဖွယ်၊ ကြောက်စရာကောင်းသော ဤသိုင်းကွက်ကို တွေ့မြင်ကြရသော ကျန်သိုင်းသမားလေးဦးစလုံး တုန်လှုပ်ချောက်ချားစွာနှင့် အညံ့ခံကြပြီး ပြေလည်ရာပြေလည်ကြောင်း တောင်းပန်လာကြလိမ့်မည်ဟု ယန်းသူကျို တွေးထင်ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက စွန့်စား၍ အရိပ်မဲ့အရှိန်သိုင်းကွက်ဖြင့် ခြိမ်းခြောက်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သို့သော် လက်တွေ့တွင်မူ ယန်းဝူကျို တွေးထင်ထားသည်နှင့် ဖြစ်လာသည်တို့က ဆန့်ကျင်ခြားနားသွားခဲ့လေသည်။

ယန်းဝူကျိုယူဆထားသလို ကျန်သိုင်းသမားလေးယောက်က သူ၏အရိပ်မဲ့အရှိန်သိုင်းကွက်ကို ကြောက်ရွံ့ထိတ်လန့်ဟန် မပြကြသည့်အပြင် သူ့အား ပို၍ပင် ပြင်းထန်စွာဖြင့် ဖိနှိပ်တိုက်ခိုက်လာကြချေပြီ။

ပြောင်းလဲသွားသော အခြေအနေကြောင့် ယန်းဝူကျိုမှာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရသလို သူ့လုပ်ရပ်က အန္တရာယ်ကို ဖိတ်ခေါ်လိုက်သလို ဖြစ်သွားပေသည်။

ယခုဆိုလျှင် ယန်းဝူကျို၏အတွင်းအားများက အတော်အသင့် ကုန်ဆုံးသွားခဲ့ရလေပြီ။

အကယ်၍ သူသည် အရိပ်မဲ့အရှိန်သိုင်းကွက်ကို နောက်တစ်ကြိမ် ထပ်မံအသုံးပြုတိုက်ခိုက်လိုက်မည်ဆိုပါက ... ဤသိုင်းသမား လေးယောက်အနက် တစ်ယောက်ယောက်သာ လွတ်မြောက်ကျန်ရှိနေခဲ့မည်ဆိုလျှင် အရိပ်မဲ့သိုင်းကွက်နှစ်ကွက်ကို အသုံးပြုတိုက်ခိုက်ခဲ့ပြီးဖြစ်သော ယန်းဝူကျို၏အတွင်းအားများ ရုတ်တရက် ကုန်ခန်းနေမည်ဖြစ်ရာ နောက်ဆုံးလွတ်မြောက်ကျန်ရှိနေသော သိုင်းသမားတစ်ယောက်၏လက်ချက်ဖြင့်ပင် သူသည်လည်း ကိစ္စပြတ်သွားနိုင်ပေသည်။



ဤသည်ကို ခါးကုန်းကြီးယိယန်စွန်း ရိပ်စားမိမှန်း အစကသိလိုက်၍သာ ယန်းဝူကျိုသည် စွန့်စား၍ အရိပ်မဲ့အရှိန်သိုင်းကွက်ကို အသုံးပြုပြီး လီချုံးနှင့် ရှိန်းဝမ်တို့ကို ရှင်းပစ်လိုက်ခြင်း ဖြစ်ပေသည်။

အရိပ်မဲ့အရှိန်သိုင်းကွက်၏အတွင်းအား ထုတ်နုတ်သုံးစွဲနိုင်မှုကို သိထားသော ယိယန်စွန်းတို့လူစုသည် ယခုတော့ ယန်းဝူကျိုအား ဖိ၍ အပြင်းအထန်တိုက်ခိုက်နေလေပြီ။

ထို့ကြောင့် ...

ယန်းဝူကျိုမှာ စိုးရိမ်ထိတ်လန့်နေရပြီဖြစ်၏။

အရိပ်မဲ့အရှိန်သိုင်းကွက်ကို အသုံးပြုရန်အတွက် အတော်အလေးထား၍ စဉ်းစားရတော့မည်ဖြစ်၏။

ထို့ကြောင့်လည်း အရိပ်မဲ့အရှိန်သိုင်းကွက်ကို အသုံးမပြုနိုင်သေးသည့်အချိန်ရှိသမျှ သိုင်းအင်အားနှင့်သာ လူရမ်းကားကြီးလေးဦးနှင့် ရင်ဘောင်တန်းကာကွယ်တိုက်ခိုက်နေရပေတော့သည်။

'ချွင် ချွင်'

www.burmeseclassic.com

www.burmeseclassic.com



'ချွမ်း ချွမ်း'

'ဝှီး ဝှီး'

သံလက်နက်များ၏ ဝှေ့ယမ်းသံ၊ ထိခိုက်သံများက ဆက်မပြတ် ထွက်ပေါ်နေ၏။

ယှဉ်ပြိုင်တိုက်ခိုက်မှုအခြေအနေက စက္ကန့် ပိုင်းနှင့်အမျှ ပို၍ သွက်လက်လာ၏။

ခါးကုန်းကြီး ယိယန်စွန်း၏ သံချောင်းလက်နက်တိုက်ကွ နှင့် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေ၏သက်တံရောင်ခြည် ကွက်များသည် စောစောကအရှိန်ထက် တစ်ဆတိုး၍ ပြင်း သွက်လက်လာသည်ကို တွေ့ရလေသည်။

ယန်းဂူကျိ၏အရှိန်အဝါသည်လည်း စောစောပိုင်းကကဲ့ ဟိတ်ဟန်များ မရှိတော့သည်ကို တွေ့ရလေသည်။

အကယ်၍သာ ယန်းဂူကျိအတွက် အချိန်နာရီဝက်ခန့် မ ရှားဘဲ ငြိမ်သက်စွာအနားယူ၍ အတွင်းအားများ ပြန်လည်စု အားထုတ်မည်ဆိုလျှင် ယခုကဲ့သို့ ဣန္ဒြေပျက်လောက်အောင် က ကလျားအဖြစ်မျိုးသို့ ရောက်ရှိလာလိမ့်မည် မဟုတ်ချေ။

ဒုတိယအကြိမ် ယှဉ်ပြိုင်မှုက တိုက်ကွက်ပေါင်း သုံးဆ ကျော်လာခဲ့ပြီ ဖြစ်၏။



ယန်းဂူကျိ၏အခြေအနေသည်လည်း ဆိုးသည်ထက် ဆိုး လာခဲ့ပြီဖြစ်လေသည်။

ယန်းဂူကျိ၏လက်ထဲမှ ဒိပ္ပတိဓားကြီးသည် ကျိုရှောင်မေ၏ မိုးမခရွက်ဓားကြီးဖြစ်သည့် သက်တံရောင်ခြည်ဓားကွက်များကို အနည်းငယ် ခုခံကာကွယ်နေရ လေသည်။

'ချွင် ချွင်'

'ချွင် ချွင်'

'ချွမ်း ချွင် ချွမ်း'

ဤအတိုင်းဆိုလျှင် နောက်ထပ်သိုင်းကွက်ပေါင်း နှစ်ဆယ် ကျော်ခန့် ဆက်လက်တိုက်ခိုက်မိရုံမျှနှင့်ပင် မိမိ၏အသက်အန္တရာယ် ထိပါးလာနိုင်သည်ကို ယန်းဂူကျိ ရိပ်စားမိလာ၏။

ထို့ကြောင့် ယန်းဂူကျိသည် စွန့်စွန့်စားစားဖြင့်ပင် သူ၏ အရိပ်မဲ့အရှိန်ဓားသိုင်းကွက်ကို နောက်တစ်ကြိမ် ထပ်မံ၍ အသုံးပြု တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

သို့ဖြင့် ယန်းဂူကျိသည် သာမန်တိုက်ခိုက်နေရာမှ ဒိပ္ပတိ ဓားကြီးကို ကိုင်မြှောက်ဝှေ့ယမ်း၍ ရုတ်တရက် သိုင်းကွက်တစ်မျိုး ပြောင်းလဲကာ တိုက်စစ်ဆင်လိုက်လေသည်။

ယန်းဂူကျိ ထူးခြားစွာ အသုံးပြုလိုက်သော သိုင်းကွက်သုံး

www.burmeseclassic.com

www.burmeseclassic.com



ကွက်အတွင်းမှာပင် လူရမ်းကားကြီးလေးယောက်အား တစ်
အကွာအဝေးအတွင်း ပိတ်မိထားနိုင်ခဲ့လေတော့သည်။

"ယား"

မထင်မှတ်သော လျှပ်တစ်ပြက်အတွင်းမှာပင် ယန်းဝူ
သည် ပြာသံတစ်ချက်ပေးလိုက်ပြီး သူ၏ဒိပ္ပတိစားကြီးကို ဝှေ့ယမ်း
ကစားကာ အတွင်းအားများ စုစည်းလျက် ပြင်းထန်စွာဖြင့် တစ်ချ
တည်း သိုင်းချလိုက်လေသည်။

ခါးကုန်းကြီး ယိယန်စွန်းမှာ ချောက်ချားစွာဖြင့် ထိတ်လ
တုန်လှုပ်သွားမိလေသည်။

ဤမျှပြင်းထန်သောအရိပ်မဲ့အရှိန်သိုင်းကွက်ကို ယန်းဝူ
သည် အသက်စွန့်၍ နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်လာလိမ့်မည်
ဟု ယိယန်စွန်း လုံးဝ ထင်မှတ်မထားမိချေ။

"ဟော့ ဟော့ … အားလုံး သတိထားကြ၊ အရိပ်မဲ့အရှိန်
ကွက်ကြီး ကျရောက်လာပြန်ပြီ၊ မင်းတို့ရဲ့ ရှေ့ပိုင်းကို အစွမ်းကုန်
ကွယ်ထားကြ"

ယိယန်စွန်းသည် ကျန်သုံးယောက်ကို လှမ်း၍ အော်ဟ
သတိပေးရင်း နောက်ဘက်သို့ ဆုတ်ခွာရန် ပြင်လိုက်သည်။

မာရ်နတ်ဆိုးမလေး ကျိရှောင်မေနှင့်တကွ နဂါးကြီးန



ကောင်ဖြစ်သော ထိလုံနှင့်ဟန်ဖုဟိုတို့သည်လည်း ယိယန်စွန်း၏
သတိပေးစကားကြောင့် နောက်သို့ ခုန်ထွက်တိမ်းရှောင်ရန် ကြိုးစား
လိုက်ကြသည်။

သို့သော် မာရ်နတ်ဆိုးမလေး ကျိရှောင်မေမှအပ ကျန်လူ
ရမ်းကားကြီးသုံးယောက်မှာ ကံခေသွားကြရှာလေသည်။

ယန်းဝူကျိ၏ဓားသည် လူရမ်းကားကြီးသုံးဦးစလုံးဆီသို့
ရောက်ရှိသွားလေတော့သည်။

'အား'

'အူး'

'အီး'

သိုင်းသမားကြီးသုံးယောက်ထံမှ နာကျင်စူးရှစွာ ညည်း
ညူလိုက်သည့်အသံများ ကြားလိုက်ရပြီး မြေပေါ်သို့ လဲကျသွားကြ
သည်ကို တွေ့လိုက်ရ၏။

နောက်ဘက်သုံးလံခန့်အကွာသို့ ခုန်ထွက်လွတ်မြောက်
သွားသော ကျိရှောင်မေမှာ သွေးပျက်လောက်အောင်ပင် တုန်လှုပ်
ချောက်ချားသွားမိလေသည်။

ချက်ချင်းပင် တောင်အောက်ဆီသို့ ဆင်ခြေလျှောလမ်းအ
တိုင်း ကိုယ်ဖော့ပြေးထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်းဂူကျိမှာ သိုင်းသမားလူဆိုးကားကြီး သုံးယောက်ကို အနိုင်ယူတိုက်ခိုက်လိုက်နိုင်သည့်အတွက် စိတ်တွင် ကျေနပ်သွားမိ၏။

ယခုမှပင် သူ့မှာ စိတ်သက်သာရာ ရသွားလေသည်။

သို့သော် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေ ထွက်ပြေးလွတ်မြောက်သွားသည့် အတွက်မူ စိတ်တွင် မချင့်မရဲဖြစ်မိ၏။

တစ်ဖက်မှ လှည့်တွေးပြန်တော့လည်း ကျိုရှောင်မေ ထွက်ပြေးသွားသည့်အတွက် ယန်းဂူကျိအဖို့ သက်သာရာရကာ ကံကောင်းသွားခြင်းဖြစ်၏။

အကယ်၍ ကျိုရှောင်မေသာ ထွက်မပြေးဘဲ သူ့အား ထပ်မံဝင်ရောက်တိုက်ခိုက်လိုက်မည်ဆိုလျှင် သက်ဝါးစောင်းတစ်ချက် ခုတ်ချလိုက်ရုံမျှနှင့်ပင် ယန်းဂူကျိ၏အသက်ကို လွယ်လင့်တကူ နုတ်ယူသွားနိုင်သည့် အခြေအနေတွင် ရှိ၏။

သူ၏အတွင်းအားများ ပြန်လည်မစုစည်းမိနိုင်မီမှာပင် ယန်းဂူကျိသည် အရိပ်မဲ့သိုင်းကွက်ကို ဒုတိယအကြိမ် ထပ်မံ အသုံးပြုလိုက်သည် မဟုတ်ပါလား။

ထို့ကြောင့် ယန်းဂူကျိတွင် ရှိသမျှအတွင်းအားများအားလုံး နီးပါး ကုန်ခန်းကာ ခြေကုန်လက်ပန်း ကျသွားလေတော့သည်။



မိမိရှေ့တွင် လူရမ်းကားကြီးငါးဦးက ဒဏ်ရာကိုယ်စီရကာ မြေပေါ်တွင် လဲကျနေသည့်အဖြစ်ကို တွေ့ရ၏။

သူတို့ငါးယောက်ကိုကြည့်ရင်း ယန်းဂူကျိသည် သက်ပြင်း တစ်ချက် ချလိုက်မိသည်။

ထို့နောက် သူ့ကိုယ်သူ မထိန်းနိုင်၊မဟန်နိုင်ဖြစ်ကာ ယိမ်းယိုင်၍ ထိုင်လျက်သားကျသွားလေသည်။

စောစောက ဆူဆူညံညံဖြစ်နေသောအသံများသည် တိတ်ဆိတ်သွားပြီဖြစ်၏။

လရောင်အောက်တွင် အိပ်မောကျနေသော တောတောင်တို့သည် ပကတိငြိမ် သက်လျက် ရှိနေတော့သည်တကား။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းသိုင်းသမား

ဟန့်ယံတောင်ထိပ်တွင် နံနက်ခင်းရောင်နီဦးနှင့်အတူ လေတဟူးဟူး တိုက်ခတ်နေသဖြင့် သစ်ရွက်သစ်ကိုင်းများ လှုပ်ရှားလျက်ရှိသည်မှအပ အရာအားလုံးသည် ပကတိတိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုစဉ်မှာပင် ...

ဟန့်ယံတောင်ထိပ်ဆီသို့ လူရိပ်တစ်ရိပ် ပြေးလွှားလာနေသည်ကို တွေ့ရလေသည်။

ယင်းလူရိပ်မှာ သေးသွယ်သောကိုယ်လုံးရှိပြီး သူ၏လက်ထဲ၌ ဓားကောင်းတစ်လက် ကိုင်ဆောင်ထားသည်ကို တွေ့ရ၏။

ထိုအရိပ်သည်ကား ဆံပင်နီနှင့် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေပင် ဖြစ်ပေသည်။

စောစောကမူ ...

သူမသည် အသည်းထိတ်ဖွယ်မြင်ကွင်း ဖြစ်ရပ်များကြောင့်



နှင့်လှုပ်ချောက်ချားစွာနှင့် သွေးပူပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

သွေးအေးအေးနှင့် ပြန်လည်စဉ်းစားမိသောအခါ ကျိုရှောင်မှာ ဝမ်းသာအားတက်ဖြစ်ကာ လမ်းတစ်ဝက်မှ ပြန်လှည့်လာခဲ့ခြင်း ဖြစ်သည်။

ကျိုရှောင်မေသည် ဉာဏ်ထက်မြက်ရုံမျှမက အတွေ့အကြုံနှင့်အသိအမြင်ပါ ကြွယ်ဝသူဖြစ်၏။

ထွက်ပြေးသွားခဲ့ပြီးမှ ယခုတစ်ဖန် လှည့်ပြန်လာခဲ့ခြင်းသည် ...

သူမတွင် သေချာပေါက် တွက်ဆထားမိသည့်အကြောင်းများ ရှိသောကြောင့်ပင် ဖြစ်သည်။

ဤသည်မှာ အခြားမဟုတ်ပါ ...။ ယန်းဝူကျိုနှင့်ပတ်သက်၍ပင် ဖြစ်သည်။

ယန်းဝူကျိုသည် သူ၏အရိပ်မဲ့အရှိန်သိုင်းကွက်ကို နှစ်ကြိမ်ဆက်၍ အသုံးပြုခဲ့သည် မဟုတ်ပါလား။

အရိပ်မဲ့အရှိန်သိုင်းကွက်အား ဒုတိယအကြိမ် အသုံးပြုလိုက်ပြီးသည့် ယန်းဝူကျိုသည် အတွင်းအားများ ပြန်လည်စုစည်းမိရန်အတွက် အနည်းဆုံး နာရီဝက်ခန့် အချိန်ယူရမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

နာရီဝက်ခန့်အတွင်း ယန်းဝူကျိတွင် နောက်ထပ် တိုက်ပွဲဆင်နွှဲရန် အားအင်ကုန်ခမ်းနေမည့်အဖြစ်ကို ရုတ်တရက် သတိရလိုက်မိ၏။

သွေးပူနေစဥ်ကတော့ ဤအကြောင်းကို ကျိုရှောင်မေ မစဥ်းစားမိခဲ့ချေ။

ယန်းဝူကျိကသာ တစ်ဦးတည်း ကျန်ရှိနေပြီဖြစ်သော သူမကို ဆက်လက်တိုက်ခိုက်လာခဲ့လျှင် ခက်ရချေတော့မည်ဟု တွက်ကာ ပြေးရှောင်ထွက်လာခဲ့ခြင်း ဖြစ်၏။

လမ်းတွင် ခေါင်းအေးအေးထား၍ အရိပ်မဲ့အရှိန်သိုင်းကွက်၏ သဘောတရားကို ပြန်လည်သုံးသပ်မိသောအခါမှ ကျိုရှောင်မေ ဖျတ်ခနဲ သတိရလိုက်ခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် ... ယခုလောက်တွင် ယန်းဝူကျိသည် အားအင်ကုန်ခမ်း၍ ပင်ပန်းနွမ်းနယ်စွာဖြင့် အနားယူရင်း အတွင်းအားများ ပြန်လည်စုစည်းနေမည့်အဖြစ်ကို သူမ ... မြင်ယောင်လိုက်မိသည်။

ယန်းဝူကျိအား အနိုင်ယူတိုက်ခိုက်ရန်အတွက် ယခုအချိန်သည် အသင့်လျော်ဆုံးပင်ဖြစ်၏။



ဤအခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်။ အခွင့်အရေးဆိုသည်မှာ ရခဲဘိခြင်း။

သိုင်းလောကတွင် အထူးထင်ပေါ်ကျော်ကြားခဲ့သော သိုင်းအဓိပတိကြီးလေးဦးအနက် တောင်ထိပ်သိုင်းဝိဇ္ဇာကြီး ယန်းဝူကျိသည် ...

ယခု ...

သူမ၏ လက်ခုပ်ထဲမှရေ ဖြစ်ပေတော့မည်။

ဤတောင်ထိပ်သိုင်းဝိဇ္ဇာကြီး ယန်းဝူကျိကိုသာ အနိုင်ယူတိုက်နိုင်သည့်သတင်းသည် သိုင်းလောကအတွင်း ပျံ့နှံ့သွားမည်ဆိုလျှင် ... ကြားရသူတိုင်း ရင်သပ်ရှုမောအံ့သြခြင်းမက အံ့သြကြပေမည်။

ထိုမျှသာမကသေး ...

သူမ၏ဂုဏ်အရှိန်သတင်းကလည်း နေ့ချင်းညချင်းပင် အထူးတလည် ထိုး၍တက်သွားနိုင်သည်မှာ မလွဲကေန်ပင် ဖြစ်ပေသည်။

သို့သော် တစ်ခုတော့ရှိသည်။

ဟန့်ယံတောင်ထိပ်ပေါ်မှ မီးခိုးရောင်ဝတ်စုံနှင့်လူသည် ယန်းဝူကျိအစစ် မဟုတ်သည်ကတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်ကလေးတစ်ဦးက ယန်းဂူကျိုဟန်ဆောင်ကာ ရုပ်ဖျက်ထားခြင်းပင် ဖြစ်သည်။

ဤသည်ကို ကျိုရှောင်မေကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ...

ဤသည်က သိပ်တော့အကြောင်းမဟုတ်လှပါ။

မိမိနှင့် အတူရောက်ရှိလာခဲ့ပြီး အရိပ်မဲ့အရှိန်သိုင်းကွက်ကြောင့် အရေးနိမ့်သွားခဲ့ကြရသော သိုင်းသမားကြီးငါးဦးပင်လျှင် ဤအကြောင်းကို လုံးဝ သိမသွားခဲ့ကြပါ။

ဤသည်ကို သိသည်မှာ သူမတစ်ဦးတည်းသာ ရှိ၏။

ယန်းဂူကျိုအစစ်သည် ဤတစ်နှစ်တာကာလအတော အတွင်းမှာပင် ကွယ်လွန်သွားခဲ့ပြီလား။

သို့တည်းမဟုတ် နာမကျန်းပဲ ဖြစ်နေသည်လား။ တစ်ခုခုတော့ ဖြစ်ရပေမည်။

ထို့ကြောင့်သာလျှင် နှစ်စဉ်ချိန်းဆိုထားသည့်အတိုင်း မပျက်မကွက် ရောက်လာလေ့ရှိသော ယန်းဂူကျိုအစစ်သည် ယနေ့သည် ရောက်မလာခြင်း ဖြစ်၏။

ထို့ကြောင့်လည်း သူ့ကိုယ်စား သူ့သိုင်းပညာနှင့် အဆင့်မီ



သော ကြားလူတစ်ယောက်က ယန်းဂူကျိုဟန်ဆောင်ကာ ပေါ်ပေါက်ရောက်ရှိလာခြင်း ဖြစ်သည်။

ဤသည်ကို ကျိုရှောင်မေ ကောင်းစွာ နားလည်သဘောပေါက်မိပေသည်။

ယခုရှိနေသောလူသည် ဒုတိယ ယန်းဂူကျိုပင် ဖြစ်၏။

ဤဒုတိယယန်းဂူကျိုကိုပင် အနိုင်ယူတိုက်ခိုက် ရှင်းလင်းပစ်နိုင်ခဲ့မည်ဆိုလျှင် နောက်ထပ် တတိယယန်းဂူကျို ပေါ်ပေါက်လာနိုင်စရာ အကြောင်းမရှိတော့ပေ။

တောင်ထိပ်သို့ရောက်သောအခါ စောစောက မိမိတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့် နေရာမှာပင် ယန်းဂူကျိုအား ငြိမ်သက်စွာ ထိုင်လျက်ရှိနေသည်ကို တွေ့ရ၏။

ကျိုရှောင်မေသည် စိတ်ချလက်ချနှင့်ပင် တစ်လှမ်းချင်း လှမ်း၍ချဉ်းကပ်သွားသည်။

သူမ တွေးထင်ထားသည့်အတိုင်းပင် ...

ယန်းဂူကျိုမှာ အတွင်းအားများကုန်ခန်းနေပြီဖြစ်၍ ငြိမ်သက်စွာဖြင့် အနားယူရင်း အားများ ပြန်လည်စုစည်းလျက် ရှိနေသည်ကို တွေ့ရသည်။

ကျိုရှောင်မေသည် ယန်းဂူကျို၏ရှေ့တွင် အားမားရပ်ရင်း

www.burmeseclassic.com



ကျေနပ်စွာ ပြုံးလိုက်လေသည်။

ထိုအချိန်တွင် အမှောင်ရိပ်သစ်ပင်တစ်ပင်၏ နောက်ကွယ်မှနေ၍ လူရိပ်တစ်ရိပ်သည် သူမအား စူးစူးစိုက်စိုက်ကြည့်လျက်ရှိနေသည်။

ထိုလူရိပ်မှာ သန်းခေါင်ယံမတိုင်မီကပင် သူမ၏နောက်မှ မျက်ခြည်မပြတ် တကောက်ကောက်လိုက်ပါနေသော လူရိပ်ပင် ဖြစ်ပေသည်။

ဤနေရာသို့ မည်သူမျှရောက်မလာမီပင် ကျိုးရှောင်မေသည် ဟန့်ယံတောင်ထိပ်ရှိ ကျောက်ဆောင်တစ်ခုနောက်ကွယ်သို့ ပထမဦးဆုံး ဆောလျင်စွာ ရောက်ရှိပုန်းအောင်းနေပြီး အထုပ်ပိုက်၍ရောက်လာသော လူရွယ်ကလေးတစ်ယောက် ကျောက်ပြားပေါ်တွင် ယန်းဂူကျိုအသွင် ရုပ်ဖျက်ဟန်ဆောင်နေသည်ကို အစအဆုံး ချောင်းမြောင်းတွေ့ရှိခဲ့ပေသည်။

ထိုအချိန်ကတည်းကပင် ...

သူမ၏နောက်မှ နောက်ယောင်ခံ ကာ လိုက်ပါလာသော အရိပ်တစ်ခုကလည်း ကျိုးရှောင်မေအား အခြားတစ်နေရာမှ ပုန်းအောင်းကြည့်ရှု အကဲခတ်နေခဲ့ပေသည်။

မာရ်နတ်ဆိုးမလေး ကျိုးရှောင်မေသည် ရှေ့သို့သာ အာရုံ



စိုက်နေသည့်အတွက် သူမ၏နောက်ပိုင်းကို လျစ်လျူပြုမိသလို ဖြစ်သွားခဲ့ရ၏။

ထို့ကြောင့်လည်း ...

သူမ၏နောက်တွင် အရိပ်တစ်ရိပ် ကပ်လျက်လိုက်ပါနေသည်ကို ဂရုမပြုခဲ့ခြင်း ဖြစ်ပေသည်။

သူမနည်းတူပင် မျက်လုံးကိုစုံမှိတ်၍ အတွင်းအားများ ပြန်လည်စုစည်းလေ့ကျင့်နေသော ယန်းဂူကျိုသည်လည်း ထွက်ပြေးလွတ်မြောက်သွားခဲ့သော ကျိုးရှောင်မေအား မိမိရှေ့မှောက်သို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု လုံးဝထင်မှတ်မထားမိချေ။

ကျိုးရှောင်မေသည် ယန်းဂူကျိုရှေ့တွင်ရပ်လျက် အတွင်းအားများ ပြန်လည်စုစည်းလေ့ကျင့်နေသော ယန်းဂူကျိုကို ကြည့်ရင်း သဘောကျကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် သူမ၏ သက်တံရောင်ခြည်ဓားကြီးကို ယန်းဂူကျို၏ ရင်ညွန့်တည့်တည့်သို့ ချိန်ရွယ်လိုက်၏။

ယခုအခါ ကျိုးရှောင်မေသည် ယန်းဂူကျိုအား ရှင်းလင်းရန် အသင့်ဖြစ်နေလေပြီ။

သို့သော် ကျိုးရှောင်မေ၏စိတ်တွင် စိတ်ကူးတစ်မျိုး ပေါ်လာ၏။

www.burmeseclassic.com



ယန်းဂူကျိအား မသတ်မီ ... သူ့အား ဦးစွာ အကြောပိတ်ထားလိုက်ပြီး သူ၏ဓာတ်ရုပ်ကို ဖော်ထုတ်ရန် ကြံစည်မိခြင်း ဖြစ်သည်။

ယန်းဂူကျိဟန်ဆောင်ထားသော ဤလူရွယ်ကလေး၏ အကြောင်းကို ကျိုရှောင်မေ သိချင်၏။

ထိုစဉ်မှာပင် ...

ကျိုရှောင်မေသည် သူမ၏နောက်ကျောဆီမှ ရုတ်တရက် လေတိုးသံတစ်ချက် ကြားလိုက်ရလေသည်။

ဤသည်မှာ အခြားတော့မဟုတ်ပါ။

ကျိုရှောင်မေ၏နောက်မှ အရိပ်သဖွယ် လိုက်ပါချောင်းမြောင်းနေသူသည် ပုန်းကွယ်နေရာမှောင်ရိပ်မှ လျင်မြန်သောအဟုန်ဖြင့် ကိုယ်ဖော်ထွက်လာပြီး လက်ညှိုးထိုးဖောက်သိုင်းကွက်ဖြင့် ကျိုရှောင်မေ၏နောက်ကျောဆီသို့ ထိုးလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤသည်ကို အသိမြန်သော ကျိုရှောင်မေက သူမ၏ကိုယ်ကို လျင်မြန်စွာလှည့်၍ တိမ်းရှောင်လိုက်သည်။

သို့သော်လည်း ...

ကျိုရှောင်မေ၏ မားကိုင်ထားသော လက်ကောက်ဝတ်ဆီသို့ လက်ညှိုးသိုင်းချက်တစ်ချက် ထိမိသွားလေသည်။



ကျိုရှောင်မေ၏လက်တစ်ခုလုံးသည် ကျင်စက်နှင့် အတို့ခံလိုက်ရသည့်အလား ခံစားလိုက်ရ၏။

လက်တွင်ကိုင်ဆောင်ထားသော သက်တံရောင်ခြည်မားကြီးသည်ပင် လက်မှလွတ်ထွက်ကာ မြေပေါ်သို့ လွင့်ကျသွားလေသည်။

'ချွမ်း'

အပြာနုရောင်ဝတ်စုံနှင့်လူရွယ်သည် သူမအနီးသို့ တဖြည်းဖြည်း တိုးကပ်လာ၏။

သူ့ပုံစံက ကျိုရှောင်မေအား ဆက်လက်ရန်ပြုတိုက်ခိုက်မည့်ဟန် မရှိချေ။

သူ့မျက်နှာတွင် အပြုံးရိပ်တစ်ခုကို တွေ့နေရသည်။

ဤလူရွယ်၏အသက်မှာ နှစ်ဆယ်ကျော်ရုံမျှသာ ရှိပေဦးမည်။

စောစောက သူအသုံးပြုတိုက်ခိုက်လိုက်သော လက်ညှိုးဖောက်သိုင်းကွက်၏ လျင်မြန်ဖျတ်လတ်ပုံကို ကြည့်ရှုအကဲခတ်ခြင်းနှင့် ... ဤလူရွယ်ကလေး၏သိုင်းပညာအဆင့်မှာ အသက်အရွယ်နှင့်မလိုက်အောင် အလွန်ပင် အဆင့်မြင့်နေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်ကလေးကို ပြန်ကြည့်ရင်း ကျိုရှောင်မေ ကြောင်အမ်း အမ်း ဖြစ်သွားသည်။

သူမအနေနှင့် ထွက်ပြေးရလျှင်ကောင်းမည်လား၊

သို့တည်းမဟုတ် ...

မြေပေါ်တွင် ကျနေသည့် သက်တံရောင်ခြည်ဓားကြီးကို ကောက်ယူ၍ ခုခံတိုက်ခိုက်ရလျှင် ကောင်းမည်လား ...

ယခုထိ ဆုံးဖြတ်ချက်မချနိုင်သေးဘဲ ကျိုရှောင်မေ တွေဝေ ဝေးငိုင်နေမိသည်။

"ဘယ်လိုလဲ မေသခင်မလေးရဲ့ ... မင်းရဲ့အကြောင်းကို ကျုပ် မနိပ်နှဲ့လိုက်ပါဘူး၊ မင်းမှာ အခုအထိ တိုက်ခိုက်နိုင်စွမ်း ရှိပါသေး တယ် ... ဟုတ်တယ် မဟုတ်လား၊ သိပ်ပြီးတော့လည်း လန့်မနေပါနဲ့ ပေါ့လေ"

လူရွယ်ကလေးက ကျိုရှောင်မေ၏အမူအရာကိုကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ဤလူရွယ်သည် မည်သူဖြစ်သနည်း။

ယန်း ဂူကျိ၏အပေါင်းအဖော်ပင်လော။

သူသည် မည်သည့်အချိန်က ဤဟန့်ယံတောင်ထိပ်ပေါ် သို့ ရောက်ရှိလာခဲ့ပါသနည်း။



အကယ်၍ ယန်းဂူကျိ၏အပေါင်းအဖော်ဖြစ်သည်ဆိုလျှင် ...သည် ယန်းဂူကျိနှင့် အတူပါရှိလာခြင်း ဖြစ်ရမည်။

သို့သော် ...

ယန်းဂူကျိ ရောက်မလာမီကပင် ကျိုရှောင်မေ ဤဟန့်ယံ ...င်ထိပ်ပေါ်သို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။

ယန်းဂူကျိရောက်လာစဉ်အခါက တစ်ယောက်တည်း ဖြစ်...

ယန်းဂူကျိနှင့်အတူ မည်သူတစ်ဦးတစ်ယောက်မျှ ပါလာ ...ရှိသည်မှာ သေချာနေသည်။

သို့ဆိုလျှင် ဤလူရွယ်သည် မိမိတို့ အရင်ရောက်နေခြင်း ...သည်။

သို့မဟုတ် ...

မိမိတို့နောက်မှ ရောက်လာခြင်းလည်း ဖြစ်မည်။ ယခုမှပင် ...လာခြင်းလည်း ဖြစ်ချင်ဖြစ်မည်၊

အကယ်၍ စောစောက ရောက်နေသည်ဆိုလျှင် ယန်းဂူကျိ ...တို့ ယှဉ်ပြိုင်တိုက်ခိုက်နေကြစဉ်အခါက ဤလူရွယ်သည် ...ကျိဘက်မှ ဝင်ရောက်ကူညီတိုက်ခိုက်သင့်သည်။

ယန်းဂူကျိမှာ အကျဉ်းအကျပ်ကြားမှ မိမိတို့အား အလူး

www.burmeseclassic.com

www.burmeseclassic.com



အလဲ ခုခံတိုက်ခိုက်နေရစဉ်က ဤလူရွယ် ရောက်ရှိမလာခဲ့ချေ

ယခုမှ ...

သူက မိုးကျရွှေကိုယ်ပမာ ရုတ်တရက် ပေါ်ထွက်လာ သည်။

ဤလူရွယ်နှင့် ပတ်သက်၍ ကျိုးရှောင်မေ အစဉ်းစားရကျ သွားသည်။

စဉ်းစားရင်းတွေးရင်းမှာပင် ဦးနှောက်ခြောက်လာသည်

မိမိ၏မူလအစီအစဉ်ပင် ပျက်ရတော့မတတ် ဖြစ်နေသည်

စောစောက တက်ကြွနေသော သူမ၏စိတ်ဓာတ်နှင့် ပီ အလျှင်များက ဒီရေကျသို့ ပြန်လည်လျော့ကျသွားတော့သည်။

"ရှင် ဘယ်သူလဲ ... ယန်းဝူကျိုရဲ့အပေါင်းအဖော်ပဲလား"

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မေးနေစရာမလိုပါဘူး ရဲ့လုပ်ရပ်ကိုသာ မင်းပြန်ပြီး စဉ်းစားကြည့်ဖို့လိုတယ်"

လူရွယ်၏စကားကြောင့် ကျိုးရှောင်မေမှာ အောင့်သ သက်နှင့် အခံရခက်သွားသည်။

"ရှင် ဘာကိုဆိုလိုတာလဲ"

"ဆရာကြီးယန်းဝူကျိုဟာ အရိပ်မဲ့အရှိန်သိုင်းကွက်နှစ် အသုံးပြုတိုက်ခိုက်လိုက်ရတဲ့အတွက် အတွင်းအားတွေ ယုတ်



ီးအနားယူရင်း သိုင်းအား ပြန်လည်စုစည်းလေ့ကျင့်နေချိန်မှာ မင်း အခွင့်ကောင်းယူပြီး လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတာကို ပြော တာပေါ့။ ကျုပ်သဘောဆန္ဒအရဆိုရင်တော့ တကယ်လို့ မင်းသာ တ္တိရှိမယ်ဆိုရင် ဆရာကြီးရဲ့သိုင်းလေ့ကျင့်မှုပြီးတဲ့အခါကျမှ စ်ယောက်ချင်း ထင်ထင်ပေါ်ပေါ် ယှဉ်ပြိုင်သင့်တယ်"

အပြာနုရောင်ဝတ်စုံနှင့် လူရွယ်က သူ့ကိုယ်သူ ဆရာကြီး စ်ဆူလို သဘောထားလေသည်လားမသိ။

ကျိုးရှောင်မေကို ရှည်လျားစွာ ဆုံးမစကားများပြောလိုက် သည်။

ဤသည်ကို ကျိုးရှောင်မေ မခံချင်ဖြစ်သွားသည်။

သူမကို သိနေသည့်အတွက်လည်း အံ့အားသင့်သွားမိ သည်။

သူမသည် မျက်မှောင်ကုတ်၍ ပြန်ပြောလိုက်၏။

"ကိုယ့်နာမည်တောင် ကိုယ်ဖော်မပြောဝံ့တဲ့ လူကများ သူ တို့ ဆုံးမရတယ်လို့ ... ဟင်း ဟင်း ... ရယ်စရာတောင် ကောင်း တော့တယ်"

ကျိုးရှောင်မေသည် သူ၏လက်ထဲမှ ဓားကြီးကို ကိုင်မြှောက် ယမ်းရင်း ဆက်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင်က ကျွန်မနဲ့ယှဉ်ပြိုင်ချင်လို့လား၊ ဒီမှာ ကြ
စမ်း ... ကျွန်မလက်ထဲက ဓားကြီးအကြောင်း ရှင်မသိသေးဘူး
ဘူတယ်"

သူမ၏စကားကို လူရွယ်လေးက ပြက်ရယ်ပြုလိုက်ေ
သည်။

"ဟား ဟား ဟား ... ဘာမဟုတ်တဲ့ မင်းရဲ့ မိုးမခရွ
သက်တံရောင်ခြည်ဓားကြီးနဲ့ လာပြီးကြွားမနေပါနဲ့၊ မင်းဓားလော
တော့ ကျုပ်က ဝါးတစ်လုံး၊ တုတ်တစ်ချောင်းလောက်နဲ့ပဲ အနိ
တိုက်ခိုက်နိုင်တယ်ဆိုတာ သိထားစမ်းပါ"

သူ့စကားများက ကျိုရှောင်မေကို ပို၍ ခံပြင်းသွားစေသည်။

"ရှင်ဟာ လေလုံးထွားသလောက် အကြွားသိပ်သန်တဲ့
တစ်ယောက်ပဲ"

"ကျုပ်တစ်သက်မှာ ဘယ်တုန်းကမှ လိမ်ညာမပြောခဲ့
ဘူး၊ ကျုပ်စကားကို အပိုကြွားတယ်လို့ထင်ရင် မင်းနဲ့ လက်တွေ့စ
ကြည့်ပါလား"

ကျိုရှောင်မေ အနည်းငယ် စဉ်းစားနေမိသည်။

ယန်းဂူကျိုကဲ့သို့သောပုဂ္ဂိုလ်မျိုးသည်ပင်လျှင် သူမ၏ သ
တံရောင်ခြည်ဓားကို အရိပ်မဲ့အရှိန်သိုင်းကွက်ကိုအသုံးပြု၍ သ



ခွန့်ကြိုးပမ်း ကာကွယ်ခဲ့ရပေသည်။

ယခု ...

ဤလူရွယ်က ဝါးတစ်လုံး၊ တုတ်တစ်ချောင်းဖြင့် သူမ၏
မိုးမခရွက်ဓားကြီးကို အနိုင်တိုက်မည်ဆိုသည်မှာ အဓိပ္ပာယ်မဲ့သော
စကားသက်သက်သာဖြစ်သည်ဟု ကျိုရှောင်မေ မှတ်ချက်ချမိလေ
သည်။

"ကောင်းပြီ ... ကျွန်မ ရှင်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်မယ်၊ ဝါးပဲ
ဖြစ်ဖြစ်၊ တုတ်ပဲဖြစ်ဖြစ် ရှာလာခဲ့ပေတော့"

ကျိုရှောင်မေသည် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် သူမ၏
ဓားကြီးကို ကိုင်မြှောက်ရင်း ပြောလိုက်သည်။

အပြာနုရောင်ဝတ်စုံနှင့်လူရွယ်က တစ်ချက်ပြုံးလိုက်
သည်။

"ဒါပေမဲ့ မယှဉ်ပြိုင်ခင် မင်းနဲ့ကျုပ် သဘောတူညီချက် တစ်
ခုတော့ လုပ်ထားဖို့ လိုလိမ့်မယ်"

"ဘယ်လို သဘောတူညီချက်မျိုးလဲ"

ကျိုရှောင်မေက မျက်မှောင်ကုတ်၍ ပြန်မေးလိုက်သည်။

"တကယ်လို့ မင်းရှုံးခဲ့ရင် ကျုပ်ခိုင်းတဲ့အလုပ်တစ်ခုကို ဝ
ခံယူပြီး လုပ်ပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မေ အံ့အားသင့်သွားလေသည်။

"ဘာအလုပ်လဲ"

"ဘာရယ်လို့ အခုနေ ပြောမပြနိုင်သေးဘူး၊ မင်းလက်ခံသဘောတူ,မတူဆိုတာသာ ပြောပါ"

ဤလူရွယ်ကို မည်သို့ နားလည်ရမှန်း ကျိုရှောင်မေ မသိတော့ပါ။

သူမ၏ဓားကို တုတ်တစ်ချောင်း၊ ဝါးတစ်လုံးနှင့် ယှဉ်ပြိုင်မည်ဟုလည်း ဆိုသေးသည်။

ယခု ...

သူကပင် အပိုင်တွက်ကာ သူမကို ချည်ပြီးတုပ်ပြီး စကားများ ဆိုနေချေသေးသည်။

မည်သို့ဖြစ်စေ ... ဤလူရွယ်သည် မိမိကိုအနိုင်ရရှိလိမ့်မည် မဟုတ်ဟု ကျိုရှောင်မေက ကျိန်းသေပေါက် တွက်လိုက်လေသည်။

ထို့ကြောင့် ...

ဤလူရွယ်တောင်းဆိုသည်ကို အလေးထားပြီး စဉ်းစားမနေတော့ဘဲ ခပ်သွက်သွက်ပင် ကတိပေးလိုက်သည်။

"ကောင်းပြီလေ ... ရှင်ပြောတဲ့အတိုင်းပဲပေါ့"



ထိုအခါ အပြာနုရောင်ဝတ်စုံနှင့်လူရွယ်၏တစ်ကိုယ်လုံး လေထဲသို့ မြောက်တက်သွားလေသည်။

သူက ကိုယ်ဖော့၍ အနီးရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ ခုန်လိုက်ခြင်းပင် ဖြစ်သည်။

ချက်ချင်းပင် ... ဖြောင်းခနဲမြည်သံနှင့်အတူ လူရွယ်သည် ကြောင်တစ်ကောင်အလား ပေါ့ပါးစွာ မြေပေါ်သို့ ပြန်လည်ရောက်ရှိလာ၏။

သူ၏လက်ထဲတွင် လက်မောင်းလုံးခန့်ရှိပြီး သုံးပေခန့်ရှည်သည့် သစ်ကိုင်းကြီးတစ်ချောင်း ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

ထိုအဖြစ်ကြောင့် ကျိုရှောင်မေမှာ အံ့အားသင့်ကာ ကြောင်အမ်းအမ်းဖြစ်သွားမိ၏။

ဤမျှအလုံးကြီးသော သစ်ကိုင်းစိုကြီးကို လက်ဖြင့် အလွယ်တကူ ချိုးယူလိုက်နိုင်သော ဤလူရွယ်၏သိုင်းအင်အားသည် မသေးသည့်ကြောင်း ကျိုရှောင်မေ သဘောပေါက်သွား၏။

သူမ သိုင်းလောကသို့ ရောက်ရှိလာခဲ့သည့်ကာလအတွင်း ဤမျှသိုင်းအင်အားကြီးပုံမျိုးကို ယခု ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျုပ် အသင့်ဖြစ်ပြီ ... မင်း စပြီးတိုက်နိုင်ပါပြီ"

လူရွယ်က သစ်ကိုင်းကြီးကိုကိုင်၍ သူမအား စတင်တိုက်ခိုက်ရန် ပြောလိုက်သည်။

သူမသည် သက်ပြင်းခိုးတစ်ချက် ရှိုက်လိုက်၏။

ထို့နောက် လက်ထဲမှဓားကြီးကို လေထွင်ငွေ့ယမ်းရင်း လူရွယ်အား လှမ်းမေးလိုက်သည်။

"ဒီသစ်ကိုင်းကြီးကို ချိုးပစ်လိုက်တဲ့ ရှင့်ရဲ့သိုင်းပညာက ဘယ်အမျိုးအစားထဲကလဲ"

လူရွယ်က ပခုံးနှစ်ဖက်ကို တွန့်၍ ပြုံးလိုက်သည်။

"သံချိုးလက်သီးသိုင်းလို့ခေါ်တယ် ... မင်းကြားဖူးရဲ့လား"

"ဟင့်အင်း ... ကျွန်မ မကြားဖူးပါဘူး၊ ရှင်ပြောတာကို ယုံလည်းမယုံဘူး"

ကိုရှောင်မေက ခပ်သွက်သွက် ပြန်ပြောလိုက်သည်။

သူမ၏နှုတ်မှ မယုံဘူးဆိုသော်လည်း သူမ၏လေသံကမူ အတန်ငယ် ပြောင်းလဲသွားလေသည်။

ဤသည်ကို အကင်းပါးသောလူရွယ်က သတိထားမိလိုက်ပေသည်။

"အေး ... မင်းယုံတာ၊ မယုံတာထက် မင်းမျက်စိရှေ့မှာပဲ



ဒီသစ်ကိုင်းကြီးကို ကျုပ် ချိုးပြလိုက်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး စိတ်မချဘူးဆိုရင်တော့ ခုကတည်းက မယှဉ်ပြိုင်ဘဲ နေလို့ရပါတယ်၊ ကျုပ်က မင်းကို ဖွတ်အတင်း မယှဉ်ပြိုင်ခိုင်းပါဘူး"

ကိုရှောင်မေက ခပ်သင်းသင်း ရယ်သံပြုလိုက်သည်။

"ဟင်း ဟင်း ဟင်း ... မယှဉ်ပြိုင်ဘူးလို့ ရှင့်ကို ဘယ်သူက ပြောသေးလို့လဲ၊ ကျွန်မရဲ့ဓားချက်ကိုသာ လွတ်အောင် ရှောင်ပေတော့"

သူမသည် ပြောပြောဆိုဆိုနှင့်ပင် ဓားကိုဝင့်၍ လူရွယ်အား ထိုးနှက်တိုက်ခိုက်လိုက်သည်။

လူရွယ်က ကိုယ်ကိုတိမ်း၍ လွတ်သည်ဆိုရုံမျှ ရှောင်ပေးလိုက်သည်။

သို့သော် သူက ပြန်လည်ခုခံခြင်း၊ တိုက်ခိုက်ခြင်း မပြုလုပ်ပေ။

ကိုရှောင်မေ၏ဓားချက်သည် လွဲချော်သွားလေသည်။

"နေပါဦး ... ရှင်က ဘာဖြစ်လို့ မခုခံတာလဲ"

ကိုရှောင်မေက မျက်မှောင်ကုတ်၍ကြည့်ရင်း မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ယောကျ်ားပဲ ... အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို အခွေမတိုက်ခိုက်ချင်ပါဘူး။ မြို့ကြီးသားပီပီ ယဉ်ကျေးမှု ရှိကြောင်း ပြရမှာပေါ့ ... မဟုတ်ဘူးလား"

လူရွယ်၏စကားများကို ကျိုရှောင်မေ တဖြည်းဖြည်း နားခါး လာမိသည်။

သူမသည် ဒေါသလည်း ထွက်၍လာ၏။

"အို ... အပိုတွေ ပြောမနေပါနဲ့၊ လက်တွေ့ကျတော့ ရှင့် သစ်ကိုင်းကြီးက ကျွန်မဓားကို မယှဉ်ရဲဘူး မဟုတ်လား"

ကျိုရှောင်မေသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူမ၏မိုးမခရွက်ဓားကြီးကို ဝှေ့ယမ်း၍ ဒုတိယအကြိမ် ဝင်ရောက်တိုက် ခိုက်လိုက်ပြန်လေသည်။

အပြာနုရောင်ဝတ်စုံနှင့်လူရွယ်သည် သူမ၏တိုက်ကွက် များကို ပေါ့ပါးသွက်လက်စွာပင် ရှောင်တိမ်းလိုက်၏။

ထို့နောက် လူရွယ်သည် သူ၏အတွင်းအားများကို လက် တွင် ကိုင်ဆောင်ထားသော သစ်ကိုင်းချောင်းဆီသို့ စုစည်းလိုက်ပြီး ကျိုရှောင်မေ၏မိုးမခရွက် သက်တံရောင်ခြည်ဓားအား ပြန်လည်ခုခံ ရင်း ရိုက်ချလိုက်လေသည်။

ကျိုရှောင်မေ၏စိတ်တွင် ဤလူရွယ် ဒုက္ခရောက်တော့မည့်



အရေးကို တွေး၍မြင်ယောင်လိုက်မိ၏။

မိမိ၏သက်တံရောင်ခြည်ဓားကြီးအား ရိုက်ချလိုက်သော သူ၏သစ်ကိုင်းကြီးသည် ထက်ပိုင်းပြတ်သွားပြီး ကျိုးသွားလိမ့်မည် ဟု ယုံကြည်လျက်ရှိသည်။

'ချွင်'

လူရွယ်၏သစ်ကိုင်းကြီးနှင့် ကျိုရှောင်မေ၏မိုးမခရွက်ဓား ကြီးတို့ ထိတွေ့ရိုက်ခတ်မိသွားသည်။

ကျိုရှောင်မေ အလွန်အမင်းပင် အံ့အားသင့်မိလေသည်။

သူမ၏ဓားကိုင်ထားသောလက်သည် လက်ညှိုးနှင့်လက်မ ခွကြားမှစ၍ လက်မောင်းရင်းသို့တိုင် မခံမရပ်နိုင်လောက်အောင် ဝင် နာကျင်သွားမိ၏။

ဓားကိုပင် ဆက်လက် ဆုပ်ကိုင်နိုင်စွမ်းမရှိတော့ဘဲ လက်မှ ဓားသည် မြေကြီးပေါ်သို့ လွင့်စဉ်ကျသွားတော့၏။

ဤလူရွယ်၏အတွင်းအားများသည် ... မယုံကြည်နိုင် လောက်အောင်ပင် ကြီးမားပြင်းထန်လွန်းသည်ကို လက်တွေ့ကြုံ လိုက်ရ၏။

တစ်ဆက်တည်းမှာပင် ...

လူရွယ်၏လက်မှ သစ်ကိုင်းကြီးက သူမ၏လည်ပင်းပေါ်

www.burmeseclassic.com



တွင် တွေ့ထောက်မိပြီးသား ဖြစ်သွားလေတော့သည်။

ကျိုရှောင်မေအဖို့ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားရတော့၏။

ဤလူရွယ်သည် မည်သူနည်း။

သူ၏သိုင်းပညာသည် အဆင့်မြင့်လှ၏။

သူ၏အတွင်းအားကလည်း အစွမ်းထက်လှပေသည်။

အပြာရောင်ဝတ်စုံနှင့်လူရွယ်သည် သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဘယ်လိုလဲ လက်တွေ့ကျတော့ ကျုပ်သစ်ကိုင်းကြီးက ကျိုးပဲ့ပြတ်ထွက်မသွားဘဲ မင်းရဲ့ သက်တံရောင်ခြည်ဓားကြီးကသာ လွင့်ထွက်သွားပါလား"

ကျိုရှောင်မေမှာ ဘာမျှ မပြောသာဘဲ ဆွံ့အသလို ဖြစ်သွားသည်။

တစ်ကိုယ်လုံး ထုံထိုင်း၍ မှင်တက်နေမိသည်။

လည်ပင်းတွင် သစ်ကိုင်းကြီးဖြင့် ထောက်ခံနေရ၍လည်း နည်းနည်းလေးမျှ မလှုပ်ရှားဝံ့ဘဲ ကျောက်ဆစ်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေမိသည်။

လူရွယ်သည် သူ့လက်မှသစ်ကိုင်းကြီးကို တစ်ချက်မျှ



နည်းငယ် တွန့်လှုပ်လိုက်ပြီး ...

"ဘယ်လိုလဲ ... ကျုပ်စကားအတိုင်း မင်း လက်တွေ့တွေ့လိုက်ရပြီမို့ ကျုပ်ပြောတာကို ယုံပြီထင်ပါရဲ့၊ ဒါနဲ့မှ မကျေနပ်လို့ ယုံသေးဘူးဆိုရင်လည်း ... နောက်ထပ် စမ်းကြည့်နိုင်ပါသေးတယ်"

အပြာနုရောင်ဝတ်စုံနှင့်လူရွယ်က ကျိုရှောင်မေအား နောက်တစ်ကြိမ် ထပ်မံယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော် ကျိုရှောင်မေ မစွန့်စားရဲတော့ပေ။

ဤလူရွယ်၏ သိုင်းပညာနှင့်အတွင်းအားအစွမ်းကို သူမ မျက်ဝါးထင်ထင် တွေ့ကြုံသိရှိလိုက်ရချေပြီ မဟုတ်ပါလား။

ဤလူရွယ်ကို သူမအနေနှင့် ယှဉ်ပြိုင်အနိုင်ရရှိလိမ့်မည် မဟုတ်ကြောင်း ကောင်းကောင်းသဘောပေါက်နားလည်သွားလေပြီ။

နောက်တစ်ကြိမ် ဆက်လက်၍ ယှဉ် ပြိုင်တိုက်ခိုက်ပါက သူမ၏ကံကြမ္မာသည် ယခုထက်ပို၍ ဆိုးရွားသွားနိုင်ပေသည်။

ယခု သူမ ရှုံးနိမ့်ပြီဖြစ်၍ ကတိစကားအတိုင်း ဤလူရွယ် ခိုင်းသည်ကို လုပ်ဆောင်ပေးရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မည်သည့်အလုပ်များ စေခိုင်းဦးမည်မသိ။

ကျိုရှောင်မေ ဉာဏ်နီဉာဏ်နက်များထုတ်၍စဉ်းစားရင်း အကြံယူနေမိသည်။

သူမအနေနှင့် ပရိယာယ်သုံးမှ ဖြစ်ပေတော့မည်။

ဤလူရွယ်၏လက်မှ လွတ်မြောက်သွားနိုင်ဖို့က အရေးကြီးသည်။

သို့မဟုတ်လျှင် သူခိုင်းသည်ကို လုပ်ဆောင်ပေးနေရဦးမည်။

ထိုမျှသာမကသေး သူမ၏ဂုဏ်သိက္ခာသည်လည်း ကျဆင်းရပေမည်။

ထို့ကြောင့် လူရွယ်၏လက်မှ လွတ်မြောက်၍ ဤဟန့်ယံတောင်ထိပ်ပေါ်မှ အမြန်ဆုံး ထွက်ခွာသွားနိုင်ရန်အတွက် ကျိုရှောင်မေက ပရိယာယ်ဆင်၍ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

"ဟုတ်တယ် ... ကျွန်မ နောက်ထပ် ရှင့်လက်ထဲက သစ်ကိုင်းကို စမ်းကြည့်ချင်သေးတယ်"

ကျိုရှောင်မေသည် ကိုယ်ကို တစ်ချက်တွန့်၍ မြေကြီးပေါ်တွင်ကျနေသော သူမ၏ မိုးမခရွက်ဓားကြီးကိုကောက်ယူရန် ဟန်ပြင်လိုက်သည်။



"နေပါဦး"

အပြာနုရောင်လူရွယ်က နှုတ်မှ တားဆီးလိုက်သလို သူ့လက်မှသစ်ကိုင်းကြီးကလည်း ကျိုရှောင်မေ၏လည်ပင်းသားအတွင်းသို့ စပါးလုံးတစ်ထောက်ခန့် မြုပ်ဝင်သွားသည်။

ကျိုရှောင်မေအဖို့ မည်သို့မျှ ဆက်လက်၍ လှုပ်ရှားမရအောင် ဖြစ်သွားသည်။

"ဟား ဟား ဟား ... ဉာဏ်မများချင်စမ်းပါနဲ့လေ၊ ကျုပ်နဲ့ နောက်တစ်ကြိမ်ယှဉ်ပြိုင်ဖို့ ဟန်ဆောင်ရင်း ဓားကောက်ပြီး ထွက်ပြေးမယ်လို့တော့ စိတ်မကူးလိုက်နဲ့ ... မှားသွားလိမ့်မယ်၊ မင်း ဘာအကြံစည်နေတယ်ဆိုတာ ကျုပ်အကုန်သိတယ်"

ကျိုရှောင်မေမှာ ရုတ်တရက် မျက်နှာကွက်ခနဲ ပျက်သွားသေးသည်။

မိမိ၏စိတ်ကူးအကြံကိုပင် ဤလူရွယ်က ထိုးဖောက်သိမြင်ပြီး ဖော်ထုတ်နိုင်စွမ်း ရှိနေပါလား။

အာဂလူရွယ်ပင်တည်း။

သို့သော် ကျိုရှောင်မေက အတင်းငြင်းဆိုလိုက်သည်။

"ကျွန်မကို ဒီလိုလူစားမျိုးများ ထင်နေလို့လား"

"ဒါတော့ ဘယ်ပြောနိုင်ပါ့မလဲ၊ ကျုပ်အနေနဲ့ ပေါ့ပေါ့တန်

www.burmeseclassic.com

www.burmeseclassic.com



တန်သဘောထားပြီး လျှော့တွက်လို့ မဖြစ်ဘူးလေ၊ သတိဆိုတာ ဗိုတယ်လို့မရှိဘူး မဟုတ်လား"

လူရွယ်သည် သူ၏စကားအဆုံးတွင် ကျိုရှောင်မေ၏ မိုးမခ ရွက်ဓားကြီးဆီသို့ လှမ်းခုန်ရောက်ရှိသွားပြီး ဓားကို ကောက်ယူလိုက်လေသည်။

မာရ်နတ်ဆိုးမကလေးသည် သူ၏ မိုးမခရွက် သက်တံရောင်ခြည်ဓားကြီးကို လက်ဝယ်ပြန်မရမချင်း ဤနေရာမှ ထွက်ပြေးသွားလိမ့်မည်မဟုတ်။

သူမ၏ဓားကြီးကို မည်သည့်နည်းနှင့်မျှ ထားရစ်ခဲ့မည် မဟုတ်ဟု လူရွယ်က ကျိန်းသေအပိုင်တွက်ထားပြီး ဖြစ်သည်။

ထို့ကြောင့်လည်း သူက ကျိုရှောင်မေအပါးမှခွာ၍ ဓားကို သွားရောက်ကောက်ယူခြင်း ဖြစ်ပေသည်။

သူယူဆထားသည့်အတိုင်းလည်း မှန်ပေသည်။

ကျိုရှောင်မေသည် အစွမ်းထက်သော သူမ၏မိုးမခရွက် သက်တံရောင်ခြည်ဓားကြီးကို လက်လွတ်ဆုံးရှုံးခံထားရစ်ခဲ့ကာ ထွက်ခွာမသွားနိုင်ချေ။

လူရွယ်ကလေး၏ အကျပ်ကိုင်ထားခြင်းကြောင့် ကျိုရှောင်မေ ထိတ်လန့်စိုးရွံ့နေမိ၏။



သူမအဖို့ ထွက်ပြေးရလည်းအခက်၊ ဆက်လက်နေရလည်း အခက် ဖြစ်နေ၏။

ယခုမှ ဆုပ်လည်းစူး စားလည်းရူးသည့် ပဒိုင်းသီးကို လက် ထဲဆုပ်ကိုင်မိသည့်ကိန်းမျိုး ဆိုက်နေချေပြီ။

သူမ ဘာဆက်လုပ်ရမည်နည်း။

အကြံကုန်နေပြီမို့ ကျိုရှောင်မေ ... အညံ့ခံဖို့ပဲ ရှိတော့ သည်။

ဤလူရွယ်သည် မိမိ၏သက်တံရောင်ခြည်ဓားကြီးကို အပိုင် ယူထားလိမ့်မည် မဟုတ်ဟုတော့ ကျိုရှောင်မေ မျှော်လင့်ယုံကြည် ထားမိသည်။

ပြန်တော့ပေးတန်ကောင်းပါရဲ့။

အပြာနုရောင်လူရွယ်သည် ဓားကြီးကို လက်တွင်ဆုပ်ကိုင် လျက် သူမထံသို့ ပြန်လျှောက်လာ၏။

ကျိုရှောင်မေရှေ့ရောက်သောအခါ လူရွယ်သည် မိုးမခရွက် ဓားကြီးကို မြေကြီးပေါ်သို့ ထိုးစိုက်လိုက်သည်။

"ရော့ ... ဒီမှာ မင်းရဲ့ဓား၊ မင်းဓားကို မင်းပြန်ယူနိုင်ပါပြီ ပြီးတော့ အခုအချိန်ကစပြီး မင်းဆန္ဒအတိုင်း ကျုပ်နဲ့ ထပ်မံယှဉ်ပြိုင် တိုက်ခိုက်နိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ကျိုရှောင်မေကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

သို့သော် ထိုတဒင်္ဂမှာပင် ကျိုရှောင်မေ ဆုံးဖြတ်ချက်ချလိုက်လေသည်။

ဤလူရွယ်သည် သိုင်းပညာအရာတွင် သူမထက် အဆများစွာ သာလွန်နေကြောင်းကို ကျိုရှောင်မေ နားလည်လက်ခံထားသည်။

ကျိုရှောင်မေသည် မြေကြီးထဲတွင် စိုက်ဝင်နေသော သူမ၏ဓားကို ပြန်ဆွဲနှုတ်ယူလိုက်သည်။

ထို့နောက် လူရွယ်အားကြည့်ကာ ခေါင်းခါယမ်း၍ ပြောလိုက်သည်။

"ကျွန်မ ရှင်နဲ့ နောက်ထပ်ယှဉ်ပြိုင်ကြည့်စရာ မလိုတော့ပါဘူး၊ ရှင်ခိုင်းမယ်ဆိုတာသာ ခိုင်းပေတော့၊ ကျွန်မ ကတိပေးထားတဲ့အတိုင်း ဆောင်ရွက်ပေးဖို့အသင့်ပဲ"

ယခုတစ်ကြိမ်တွင်မူ သူမသည် ရိုးသားတည်ငြိမ်စွာဖြင့် စိတ်ရင်းအမှန်အတိုင်း ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

သည့်အတွက် အပြာနုရောင်လူရွယ်က သဘောကျသွားသည်။



"အင်း … မင်းက မဆိုးလှပါဘူး၊ အတွေးအခေါ် မှန်လာပြီ ဆိုရမှာပေါ့၊ တကယ်လို့များ မင်းရဲ့ မိုးမခရွက်ဓားကြီးကို နောက်ထပ်လှုပ်ရှားဖို့ ကြိုးစားဦးမယ်ဆိုရင်တော့ ဒီဓားကြီးကို ကျုပ်က တောင်အောက်ချောက်ထဲရောက်သွားအောင် ရိုက်ထုတ်ပစ်လိုက်တော့မှာပဲ၊ ဒါမှလည်း ဒီဓားကို မင်းရှာလို့ရမှာ မဟုတ်သလို ဘယ်တော့မှလည်း အသုံးပြုနိုင်တော့မှာ မဟုတ်ဘူးပေါ့"

သူပြောသည့်အတိုင်းဆိုလျှင် တော်ပါသေးသည်။

ယခု မိမိ၏ဓားကို မိမိအား ပြန်လည်ပေးအပ်ခဲ့သည်မို့ သူ့ကိုင် ကျိုရှောင်မေစိတ်တွင် ကျိတ်၍ကျေးဇူးတင်မိပါသည်။

မောင်မင်းကြီးသား ကျေးဇူးကြီးပါပေသည်။

"ဒါနဲ့ … ရှင် ဒီတောင်ထိပ်ပေါ် ဘယ်အချိန်က ရောက်နေလဲ … ကျွန်မကို ပြောမပြနိုင်ဘူးလား"

ကျိုရှောင်မေက မျက်နှာချိုသွေး၍ မေးလိုက်သည်။

သူမ၏ မေးခွန်းကို လူရွယ်က သဘောကျသွားဟန် တူ၏။ ချက်မှု ပြုံးလိုက်ပြီး အဖြေပေးလိုက်သည်။

"ဩော် ဒါလား … မင်းသိချင်တယ်ဆိုရင် သိရပါတယ်၊ အတိုင်းပြောရမယ်ဆိုရင်တော့ မင်းနောက် ကျုပ် နောက်ခံလိုက်နေတာ အသွားအပြန် နှစ်ခေါက်ရှိသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျိုရှောင်မေသည် အံ့အားသင့်စွာဖြင့် လျှာကလေးပင် ဖြ
တစ်တစ် ဖြစ်သွားသည်။

"အို … တကယ်ပဲလား၊ ကြည့်စမ်း … ဒါကို ကျွန်မ လုံး
သတိမထားမိခဲ့ပါလား"

"ဆရာကြီး ယန်းဂူကျိုရဲ့အသွင်ပုံစံအတိုင်းဖြစ်အောင် ရု
တစ်ယောက် အဝတ်အစားလဲပြီး ရုပ်ဖျက်နေတာကို မင်း ချောင်
ကြည့်နေတဲ့အချိန်မှာ ကျုပ်က မင်းရဲ့နောက်ဘက် မနီးမဝေး တစ်
ရာမှာ ရှိနေပါတယ်၊ မင်းက ရှေ့ကိုပဲ အာရုံရောက်နေလို့မသိတ
ဖြစ်ပါလိမ့်မယ်"

ကျိုရှောင်မေ ထပ်မံအံ့ဩသွားမိလေသည်။ သူမ၏မျက်
အစုံသည် ဝိုင်းစက်ပြူးကျယ်သွား၏။

"ဟင် … ဆရာကြီးယန်းဂူကျိုဟာ အစစ်မဟုတ်ဘဲ အတု
တာ ရှင်လည်းသိထားတယ် ဟုတ်လား"

လူရွယ်က ပြုံးလိုက်သည်။

"ဟုတ်တယ် … မင်းသိသလို ကျုပ်လည်း သိတာပါပဲ"

လူရွယ်သည် စကားကို ခေတ္တရပ်ဆိုင်းလိုက်ပြီးနော
တစ်လုံးချင်း တည်ငြိမ်စွာ ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ ဆရာကြီးယန်းဂူကျိုအဖြစ် ရုပ်ဖျက်ဟန်ဆော



းတဲ့ ဒီသူငယ်လေးရဲ့သိုင်းပညာတွေဟာ ဆရာကြီး ယန်းဂူကျိုရဲ့
င်းပညာတွေပဲ ဖြစ်ပါတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် ဒီသူငယ်
းဟာ ဆရာကြီးယန်းဂူကျိုရဲ့ပညာအမွေဆက်ခံသူ တပည့်အရင်း
ယောက်ဖြစ်မယ်လို့ ယူဆနိုင်တယ်"

အပြာနုရောင်လူရွယ်ပြောသည့်အတိုင်း ဆရာကြီးယန်းဂူ
ဟန်ဆောင်ထားသူ၏ အသုံးပြုတိုက်ခိုက်ခဲ့သော သိုင်းကွက်များ
ယန်းဂူကျို၏သိုင်းကွက်များဖြစ်သည်မှာ မှန်လှေသည်။

ဤသည်ကို ကိုယ်တိုင်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော ကျိုရှောင်
သည် ယန်းဂူကျို၏ အရိပ်မဲ့အရှိန်သိုင်းကွက်ကို အသုံးပြုတိုက်ခိုက်
ခြင်းကပင် သူ၏သိုင်းပညာအဆင့်ကို အကဲခတ်နိုင်လောက်ပြီ
၏။

သို့သော် ဤသို့ ယန်းဂူကျို၏သိုင်းပညာများကို အသုံးပြု
မှုနှင့် ယန်းဂူကျို၏ တပည့်ရင်းတစ်ယောက်ဟု ကျိုရှောင်မေက
ခံမယူဆချင်သေးပေ။

ဖြစ်နိုင်သည့်အကြောင်းများ ရှိသလို မဖြစ်နိုင်သည့်
ကြောင်းများလည်း ရှိပေသေးသည်။

"ဒီလိုတစ်ထစ်ချ ယူဆလို့လည်း မဖြစ်သေးဘူးနဲ့တူတယ်"

ကျိုရှောင်မေက သူမ၏သဘောထားကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... အရမ်းကာရော အထင်လွဲမနေနဲ့ဦး၊ နောက် တစ်အောင့်လောက်ကြာရင် သူ လေ့ကျင့်အနားယူမှု ပြီးဆုံးတော့မှာ ပဲ၊ ဒီတော့မှ သူဟာ ဘာအတွက်ကြောင့် ရုပ်ဖျက်ပြီး ဆရာကြီးယန် ဂူကို ဟန်ဆောင်နေရသလဲဆိုတာ ဖော်ထုတ်နိုင်မှာပဲ၊ အချိန်ကျ အကြောင်းရင်းအမှန်ကို သိရလိမ့်မယ်"

ကျိုရောင်မေက ဘာမှပြန်မပြောတော့ဘဲ ပြုံးနေလို သည်။

ယခုလိုကျတော့လည်း သူမက ချစ်စရာကောင်းနေပြ သည်။

ကျိုရောင်မေသည် သူမ၏မိုးမခရွက်သက်တံရောင်ခြည် ကြီးကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထို့နောက် သူမသည် စိတ်လွတ်ကိုယ်လွတ်ပင် မြေ ပေါ်သို့ ထိုင်ချလိုက်သည်။

အပြာနုရောင်လူရွယ်က လက်ထဲမှသစ်ကိုင်းကြီးကို ခပ် ဝေးသို့ လွှင့်ပစ်လိုက်သည်။

ပြီးနောက် သူသည် လက်နှစ်ဖက်ကို နောက်သို့ပစ် ကောင်းကင်ပေါ်သို့ မော့ကြည့်နေလိုက်သည်။

အရုဏ်ဦးအလင်းရောင်သည် ကမ္ဘာမြေကို လွှမ်းမိုး



ကျက်စ ပြုနေပြီဖြစ်၏။

တောင်ထိပ်တွင်ဖြစ်၍ လေက တဟူးဟူးတိုက်ခတ်နေ သည်။

တောင်ခိုးတွေဝေ၍ မြူတွေလည်း ဆိုင်းနေ၏။

သူတို့နှစ်ဦးစလုံးပင် ဆိတ်ငြိမ်စွာ ထိုင်၍ အတွင်းအားများ ပြန်လည်စုစည်း အားထုတ်နေသော ယန်းဂူကျိအယောင်ဆောင် လူရွယ် သတိသက်ဝင်လာမည့်အချိန်ကို စောင့်နေမိကြလေသည်။

ဟန့်ယံတောင်ထိပ်ပေါ်တွင် အရာရာသည် ငြိမ်သက်တိတ် ဆိတ်လျက် ရှိနေချေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဖြစ် ဆွေဖြစ်

အချိန် မည်မျှကြာသွားမှန်းမသိ ...။

မျက်လုံးအစုံကို မှိတ်၍ အနားယူကာ အတွင်းအားများ ပြန်လည်စုစည်းလေ့ကျင့်နေသော ယန်းဂူကျိသည် သက်ပြင်းတစ်ချက် ရှူသွင်းလိုက်သည်။

အေးမြသော နံနက်ခင်းလေပြေအေးသည် ယန်းဂူကျိ၏ အဆုပ်ထဲသို့ အားပါးတရ ဝင်ရောက်သွား၏။

စောစောက နွမ်းလျလျကိုယ်ခန္ဓာသည် ယခုမှ ကြည်လင်လန်းဆန်းသွားတော့သည်။

ယန်းဂူကျိသည် မှိတ်ထားသောမျက်လုံးများ ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

လောကကမ္ဘာကြီးသည် အိပ်နိုးထစ ပြုချေပြီ။

ယန်းဂူကျိသည် အနီးရှိ ဒိပ္ပတိစားပျော့ကြီးကို ကောက်ယူ၍ ကိုယ်ဖော့ကာ ရုတ်တရက် လွှားခနဲ ခုန်ထလိုက်သည်။



ဤသည်ကိုကြည့်ရင်း အပြာနုရောင်လူရွယ်က ကျေနပ်စွာပြုံးလိုက်သည်။

"ဆရာကြီးရဲ့ အတွင်းအင်အားတွေ ပြန်လည်အားပြည့်လာပြီ ထင်ပါရဲ့ ... ဝမ်းသာစရာပါပဲ"

ယန်းဂူကျိသည် အပြာနုရောင်လူရွယ်အား ကိုယ်ကိုညွတ်၍ အရိုအသေပြုကာ ပြန်လည်နှုတ်ခွန်းဆက်လိုက်သည်။

"နောင်ကြီးရဲ့ အကာအကွယ်ပေးမှုကြောင့် အသက်ချမ်းသာခွင့်ရတဲ့အတွက် ဒီကျေးဇူးကို ကျွန်တော် ချိုကျန်းလင်က အသက်ထက်ဆုံး မမေ့ပျောက်မသွားဘဲ အမြဲသတိရနေမှာပါ"

ယန်းဂူကျိအသွင် ဟန်ဆောင်ထားသောပုဂ္ဂိုလ်က သူ့ကိုယ်သူ ချိုကျန်းလင်ဟု ထုတ်ဖော်ပြောဆို၍ မိတ်ဆက်လိုက်သည်။

တစ်နည်းအားဖြင့် ...

သူသည် ယန်းဂူကျိမဟုတ်ကြောင်း ဝန်ခံလိုက်ခြင်းပင် ဖြစ်သည်။

ချိုကျန်းလင်၏ ပွင့်ပွင့်လင်းလင်းဆက်ဆံမှုကြောင့် အပြာနုရောင်လူရွယ်မှာ ခင်မင်စိတ်ဖြစ်ပေါ်သွားကာ ဖော်ရွေစွာပင် ပြန်လည်ဆက်ဆံလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ ... အခွင့်ကြုံလို့ ကူညီလိုက်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အခုလို သိုင်းသမားကောင်းတစ်ယောက်နဲ့ သိကျွမ်းရတာကိုပဲ ဝမ်းသာမိပါတယ်"

အပြာနုရောင်လူရွယ်က ပြန်ပြောလိုက်သည်။

ချိုကျွန်းလင်သည် ယန်းဝူကျိုမဟုတ်သော်လည်း သူ အသုံးပြုခဲ့သော သိုင်းပညာများကမူ ယန်းဝူကျို၏ပညာများပင် ဖြစ်ပေသည်။

ထို့ကြောင့် ...

ချိုကျွန်းလင်သည် ယန်းဝူကျိုနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်စပ်နေမှု ရှိရမည်ဟု အပြာနုရောင် လူရွယ်က တွက်မိ၏။

ထို့ကြောင့် သူက ချိုကျွန်းလင်အား ဖော်ရွေစွာပင် ဆက်၍ မေးလိုက်သည်။

"စောစောက ကျွန်တော်တို့ တွေ့လိုက်ရတဲ့ နောင်ကြီးရဲ့ သိုင်းပညာဟာ ဆရာကြီးယန်းဝူကျိုရဲ့ သိုင်းပညာနဲ့ တစ်ထပ်တည်း ဖြစ်နေတာကို တွေ့ရပါတယ်၊ ဒါကြောင့် နောင်ကြီးဟာ ဆရာကြီး ယန်းဝူကျိုရဲ့ တပည့်ရင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်၊ နောင်ကြီးက အခုလို ဆရာကြီးယန်းဝူကျိုအဖြစ် ဟန်ဆောင် ရုပ်ဖျက်ထားသော ထူးခြားတဲ့ အကြောင်းတစ်ခုခု ရှိလိမ့်မယ်လို့ ထင်



ာယ်၊ ဆရာကြီးကိုယ်တိုင် မလာနိုင်လောက်အောင် ဘယ်လို အကြောင်းကိစ္စများ ရှိနေသလဲဆိုတာ သိခွင့်ရှိရင် သိချင်ပါတယ်"

အပြာနုရောင်လူရွယ်က မိမိတို့၏လျှို့ဝှက်ချက်ကို မေးလာခြေပြီ။

သူသည် မိမိ၏အသက်ကို ကယ်တင်လိုက်သော ကျေးဇူးရှင်တစ်ယောက် ဖြစ်နေသည်။

အဖြစ်မှန်ကို ဖွင့်ဟမပြောပြန်လျှင် မိမိအနေနှင့် ရိုင်းရာကျပေတော့မည်။

ချိုကျွန်းလင်က သက်ပြင်းတစ် ချက်ချလိုက်မိသည်။

"နောင်ကြီးပြောတဲ့အတိုင်း မှန်ပါတယ် ... ကျွန်တော်ဟာ ဆရာကြီး ယန်းဝူကျိုရဲ့ တပည့်ရင်းတစ်ယောက်ပါပဲ၊ ဆရာကြီးဟာ "ကြီးယင်" လို့ခေါ်တဲ့ အထူးသိုင်းပညာတစ်မျိုးကို အတွင်းအားနဲ့ လေ့ကျင့်အားထုတ်နေစဉ် တိမ်းစောင်းချွတ်ချော်သွားတဲ့အတွက် အကြောထိခိုက်မှု ဖြစ်သွားခဲ့ပါတယ်၊ ဒါကြောင့် သူဟာ အခုထိ ကောင်းစွာ လမ်းမလျှောက်နိုင်သေးပါဘူး ... ဒီအတွက်ကြောင့် ည်း ဟန့်ယံတောင်ထိပ်ပေါ်မှာ လူရမ်းကားကြီးများနဲ့ တွေ့ဆုံဖို့ အတွက် သူ့ကိုယ်စား ကျွန်တော့်ကို ရုပ်ဖျက်စေလွှတ်လိုက်တာပဲ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူပြောသည်ကို မာရ်နတ်ဆိုးမလေး ကျိုရှောင်မေနှင့် အပြာနုရောင်လူရွယ်တို့က ငြိမ်သက်စွာ နားထောင်နေမိကြ၏။

ချိကျန်းလင်၏စကားဆုံးသောအခါ ကျိုရှောင်မေသည် ထိုင်နေရာမှ သူတို့နှစ်ဦးအနီးသို့ ထ၍ လျှောက်လာ၏။

ချိကျန်းလင်သည် သူမကို အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"မာရ်နတ်ဆိုးမလေး ...မင်းက ရုပ်ရည်လေး သနားကမား ပေမယ့် မင်းစိတ်က တယ်လည်းရက်စက်လှပါလား"

ကျိုရှောင်မေက ခစ်ခနဲ ရယ်လိုက်သည်။

"အဟင်း ဟင်း ဟင်း ... ရန်သူဆိုတာ ကိုယ်က မရက်စက်ရင် သူက ကိုယ့်ကို ရက်စက်မှာပဲပေါ့၊ ကိုယ့်အလှည့်ကျတော့ ဘယ်သူက လာပြီးကယ်မှာလဲ၊ အခုပဲကြည့်လေ ...ဟိုမှာ ငါးယောက်စလုံး ရှင့်လက်ချက်နဲ့ တစ်လောကလုံး မေ့ကုန်ကြပြီ မဟုတ်လား၊ ကျွန်မတောင် ကံကြီးပေလို့သာပဲ၊ ဒါကျတော့ ရှင့်ဘက်က ရက်စက်တယ်လို့ မပြောတော့ဘူးလား"

ချိကျန်းလင် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ငိုင်တွေသွားမိသည်။

ထိုစဉ် အပြာနုရောင်လူရွယ်က ဝင်ပြောလိုက်၏။



"ဒါဟာ မင်းပြောသလို ရက်စက်တယ်လို့ မဆိုနိုင်ပါဘူး၊ နောင်ကြီးချိကျန်းလင်က ဟိုလူရမ်းကားကြီးငါးယောက်ကို သူ့သိုင်းပညာနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီး အနိုင်ယူခဲ့တာပဲ၊ တကယ်ဆို မင်းတို့က ခြောက်ယောက် ... သူက တစ်ယောက်တည်း၊ ဘယ်သူလွန်သလဲဆိုတာ ကိုယ့်ဘာသာကိုယ် သေချာပြန်စဉ်းစားကြည့်ပါဦး၊ ဒါတင်မကသေးဘူး၊ နောင်ကြီး ချိကျန်းလင် အတွင်းအားကျင့်နေတာကို အခွင့်ကောင်းယူပြီး မင်းက ခိုးကြောင်ခိုးဝှက် လုပ်ကြံဖို့တောင် ကြိုးစားလိုက်သေးတယ် မဟုတ်လား"

အပြာနုရောင်လူရွယ် ပြောသည့်စကားက သွေးထွက်အောင် မှန်လွန်းနေ၏။

ကျိုရှောင်မေမှာ အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ထိသွားသည်။

"ဟင် ... ကြည့်စမ်း ကြည့်စမ်း ... ရှင် ... ရှင်က စကားတတ်လှချည်လား"

ကျိုရှောင်မေ ဒေါကန်ရန်တွေ့သည်ကို အပြာနုရောင်လူရွယ်က သဘောကျစွာ ရယ်မောလိုက်၏။

"ကျုပ်က စကားတတ်တာ မဟုတ်ပါဘူး၊ ဒီကိစ္စက တွေ့မြင်ကြတဲ့သူတိုင်း ကျုပ်ပြောသလို ပြောကြမှာချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရှောင်မေ ဘာမှဆက်မပြောတော့ပါ။

ဤလူရွယ်နှင့် ဆက်ပြောနေလျှင် သူမသာလျှင် အရေးနိမ့်မည့်အဖြစ်ကို သိလိုက်လေသည်။

ချိကျန်းလင်သည် လက်နှစ်ဖက်ကိုယှက်၍ အပြာနုရောင်လူရွယ်ကို ပြောလိုက်သည်။

"နောင်ကြီးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ၊ ကျွန်တော့်အသက်ကို ကယ်တင်တဲ့ကျေးဇူးကိုတော့ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး"

"ကျွန်တော့်နာမည် ဖန်ယိဟန်ပါ"

အပြာနုရောင်လူရွယ်က ပြန်လည်ဦးညွှတ်ရင်း အဖြေပေးလိုက်သည်။

ဖန်ယိဟန်ဆိုသည့်အမည်ကို သိုင်းလောကတွင် ချိကျန်းလင် မကြားဖူးသေးပါ။

သို့သော် ... သူက လေးလေးစားစားပင် ပြန်ပြောလိုက်သည်။

"နောင်ကြီးဖန်ယိဟန်နဲ့ အခုလို သိကျွမ်းခွင့်ရတာ ကျွန်တော် အလွန်ပဲဝမ်းသာမိပါတယ်"

ဖန်ယိဟန်၏အမည်ကို ကြားသောအခါ ကိုရှောင်မေ မျက်



မှောင်ကုတ်၍ စဉ်းစားနေမိသည်။ သူမ ဤနာမည်ကို ကြားဖူးသလို ရှိသည်။

သို့သော် မည်သည့်နေရာတွင် ကြားဖူးသည်ကို မမှတ်မိချေ။

ကိုရှောင်မေ စဉ်းစား၍မရပါ။

ယင်းအခိုက် ဖန်ယိဟန်၏စကားသံက ထွက်ပေါ်လာပြန်သည်။

"နောင်ကြီး ချိကျန်းလင်လိုပဲ ကျွန်တော်ကလည်း နောင်ကြီးနဲ့ တွေ့ဆုံသိကျွမ်းရတာ ဝမ်းသာလှပါတယ်၊ ဆရာကြီး ယန်းဝူကျိရဲ့ အခြေအနေကော ဘယ်လိုများ ရှိပါသလဲ"

"ဆရာကြီးရဲ့ဒဏ်ရာက သိပ်ပြီး ဆိုးဆိုးရွားရွား မပြင်းထန်ပါဘူး၊ လမ်းလျှောက်တဲ့အခါမှာသာ နည်းနည်းအခက်အခဲ ရှိတာပါ၊ အခုလို ဆရာကြီးရဲ့သတင်းကို နောင်ကြီးက လေးလေးစားစား မေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ချိကျန်းလင်က လေးနက်တည်ငြိမ်စွာ ပြောလိုက်သည်။

ဖန်ယိဟန်၏ မျက်လုံးများက မြေကြီးပေါ်တွင် ဒဏ်ရာကိုယ်စီနှင့် လဲကျနေသော လူရမ်းကားကြီးငါးယောက်ဆီသို့ [illegible]ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မည်သို့ပင် ဆိုးသွမ်းရမ်းကားကြစေကာမူ ... ယ
လို တွေ့လိုက်ရပြန်တော့လည်း ဖန်ယိဟာန် ကိုယ်ချင်းစာကြည်
သည်။

အသက်တစ်ချောင်းဆိုသည်က ကယ်ဆယ်ကောင်းသည
မဟုတ်ပါလား။

ယခုလောက်ဆိုလျှင် လူရမ်းကားကြီးများသည် မှ
လောက်သားလောက်ဖြစ်ကာ နောင်ကြဉ်သွားကြရော့မည်ဟု ဖန်
ဟာန် တွေးမိသည်။

"နောင်ကြီး ချိုကျန်းလင် ... ဒီလူတွေကို ကယ်လို့ မရတော
ဘူးလား"

ဖန်ယိဟာန်က မေးလိုက်သည်။

ချိုကျန်းလင်က မျက်မှောင်ကုတ်၍ စဉ်းစားလိုက်သည်
ပြီးမှ သူက အေးစက်စက်ပြောလိုက်၏။

"ဒီလူငါးယောက်စလုံး တကယ့်လူဆိုး လူရမ်းကားကြီးတွေ
ချည်းပဲ၊ သူတို့အားလုံး သေသွားကြရင်လည်း ကောင်းတာပါပဲ၊ ဒီ
အပြစ်မဲ့ပြည်သူတွေ အေးအေးချမ်းချမ်း နေထိုင်ကြမယ်၊ နောင်ကြ
က သူတို့ကို ကယ်တင်ပေးချင်တဲ့ဆန္ဒ ရှိနေလို့လား"

ချိုကျန်းလင် ပြောသည်ကလည်း မှန်၏။



သို့သော် ဖန်ယိဟာန်အနေနှင့် အလဟဿတော့ ဤလူများ
ကို မသေစေလိုပေ။

ဖန်ယိဟာန်က ပြုံး၍ ပြောလိုက်သည်။

"အင်း ... ကျွန်တော့်ဆန္ဒကို ပြောရမယ်ဆိုရင်တော့ ဖြစ်နိုင်
ရင် သူတို့ကို ကယ်တင်ပေးလိုက်ချင်ပါတယ်"

"ကျွန်တော် တိုက်ခိုက်လိုက်စဉ်အခါကတော့ သူတို့ကို
အပြတ်ရှင်းပစ်ဖို့ ဆန္ဒမရှိခဲ့ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ရင်း
မလွဲသာ မရှောင်သာလို့ ဒဏ်ရာရအောင် တိုက်ခိုက်လိုက်ရတာပါ၊
အင်း ... ဒါပေမဲ့ နောက်ထပ်တစ်နာရီလောက်ကြာသွားရင်တော့
သူတို့ ဘယ်နည်းနဲ့မှ အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူး"

ချိုကျန်းလင်က စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

"သူတို့အားလုံးရဲ့ အသက်ကို ကယ်တင်ပေးလိုက်ဖို့ သူတို့
ကိုယ်စား ကျွန်တော်က မေတ္တာရပ်ခံပါတယ်"

ဖန်ယိဟာန်က တောင်းပန်ပြောဆိုလိုက်သည်။

မိမိ၏အသက်ကို ကယ်ခဲ့သော ကျေးဇူးရှင်တစ်ယောက်က
တောင်းတောင်းပန်ပန်ပြောလာသည့်အတွက် ချိုကျန်းလင် အတော်
ပင် အားတုံ့အားနာဖြစ်သွားမိသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆတ်ခနဲ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... နောင်ကြီးရဲ့ဆန္ဒကို ကျွန်တော် လိုက်နာပါ့မယ်၊ ဒါပေမဲ့"

ချိုကျွန်းလင်၏ စကားမဆုံးမီပင် ကျိုရှောင်မေက ခပ်ဆတ်ဆတ် ဝင်မေးလိုက်သည်။

"ဘာလဲ ... ရှင်က သူတို့အသက်ကိုကယ်ဖို့အတွက် အချိန်ဆွဲထားဦးမလို့လား"

ချိုကျွန်းလင်သည် မျက်မှောင်ကုတ်၍ ကျိုရှောင်မေကိုကြည့်လိုက်၏။

သူမစကားက သူ့အား အခံရခက်သွားစေသည်။

ဤမိန်းကလေးသည် မိမိ၏စေတနာကို နားမလည်ဘဲ စော်ကားခြင်းဖြစ်၏။

"မင်း ဘယ်လိုပြောလိုက်တာလဲ မာရ်နတ်ဆိုးမလေး၊ ကျုပ်က ဘာမှ အချိန်ဆွဲနေစရာမလိုဘူး၊ ဒီလိုအချိန်ဆွဲနေမယ့်အစား နောင်ကြီးဖန်ယိဟာန်ရဲ့ ဆန္ဒတောင်းဆိုချက်ကို ကျုပ်လက်မခံဘဲ နေလိုက်ရင် ပြီးတာပဲ မဟုတ်လား"

ချိုကျွန်းလင်က စိတ်ဆိုးဆိုးနှင့် အော်ငေါက်ပစ်လိုက်သည်။

ကျိုရှောင်မေ ဘာမှမပြောတော့ဘဲ ငြိမ်ကုပ်သွား၏။



ဖန်ယိဟာန်က တစ်ချက်မျှ ပြုံး၍ ပြောလိုက်သည်။

"နောင်ကြီး ချိုကျွန်းလင် ... ဒီမာရ်နတ်ဆိုးမလေးရဲ့စကားကို ဘေးချိတ်ထားလိုက်စမ်းပါ၊ ကျွန်တော်တို့ အချိန်ရှိတုန်း ဒီလူရမ်းကားကြီးတွေရဲ့အသက်ကို ကယ်တင်ကြရအောင်"

"ဒီမာရ်နတ်ဆိုးမလေးရဲ့စကားကို ကျွန်တော်ကလည်း အရေးမထားပါဘူး၊ ဒါပေမဲ့ သူက အရိပ်သုံးပါး နားမလည်ဘဲ ဝင်ဝင်ပြောလို့ စိတ်တိုသွားမိတာပါ"

ထို့နောက် သူသည် မြေပေါ်တွင် လဲကျနေသော သိုင်းသမား လူရမ်းကားကြီးငါးယောက်ဆီသို့ လျှောက်သွားပြီး ထိုလူများ၏ ကိုယ်ကို လက်ဖြင့် တစ်ချက်စီပုတ်လိုက်သည်။

တစ်ဖန် ချိုကျွန်းလင် သည် သူ၏အိတ်ထဲသို့ တစ်စုံတစ်ရာကို နှိုက်ယူလိုက်သည်။

သူ၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ် ပါလာသည်ကို တွေ့ရ၏။

အနာထည့်သော ဆေးမှုန့်ထုပ်ကလေးပင် ဖြစ်ပါသည်။

လူဆိုးကြီးငါးဦး၏ဒဏ်ရာများပေါ်သို့ ထိုဆေးမှုန့်များကို သိပ်၍ထည့်ပေးလိုက်သည်။

ဆေးသည် မယုံကြည်နိုင်ဖွယ်ကောင်းလှအောင် အစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ထက်နေသည်ကို တွေ့ရသည်။

စောစောကအထိ ဒဏ်ရာများမှ သွေးမတိတ်သေးဘဲ တစိမ့်စိမ့်ထွက်နေသော်လည်း ချိကျန်းလင် ဆေးထည့်ပေးလိုက်သည်နှင့် ချက်ချင်းပင် သွေးတိတ်ရပ်တန့်သွားတော့သည်။

ဆေးထည့်ပြီးသောအခါ ချိကျန်းလင်သည် အိတ်ထဲမှ ဆေးပုလင်းလေးတစ်လုံးကို ထုတ်ယူလိုက်ပြန်၏။

ထို့နောက် ပုလင်းထဲမှ အနီရောင်ဆေးလုံးကလေးများကို ထုတ်ယူ၍ လူဆိုးကြီးငါးဦး၏ပါးစပ်ထဲသို့ ဆေးလုံးတစ်လုံး ကျစ်ထည့်၍ တိုက်ကျွေးလိုက်ပြန်လေသည်။

ချိကျန်းလင် ပြုလုပ်ဆောင်ရွက်နေသည်ကို ဖန်ယိဟန်နှင့် ကျိုရှောင်မေတို့က ဘေးမှရပ်၍ မမှိတ်မသုန် ငေးစိုက်ကြည့်နေမိကြလေသည်။

ဆေးတိုက်၍ပြီးသောအခါ ဖန်ယိဟန်က မေးလိုက်သည်။

"နောင်ကြီး ... ဒီလူဆိုးကြီးတွေရဲ့ သိုင်းပညာအတွင်းအားတွေ အတော်များများ ပျက်စီးသွားပြီလား"

ချိကျန်းလင်က စဉ်းစဉ်းစားစားနှင့် ပြန်လည် အဖြေပေးလိုက်သည်။

"ဟုတ်ကဲ့ ... အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်



တော်က အရိပ်မဲ့အရှိန်စားသိုင်းပညာမှာ ဆရာကြီးယန်ရှုကို ထက် အဆင့်မမြင့်သေးပါဘူး၊ ဒါကြောင့်လည်း ဆရာကြီးလို တိုင်းကျ လိုအပ်သလို ထိန်းထိန်းချုပ်ချုပ် အသုံးမပြုနိုင်ခဲ့ပါဘူး၊ ကျွန်တော့်ရဲ့၏တိုက်ခိုက်မှုကြောင့် သူတို့အားလုံး ဒဏ်ရာပြင်းပြင်း ထန် ရသွားသလို သူတို့ရဲ့အတွင်းအားတွေလည်း အတော်က အား ပျက်စီးသွားလိမ့်မယ်လို့ ထင်ပါတယ်"

ဖန်ယိဟန်က ကျေနပ်သွားဟန်နှင့် ခေါင်းညိတ်လိုက်သည်။

"အင်း ... ဒီလိုဆိုရင် ကောင်းပါပြီ၊ နို့မဟုတ်ရင် ကျွန်တော် သူတို့ရဲ့အကြောဟွေကို ပိတ်ထားလိုက်မလို့၊ အခုတော့ မလို တော့ပါဘူး"

ဖန်ယိဟန်သည် တစ်ဆက်တည်းပင် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေဘက်သို့ လှည့်၍ပြောလိုက်၏။

"မင်းဆီမှာ ဒဏ်ရာ အနာကျက်ဆေးများပါရင် သူတို့ ဒဏ်ရာတွေကို ထည့်ပေးလိုက်ပါလား၊ ပြည်တည်သွားမှာ စိုးရိမ်လို့"

ကျိုရှောင်မေသည် ဘာမျှ ပြန်မပြောဘဲ မျက်မှောင်ကုတ်၍ ကြည့်ကာ ဖန်ယိဟန်စေခိုင်းသည့်အတိုင်း သူမအိတ်ထဲမှ ဆေးမှုန့် ထုပ်ကို ထုတ်ယူ၍ သိုင်းသမားကြီးငါးဦး၏ ဒဏ်ရာများကို ဆေး

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်လေသည်။

လူဆိုးကြီးငါးဦးအနက် နှင်းတောင်နဂါးကြီးထိလုံ၏ အတွင်းအားက အဆင့်အမြင့်ဆုံး ဖြစ်သည်။

ထို့ကြောင့် ...

ချိကျန်းလင်တိုက်ကျွေးထားသော ဆေးလုံး၏တန်ခိုးကြောင့် မကြာမီမှာပင် ထိလုံမှာ သတိရလာပြီး မျက်လုံးများ ပွင့်လာတော့သည်။

ရုတ်တရက် သူ ဘာဖြစ်သွားသည်ကို ပြန်လည်စဉ်းစားနေဟန်ဖြင့် မျက်တောင် တဖျပ်ဖျပ်ခတ်သည်။ အတန်ကြာမှ သတိရလာသည်။

သူနှင့်အတူ ယိယန်စွန်း၊ ဟန်ဖုဟိုနှင့် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေတို့သည် သိုင်းအဓိပတိကြီး ယန်းဝူကျိုနှင့် ယှဉ်ပြိုင်တိုက်ကြရင်း ယန်းဝူကျို၏အရိပ်မဲ့အရှိန်သိုင်းကွက်ကြောင့် ဒဏ်ရာရရှိခဲ့ခြင်းပင် ဖြစ်သည်။

ကျန်သုံးယောက်က တော့ မည်သို့နေမည်မသိချေ။

လီချုံးနှင့် ရှိန်းဝမ်တို့က ပထမဦးစွာ ဒဏ်ရာရရှိသွားခဲ့ကြသည်။

ယခု မိမိ ပြန်လည်သတိရလာပြီဖြစ်၏။



ထိလုံသည် မြေပေါ်တွင် လဲနေရာမှ အားယူ၍ ထရပ်လိုက်သည်။

ထို့နောက် အနီးတစ်ဝိုက်ကို မျက်စိဝေ့ဝဲကြည့်လိုက်၏။

လီချုံး၊ ရှိန်းဝမ်၊ ယိယန်စွန်းနှင့် ဟန်ဖုဟိုတို့အား ဒဏ်ရာကိုယ်စီဖြင့် မြေပေါ်တွင်လဲနေကြသည်ကို တွေ့ရသည်။

ယန်းဝူကျိုနှင့်ကျိုရှောင်မေတို့ကိုမူ သူနှင့်မလှမ်းမကမ်းတွင် ရပ်လျက်တွေ့ရ၏။

ကျိုရှောင်မေကို ကြည့်ရသည်မှာ ဒဏ်ရာတစ်စုံတစ်ရာ ရရှိထားဟန် မတူချေ။

ထို့ပြင် ...

ယန်းဝူကျိုနှင့် ကျိုရှောင်မေတို့အနီးတွင် မျက်နှာစိမ်းလူရွယ်တစ်ယောက်ကို တွေ့ရှိရပြန်၏။

ဤလူရွယ်ကို ထိလုံမမြင်ဖူးပါ။

ထို့ကြောင့် သူက မာရ်နတ်ဆိုးကလေးအား လှမ်း၍မေးလိုက်သည်။

"ဒီလူငယ်လေးက ဘယ်သူလဲ ကျိုရှောင်မေ"

"ဘဘကြီး အခုလို အသက်ပြန်ရှင်လာတာ သူ့ကြောင့်ပေါ့၊ ဘဘကြီးတို့အားလုံးကို သူက ကယ်တင်လိုက်တာပဲ၊ နို့မို့ ခုလောက်

www.burmeseclassic.com

www.burmeseclassic.com



ဆို ဘဘကြီးတို့အားလုံး ခုလို သတိလည်လာစရာအကြောင်းမရှိတော့ဘူး"

ကျိုရှောင်မေ၏စကားကြောင့် ထိလုံမှာ ကြက်သီးမွေးညင်းထသွားလေသည်။

သူမ ပြောသည်မှာ ဖြစ်နိုင်ပေသည်။

ယခုပင်လျှင် ...

ကျန်သိုင်းသမားလေးဦးသည် မြေပြင်ပေါ်တွင် မလှုပ်မယှက် လဲကျနေဆဲ ဖြစ်သည်မဟုတ်ပါလား။

"သူက မင်းရဲ့တပည့်လား"

ထိလုံက ကျိုရှောင်မေအား မေးလိုက်ပြန်သည်။

သူ၏အမေးကြောင့် ကျိုရှောင်မေက သဘောကျသွားပြီး တခစ်ခစ်ရယ်လိုက်လေသည်။

"အဟင်း ဟင်း ဟင်း ... မဟုတ်တာ ဘဘကြီးရယ် ... ကျွန်မက ဒီလောက်ထိအောင် မကြီးကျယ်နိုင်သေးပါဘူး"

ထိလုံသည် ဖန်ယိဟန်ကို ငေးကြည့်နေမိသည်။

ဤသူငယ်သည် မည်သူနည်း။

သူက မိမိတို့အသက်ကို ဝင်ရောက်ကယ်တင်သည်ဟု သိရ၏။



အဘယ်ကြောင့် ထိုသို့ကယ်တင်ရသနည်း။

ယန်းဂူကျိုကဲ့သို့သော သိုင်းအဓိပတိကြီးတစ်ယောက်ထက်မှ မိမိတို့၏အသက်ကို ကယ်တင်နိုင်စွမ်းရှိသော ဤသူငယ်၏အစွမ်းအစကို မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်နေမိလေသည်။

ထိုအချိန်မှာပင် ...

ယိယန်စွန်း၊ ဟန်ဖုဟို၊ လီချုံးနှင့် ရှိန်းဝမ်တို့သည်လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ပြန်လည်သတိရလာကြကာ တစ်ယောက်ပြီးတစ်ယောက် ထ၍ရပ်လိုက်ကြလေသည်။

သူတို့အားလုံးပင် မျက်နှာစိမ်းဖြစ်သော ဖန်ယိဟန်ကို ငေးမောကြည့်မိကြ၏။

ထိုစဉ် ...

ချိုကျန်းလင်ထံမှ ချောင်းဟန့်သံနှင့်အတူ စကားသံ ထွက်ပေါ်လာ၏။

"ခင်ဗျားတို့အားလုံး သတိရလာကြပြီလား၊ ခင်ဗျားတို့ ကံကောင်းကြတယ်လို့ မှတ်လိုက်ပါ၊ တကယ်ဆိုရင် အခုလို သက်ဦးရှင်တောင် မ‌ေ‌ . သင့်ဘူး၊ ခင်ဗျားတို့ ကျူးလွန်ခဲ့တဲ့လုပ်ရပ်တွေက အားလုံးကို အသေသတ်ပစ်သင့်နေပြီ၊ ဒါပေမဲ့ ဟောဒီဆရာလေး

www.burmeseclassic.com

www.burmeseclassic.com



ဒန်ယီဟန်က ခင်ဗျားတို့ကိုယ်စား ကြားက ဝင်ရောက်တောင်းပန်တဲ့အတွက် ခင်ဗျားတို့ကို ကျုပ်ချမ်းသာပေးလိုက်မယ်၊ ဒါပေမဲ့ ခင်ဗျားတို့ သိထားကြဖို့ကတော့ ခင်ဗျားတို့ အခုလို အသက်ချမ်းသာရရုံပြီး ဆက်လက်ရှင်သန် ရပ်တည်နေနိုင်ကြပေမယ့် ခင်ဗျားတို့ရဲ့ သိုင်းပညာတွေဟာ အယင်ကလို အစွမ်းထက်တော့မှာ မဟုတ်ဘဲ ပျက်စီးလျော့နည်းသွားပြီဆိုတာ နားလည်ထားပါ"

ချိကျုန်းလင်၏စကားကြောင့် သိုင်းသမား လူရမ်းကားကြီးငါးယောက်မှာ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

မိမိတို့၏ သိုင်းအင်အားများ ပျက်စီးသွားသည့်နောက်တော့ မည်သို့အကြောင်းထူးမည်နည်း။

မည်သူနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ မိမိတို့သည် အရှုံးဘက်မှချည်း နေကြရချေတော့မည်။

သူတို့အားလုံး အံကို တင်းတင်းကြိတ်လိုက်မိကြသည်။

နှင်းတောင်နဂါးကြီးထိလုံသည် ပခုံးတွန့်၍ တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ့နှုတ်မှ စကားသံများထွက်မလာဘဲ ဂူးဂူးဝါးဝါးနှင့် ဗလုံးဗထွေးအသံများသာ ထွက်လာလေသည်။

ကျိုရှောင်မေသည် အေးစက်သောမျက်လုံးများနှင့် သူ့ကို



သမ်းကြည့်လိုက်ပြီး နှစ်သိမ့်စကားပြောလိုက်လေသည်။

"ဘဘကြီး ထိလုံ ... အသက်ရှင်နေရဖို့က ပိုပြီးအရေးကြီးပါသယ်၊ လူဆိုတာ အသက်ရှင်နေတာနဲ့အမျှ တိုးတက်မှုအတွက် အမျိုးမျိုး လေ့ကျင့်ကြံစည်နိုင်တာပဲ မဟုတ်လား၊ နောင်ခါလာ နောင်ခါချေးပေါ့၊ သိပ်ပြီးတော့လည်း စိတ်ပူမနေပါနဲ့"

ကျိုရှောင်မေ၏အားပေးစကားကြောင့် ထိလုံသာ မက ... ကျန်လူများပင် ကျနေသောစိတ်ဓာတ်များ ပြန်လည်တက်ကြွသွားမိသည်။

အသက်ရှင်နေသမျှ ကာလပတ်လုံး မျှော်လင့်ချက်ထားနိုင်သည် မဟုတ်ပါလော။

ကျိုရှောင်မေပြောသည်မှာ မှန်ပေသည်။

ယခုကဲ့သို့ မိမိတို့ အသက်ချမ်းသာရရှိသည်ကိုပင် အများကြီး ကျေးဇူးတင်ရပေဦးမည်။ ကျိုရှောင်မေက ဆက်၍ပြောလိုက်ပြန်သည်။

"ဦးလေးတို့ ဘကြီးတို့ရဲ့အသက်ကို ကယ်တင်လိုက်တဲ့ ... ဟောဒီဆရာလေးကိုသာ ကျေးဇူးတင်ပြီး ဒီနေရာက အမြန်ဆုံးထွက်သွားကြပါတော့၊ တော်တော်ကြာ ဆရာကြီးယန်းရှော့ စိတ်ပြောင်းသွားလို့ အားလုံးကို ထပ်တွေ့နေကြဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ သူတို့အားလုံး ဤအချက်ကို သတိပြုမိလိုက်ကြ သည်။

ယန်းဂူကျို စိတ်ပြောင်းလဲသွားပြီး မိမိတို့အား ထပ်မံ တိုက်ခိုက်လာလျှင် အားလုံး ဒုက္ခရောက်ကြပေမည်။

ယခုတစ်ကြိမ်၌ ...

ယန်းဂူကျို၏ ထပ်မံတိုက်ခိုက်မှုခံရလျှင် သေဖို့သာ ရှိပေတော့ သည်။

လူ့စိတ်ဆိုသည်က ခန့်မှန်းရခက်သည်။

အချိန်နှင့်အမျှ ...

အမျိုးမျိုး ပြောင်းလဲဖောက်ပြန်နိုင်သည်။

ဤနေရာတွင် ကျိုရှောင်မေမှအပ ကျန်သိုင်းသမားကြီး ငါးဦးစလုံး ချိုကျွန်းလင်အား ယန်းဂူကျိုအဖြစ်နှင့်သာ သိရှိယုံကြည်နေကြဆဲ ဖြစ်လေသည်။

ချိုကျွန်းလင်က သူရုပ်ဖျက်ထားသည့်အကြောင်းနှင့် သူ၏ဇစ်မြစ်အမှန်ကို ထုတ်ဖော်မပြသေးချေ။

ချိုကျွန်းလင်၏သဘောထားကို ရိပ်စားမိသော ကျိုရှောင်မေကလည်း သူ့အား သိုင်းသမားကြီးများရှေ့တွင် ယန်းဂူကျိုအနေဖြင့်သာ ဟန်မပျက်ဆက်ဆံပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။



ထိုလုတို့ငါးဦးသည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်လိုက်ကြပြီး မျက်ရိပ်ပြလိုက်ကြလေသည်။

သဘောမှာ ...

ယင်းဂူကျို၏စိတ် ကြည်ကြည်သာသာရှိနေစဉ် ... အချိန်မီ ဤနေရာမှ ထွက်ခွာသွားကြရန် အချက်ပေးလိုက်ကြခြင်းပင် ဖြစ်သည်။

ထို့နောက် အားလုံးပင် ယန်းဂူကျိုနှင့် ဖန်ယိဟန်တို့အား ဦးညွှတ်၍ အရိအသေပြုကာ နှုတ်ဆက်လိုက်ကြသည်။

"ကျွန်တော်တို့ရဲ့အသက်ကို ကယ်တင်လိုက်တဲ့ ဒီက ဆရာလေးကော ညာတာမှုအပြည့်နဲ့ ကျွန်တော်တို့ကို သနားငဲ့ညာလိုက်တဲ့ ဆရာကြီးယန်းဂူကျိုကိုပါ ကျွန်တော်တို့အားလုံး အထူးပဲကျေးဇူးတင်ရှိကြပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ဒီနေရာက ထွက်ခွာခွင့်ပြုဖို့ ရှိသေစွာ နှုတ်ခွန်းဆက်ပါတယ်"

ယိယန်စွန်းက တလေးတစားပင် ပြောဆို နှုတ်ဆက်လိုက်သည်။

သူတို့၏အဖြစ်ကိုကြည့်ရင်း ချိုကျွန်းလင်က ရယ်ချင်ချင် ဖြစ်လာသည်။

မနည်း ဣန္ဒြေဆည်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး ...

"ကောင်းပြီ ... ခင်ဗျားတို့ အလိုရှိရာ သွားနိုင်ကြပါပြီ"

ယန်းဂူကျိ၏ ခွင့်ပြုချက်ရရှိသွားသောအခါ သိုင်းသမားကြီးငါးယောက်သည် အလိုက်သိစွာဖြင့်ပင် မိမိတို့၏လက်နက်များကို ကိုယ်စီကောက်ယူ၍ ဟန့်ယံတောင်ထိပ်ပေါ်မှ ခပ်သွက်သွက် ထွက်ခွာသွားကြလေတော့သည်။

သိုင်းသမားကြီးငါးယောက်၏အရိပ်များ မျက်စိအောက်မှ ပျောက်ကွယ်သွားသည်အထိ ကျိရှောင်မေ ငေးကြည့်နေမိလေသည်။

အတန်ကြာမှ ကျိရှောင်မေက ချိကျုန်းလင်ကို ကြည့်၍ ပြောလိုက်သည်။

"ဒီလိုတော့လည်း ရှင်က ဘယ်ဆိုးလို့လဲ၊ သဘောထားကြီးသားပဲ"

ချိကျုန်းလင်က ပြုံးလိုက်သည်။

"ကျုပ်က အစကတည်းက သူတို့ကို အသေတိုက်ခိုက်ခဲ့တာမှ မဟုတ်ဘဲ၊ အခုလို ဆုံးမလိုက်ရတဲ့အတွက် သူတို့အားလုံး နောက်ကို သိပ်ပြီး ဆိုးသွမ်းရမ်းကားဝံ့တော့မယ် မထင်ပါဘူး"

သူ၏စကားအဆုံးမှာပင် ချိကျုန်းလင်သည် သူ၏မျက်နှာမှ ယန်းဂူကျိ ရုပ်အသွင် တပ်ဆင်ထားသော သားရေမျက်နှာဖုံး ခွဲချွတ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူ၏ကိုယ်တွင် ဝတ်ဆင်ထားသော ရောင်ဝတ်ရုံရှည်ကြီးကိုလည်း ချွတ်ခွာလိုက်၏။

ထိုအခါ စောစောက ယန်းဂူကျိပုံစံဖြင့် အဘိုးကြီးတစ်ယောက်အသွင် ရှိနေသော ချိကျုန်းလင်၏ နဂိုမျက်နှာက ပီပြင်စွာ ပေါ်လာလေသည်။

ယခုအခါ အရှေ့မိုးကောင်းကင်တွင် နေမင်းကြီး၏ အားရောင် ခြည်က ထွက်ပေါ်နေပြီဖြစ်၏။

သဘာဝတောတောင်သည် လင်းလင်းရှင်းရှင်း အလင်းအောက်တွင် နုပျိုသစ်လွင်နေ၏။

ချိကျုန်းလင်၏ရုပ်သွင်ကလည်း နုပျိုချောမောလှပေသည်။

ကျိရှောင်မေသည် ချိကျုန်းလင်အား တအံ့တသြ ငေးကြည့်မိသည်။

ကိုယ့်မျက်စိပင် ကိုယ်မယုံချင်အောင် ဖြစ်သွားရသည်။

အတန်ကြာမှ သူမက အသံပြုလိုက်၏။

"ဟင် ... ရှင် ... ရှင်ဟာ လူငယ်တစ်ယောက်ပဲ ရှိပါသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ချိုကျွန်းလင်သည် မျက်မှောင်ကုတ်၍ သူမကို စိုက်ကြည့်
သည်။

ပြီးမှ သူက အေးစက်တည်ငြိမ်စွာ ပြန်ပြောလိုက်၏။

"မင်းက ကျုပ်ကို ဘယ်လောက်ကြီးရင့်နေပြီလို့များ ထင်
နေလို့လဲ၊ ဒါတွေက မင်းနဲ့မဆိုင်ပါဘူး၊ မင်းနဲ့ဆိုင်တဲ့ အကြောင်းကို
ကျုပ်ပြောမယ် ... သေသေချာချာ နားထောင်၊ ဟောဒီ ဟန့်ယံ
တောင်ထိပ်ပေါ်မှာ နှစ်စဉ် တစ်နှစ်တစ်ကြိမ် ဆရာကြီးယန်းဝူကျိုး
လာရောက်တွေ့ဆုံရတာ ဒီအကြိမ်ဟာ နောက်ဆုံးပဲ၊ နောက်ထပ်
ဒီမှာ လာရောက်တွေ့ဆုံဖို့အတွက် မင်းတို့မှာ တာဝန်မရှိတော့ဘူး
မင်းကို ကျုပ်တစ်ခုတော့ မှာလိုက်ချင်ပါတယ် ... မင်းပြန်သွားတဲ့
အခါ ဟိုလူရမ်းကားကြီးငါးယောက်ကို နောင် မကောင်းမှုလုပ်ရပ်
တွေကို ဘာတစ်ခုမှ ဆက်မလုပ်ကြဖို့ သတိပေးလိုက်စမ်းပါ၊ ဒါနဲ့
သူတို့ ဆက်ပြီးကျူးလွန်ကြမယ်ဆိုရင်တော့ နောက်တစ်ကြိမ် ကျုပ်
က ဘယ်နည်းနဲ့မှ သည်းခံခွင့်လွှတ်တော့မှာ မဟုတ်ဘူးဆိုတဲ့
အကြောင်း သေသေချာချာ ပြောထားလိုက်ပါ"

ချိုကျွန်းလင်၏ စကားများက လေးနက်လှပေသည်။ သူ
သည် ပြောသည့်အတိုင်း လုပ်မည့်လူတစ်ယောက် ဖြစ်ကြောင်း ကို
ရှောင်မေ နားလည်၏။



ထို့ကြောင့် သူမသည် ရုတ်တရက် လန့်ဖျပ်သွားမိ၏။

သူမတို့အတွက် အလွန်ကြီးလေးသော တာဝန်ကြီးတစ်ရပ်
...ကျသွားပြီဖြစ်၏။

ချိုကျွန်းလင်၏ ပြောစကားအရ ...

နောင်နှစ် နောင်နှစ်များတွင် ဤဟန့်ယံတောင်ထိပ်သို့
...၍ ဆရာကြီးယန်းဝူကျိုးအား အစီရင်ခံရသည့် ချုပ်ချယ်မှုတစ်ရပ်
... လွတ်မြောက်သွားချေပြီ။

သည်အတွက် ကိုရှောင်မေမှာ ခေါင်းပေါ်တွင် ရွက်ထားရ
...ာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့ကျသွားသလို စိတ်ထဲ၌ ပေါ့ပါး
...းလေသည်။

သို့သော် ပို၍ သေချာစေရန် သူမက ထပ်၍ မေးလိုက်ပြန်
...ည်။

"ရှင်ပြောသလိုဆိုရင် အခုကစပြီး နောက်နောင်ကို ဒီဟန့်ယံ
...င်ထိပ်ပေါ် တစ်နှစ်တစ်ခါ လာရောက်ပြီး ဆရာကြီးယန်းဝူကျိုးနဲ့
...ဆုံအစီရင်ခံစေဖို့အတွက် အချုပ်အချယ် မထားတော့ဘူးလို့
...ိုတာလား"

"ဆိုလိုတာ မဟုတ်ဘူး ... ဆရာကြီးယန်းဝူကျိုးရဲ့ ကိုယ်စား
...က အတည်ပြုပြောနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ချိုကျွန်းလင်ထံမှ အတည်ပြုချက် ရရှိခဲ့လေပြီ။

ကိုရှောင်မေ အလွန်ပင် ဝမ်းသာသွားမိသည်။

မည်မျှ မည်မျှဝမ်းသာသည်ကိုမူ ဖော်မပြတတ်အောင် ဖြစ်သွားသည်။

ဤသည်ကို စောစောက ထွက်ခွာသွားကြသော သိုင်းသမားကြီးငါးယောက်သာ ကြားသိမည်ဆိုလျှင် ...

သူတို့လည်း သူမနည်းတူ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ ဧကန်မလွဲ ဖြစ်သည်။

"အို ... ဝမ်းသာလိုက်တာရှင်"

ကိုရှောင်မေက မြူးမြူးရွှင်ရွှင် ပြောလိုက်သည်။

"အေး ... မင်း ဝမ်းသာလွန်းလို့ ကျုပ်မှာတဲ့စကားတွေကို အကြောင်းကြားဖို့လည်း မေ့သွားဦးမယ်"

ချိုကျွန်းလင်က ကိုရှောင်မေ ပျော်မြူးနေသည်ကို ကြည့်၍ ပြောလိုက်သည်။

"စိတ်ချပါ ... ကျွန်မ မမေ့ပါဘူး၊ ဆက်ဆက်ပြောလိုက်ပါမယ်၊ ဒါပေမဲ့"

ကိုရှောင်မေက စကားကို ရပ်တန့်၍ စဉ်းစားဟန် ပြုလိုက်သည်။



"ဘာ ... ဒါပေမဲ့လဲ"

ချိုကျွန်းလင်က မျက်မှောင်ကုတ်၍ ကြည့်ရင်း မေးလိုက်၏။

"တခြားလူတွေကို အလွယ်တကူ ရှာတွေ့နိုင်တာမို့ ပြောပြရမှာ မခဲယဉ်းပေမယ့် ခါးကုန်းကြီးယိယန်စွန်းကိုတော့ ရှာလို့ သိပ်မလွယ်လှဘူး၊ ဒါကြောင့် သူ့ကိုတော့ ပြောဖြစ်ချင်မှ ပြောဖြစ်လိမ့်မယ်"

ချိုကျွန်းလင်သည် သူမကို စိုက်ကြည့်လိုက်ပြီး အေးစက်စက် ပြောလိုက်သည်။

"ဘာလဲ ... မင်းက သူ့ကို မပြောချင်တာနဲ့ ကျုပ်ကို ဘာညာညာ အကြောင်းပြနေတာ မဟုတ်လား"

ကိုရှောင်မေသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်သည်။ ထို့နောက် သူမသည် မျက်လွှာချ၍ ပြောလိုက်လေသည်။

"ရှင်ထင်သလို မဟုတ်ပါဘူး၊ ကျွန်မ အမှန်အတိုင်း ပြောတာပါ"

ကိုရှောင်မေ၏အမူအရာကို ကြည့်၍ သူမ အမှန်အတိုင်း ပြောနေခြင်း ဖြစ်သည်ဟု ချိုကျွန်းလင် ယုံကြည်သွားသည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ယိယန်စွန်း မည်သည့်နေရာတွင်နေသည်ကို ချိုကျန်းလ… သိပေသည်။ ဤသည်ကို … ကျိုရှောင်မေသည်လည်း သိရပေလိ… မည်။

"ယိယန်စွန်းက သဲကန္တာရအရပ်မှာ နေတာပဲမဟုတ်လား"

"အရင်ကတော့ သူ သဲကန္တာရအရပ်မှာနေတာ မှန်ပါတယ် … ဒါပေမဲ့ အခုတော့ သူ အဲဒီအရပ်မှာ ရှိမှာမဟုတ်တော့ဘူး"

ချိုကျန်းလင် မျက်မှောင်ကုတ်သွားမိ၏။

"ဘာဖြစ်လို့လဲ … သူက ဘယ်ကို ပြောင်းရွှေ့သွားပြန်ပြီ လဲ"

"ပြောင်းရွှေ့တယ်လို့တော့ မဟုတ်ပါဘူး၊ ဝေးလံတဲ့ဒေသ တစ်ခုကို သွားမယ်လို့ သူပြောဖူးလို့ပါ"

ကျိုရှောင်မေက တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

"ဝေးလံတဲ့ဒေသ … ဟုတ်လား၊ အခုလက်ရှိ သူနေတဲ့ သဲ ကန္တာရအရပ်ထက် ဝေးတဲ့နေရာ ရှိသေးလို့လား"

ဖန်ယိဟာန်က ဖြတ်၍ မေးလိုက်သည်။

"ဒီဟန့်ယံတောင်ထိပ်မှာ ဆရာကြီးယန်းဂူကျိုနဲ့ တွေ့ဆုံပြီး တဲ့နောက် တောင်ပိုင်းဒေသကို သွားမယ် … လို့ သူက ပြောသွားတာ ပဲ"



"တောင်ပိုင်းအရပ် … ဟုတ်လား၊ အဲဒီကို သူက ဘာသွား …ပ်တာလဲ"

ချိုကျန်းလင်က မေးလိုက်ခြင်း ဖြစ်သည်။

ယိယန်စွန်းတွင် အကြံအစည်တစ်ခုခု ရှိနေမည်ဟု သူတွက် …လိုက်သည်။

"အဖိုးတန်ရတနာတစ်ခုကို သွားရှာမယ်လို့ ပြောတာပဲ"

ချိုကျန်းလင်နှင့် ဖန်ယိဟာန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ ထို့နောက် နှစ်ယောက်သား ပြုံးလိုက်မိကြ …၏။

"တောင်ပိုင်းဒေသမှာ ဘယ်လို အဖိုးတန် ရတနာများ ရှိလို့ …လဲ"

ဖန်ယိဟာန်က မေးလိုက်သည်။

ကျိုရှောင်မေ အနည်းငယ် စဉ်းစားတွေးတောနေမိသည်။ …စ်အောင့်ကြာမှ သူမက တည်ငြိမ်သောလေသံဖြင့် ပြောလိုက် …သည်။

"တခြားလူတွေဆိုက ကျွန်မ ကြားမိထားသလောက်က …တော့ တစ်ချိန်တုန်းက သိုင်းလောကမှာ အထွဋ်အထိပ်ဖြစ်ခဲ့တဲ့ ဗိုက် …န်းကန်းသိုင်းဆရာကြီး ကောင်းယဉ်ရဲ့ သွေးကြောပိတ်သိုင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



သွေးထောက်စားသိုင်းပညာနှစ်မျိုးဟာ အခု တောင်ပိုင်းဒေသမှာ ပြန်လည်ပေါ်ပေါက်ပြီး ရေပန်းစားလာတယ်လို့ သိရပါတယ်၊ ယ ယန်စွန်းဟာ ဒီပညာရပ်တွေကို ရယူနိုင်ဖို့အတွက် တောင်ပိုင်းဒေသ ကို ထွက်သွားတယ်လို့ ထင်မိတာပဲ”

သူမ၏စကားကြောင့် ဖန်ယိဟန်သည် မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ချိကျန်းလင်သည်လည်း တုန်လှုပ်သွားမိလေသည်။

သို့သော် နှစ်ယောက်စလုံးပင် ဣန္ဒြေဆည်လိုက်ကြ၏။

“သွေးကြောပိတ်သိုင်းအကြောင်း ကျုပ်ဆရာကြီး ယန် ဝူကျိ ပြောသံ ကြားဖူးတယ်၊ အောက်လမ်းဂိုဏ်းရဲ့ ထိပ်တန်းအဆင့် သိုင်းပညာရပ်တစ်ခုပဲ၊ မင်းပြောတဲ့အတိုင်းသာ ဒီသိုင်းပညာရပ်ဟာ တောင်ဘက်ဒေသမှာ ပေါ်ပေါက်ပြီး ခေတ်စားနေပြီဆိုရင်တော့ ယိယန်စွန်းလို လူမျိုးလက်ထဲ ဒီပညာရောက်မသွားဖို့ အရေးကြီး တယ်”

ချိကျန်းလင်က သူကြားသိထားသရွေ့ကို ပြောလိုက်သည်။ သူ့စကားကို ဖန်ယိဟန်က ထောက်ခံ၏။

“နောင်ကြီးချိကျန်းလင်ပြောတာ မှန်တယ်၊ ဒီပညာ ယိယန် စွန်းဆီ ရောက်မသွားဖို့ဆိုတာ အရေးအကြီးဆုံးအချက်ပဲ”



“ယိယန်စွန်းက အဲဒီနေရာကို သွားဖို့ကတော့ သေချာ တယ်၊ ဒီအောက်လမ်းဂိုဏ်းရဲ့ ထိပ်တန်းအဆင့် သိုင်းပညာရပ်သာ သူ့လက်ထဲ ရောက်သွားခဲ့ရင်တော့ ရှင့်ရဲ့ အရိုပ်မဲ့အရှိန်သိုင်းပညာနဲ့ တောင် သူ့ကို ယှဉ်ပြိုင်လို့ရမှာ မဟုတ်တော့ဘူး ထင်တယ်”

ကျိရှောင်မေ၏စကားကြောင့် ချိကျန်းလင် အနည်းငယ် ကျောချမ်းသွားမိသည်။

သို့သော် သူက ဣန္ဒြေမပျက် တည်ငြိမ်စွာ ပြန်ပြောလိုက် သည်။

“မင်းပြောသလောက်လည်း မဟုတ်သေးပါဘူး၊ ကျုပ် တော့ ဘယ်နည်းနဲ့မှ မယုံဘူး”

ကျိရှောင်မေက ခိုးခိုးခစ်ခစ် ရယ်လိုက်၏။

“ဟင်း ဟင်း ဟင်း ... ရှင်က မယုံဘူး ... ဟုတ်လား၊ ဘာကယ်တမ်း နဖူးတွေ့ဒူးတွေ့ တွေ့တဲ့အခါကျမှ ကျွန်မပြောတာ မှန်တယ်ဆိုပြီး နောင်တရဖို့တောင် အချိန်မရလိုက်ဘဲ ဖြစ်နေဦးမယ်”

ကျိရှောင်မေသည် အညွန်းတော့ အတော်ကောင်းလှပေ သည်။

သွေးကြောပိတ်သိုင်းနှင့် သွေးထောက်စားသိုင်းများကို ချိ ကျန်းလင်မှာ ကြားရုံသာကြားဖူးပြီး လက်တွေ့မျက်မြင် မကြုံဖူး

www.burmeseclassic.com

www.burmeseclassic.com



သေးခဲ့ချေ။

ထို့ကြောင့်လည်း ဤပညာရပ်များ၏ အတိမ်အနက်ကို သူ မခန့်မှန်းနိုင်ပါ။

ကျိုရှောင်မေပြောသလို အောက်လမ်းဂိုဏ်း၏ ထိပ်တန်းသိုင်းပညာများသည် မိမိ၏အရိပ်မဲ့အရှိန်သိုင်းကွက်ကို ကျော်လွန်နိုင်ပါမည်လား။

ချိုကျုန်းလင်က ဖန်ယိဟန်အား လှမ်း၍ မေးလိုက်သည်။

"နောင်ကြီး ဖန်ယိဟန် ... ကောင်းယဉ်ဆိုတဲ့ သိုင်းသမားကြီးအကြောင်းကို ကြားဖူးသလား"

"ကြားဖူးတာပေါ့ ... တစ်ချိန်က အလွန်ထင်ရှားခဲ့တဲ့ ထိပ်တန်းသိုင်းသမားကြီးတစ်ယောက်ပဲ"

"သွေးကြောပိတ်သိုင်းပညာစွမ်းကကော ဘယ်လောက်များ တော်သလဲ"

"အင်း ... သွေးကြောပိတ်သိုင်းဆိုတာ သိပ်အစွမ်းထက်တဲ့ ကောင်းယဉ်ရဲ့ သိုင်းပညာတစ်မျိုးပါပဲ၊ ဒီသိုင်းပညာကို နောင်ကြီးရဲ့ အရိပ်မဲ့အရှိန်သိုင်းပညာနဲ့ ယှဉ်ပြိုင်လို့မရတာတော့ သေချာတယ်၊ ကျိုရှောင်မေပြောတာ မှန်ပါတယ်၊ ဒီပညာကို သွားပြီး အထင်မသေးလိုက်လေနဲ့ ... ဒုက္ခရောက်သွားနိုင်တယ်"



ဖန်ယိဟန်က လေးလေးနက်နက် ပြောရင်း ချိုကျုန်းလင်ကို သတိပေးလိုက်သည်။

ချိုကျုန်းလင် မျက်မှောင်ကုတ်၍ စဉ်းစားနေမိသည်။

ဖန်ယိဟန်၏စကားကိုတော့ သူက အလေးအနက်ထား၍ ယုံကြည်မိပေသည်။

ဖန်ယိဟန်၏စကားသည် လွဲမှားနိုင်စရာ အကြောင်းမရှိပေ။

သို့သော် ...

ဤသွေးကြောပိတ်သိုင်းပညာကို ယှဉ်ပြိုင်နိုင်သည့် သိုင်းပညာတစ်ခုခုတော့ ရှိရဦးမည်ဟု သူက ယူဆမိ၏။

ထို့ကြောင့် ဖန်ယိဟန်အား ဆက်၍ မေးလိုက်သည်။

"ဟုတ်ကဲ့ ... နောင်ကြီးဖန်ယိဟန်ရဲ့စကားကိုတော့ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်၊ ဒါပေမဲ့ ဒီအောက်လမ်းဂိုဏ်းရဲ့ သွေးကြောပိတ်သိုင်းကို ပိုင်ပိုင်နိုင်နိုင် ယှဉ်ပြိုင်တိုက်ဖျက်နိုင်တဲ့ သိုင်းပညာကော သိုင်းလောကမှာ မရှိတော့ဘူးလား"

ဖန်ယိဟန်သည် အတန်ကြာ စဉ်းစားနေလိုက်ပြီးမှ လေးတွဲ့စွာဖြင့် အဖြေပေးလိုက်၏။

"အင်း ... ရှိလိမ့်မယ်လို့တော့ ထင်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်၏ အဖြေစကားကို ချိုကျန်းလင် သိပ်ဘဝင်မကျမိချေ။

"ဟင် ... ဒါဖြင့် သွေးကြောပိတ်သိုင်းကို ဘယ်သိုင်းပညာနဲ့ ပိုင်ပိုင်နိုင်နိုင် တိုက်ဖျက်နိုင်မယ်ဆိုတာ နောင်ကြီးဖန်ယိဟန် ကိုယ်တိုင် မသိသေးဘူးဆိုပါတော့"

"ဟုတ်ပါတယ် ... ကျွန်တော်ကိုယ်တိုင် မသိတာတော့ အမှန်ပါပဲ၊ ဒါကို သေသေချာချာ သိချင်ရင်တော့ နောင်ကြီး ချိုကျန်းလင်ရဲ့ ဆရာကြီးယန်းဝူကျိုဟာ အတွေ့အကြုံ အကြားအမြင် အပြည့်စုံဆုံးလူတစ်ယောက်ဖြစ်လို့ သူ့ကို မေးကြည့်ရင်တော့ သိနိုင်စရာအကြောင်း ရှိပါလိမ့်မယ်"

ထိုအခါမှ ချိုကျန်းလင်သည် မိမိဆရာကြီး ယန်းဝူကျိုကို သတိရလိုက်မိလေသည်။

ဖန်ယိဟန်ပြောသည့်အတိုင်း ဆရာကြီး ယန်းဝူကျိုကတော့ ဤသည်ကို သိပေလိမ့်မည်ဟု ချိုကျန်းလင် ကောင်းစွာ ယုံကြည်မိ၏။

"ဪ ... ဟုတ်သားပဲ ... ဒါကို ကျွန်တော် မေ့နေလိုက်တာ"

ထို့နောက် ချိုကျန်းလင်သည် ကျိုရှောင်မေဘက်သို့ လှည့်၍ ပြောလိုက်လေသည်။



"ကဲ ... မင်းလည်း သွားလိုရာကို သွားနိုင်ပါပြီ"

"ဟုတ်ကဲ့ ... ကျွန်မလည်း သွားတော့မလို့ပါပဲ"

ကျိုရှောင်မေက ခပ်နွဲ့နွဲ့ကလေး ပြုံး၍ ပြောလိုက်သည်။

သူမသည် လူငယ်သိုင်းသမားနှစ်ဦးအား ဦးညွတ်လိုက်ပြီးနောက် နှုတ်ဆက်အပြုံးနှင့်အတူ ဟန်နယ်တောင်ပေါ်မှ တရွေ့ရွေ့ဆင်းသက်ထွက်ခွာသွားလေတော့သည်။

ချိုကျန်းလင်သည် လေးထောင့်ကျောက်ပြားကြီးအောက်မှ သူ၏အဝတ်ထုပ်ကို ထုတ်ယူကာ မီးခိုးရောင်ဝတ်ရုံကြီးနှင့် သားရေချုပ်နှာဖုံးတို့ကို အဝတ်ထုပ်အတွင်း ပြန်လည်ထုပ်သိမ်းလိုက်သည်။

ပြီးမှ ဖန်ယိဟန်အား ဦးညွတ်၍ လေးလေးစားစား မေးလိုက်လေသည်။

"နောင်ကြီးကော ကျွန်တော့်ဆရာကြီး ယန်းဝူကျိုနဲ့ တွေ့ရအောင် လိုက်ခဲ့ဦးမလား"

ဖန်ယိဟန်က ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ၊ ဆရာကြီး ယန်းဝူကျိုလို ပုဂ္ဂိုလ်မျိုးနဲ့ တွေ့ဆုံသင့်ပါတယ်"

ထို့နောက် သူတို့နှစ်ဦးသည် သိုင်းသမားကြီး ငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေတို့ ထွက်ခွာသွားသော လမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဟန့်ယံတောင်ထိပ်၏ ဘယ်ဘက်ရှိ တောလမ်းအတိုင်းဆင်း၍ ထွက်ခွာသွားကြလေသည်။

ဟန့်ယံတောင်ကြီးသည် ငြိမ်သက်စွာဖြင့် သူတို့နောက်၌ ထီးထီးကြီး ကျန်ရစ်ခဲ့လေတော့သတည်း။



## ပျောက်ဆုံးနေသော ယန်းဝူကျို

ဟန့်ယံတောင်ထိပ်၏အောက်ဘက် ဆင်ခြေလျှောတစ်နေရာတွင် တောင်ခါးပန်းကိုမှီ၍ ဆောက်လုပ်ထားသော တဲအိမ်ကြီးတစ်လုံးကို တွေ့ရလေသည်။

သစ်ပင်များကို အကာအကွယ်ယူ၍ ဆောက်လုပ်ထားခြင်းကြောင့် ရုတ်တရက်ကြည့်မည်ဆိုလျှင် ထိုတဲအိမ်ကို တွေ့မြင်နိုင်လိမ့်မည် မဟုတ်ပေ။

ထို့ပြင် ...

အိမ်၏ရှေ့ဘက်တွင် အလွန်နက်ရှိုင်းသော လျှိုကြီးတစ်ခုရှိနေပြီး ယင်းလျှိုကြီးသည် ချောက်ကမ်းပါးတောင်စောက်ကြီးအဖြစ် တောင်ခြေဘက်ဆီသို့ လျှောဆင်းသွားလေသည်။

အိမ်၏ဘေးပတ်လည်တစ်ဝိုက်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်ဝါးပင်များနှင့်အတူ ကျောက်တောင်ကျောက်ဆောင်များ ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘာဝအလျောက် ဖြစ်ပေါ်နေသော လျှိုကြီးနှင့်သစ်ပင်၊ ဝါးပင်၊ ကျောက်တောင် ကျောက်ဆောင်များကပင် တဲအိမ်ကြီးအား လုံခြုံစိတ်ချစွာ အကာအကွယ်ပြုပေးထားသလို ဖြစ်နေတော့၏။

ယင်းတဲအိမ်ကြီးဆီသို့ သွားရောက်ရန် ဆက်သွယ်နိုင်သည့် လမ်းမှာ တစ်လမ်းတည်းသာလျှင် ရှိလေသည်။

ထိုလမ်းမှာ ...

ဟန့်ယံတောင်ထိပ်၏ဘယ်ဘက်မှ ဆင်းလာသော တောလမ်းကလေးပင် ဖြစ်သည်။

ချိုကျွန်းလင်သည် ဖန်ယိဟန်ကို တောလမ်းကလေးအတိုင်း ဦးဆောင်ခေါ်လာခဲ့၏။

မကြာမီမှာပင် သူတို့သည် ထိုတဲအိမ်ဆီသို့ ရောက်ရှိလာခဲ့ကြလေသည်။

တဲအိမ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

တဲအိမ်ဆောက်လုပ်နေရာယူထားသော အနေအထားကို ကြည့်ရင်း ဖန်ယိဟန် သဘောကျမိလေသည်။

ယန်းဂူကျိုသည် နေရာအရွေး တော်လှပေသည်။ လေကွယ်ရာအရပ် ဖြစ်သော်လည်း ဟန့်ယံတောင်ထိပ်မှာထက် အအေးဓာတ် ပိုသည်ကို ဖန်ယိဟန် ခံစားမိလေသည်။



ဤနေရာသည် ...

သိုင်းပညာလေ့ကျင့်ရန်နှင့် သိုင်းအားထုတ်ရန် အလွန်သင့်လျော်သောနေရာတစ်ခုပင် ဖြစ်ပေသည်။

သဘာဝအနေအထားနှင့် တဲအိမ်ကလေးကိုကြည့်ရင်း ဖန်ယိဟန်ပင် နေချင်စိတ်ပေါက်လာ၏။

"နောင်ကြီးရဲ့ ဆရာကြီး ယန်းဂူကျိုက နေရာအရွေးတော်တယ် မဟုတ်လား ... ဒီနေရာကို ကျွန်တော် သိပ်ကိုသဘောကျသွားပြီ"

ချိုကျွန်းလင်က ပြုံးလိုက်သည်။

"နောင်ကြီး နေချင်တယ်ဆိုရင် အချိန်မရွေး လာနေနိုင်ပါတယ် ခင်ဗျာ ... ကျွန်တော်တို့က လှိုက်လှဲဝမ်းသာစွာ ကြိုဆိုပါတယ်"

အိမ်ထဲကို ဝင်လာကြပြီးနောက် ချိုကျွန်းလင်က ဖန်ယိဟန်ကို အိမ်ရှေ့တွင် ထိုင်ခိုင်းလိုက်သည်။

ထို့နောက် သူသည် အဝတ်ထုပ်ကလေးကိုကိုင်၍ အတွင်းဘက်သို့ ဝင်သွားလေသည်။

ဖန်ယိဟန်သည် အိမ်ရှေ့တွင် ထိုင်ကျန်ခဲ့ရာမှ အိမ်၏အခြေအနေကို အကဲခတ်ကြည့်နေမိသည်။

တဲအိမ်ကလေးသည် ဆိတ်ငြိမ်သော တောတောင်ထဲတွင် အတော်ပင် နေချင်စရာကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တဲအိမ်ကို အကဲခတ်ရင်း သဘောကျနေမိသည်

ထိုစဉ်မှာပင် ...

ချိုကျွန်းလင်သည် အိမ်ခန်းထဲမှ သုတ်သီးသုတ်ပျာဖြင့် ပြ
ထွက်လာသည်ကို တွေ့လိုက်ရ၏။

သူ၏ပုံစံက ... တစ်စုံတစ်ရာကို စိုးရိမ်မှုပန်နေပုံမျိုး ဖြ
သည်။

သူ၏မျက်လုံးအစုံကလည်း ကျီးကန်းတောင်းမှော
လျှောက်ကြည့်နေ၏။

"နောင်ကြီး ဖန်ယိဟန် ... ဒုက္ခပဲဗျာ ... ကျွန်တော့်ဆ
ကြီးကို တစ်အိမ်လုံးအနှံ့ ဘယ်မှာမှ ရှာမတွေ့တော့ဘူး၊ သူ ပျော
နေတယ်၊ ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး"

ချိုကျွန်းလင်က ပျာယီးပျာယာဖြင့် အမောတကော ပြေ
လိုက်သည်။

သူ့စကားကို ကြားသောအခါ ဖန်ယိဟန်ပင်လျှင် ထိ
လန့်တကြား ဖြစ်သွား၏။

"ဟင် ... ဆရာကြီး ယန်းဂူကျိ ပျောက်နေတယ်၊ သေ
ချာချာ ကြည့်ပါဦး ... သူ့အခန်းထဲမှာ စာလေးဘာလေးများ ရေ
မထားခဲ့ဘူးလား"



"ကျွန်တော် သေသေချာချာ ကြည့်ပြီးပါပြီ ... ဘာစာမှ
ရေးထားခဲ့တာ မတွေ့ရဘူး"

ချိုကျွန်းလင်က သူကိုယ်တိုင် စေ့စပ်သေချာစွာ ရှာဖွေပြီး
ဖြစ်သည့်အလျောက် မည်သည့်သဲလွန်စမှ မတွေ့မိကြောင်း ထပ်မံ၍
ပြောလိုက်သည်။

ဖန်ယိဟန်သည် မျက်မှောင်ကုတ်၍ စဉ်းစားနေမိ၏။

ယန်းဂူကျိသည် သိုင်းပညာအတွင်းအား လေ့ကျင့်ရာမှ
အတိမ်းအစောင်းဖြစ်ပေါ်ကာ အကြောတွင် ဒဏ်ရာရထားသဖြင့်
ကောင်းစွာလမ်းမလျှောက်နိုင်ဟု သိထားခဲ့သည်။

ဤသို့ ကောင်းစွာ လမ်းမလျှောက်နိုင်သူတစ်ယောက်
ပျောက်ဆုံးနေသည်ဆိုခြင်းကို စဉ်းစားစရာ ဖြစ်နေသည်။

"အင်း ... ဒီအတိုင်းဆိုရင်တော့ အတော်ကလေး ဆန်းကြယ်
နေပြီ၊ ဆရာကြီး ယန်းဂူကျိဟာ လမ်းကောင်းကောင်း မလျှောက်နိုင်
ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ညက ဟိုသိုင်းသမား လူရမ်း
ကားကြီးတွေနဲ့ တွေ့ဆုံဖို့တောင် သူကိုယ်တိုင်မသွားဘဲ ကျွန်တော့်ကို
ကိုယ်စားလွှတ်လိုက်တာပဲ"

ချိုကျွန်းလင်သည် မျက်စိပျက် မျက်နှာပျက်ဖြင့် အဖြေ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၏။

"အင်း ... ဒါဆို သွေးရိုးသားရိုး ပျောက်သွားတာမှ ဟုတ်ရဲ့လား မသိဘူး"

ယန်းဝူကျို ပျောက်ဆုံးနေသည့်ကိစ္စတွင် ဖန်ယိဟာန် မသင်္ကာစရာ သံသယအတွေးများ ဖြစ်ပေါ်နေမိ၏။

သူ့အား တစ်စုံတစ်ယောက်က ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်မည်ဟု ထင်မိသည်။

ယန်းဝူကျိုကဲ့သို့သော သိုင်းအဓိပတိကြီးတစ်ယောက်အား ... တော်ရုံတန်ရုံနှင့်တော့ အလွယ်တကူ ဖမ်းဆီးသွားနိုင်လိမ့်မည် မဟုတ်ချေ။

နိုင်ပေါက်တစ်ခုခုနှင့် အကျပ်ကိုင်၍ ခေါ်သွားခြင်းလည်း ဖြစ်နိုင်၏။

သို့တည်းမဟုတ် ...

အလစ်တွင် အကြောပိတ်၍ ခေါ်သွားခြင်းမျိုးလည်း ဖြစ်နိုင်၏။

မည်သို့ဖြစ်စေ ဤကိစ္စကို ပေါ့ပေါ့တန်တန် အေးနေ၍ မဖြစ်ပေ။

ဖန်ယိဟာန်နည်းတူ ဤအချက်များကို ချိုကျန်းလင်ကလည်း



တွေးတောစဉ်းစားမိပါသည်။

"နောင်ကြီး ဖန်ယိဟာန် ... ကျွန်တော့်ဆရာကြီးကို တစ်ယောက်ယောက်က ဖမ်းဆီးခေါ်ဆောင်သွားတာပဲ ဖြစ်ရမယ်၊ သူ့ဆန္ဒအလျောက်ဆိုရင် အိမ်ထဲက အိမ်ပြင်ကို တစ်လှမ်းမှ ထွက်သွားချင်တဲ့သူ မဟုတ်ဘူး"

ချိုကျန်းလင်က မကျေနပ်သောလေသံနှင့်ပြောလိုက်သည်။

"ဟုတ်တယ် ... ကျွန်တော်လည်း ဒါကိုပဲ စဉ်းစားနေမိတယ်၊ ဒါကြောင့် အခု ဆက်လုပ်ဖို့ကတော့ သူ့ကို ဘယ်သူက ဖမ်းဆီးခေါ်ဆောင်သွားတယ်ဆိုတာ နောင်ကြီး စုံစမ်းရလိမ့်မယ်"

ဖန်ယိဟာန်က စဉ်းစား၍ ပြောလိုက်သည်။

"ဟုတ်ကဲ့ ... နောင်ကြီး ခဏထိုင်ဦးနော်၊ ကျွန်တော် အိမ်ထဲဝင်ပြီး ထပ်ရှာကြည့်လိုက်ဦးမယ်"

ချိုကျန်းလင်သည် အိမ်အတွင်းဘက်သို့ ပြန်လှည့်ဝင်သွားလေ၏။

အိမ်ရှေ့တွင်ကျန်ခဲ့သော ဖန်ယိဟာန်သည်လည်း အငြိမ်ထိုင်မနေဘဲ ဧည့်ခန်းထဲတွင် ခြေရာလက်ရာ သဲလွန်စ တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား လိုက်လံရှာဖွေကြည့်နေမိ၏။

သို့သော် အချိန်သာ ကုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးပင် မည်သည့်သဲလွန်စကိုမျှ ရှာဖွေ၍ မရကြပေ။

အစရှာမရသော အရေးကိစ္စအတွက် ချိုကျွန်းလင် စိတ်ဓာတ်များပင် ကျစပြုလာပြီ ဖြစ်၏။

ဖန်ယိဟာန်ကမူ ဖွဲ့ကောင်းလှသည်။

စိတ်ဓာတ်ကျရမည့်အစား ဖြစ်နိုင်မည့်နည်းလမ်းမျိုးစုံကို တွေးတောစဉ်းစားနေမိ၏။

"ဘယ်လောက်ပဲ အခက်အခဲ၊ အကျဉ်းအကျပ်နဲ့ တွေ့ကြုံရင်ဆိုင်နေရဦးတော့ ... နောင်ကြီးရဲ့ ဆရာကြီး ယန်းဂူကျိဟာ ကျုပ်တို့အတွက် အမှတ်အသားကလေးတစ်ခုခုတော့ ထားရစ်ခဲ့မှာ သေချာပါတယ်၊ ဒါကို ကျွန်တော်တို့ တွေ့အောင်ရှာနိုင်ဖို့ အရေးကြီးတယ်"

စိတ်ပျက်နေသော ချိုကျွန်းလင်ကို ဖန်ယိဟာန်က အားပေးရင်း အကြံပြုလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီအတွက် ကျွန်တော်လည်း သံသယဖြစ်နေမိတယ်၊ ဆရာကြီးဟာ ကျွန်တော့်အတွက် သဲလွန်စအမှတ်အသား တစ်ခုခု ထားခဲ့မှာတော့ သေချာတယ်၊ ဒါကို ရှာမတွေ့တာပဲ ကျွန်တော် မကျေမနပ်ဖြစ်နေမိတာ"



ဖန်ယိဟာန်သည် အနည်းငယ် စဉ်းစားတွေးတောနေမိသည်။

ထိုစဉ် ...

သူ့အသိတွင် အကြောင်းအရာတစ်ခုက ဖျတ်ခနဲ ဝင်ရောက်ထင်ဟပ်လာသည်။

သူက အားတက်သရော မေးလိုက်သည်။

"နောင်ကြီးရဲ့ ဆရာကြီး ယန်းဂူကျိဟာ နေ့စဉ် ဘယ်နေရာမှာ သိုင်းလေ့ကျင့်အားထုတ်လေ့ ရှိသလဲ"

"သူ့အခန်းထဲက ခုတင်ပေါ်မှာပဲ လေ့ကျင့်အားထုတ်တာပဲ"

"ဒါဆို သူ့ခုတင်မှာပဲ အမှတ်အသားတစ်ခုခု တွေ့နိုင်ပါလိမ့်မယ်"

ဖန်ယိဟာန်၏စကားကြောင့် ချိုကျွန်းလင် အားတက်သွားမိသည်။

ထို့ကြောင့် သူသည် ဆရာကြီးယန်းဂူကျိ၏ အခန်းထဲသို့ အပြေးဝင်ရောက်သွား၏။

သူ၏နောက်မှ ဖန်ယိဟာန်ကလည်း ခပ်သွက်သွက် လိုက်ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန် အခန်းတွင်းသို့ ရောက်သွားသောအခါ ထရံနှင့် ကပ်လျက်ရှိသော ခုတင်တစ်လုံးဘေးတွင် ချိုကျွန်းလင်အား ရပ်လျက် ငိုင်တွေတွေ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"နောင်ကြီး ချိုကျွန်းလင် ... ဘာများ တွေ့ရလို့လဲ"

ချိုကျွန်းလင်ကိုကြည့်ရင်း ဖန်ယိဟန်က မေးလိုက်သည်။

ချိုကျွန်းလင်သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးပင်စွာ ချလိုက်ရင်း ...

"နောင်ကြီးဖန်ယိဟန် ဆရာကြီးယန်းဂူကျိုကို တစ်ယောက်ယောက်က ခြိမ်းခြောက်ပြီး ခေါ်ဆောင်သွားတာ အမှန်ပဲဗျို"

ဖန်ယိဟန်က စိတ်ဝင်စားစွာဖြင့် ပြန်မေးလိုက်၏။

"ဟုတ်လား ... ဘယ်သူက ခြိမ်းခြောက်ခေါ်ဆောင်သွားတာလဲ၊ ဆရာကြီးက ဒီလူရဲ့နာမည်ကိုကော ရေးပြထားခဲ့သေးလား"

"နာမည်ရယ်လို့ အတိအကျတော့ ရေးမထားခဲ့ပါဘူး၊ ဒါပေမဲ့ ဒီခုတင်စောင်းမှာ 'ယိ' ဆိုတဲ့ စာလုံးတစ်လုံးတော့ ရေးခြစ်ထားတာ တွေ့ရတယ်"

ချိုကျွန်းလင်က လေးတွဲစွာဖြင့် ပြောလိုက်သည်။

သူသည် အနည်းငယ် စဉ်းစားဟန်ပြုလိုက်ပြီး သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။



"ကျွန်တော့်စိတ်ထင်ပြောရရင်တော့ ယိယန်စွန်းရဲ့ လက်ချက်များ ဖြစ်နေမလားပဲ"

ဖန်ယိဟန်က ခေါင်းခါယမ်း၍ ပြုလိုက်သည်။ ချိုကျွန်းလင် သူဆသလို ယိယန်စွန်း၏လက်ချက်ဟု သူ မထင်မိချေ။

အကြောင်းမူကား ...

ညက ချိုကျွန်းလင်သည် ဆရာကြီးယန်းဂူကျိုအဖြစ် ဟန်ဆောင် ရုပ်ဖျက်ထားသည်ကို ယိယန်စွန်း လုံးဝ ရိပ်မိသိရှိခဲ့ပုံ မရသောကြောင့်တည်း။

ကိုရှောင်မေတစ်ယောက်မှလွဲ၍ ကျန်သိုင်းသမားကြီး ငါးယောက်စလုံးက ချိုကျွန်းလင်အား ယန်းဂူကျိုအစစ်ဟုသာ ထင်ထားခဲ့ကြသည် မဟုတ်ပါလား။

ထို့ကြောင့် ...

ယခုကိစ္စသည် ယိယန်စွန်း၏လက်ချက် မဖြစ်နိုင်ကြောင်း ဖန်ယိဟန် လက်ခံယုံကြည်မိခြင်း ဖြစ်ပေသည်။

"ဒါဖြင့် ယိယန်စွန်းမဖြစ်နိုင်ရင် တခြား ဘာအဓိပ္ပာယ်များ ရှိနိုင်သေးသလဲဆိုတာ စဉ်းစားပါဦး နောင်ကြီးဖန်ယိဟန်"

ချိုကျွန်းလင်က ဖန်ယိဟန်ထံမှ အကြံဉာဏ် ဆက်လက်တောင်းခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်သည် ခုတင်အနီးသို့ တိုးကပ်၍ ကြည့်လိုက်၏။ ခုတင်စောင်းတစ်နေရာကို ချိုကျန်းသင်က လက်ညှိုးထိုး၍ ညွှန်ပြလိုက်သည်။

ချိုကျန်းလင် ညွှန်ပြသောနေရာတွင် ...

'ယိ'

... ဆိုသော စာ လုံးတစ်လုံးကို တွေ့လိုက်ရ၏။

ထိုပြင် မထင်မရှား ဖြစ်နေသော ကျန်စာလုံးများကို ဖန်ယိဟာန် တွေ့လိုက်ရလေသည်။

"နောင်ကြီး ချိုကျန်းလင် ... ဒီမှာ 'ယိ' ဆိုတဲ့ စာလုံးတစ်လုံးတည်း မဟုတ်ဘူးဗျ"

ဖန်ယိဟာန်က လှမ်း၍ ပြောလိုက်သည်။

ချိုကျန်းလင်သည် အံ့အားသင့်စွာဖြင့် ဖန်ယိဟာန်ကို မေးလိုက်လေသည်။

"နောင်ကြီးက နောက်ထပ်တခြားစာလုံးများ တွေ့မိသေးလို့လား"

"ဟုတ်တယ် ... ဒီမှာ သေသေချာချာ ကြည့်စမ်းပါဦး"

ချိုကျန်းလင်သည် ခုတင်အနီးသို့ ကပ်၍ ဒူးထောက်ကာ သေချာစွာ ကြည့်လိုက်မိသည်။



"နောင်ကြီးရဲ့ဆရာကြီးက ကမန်းကတန်းနဲ့ ရေးလိုက်ရတဲ့ ...ွက် 'ယိ' အောက်က စာလုံးတွေက အားနည်းသွားပြီး မထင် ...း ဖြစ်သွားတာပါ"

ဖန်ယိဟာန်က ပြောလိုက်သည်။

ချိုကျန်းလင်သည် အနီးကပ်၍ သေချာအကဲခတ် ဖတ်ရှု ...ည့်လိုက်သည်။

အောက်မှစာလုံးသည် မထင်မရှားဖြစ်နေသောကြောင့် ...ဘာ်ပင် ခဲခဲယဉ်းယဉ်း ဖတ်ရှုရသည်။

"အင်း ... အောက်စာလုံးက တောင်ကြားလို့ အဓိပ္ပာယ်ရတဲ့ ...' ဆိုတဲ့ စာလုံးနဲ့တော့ ခပ်ဆင်ဆင်ပဲ"

အတန်ကြာ ဖတ်ရှုလိုက်ပြီးမှ ချိုကျန်းလင်က စဉ်းစဉ်းစား ... ပြောလိုက်ခြင်း ဖြစ်သည်။

ဖန်ယိဟာန်က ခေါင်းခါယမ်း၍ ပြောလိုက်သည်။

"နောင်ကြီးပြောသလို ဒါဟာ 'ရှု' ဆိုတဲ့ စာလုံးမဟုတ်ဘူး ... ကျွန်တော် ဆက်စပ်ကြည့်မိသလောက် ပြောရမယ်ဆိုရင်တော့ ...' ဆိုတဲ့ စာလုံးပဲဖြစ်ရမယ်၊ နောက်ပြီးတော့ သူ့အောက်မှာ 'သိုင်း ...မ်းစာအုပ်' ဆိုတဲ့ စာတန်းကိုလည်း မထင်မရှား ခပ်ဝါးဝါး တွေ့ရ ...ယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန် ရှင်းပြသည်ကို ချိုကျန်းလင် သဘောပေါက်သွား သွားသည်။

"ဒါဖြင့် အားလုံးဆက်စပ်လိုက်ရင် 'ယိချိန်သိုင်းကျမ်း စာအုပ်' လို့ အမိပ္ပာယ်ရတာပေါ့ ... ဟုတ်ရဲ့လား"

"ဟုတ်တယ် ... ဒီလိုပဲ အဓိပ္ပာယ်ရတာပဲ၊ ယိချိန်သိုင်းကျမ်းစာအုပ်နဲ့ပတ်သက်ပြီး နောင်ကြီးရဲ့ဆရာကြီး ပြောဖူးဆိုဖူးတာများ ရှိခဲ့သလား ... သေသေချာချာ စဉ်းစားကြည့်ပါဦး"

ဖန်ယိဟန် သတိပေးလိုက်မှ ချိုကျန်းလင် ပြန်လည်စဉ်းစားကြည့်လိုက်မိသည်။

"အင်း ... ဒီအကြောင်းကို တစ်ခါတော့ သူပြောဖူးတယ် ဒီ သိုင်းကျမ်းစာအုပ်နဲ့ ဆရာကြီးယန်းဝူကို ပျောက်ဆုံးရတာနဲ့ ဘယ်လိုများ ဆက်စပ်ပတ်သက်စရာ အကြောင်းရှိလို့လဲ၊ ကျွန်တော်တော့ နားမလည်နိုင်အောင်ကိုပဲ ဖြစ်နေတယ်"

ချိုကျန်းလင်က စိတ်ရှုပ်ဟန်ဖြင့် ညည်းညူပြောဆိုလိုက်သည်။

"အခုနေတော့ ဒါကို ကျွန်တော်တို့ ဘယ်အတိအကျ သိနိုင်ဦးမလဲ၊ ဒါပေမဲ့ ဆရာကြီး ယန်းဝူကိုဟာ ဒီစာလုံးတွေကို အကြောင်းမဲ့သက်သက်တော့ ရေးခြစ်ပစ်ခဲ့မှာ မဟုတ်ဘူး၊ အကြောင်းထူး တစ်ခုတော့ ရှိမှာသေချာတယ်၊ ဒီစာလုံးတွေကို ကျွန်တော်တို့ အနေနဲ့ အလေးအနက်ထားပြီး စဉ်းစားဖို့ လိုလာပြီ"

ဖန်ယိဟန်၏စကားများက လေးနက်လှပေသည်။

သို့သော် ချိုကျန်းလင်မှာမူ မည်သို့မျှ မစဉ်းစားတတ်အောင် ဖြစ်နေ၏။

"နောင်ကြီးပြောတာ မှန်တော့မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်သိသလောက်တော့ ဒီယိချိန်သိုင်းကျမ်းစာအုပ်အကြောင်း သူပြောရုံသာပြောဖူးတာပါ၊ ဒါပေမဲ့ ကျွန်တော်သိသလောက်တော့ ယိချိန်သိုင်းကျမ်းစာအုပ် သူ့ဆီမှာ မရှိတာတော့ သေချာတယ်၊ စာအုပ် သူ့ဆီမှာရှိနေလို့ ရယူချင်သူတွေက အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားတယ်ဆိုရင်လည်း ဟုတ်သေးတယ်၊ အခုတော့ ဒီစာအုပ်က သူနဲ့ဘယ်လိုပတ်သက်ပြီး ဘာကြောင့် အခုလို ပျောက်ဆုံးနေရတယ်ဆိုတာ စဉ်းစားလို့ကို မရဘူး"

ချိုကျန်းလင်သည် ပြောရင်း ပြောရင်း ဦးနှောက်ခြောက်လာ၏။

ယခုကိစ္စသည် ဘဲဥအစရှာမရသည့်ကိန်းမျိုး ဆိုက်နေပေသည်။

မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည်ကိုပင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တတ်အောင် ဖြစ်လျက်ရှိသည်။

"တစ်ခုရှိတာက ဒီယိချိန်သိုင်းကျမ်းစာအုပ်နဲ့ ပတ်သက် လျှို့ဝှက်ချက် တစ်စုံတစ်ရာကို နောင်ကြီးရဲ့ဆရာကြီး ယန်းဝူကျ သိထားပါလိမ့်မယ်၊ ဒါကြောင့် ဒီလျှို့ဝှက်ချက်ကို ဖော်ထုတ် တစ်စုံတစ်ယောက် ဒါမှမဟုတ် ူတစ်စုက သူ့ကို ဖမ်းဆီး ဆောင်သွားတာပဲ ဖြစ်ရမယ်"

ဖန်ယိဟန်က သူစဉ်းစားတွေးတော၍ ရသလောက် ပြောဆိုလိုက်သည်။

ဖန်ယိဟန်၏အယူအဆကို ချိုကျန်းလင်က အပြန် အလှန်လှန် လေ့လာသုံးသပ်ကြည့်မိ၏။

ဖန်ယိဟန်ပြောသည်က ရာခိုင်နှုန်းအတော်များများ နိုင်စွမ်း ရှိပေသည်။

ဤနည်းမှလွဲ၍လည်း အခြားဖြစ်နိုင်စရာအကြောင်း ကို စဉ်းစား၍မရတော့ချေ။

ယခုအတိုင်းဆိုလျှင် ဆရာကြီးယန်းဝူကျိသည် ယိချိန် ကျမ်းစာအုပ်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်တစ်ခုခုကို သိရှိ သည်မှာ သေချာနေပြီ။

ဤလျှို့ဝှက်ချက်ကို ဖော်ထုတ်ရန်အတွက်ပင်လျှင်



ကြီးယန်းဝူကျိအား တစ်ဦးတစ်ယောက်က ခြိမ်းခြောက်အကျပ်ကိုင်၍ ခေါ်ဆောင်သွားခြင်း ဖြစ်ပေမည်။

ထိုသူသည် ...

မည်သူဖြစ်မည်နည်း။

ချိုကျန်းလင်သည် အိပ်မက်တစ်ခုခုမှ နိုးထလာသူကဲ့သို့ မျက်နှာတစ်ခုလုံး ကြည်လင်ဝင်းပလာပြီး လက်ဖျောက်တစ်ချက် တီးလိုက်မိ၏။

ဆရာကြီးယန်းဝူကျိသည် ယိချိန်သိုင်းကျမ်းစာအုပ် မည်သည့်နေရာတွင်ရှိကြောင်း တစ်ခါက ပြောဖူးခဲ့လေသည်။

ထိုနေရာကိုသိသူဆို၍ ဆရာကြီးယန်းဝူကျိ အပါအဝင် စုစုပေါင်းမှ လူငါးယောက်သာရှိသည်ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလော။

ဤအချက်ကို ချိုကျန်းလင် စောစောက သတိမရမိ။

ဦးနှောက်များ ပူထူနေ၍ပဲလား ...၊

သူကိုယ်တိုင်ကပင် မှတ်ဉာဏ်မကောင်းတော့၍ပဲလား ... မပြောတတ်တော့ပါ။

ခေါင်းအေးအေးထား၍ ပြန်စဉ်းစားတော့မှ ဤအကြောင်းအရာများက ခပ်ရေးရေး ပြန်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... နောင်ကြီး ဖန်ယီဟာန်ပြောတဲ့အတိုင်းပဲ ဖြစ်ရမယ်၊ ဒါကို ကျွန်တော် အခုမှ စဉ်းစားမိတယ်"

ချိုကျန်းလင်သည် တက်ကြွစွာ ပြောလိုက်၏။

သူ့အမူအရာကိုကြည့်၍ ဖန်ယီဟာန်လည်း အားတက်လာ၏။

"ဆိုစမ်းပါဦး ... နောင်ကြီးက ဘာတွေများ စဉ်းစားမိလို့လဲ"

ချိုကျန်းလင်သည် တောက်ပသောမျက်လုံးများနှင့် ပြုံး၍ သူစဉ်းစားမိသည်များကို ပြန်လည်ပြောကြားလိုက်၏။

"ဒီ ယိချိန်သိုင်းကျမ်းစာအုပ်ဟာ တောင်ဘက်အရပ်က တောရိုင်းတစ်နေရာမှာ လျှို့ဝှက်စွာ ဝှက်ထားတယ်လို့ ဆရာကြီးယန်းဂူကျိုက ပြောဖူးတယ်"

ဖန်ယီဟာန်သည် ချိုကျန်းလင်၏စကားကို အလွန်ပင် စိတ်ဝင်စားသွားမိသည်။

"ဟုတ်လား ... ဒီ့ပြင်ကော ဘာပြောသေးသလဲ၊ အဲဒီနေရာကို ဆရာကြီးယန်းဂူကျိုက သိတယ်တဲ့လား"

ဖန်ယီဟာန်က အားတက်သရော ခပ်သွက်သွက် ပြန်မေးလိုက်သည်။



"ဟုတ်တယ် ... အဲဒီနေရာကို ဆရာကြီးယန်းဂူကျိုအပါအဝင် စုစုပေါင်း ငါးယောက်ပဲ သိတယ်လို့ ပြောတာပဲ"

"ဟုတ်လား ... တခြားဘယ်သူတွေလဲ"

ဖန်ယီဟာန်က အလောတကြီး မေးလိုက်၏။

ချိုကျန်းလင်သည် စဉ်းစား၍ အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

"ဆရာကြီးယန်းဂူကျိုအပြင် နည်းလှည့်သိုင်းသမားသုံးဖော်နဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်တို့ပါပဲ"

ဖန်ယီဟာန်သည် စိတ်ဝင်စားစွာ နားထောင်နေရာမှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် အေးစက်စက် ပြောလိုက်မိသည်။

"ဩော် ... သူတို့တစ်တွေလည်း ဒီအကြောင်းကို သိနေကြတယ်ပေါ့ ... ဟုတ်လား"

ချိုကျန်းလင်က ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာကြီးယန်းဂူကျို ပြောပြချက်အရ ဆိုရင်တော့ သူတို့လည်း ဒီယိချိန်သိုင်းကျမ်းစာအုပ်အကြောင်းနဲ့ ဒီစာအုပ်ရှိတဲ့နေရာကို သိထားကြပါတယ်"

ဖန်ယီဟာန်သည် လေးနက်စွာ စဉ်းစားလိုက်ပြီးနောက် ဆက်၍ မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးရဲ့ဆရာကြီး ယန်းဂူကျိုက ယိချိန်သိုင်းကျမ်း စာအုပ်ကြီးရဲ့ အတွင်းရေးအကြောင်းတရားများနဲ့ပတ်သက်ပြီး ဘယ်လို လျှို့ဝှက်ချက်မျိုးများ ပြောဖူးသေးသလဲ"

"ဆရာကြီး ပြောပြသလောက်တော့ ယိချိန်သိုင်းကျမ်းဟာ အလွန်မှ ခက်ခဲနက်နဲပြီး တိမ်ကောပျောက်ကွယ်လုနီးနီး ဖြစ်ခဲ့တဲ့ သိုင်းပညာတစ်ရပ်လို့ သိရပါတယ်၊ ဒါကြောင့်လည်း သူက ဒီအကြောင်းနဲ့ပတ်သက်ပြီး သိပ်ပြောချင်စိတ်ရှိပုံ မပေါ်ဘူး"

ချိုကျန်းလင်က သူမှတ်မိသလောက် ပြန်လည်စဉ်းစားပြီး ပြောလိုက်၏။

ထိုအခါ ဖန်ယိဟာန်သည် မျက်မှောင်ကြုတ်၍ ကောက်ချက်ချလိုက်မိ၏။

တစ်စုံတစ်ယောက်သည် သိုင်းအမိပတိကြီး ယန်းဂူကျိုအား သိုင်းကျမ်းစာအုပ်ကြီးကို ရှာဖွေပေးရန်နှင့် ထိုစာအုပ်နှင့်ပတ်သက်သော လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးရန်အတွက် အကျပ်ကိုင်၍ ခေါ်ဆောင်သွားခြင်းပင် ဖြစ်ရမည် ...

ဟု ဖန်ယိဟာန်က သေချာပေါက် မှတ်ယူတွက်ဆလိုက်လေတော့သည်။

"ဒီအတိုင်းဆိုရင်တော့ ဟုတ်ပါပြီ၊ နောင်ကြီးချိုကျန်းလင်



[illegible]ခင်ကြီးရဲ့ပြောစကားတွေနဲ့ ခုတင်မှာ ရေးခြစ်ထားတာတွေကို [illegible]ပ်ကြည့်လိုက်တဲ့အခါ ဆရာကြီးယန်းဂူကျို ပျောက်ဆုံးသွားတာ [illegible]ဒီယိချိန် သိုင်းကျမ်းစာအုပ်နဲ့ ကျိန်းသေပေါက် ပတ်သက်နေတာ [illegible]ပါတယ်"

ဖန်ယိဟာန်က သူ့ ဆက်စပ်စဉ်းစားမိသည်ကို လေးနက်စွာ [illegible]တည်ပြု၍ ပြောလိုက်သည်။

ဤသည်ကို သဘောပေါက်သော ချိုကျန်းလင်ကလည်း [illegible]ဟာန်ပြောသည်ကို နားထောင်ရင်း ဆတ်ခနဲ ခေါင်းညိတ်လိုက် [illegible]

"ဟုတ်တယ် ... နောင်ကြီး ပြောသလိုပဲ ကျွန်တော်လည်း [illegible]လို့ရပါတယ်၊ တစ်စုံတစ်ယောက်က ဒီသိုင်းကျမ်းစာအုပ်ကြီး [illegible]အတွက် ကျွန်တော့်ဆရာကြီးကို အတင်းအကျပ် ခေါ်သွား [illegible]ဖြစ်ရမယ်"

ချိုကျန်းလင်၏စကားကို ဖန်ယိဟာန်က သဘောကျစွာဖြင့် [illegible]ိမိသည်။

"သိပ်ဟုတ်တာပေါ့၊ ဒီတော့ ကျွန်တော်တို့ အခုလုပ်ရမယ့် [illegible]ဥ်က ယိချိန်သိုင်းကျမ်းစာအုပ်ကြီး ဝှက်ထားတဲ့ နေရာကို [illegible] သိရအောင် စုံစမ်းကြဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုကျွန်းလင်က မျက်မှောင်ကုတ်၍ စဉ်းစားလိုက်မိသည်
ဖန်ယိဟန်ပြောသည့်ကိစ္စက သိပ်တော့မလွယ်လှဟု
ထင်သည်။

ဤလျှို့ဝှက်နေရာကို မည်သို့မည်ပုံသိအောင် စုံစမ်းဖေ
ထုတ်ပါမည်နည်း။

"နောင်ကြီး ပြောတာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ကျွ
တော်တို့က ဘယ်လိုလုပ်ပြီး စုံစမ်းသိရှိနိုင်မှာလဲ"

ချိုကျွန်းလင်သည် မစဉ်းစားတတ်တော့၍ ဖန်ယိဟန်
ပြန်မေးလိုက်၏။

"ဒါက လွယ်ပါတယ် ... သိပ်ပြီး ဦးနှောက်ခြောက်ခံ
စားနေဖို့ မလိုပါဘူး၊ ဒီကိစ္စကို သိုင်းရာဇာကြီး ကျန့်ထင်းစန်လ
သိတယ်လို့ စောစောက နောင်ကြီးပြောတယ် မဟုတ်လား ...
တော့ ကျွန်တော်တို့ သူ့ဆီကိုသွားပြီး စုံစမ်းကြတာပေါ့"

ဖန်ယိဟန်က မေးစေ့ကို လက်ဝါးဖြင့်ပွတ်ရင်း ပြောလို
သည်။

"နောင်ကြီးက သိုင်းရာဇာကြီးကို သိလို့လား"

ချိုကျွန်းလင်မှာ စိတ်မချရသေးဟန်ဖြင့် မေးလိုက်ပြန်
"သိပါတယ် ... ဒီအတွက် နောင်ကြီး ဘာမှ စိတ်ပူမနေ



ကျွန်တော်တို့ ယူနန်ပြည်နယ်က ဟန်စန်တောင်ကို သွားလိုက်ရုံနဲ့
နောင်ကြီးရဲ့ဆရာကြီး ယန်းဂူကို ဘယ်မှာရှိတယ်ဆိုတာ ခြေရာခံလို့
ရပြီ"

ဖန်ယိဟန်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

ချိုကျွန်းလင်သည် ဝမ်းသာအားတက် ဖြစ်မိသော်လည်း
တစ်ဖက်မှ ပြန်၍စဉ်းစားလိုက်သောအခါ ဖန်ယိဟန်သည် ဒုက္ခပေး
သလို ဖြစ်နေ၍ အားတုံ့အားနာ ဖြစ်မိလေသည်။

"အင်း ... ကျွန်တော်တို့အတွက်နဲ့ နောင်ကြီးကို ဒုက္ခပေး
သလို ဖြစ်နေပြီ ... ကျွန်တော်ဖြင့် သိပ်အားနာတာပဲ"

ဖန်ယိဟန်က ခေါင်းခါလက်ကာ၍ ပြန်ပြောလိုက်သည်။

"ဒီလိုလည်း မဟုတ်ပါဘူးလေ ... အမှန်အတိုင်းပြောရမယ်
ဆိုရင် ကျွန်တော် ဟောဒီလူစန်းတောင်ကို လာခဲ့ရတဲ့အကြောင်းရင်း
က ကျွန်တော့်သိုင်းဆရာကြီးရဲ့ ခိုင်းစေချက်အရ နောင်ကြီးရဲ့ ဆရာ
ကြီး ယန်းဂူကျိုနဲ့တွေ့ပြီး စာတစ်စောင်ပေးဖို့ပါပဲ၊ အခု ဆရာကြီး
ယန်းဂူကျိုနဲ့ မတွေ့ရတော့ ကျွန်တော့်တာဝန် ဘယ်ပြီးဆုံးဦးမှာလဲ၊
ဆရာကြီးယန်းဂူကျိုနဲ့ မတွေ့ရဘဲ ကျွန်တော် ပြန်လို့မဖြစ်ဘူး၊ ဒါ
ကြောင့် ဆရာကြီးကို တွေ့အောင်ရှာဖို့ ကျွန်တော့်မှာ တာဝန်ရှိပါ
တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်၏စကားကို ကြားလိုက်ရသောအခါ ချိုကျွန်း
မှာ အံ့အားသင့်သွားမိလေသည်။

ဖန်ယိဟာန်၏ဆရာသည် မည်သူဖြစ်သနည်း။

သူသိလိုသောအကြောင်းကို ချိုကျွန်းလင်က ခပ်လော
ပင် မေးလိုက်မိသည်။

"နောင်ကြီးရဲ့ ဆရာကြီးက ဘယ်သူများလဲ"

"ရှိန်းရှင်းဆရာကြီးပါပဲ"

ဖန်ယိဟာန်က ပြုံးကြည့်ရင်း ဖြေလိုက်၏။

ထိုအခါ ချိုကျွန်းလင်က ဝမ်းသာလိုက်လှဲစွာဖြင့် ဦး
လိုက်၏။

"သြော် ... ရှိန်းရှင်းဆရာကြီးက နောင်ကြီးရဲ့ ဆရာ
ကျွန်တော့်ဆရာကြီး ယန်းဂူကျိုက ရှိန်းရှင်းဆရာကြီးအကြော
ပတ်သက်ပြီး အတော်များများ ပြောပြဖူးပါတယ်၊ နောင်ကြီးကို
ရှင်းဆရာကြီးရဲ့ တပည့်အဖြစ်သိရလို့ ကျွန်တော် အထူးလေ
မိသလို ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်မိပါတယ် ခင်ဗျာ"

ချိုကျွန်းလင်သည် သူ၏ စကားအဆုံးတွင် ဖန်ယိဟ
ဦးညွှတ်၍ အရိုအသေပြုလိုက်လေသည်။

"ကဲ ... နောင်ကြီး ချိုကျွန်းလင် ... ကျွန်တော်တို့ အ



တုန်း လိုအပ်တဲ့ပစ္စည်းတွေကို အသင့်ပြင်ပြီး ခရီးစထွက်ကြရအောင်
လား"

ဖန်ယိဟာန်သည် ပြောပြောဆိုဆိုနှင့် အိမ်ခန်းလေးအတွင်း
မှ ပြန်ထွက်သွားပြီး တဲအိမ်အပြင်သို့ ထွက်ကာ သဘာဝရှုခင်းများကို
ငေးမောကြည့်ရှုနေမိလေသည်။

ချိုကျွန်းလင်သည် လိုအပ်သည့်ပစ္စည်းများကို စစ်ဆေးယူ
ဆောင်ပြီးနောက် အိမ်တံခါးကို သော့ခတ်ပိတ်လိုက်၏။

ယခု သူတို့နှစ်ယောက်စလုံး ခရီးစတင်ထွက်ခွာရန် အသင့်ရှိ
ကြလေပြီ။

သူတို့သည် အချိန်ဆွဲမနေကြတော့ဘဲ တောင်ခြေဆီသို့
ဆင်းလာခဲ့ကြ၏။

ဟန့်ယံတောင်ခါးပန်းမှ တဲအိမ်ကလေးသည် သခင်မဲ့စွာဖြင့်
တိတ်ဆိတ်ကျန်ရစ်ခဲ့လေသည်။

လမ်းခရီးတွင် မာရ်နတ်ဆိုးမလေး ကျိုရှောင်မေနှင့် လူရမ်း
ကားသိုင်းသမားကြီး ငါးယောက်တို့၏ အရိပ်အယောင်ကိုမျှ မတွေ့
ကြရတော့ချေ။

သူတို့သည် တောင်ပေါ်မှအဆင်းတွင် မျက်စိရှင်ရှင်ထား၍
ခြေရာလက်ရာ သဲလွန်စတစ်စုံတစ်ရာ တွေ့ရနိုးဖြင့် ရှာဖွေကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

သို့သော် မည်သည့်သဲလွန်စကိုမျှ မတွေ့ကြရချေ။

သဘာဝအရာခပ်သိမ်းသည် ပကတိအနေအထားမှာပင် ရှိကြ၏။

စိတ်စောနေ၍ပဲလား မသိ ... မောသည်ဟုပင် မထင်မိကြ။

နှစ်ဦးစလုံး၏ခြေလှမ်းက သွက်လှ၍ မကြာမီမှာပင် ဖန်ယိဟန်နှင့် ချိကျန်းလင်တို့ တောင်ခြေသို့ ရောက်ရှိလာကြလေသည်။

ဟန့်ယံတောင်ထိပ်နှင့် လူစန်းတောင်တန်းကြီးသည် တဖြည်းဖြည်း နောက်တွင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့၏။

သူတို့၏ ခြေဦးတည်ရာအရပ်သည်ကား ယူနန်ပြည်နယ် ဘက်ဆီသို့တည်း။

တတိယမြောက်သောနေ့ နံနက်ခင်းမှာပင် ဖန်ယိဟန်နှင့် ချိကျန်းလင်တို့သည် ယူနန်ပြည်နယ် ဟန်စန်တောင်ခြေရှိ ရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြလေသည်။

ရွာမှာ မြို့ငယ်လေးတစ်မြို့လောက်နီးနီးပင် ကျယ်ဝန်းလှသည်ကို တွေ့ရ၏။

သူတို့နှစ်ဦးသည် ရွာထဲမှ ထမင်းဆိုင်လေးတစ်ဆိုင်တွင်



ာ်စာ စားသောက်ကြပြီး ဟန်စန်တောင်ပေါ်သို့ ဆက်တက် ခဲ့ကြ၏။

ဖန်ယိဟန်သည် ရှေ့မှဦးဆောင်လမ်းပြ၍ တစ်လှမ်းချင်း က်သွားသည်။

ချိကျန်းလင်က သူ၏နောက်မှ ကပ်လျက်လိုက်ပါခဲ့လေ သည်။

ဟန်စန်တောင်ပေါ်ရောက်သော် ကျယ်ဝန်းသောခြံဝင်းကြီး ခုနှင့်တကွ ခန့်ညားသောအိမ်ကြီးတစ်ဆောင်ကို တွေ့ရလေ သည်။

ညီညာပြန့်ပြူးသော မြေနေရာအနေအထားကို ရွေးချယ်၍ ောက်လုပ်ထားခြင်းပင်ဖြစ်၏။

ထိုအိမ်ကြီးသည်ကား သိုင်းရာဇာကြီး ကျန့်ထင်းစန်း၏ ာ့ဗိစံအိမ်တော်ကြီးပင် ဖြစ်ပေသည်။

ဤဟန်စန်တောင်ပေါ်တွင် ခန့်ညားသော တာ့ဗိစံအိမ် ကြီးကို တွေ့လိုက်ရသော ချိကျန်းလင်မှာ အလွန်ပင် အံ့အား သွားမိလေသည်။

ဖန်ယိဟန်သည် ရှေ့မှဦးဆောင်၍ တာ့ဗိစံအိမ်တော်ကြီး တွင်းသို့ ဝင်ရောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုကျွန်းလင်မှာမူ တော့ဇီစံအိမ်တော်ကြီး၏အရှိန်အဝ
ကြောင့် ခပ်ကုပ်ကုပ်ပင် နောက်မှလိုက်ပါလာခဲ့ရ၏။

ဖန်ယိဟာန်သည် အိမ်တံခါးဝတွင် ချိတ်ဆွဲထားသော ငွေ
ခေါင်းလောင်းကလေးကို လှုပ်ခတ်လိုက်လေသည်။

'ချွင် ချွင် ချွင်'

ခေါင်းလောင်းသံက ဆည်းလည်းသံကဲ့သို့ ဆွတ်ပျံ့သာယာ
စွာ ထွက်ပေါ်လာ၏။

ခေါင်းလောင်းသံကြောင့် အိမ်တွင်းမှ မိန်းကလေး တစ်
ယောက်နှင့် ယောကျ်ားကြီးတစ်ယောက်တို့ ထွက်လာသည်ကို တွေ့
လိုက်ရသည်။

မိန်းကလေးမှာ ပျို့မျစ်နုနယ် လှသွေးကြွယ်သည့် အရွယ်
ကောင်းကလေးပင် ဖြစ်သည်။

ချိုကျွန်းလင်သည် မိန်းကလေး၏အလှတွင် တဒင်္ဂမျှ
မျောသွားမိ၏။

သူမသည် ဖန်ယိဟာန်ကိုတွေ့လိုက်ရသောအခါ ပြုံး
ဖော်ရွှေစွာပင် နှုတ်ဆက်လိုက်လေသည်။

"ဟော ... အစ်ကို ဖန်ယိဟာန်တို့ပါလား ... ဘယ်က ဘယ်
လို မျက်စိလည်ပြီး ရောက်လာတာလဲ"



သူမသည် ပြောပြောဆိုဆိုနှင့် တံခါးဖွင့်၍ လမ်းဖယ်ပေး
လိုက်သည်။

ဖန်ယိဟာန်က အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

ချိုကျွန်းလင်ကိုလည်း အထဲဝင်ရန် ခေါင်းတစ်ချက် ဆတ်ပြ
လိုက်၏။

"မျက်စိလည်ပြီး ရောက်လာတာ မဟုတ်ပါဘူး ... တမင်
သက်သက် ဒီကိုပဲ လာခဲ့တာပါ"

ဖန်ယိဟာန်က ပြန်လည်ပြောလိုက်ရင်း အိမ်ထဲသို့ မျက်လုံး
တစ်ချက်ဝေ့၍ အကဲခတ်ကြည့်လိုက်သည်။

သိုင်းရာဇာကြီး ကျန့်ထင်းစန်၏ အရိပ်အယောင်ကို မတွေ့
ရချေ။

ထိုအခါ ဖန်ယိဟာန်၏ စိတ်တွင် အနည်းငယ် ထင့်သွားမိ၏။

"ဒါဆိုရင်တော့ အကြောင်းကိစ္စ ထူးပြီနဲ့တူတယ် ... ဆိုပါဦး"

မိန်းကလေးက ချိုသာစွာပြုံးရင်း ထပ်မံ၍ မေးလိုက်သည်။

"အင်း ... ပြောတာပေါ့၊ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ် ...
အဲဒါ သိုင်းရာဇာကြီး ကျန့်ထင်းစန်ရဲ့သမီး ကျန့်ရှီဟုန်းတဲ့၊ ဟိုဘက်က
တော့ သိုင်းရာဇာကြီးရဲ့ စည်းကမ်းထိန်းသိမ်းရေးမှူး တပည့်ဦးဖြစ်တဲ့
တူးလန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်သည် ချိုကျန်းလင်အား မိန်းကလေးနှင့်သာမက အမျိုးသားကြီးနှင့်ပါ ... တစ်ဆက်တည်း မိတ်ဆက်ပေးလိုက်လေသည်။

သူက ဆက်လက်၍ ကျန့်ရီဟုန်းအား ပြောလိုက်သည်။

"သူကတော့ သိုင်းအဓိပတိကြီး ယန်းဝူကျိရဲ့ တပည့် ချိုကျန်းလင် ဆိုတာပါပဲ"

ချိုကျန်းလင်အား တောင်ထိပ်သိုင်းဝိဇ္ဇာကြီး ယန်းဝူကျိ၏ တပည့်ဖြစ်ကြောင်း သိလိုက်ရသောအခါ ကျန့်ရီဟုန်း၏ မျက်လုံးအစုံမှာ အံ့အားသင့်သွားသဖြင့် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"အို ... ရှင်က ဆရာကြီး ယန်းဝူကျိရဲ့ တပည့်လား၊ ဒါနဲ့ ရှင့်ဆရာကြီးယန်းဝူကျိက တောင်ပိုင်းတောရိုင်းဒေသကို သွားပြီပဲ၊ ရှင်ကော လိုက်မသွားဘူးလား"

ကျန့်ရီဟုန်း၏စကားကြောင့် ချိုကျန်းလင်သာမက ဖန်ယိဟာန်ပါ အံ့အားသင့်၍ မှင်တက်မိကာ ငေးကြောင်ကြောင် ဖြစ်သွားကြသည်။

"ဟင် ... ကျွန်ုပ်တော့်ဆရာကြီး ယန်းဝူကျိ တောင်ပိုင်းတောရိုင်းဒေသကို သွားတယ် ... ဟုတ်လား ... သေချာရဲ့လား၊ ဒါကို သခင်မလေးက ဘယ်လိုလုပ်ပြီး သိတာလဲ"



ချိုကျန်းလင်၏မေးခွန်းကြောင့် ကျန့်ရီဟုန်းပင် ကြောင်တောင်တောင် ဖြစ်သွားရလေသည်။

သူမက မျက်ခုံးအစုံကို ပင့်တင်၍ ပြန်ပြောလိုက်သည်။

"အို ... ရှင့်ဆရာကြီး ယန်းဝူကျိကိုယ်တိုင် ကျွန်မအဖေဆီကို စာတစ်စောင်ပို့လိုက်တာပဲ၊ စာထဲမှာ တောင်ပိုင်းက တောရိုင်းဒေသဆီကို သွားကြဖို့ အဖေ့ကို ဖိတ်ခေါ်ထားတယ်လေ၊ ရှင်က ဆရာကြီးယန်းဝူကျိရဲ့ တပည့်သာဆိုတယ် ... ရှင့်ကြည့်ရတာ ဒီအကြောင်းတွေ လုံးဝ မသိသေးသလိုပါပဲလား"

သူမ၏စကားက ချိုကျန်းလင်နှင့် ဖန်ယိဟာန်တို့အား ပိုမို၍ အံ့အားသင့်သွားလေသည်။

ချိုကျန်းလင်သည် ဖန်ယိဟာန်အား ငေး၍ကြည့်လိုက်မိ၏။

သူ့မျက်လုံးအစုံက ဘယ်လိုသဘောလဲဟု လှမ်းမေးသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။

ဖန်ယိဟာန်ထံမှ အဖြေမရမီမှာပင် ချိုကျန်းလင်က ပြောလိုက်သည်။

"ဘယ်လိုလဲ နောင်ကြီးဖန်ယိဟာန် ... ဒီကိစ္စနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲပြဿနာတစ်ခုတော့ ထပ်ပေါ်လာပြန်ပြီ"

"ဟုတ်တယ် ... အကြောင်းထူးတော့ ရှိနေတာ သေချာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်က မျက်မှောင်ကုတ်၍ စဉ်းစားနေရာမှ ပြန်ပြောလိုက်သည်။

သူတို့နှစ်ဦး အပြန်အလှန် ပြောနေကြသည်ကို ငေးကြည့်ရင်း ကျန့်ရှီဟုန်းမှာ နားမလည်နိုင်အောင် ဖြစ်သွား၏။

သူမသည် အနည်းငယ် အံ့သြဟန်ဖြင့် မျက်လုံးကလေးများ ဝိုင်းစက်သွားသည်။

"ဘာလဲ အစ်ကိုဖန်ယိဟန် ... ဘာတွေ ဘယ်လိုဖြစ်နေကြလို့လဲ ... ကျွန်မကိုလည်း ပြောပြပါဦး"

သိချင်စိတ်ပြင်းပြစွာဖြင့် ကျန့်ရှီဟုန်းက လှမ်း၍မေးလိုက်၏။

ဖန်ယိဟန်သည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်မိလေသည်။

"အင်း ... ဒီအကြောင်းတွေ ပြောရမယ်ဆိုရင် သခင်မလေး စိတ်ညစ်သွားလိမ့်မယ်"

ကျန့်ရှီဟုန်းမှာ စိတ်တိုသွားမိသည်။

သူတို့ပြောနေကြသော အကြောင်းများနှင့်စပ်လျဉ်း၍ သူမ စိတ်ဝင်တစား ရှိနေခိုက် ဖန်ယိဟန်၏ စိတ်ပျက်ဖွယ်စကားကြောင့် သူမ ဘဝင်မကျနိုင်အောင် ဖြစ်သွားရသည်။



"အို ... အဆက်အစပ်မရှိတဲ့ စကားတွေ ပြောမနေပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ် မှန်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်းသာ ဖွင့်ပြောလိုက်စမ်းပါ"

ကျန့်ရှီဟုန်း စိတ်တိုတိုနှင့် ပြောလိုက်သည်။

"ဟုတ်ပါတယ် ... ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာ ကျွန်ုပ်တို့သိရအောင် အမှန်အတိုင်းသာ ပြောပါ"

ကျန့်ရှီဟုန်း၏ နံဘေးတွင် ရပ်နေသော ကျန့်ထင်းစန်၏ လက်ထောက်တူးလန်ကလည်း ဝင်ရောက်၍ ပြောလိုက်၏။

ဖန်ယိဟန်သည် ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ လွန်ခဲ့သော သုံးရက်က ယန်းဝူကျို ပျောက်ဆုံးသွားသည့်အကြောင်းကို ပြောပြလိုက်သည်။

"လွန်ခဲ့တဲ့ သုံးရက်က သိုင်းအဓိပတိဆရာကြီး ယန်းဝူကျိုဟာ ဟန့်ယံတောင်စောင်းက သူ့တဲအိမ်ကလေးထဲမှာ တစ်ယောက်တည်း ရှိနေတုန်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်၊ သူ့ကို တစ်ယောက်ယောက်က အတင်းအဓမ္မ ခြိမ်းခြောက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားတာပဲ၊ အခုတစ်ခါ သိုင်းရာဇာကြီး ကျန့်ထင်းစန်ဆီကို ယန်းဝူကျိုက စာရေးပေးပို့ပြီး တောင်ဘက်က တောရိုင်းဒေသကို သွားဖို့ခေါ်တယ်ဆိုတော့ အတော်ကလေးစဉ်းစားစရာ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်သည် စကားကို ခေတ္တရပ်နားလိုက်ပြီးနောက် သူ့ထင်မြင်ချက်ကို ဆက်ပြောလိုက်သည်။

"ဆရာကြီးယန်းဂူကျိနဲ့ သိုင်းရာဇာကြီးကျန့်ထင်းစန်တို့ကြားမှာ တစ်ယောက်ယောက်က ဝင်နှောင့်ယှက်နေပြီလို့ ကျွန်တော် ယူဆမိတယ်"

ဖန်ယိဟန်ထံမှ အဖြစ်အပျက် အလုံးစုံကို ကြားသိလိုက်ရသောအခါ ကျန့်ရှိဟုန်းမှာ အကြီးအကျယ် မျက်နှာပျက်သွားလေသည်။

သူမသည် အထိတ်တလန့်နှင့် ဖန်ယိဟန်ကို ပြောလိုက်သည်။

"ဟင် ... အစ်ကိုဖန်ယိဟန် ပြောတဲ့အတိုင်းသာဆိုရင်တော့ ကျွန်မအဖေနဲ့ ဆရာကြီးယန်းဂူကျိတို့ဟာ တစ်ဦးတစ်ယောက်ရဲ့ ထောင်ချောက်ကျော့ကွင်းထဲကို တိုးဝင်မိသွားကြပြီနဲ့ တူတယ်"

ထိုအခါ တူးလန်ကလည်း စိတ်မကောင်းစွာဖြင့် ဝင်ရောက်၍ ပြောလိုက်သည်။

"အင်း ... သခင်မလေးရဲ့ ယူဆချက်ဟာ မှန်နေပါပြီ၊ ဒီကိစ္စကို ကျုပ်တို့ ပေါ့ပေါ့တန်တန်သဘောထားလို့ မဖြစ်တော့ဘူး"

ထိုသို့ပြောပြီးနောက် တူးလန်သည် ဖန်ယိဟန်နှင့် ချိကျုန်းလင်တို့အား ဆက်၍မေးလိုက်၏။

"မောင်ရင်လေးတို့ အခုဒီကိုလာခဲ့ကြတာ ဆရာကြီး ယန်းဂူကျိရဲ့သတင်းကို စုံစမ်းဖို့ပဲမဟုတ်လား"

ဖန်ယိဟန်နှင့် ချိကုန်းလင်တို့က ပြိုင်တူ ခေါင်းညိတ်ပြလိုက်ကြသည်။

"ဟုတ်ပါတယ် ... သိုင်းရာဇာကြီး ကျန့်ထင်းစန်နဲ့ တွေ့ပြီးတဲ့နောက် စာထဲမှာပါတဲ့အတိုင်း တောင်ပိုင်းတောရိုင်းဒေသကို လိုက်သွားပါပြီ၊ ဆရာကြီးယန်းဂူကျိဟာလည်း တောင်ပိုင်း တောရိုင်းဒေသမှာပဲ ရှိဖို့များပါတယ်"

တူးလန်ကပြောလိုက်သည်။

"ဟုတ်ပါတယ်၊ သိုင်းရာဇာကြီးကော သိုင်းအမိပတိကြီးပါ တောင်ပိုင်းဒေသမှာ ရှိမှာသေချာပါတယ်၊ သူတို့ကို အကွက်ဆင်ပြီး ခေါ်တဲ့လူကလည်း ဒီတောင်ပိုင်းဒေသကို မရောက်ရောက်အောင် ခေါ်မှာပဲ"

တူးလန်၏စကားကို ဖန်ယိဟန်က ထောက်ခံပြောဆိုလိုက်ပြီးနောက် ကျန့်ရှိဟုန်းအား လှမ်းမေးလိုက်သည်။

"သခင်မလေး ... ဆရာကြီးယန်းဂူကျိက သခင်မလေးရဲ့ အဖေဆီကို ပေးတဲ့စာ ဖတ်လိုက်ရသလား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကတော့ ကျွန်မကို ပေးဖတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မက စာအိတ်ကိုပဲယူကြည့်မိပြီး အတွင်းဘက်ကစာကိုတော့ ဖတ်မကြည့်လိုက်မိဘူး၊ ဒါကြောင့် ဘာတွေရေးထားတယ်ဆိုတာ မသိလိုက်ပါဘူး"

သူမသာ စာကိုဖတ်မိခဲ့လျှင် ကျွန်ထင်းစန်အား မည်သည့်နေရာသို့ လာရောက်ရန် ချိန်းဆိုခဲ့သည်ကို အတိအကျ သိနိုင်ပေမည်။

ယခုတော့ သူမ မဖတ်မိသောကြောင့် ကွင်းဆက်ပြတ်သွားသည်။

"ဒီလိုဆိုရင် သခင်မလေးရဲ့ ဖခင်ကြီး ကျွန်ထင်းစန်ဟာ တောင်ပိုင်းတောရိုင်းဒေသရဲ့ ဘယ်အရပ်လောက်မှာ ရှိနေမယ်ဆိုတာ အတိအကျ မသိနိုင်ဘူးပေါ့"

"ဟုတ်တယ် ... ဒါကိုတော့ ကျွန်မလည်း အတိအကျ မသိပါဘူး"

"ဆရာကြီးယန်းဝူကျိုနဲ့ သိုင်းရာဇာကြီး ကျွန်ထင်းစန်တို့ တောင်ပိုင်းဒေသကို ဘယ်လိုအရေးကိစ္စနဲ့ပတ်သက်ပြီး ရောက်ရှိနေကြမယ်ဆိုတာကော သခင်မလေးသိရဲ့လား"

ကျွန်ရိုဟုန်းသည် စိတ်ရှုပ်ထွေးသွားပုံရသည်။



သူမသည် ခေါင်းမှဆံပင်များကို ကုတ်ဖွ၍ ပြန်ဖြေလိုက်သည်။

"ဟင့်အင်း ... ဒါလည်း ကျွန်မမသိဘူး"

ဖန်ယိဟန်သည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ သူမအား ရှင်းပြလိုက်သည်။

"ကျွန်တော် သိရသလောက်ပြောရရင်တော့ သိုင်းလောကရဲ့ ထူးဆန်းတဲ့ သိုင်းကျမ်းစာအုပ်တစ်အုပ်ဟာ အဲဒီ တောင်ပိုင်းဒေသတစ်နေရာမှာ လျှို့ဝှက်ထားရှိတယ်လို့ သိရတယ်၊ အဲဒီစာအုပ်ကတော့ ယိချိန်သိုင်းကျမ်းစာအုပ်ဆိုတာပါပဲ၊ ဒီစာအုပ်ကို သခင်မလေးကြားဖူးချင်လည်း ကြားဖူးမယ်၊ ဒီစာအုပ်က အလွန်ရှေးကျပြီး တိမ်ကောပျောက်ကွယ်သလောက်နီးနီးဖြစ်လို့ ကြားဖူးချင်မှလည်း ကြားဖူးမှာပါ၊ သိုင်းရာဇာကြီးနဲ့ သိုင်းအဓိအတိကြီးတို့ တောင်ပိုင်းဒေသကို ရောက်သွားကြတာ ဒီ ယိချိန်သိုင်းကျမ်းစာအုပ်နဲ့ တစ်နည်းနည်းပတ်သက်နေပါလိမ့်မယ်"

ဖန်ယိဟန်က စဉ်းစားဆုံးဖြတ်ပြီးမှ ယိချိန်သိုင်းကျမ်းစာအုပ်အကြောင်း ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

ဤသို့ ဖွင့်ပြောလိုက်ခြင်းဖြင့် ကျွန်ရိုဟုန်းထံမှ တုံ့ပြန်မှုတစ်ခုတစ်ရာ ရရှိနိုင်လိမ့်မည်ဟု သူ မျှော်လင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဤသိုင်းကျမ်းစာအုပ်နှင့်ပတ်သက်၍ ကျန့်ရှီဟုန်းသိရှိထားပါက သူမဖခင် ကျန့်ထင်းစန် သွားရောက်မည့်နေရာကို သိရှိနိုင်လိမ့်မည်ဟု ဖန်ယိဟာန် ယူဆမိသောကြောင့် ဖြစ်သည်။

ဖန်ယိဟာန်ပြောသည်ကို နားထောင်ရင်း ကျန့်ရှီဟုန်း မျက်မှောင်ကုတ်သွားမိ၏။

အကြောင်းအရာအသစ်အဆန်းတစ်ခုကို ကြားလိုက်ရ၍ အံ့ဩသွားဟန်ဖြင့် မျက်လုံးများ တလည်လည်ဖြစ်သွားသည်။

"ယိချိန်သိုင်းကျမ်းစာအုပ် ... ဟုတ်လား။ ဒီစာအုပ်အကြောင်း ကျွန်မအဖေလည်း တစ်ခါမှ ပြောသံမကြားဖူးပါလား"

ဖန်ယိဟာန် အလွန်ပင် စိတ်ပျက်သွားမိသည်။

ဤအတိုင်းဆိုလျှင် ကျန့်ရှီဟုန်းထံမှ သဲလွန်စတစ်စုံတစ်ရာ ရရှိနိုင်တော့မည် မဟုတ်ချေ။

"သြော် ... ဒီသိုင်းကျမ်းစာအုပ်အကြောင်း သခင်မလေး မသိသေးဘဲကိုး၊ ဒီလိုဆိုရင်တော့ ကျွန်တော်တို့အတွက် ကွင်းဆက်တစ်ခု ပြတ်သွားပြန်တာပေါ့"

"ဟုတ်တယ် ... ယိချိန်သိုင်းကျမ်းစာအုပ်အကြောင်း ကျွန်မ လုံးဝ မကြားဖူးပါဘူး၊ အခု အစ်ကိုဖန်ယိဟာန်ပြောမှပဲ သိရတာပါ။ ဒီစာအုပ်နဲ့ ကျွန်မအဖေ ပတ်သက်နေတဲ့အကြောင်း အစ်ကိုက ဘယ်



က ဘယ်လို ကြားသိခဲ့တာလဲ"

ဖန်ယိဟာန်က ချိုကျန်းလင်အား ပြုံး၍လှမ်းကြည့်လိုက်သည်။ ရှင်းပြလိုက်ပါဦး ... ဟူသော သဘောအဓိပ္ပာယ်ဆောင်နေ၏။

ကျန့်ရှီဟုန်းသည် ဖန်ယိဟာန်ပြောသည်ကို မယုံကြည်၍ ဤသို့မေးလိုက်ခြင်း ဖြစ်ပေမည်။

သို့သော် သူမ ယုံသည်,မယုံသည်ကို ချိုကျန်းလင် သိပ်ဂရုမစိုက်ပါ။

ချိုကျန်းလင်က ပြုံး၍ ညင်သာစွာ ပြန်ပြောလိုက်သည်။

"ကျွန်တော့်သိုင်းဆရာကြီး ပြောဖူးလို့ သိခဲ့ရတာပါ ... ဒီကိစ္စနဲ့ပတ်သက်လို့တော့ သံသယ မဖြစ်ပါနဲ့"

"အို ... အစ်ကိုချိုကျန်းလင် စိတ်မရှိပါနဲ့၊ ကျွန်မက မသင်္ကာလို့မေးနေတာ မဟုတ်ပါဘူး၊ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ကျွန်မအဖေဆီက ဘာတစ်ခွန်းမှ ပြောသံမကြားဖူးလို့ အံ့ဩနေမိတာပါ။ တကယ်ဆို အဖေဟာ ကျွန်မကိုတော့ ပြောပြသင့်တာပေါ့"

ကျန့်ရှီဟုန်းက ပျာပျာသလဲ တောင်းပန်လိုက်သည်။

ဤသို့ဆိုတော့လည်း ချိုကျန်းလင် အားတုံ့အားနာ ဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူသည် ယိချိန်သိုင်းကျမ်းစာအုပ်နှင့်ပတ်သက်၍ စိတ်ရှည်လက်ရှည် ရှင်းပြလေတော့သည်။

"ဒီ ယိချိန်သိုင်းကျမ်းစာအုပ်အကြောင်း သိတဲ့လူက မရှိသလောက်ကိုပဲ နည်းပါးလှပါတယ်၊ တိတိကျကျ ပြောရမယ်ဆိုရင်တော့ ဒီစာအုပ်အကြောင်း သိတဲ့လူဆိုလို့ သခင်မလေးရဲ့ ဖခင်ကြီးနဲ့ ကျွန်တော့်ဆရာကြီးကလွဲရင် လေပွေသိုင်းသမား သုံးဖော်တို့ပဲ သိကြပါတယ်၊ ဒီစာအုပ်ဟာ အင်မတန် လျှို့ဝှက်ရမယ့် ကိစ္စတစ်ခုဖြစ်လို့ သခင်မလေးရဲ့ဖခင်ကြီးက ပြောမပြတာဘဲ ဖြစ်ပါလိမ့်မယ်၊ သာမန်ကိစ္စမျိုးသာဆိုရင်တော့ သိုင်းရာဇာကြီးက ပြောပြမှာဝါပဲ"

ကျန့်ရီဟုန်းမှာ အနည်းငယ် သဘောပေါက်သွားပုံရ၏။ ချိကျန်းလင်က ဆက်လက်၍ ပြောလိုက်သည်။

"ကျွန်တော့် ဆရာကြီး ယန်းဝူကျို ရုတ်တရက်ပျောက်သွားတဲ့အတွက် သူတောင်ပိုင်းဒေသကို သွား၊မသွားဆိုတာရယ်၊ ပြီးတော့ တောင်ပိုင်းဒေသမှာ လျှို့ဝှက်ထားတဲ့ ယိချိန်သိုင်းကျမ်းစာအုပ်ရဲ့ တည်ရှိရာနေရာ အတိအကျကို သိလိုတာရယ်ကြောင့် သိုင်းရာဇာကြီးနဲ့ တွေ့ဆုံဆွေးနွေးဖို့ ကျွန်တော်တို့ အခုလို ရောက်လာကြတာ ဖြစ်ပါတယ်၊ အခုအခါ သိုင်းရာဇာကြီးကပါ ထွက်ခွာသွားပြီဆိုတော့ ကျွန်တော် ပိုပြီး စိတ်ပူသွားမိတာပေါ့ဗျာ"



ကျန့်ရီဟုန်းမှာ စိတ်ညစ်လာပုံရသည်။ ခေါင်းမှ ဆံပင်များ ကုတ်ဖွလိုက် ပြန်သည်။

အတန်ကြာမှ တစ်စုံတစ်ခုကို စဉ်းစားလိုက်မိဟန်ဖြင့် ...

"ယိချိန်သိုင်းကျမ်းစာအုပ်အကြောင်း လေပွေသိုင်းသမား သုံးဖော် သိတယ်လို့ ခုနကပြောတယ် မဟုတ်လား၊ ဒီကိစ္စ ွက် ကျွန်မတို့ အဲဒီလေပွေသိုင်းသမားကြီး သုံးဖော်ဆီကို သွား က်တွေ့ဆုံပြီး မေးစမ်းကြည့်ရရင် မကောင်းဘူးလား"

"လေပွေသိုင်းသမားကြီးသုံးဖော်ကို အလွယ်တကူ ရှာတွေ့ သိမ့်မယ်လို့ ထင်လို့လား"

ဖန်ယိဟန်က ဝင်ရောက်ပြောလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

"သူတို့သုံးယောက်က နေရာအတည်တကျ နေကြတာမှ တ်ဘဲ၊ ခြေဦးတည့်ရာ လျှောက်သွားနေကြတဲ့ ခြေသလုံးအိမ် သမားတွေမို့ သူတို့ကို အလွယ်တကူနဲ့ ရှာတွေ့နိုင်မှာ မဟုတ်ဘူး၊ တော့ အခုကိစ္စမှာ သူတို့ကို ရှာနေဖို့အချိန်လည်း မရှိတော့ဘူး"

ကျန့်ရီဟုန်းမှာ စိတ်ရှုပ်ထွေး နောက်ကျိသွားသည်။ ဖခင် ွက်လည်း စိုးရိမ်ပူပန်သွားမိ၏။

"အစ်ကိုဖန်ယိဟန်ရဲ့ သဘောက ဘယ်လိုလဲ၊ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ကြရင် ကောင်းမလဲ”

“ကျွန်တော့်သဘောကတော့ တောင်ဘက်ဒေသကို ဆ
လိုက်သွားမယ်၊ ဟိုမှာပဲ သဲလွန်စရှာပြီး စုံစမ်းကြရင် ကောင်း
မယ် ထင်တယ်”

ဖန်ယိဟန်က စဉ်းစားဆုံးဖြတ်ပြီးဟန်နှင့် ပြောလိုက်သည

“ဒါဆိုလည်း နောင်ကြီးဖန်ယိဟန် သိပ်အချိန်ဆွဲနေ
မဖြစ်ဘူး၊ သွားမယ်ဆိုရင် ကျွန်တော်တို့ စောစောစီးစီး အချိ
သွားကြရအောင်”

ချိုကျုန်းလင်က သတိပေးဟန်ဖြင့် ဝင်ရောက်၍ လောဆေ
လိုက်သည်။

“ဒါပေမဲ့ ကျွန်တော်တို့ ဒီအတိုင်း စမ်းတဝါးဝါးသွားလို့ မဖြ
သေးဘူး၊ နေရာဒေသကို အကြမ်းဖျင်းသိနိုင်မယ့် သဲလွန်စလေး
ဘာလေး ရှာပြီးမှ သွားရင် ပိုပြီးအရာရောက်လိမ့်မယ်”

“လေပွေသိုင်းသမားကြီးသုံးဖော် ဘယ်မှာရှိနိုင်မယ်ဆိုတာ
စဉ်းစားကြည့်ပါဦးလား အစ်ကိုဖန်ယိဟန်”

ချီတုံချတုံ ဖြစ်နေပုံရသော ဖန်ယိဟန်ကို ကျန့်ရီဟုန်းက
ပြောလိုက်သည်။ ဖန်ယိဟန်က ပြုံးရယ်လိုက်ပြီး ခေါင်းခါယမ်း
လိုက်သည်။



“မလွယ်ဘူး သခင်မလေး၊ ကျွန်တော် စောစောက ပြော
သလို သူတို့ကိုရှာတာ တောင်ပိုင်းဒေသကို ထွက်သွားတဲ့ သိုင်းရာဇာ
ကြီးကို ရှာရတာထက်တောင် ပိုပြီးခဲယဉ်းလိမ့်ဦးမယ်၊ ကျွန်တော့်
အနေနဲ့ အချည်းနှီး အလဟဿ အချိန်မဖြုန်းချင်ဘူး”

နေရာအတိအကျမသိသေးသော ဒေသသစ်တစ်ခုကို ရုတ်
တရက် ထွက်ခွာလိုက်ပါသွားရန် ဖန်ယိဟန် စဉ်းစားနေပုံရသည်။

ချိုကျုန်းလင်၏ ဆန္ဒကမူ ဘာပဲဖြစ်ဖြစ် တောင်ပိုင်းဒေသသို့
အမြန်ဆုံး လိုက်သွားချင်သည်။

ဟိုရောက်မှ အခြေအနေကြည့်၍ လုပ်ငန်းစဉ်များ ချမှတ်
ရန် သူက စိတ်ကူးမိသည်။

ထို့ကြောင့် ...

ချိုကျုန်းလင်သည် ဖန်ယိဟန်ကို ထပ်မံ၍ သတိပေးလိုက်
ပြန်၏။

“နောင်ကြီး ဖန်ယိဟန် ... လက်ရှိအခြေအနေအရဆိုရင်
တော့ ကျွန်တော်တို့ တောင်ပိုင်းဒေသကို အမြန်ဆုံး လိုက်သွားကြ
တာ ကောင်းလိမ့်မယ်ထင်တယ်”

ချိုကျုန်းလင်၏စကားကို သိုင်းရာဇာကြီး လက်ထောက် တူး
လန်ကလည်း ဝင်ရောက်ထောက်ခံ ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ချိုကျွန်းလင်ပြောတဲ့ အကြံအစည်ကို ကျုပ်လည်း သဘောကျတယ်"

ဖန်ယိဟန်သည် အနည်းငယ်စဉ်းစားပြီးနောက် တူးလန်အား မေးလိုက်၏။

"နောင်ကြီးတူးလန် ... သိုင်းဆရာကြီးလွေကော ဘယ်မှာလဲ"

"သိုင်းရာဇာကြီးနဲ့အတူ အဖော်အဖြစ် လိုက်ပါသွားတယ်လေ"

"ဩော် ... သူလည်း လိုက်သွားတယ်လား၊ နောက်ထပ် ဘယ်သူများ ပါသွားသေးသလဲ"

"သိုင်းလက်ထောက် နောင်ကြီးလွေအပြင် သိုင်းရာဇာရဲ့ ပထမတပည့်ကြီး ယွဲ့ပုဗ္ဗမ်လည်း ပါသွားသေးတယ်"

ထိုအခါ ဖန်ယိဟန် အနည်းငယ် စိတ်အေးသွားမိသည်။

သိုင်းရာဇာကြီးနှင့်အတူ အားကိုးလောက်သော အဖော်နှစ်ယောက် ပါသွားသည်ဆို၍ ဖန်ယိဟန် စိတ်အေးသွားခြင်း ဖြစ်သည်။

သူသည် တစ်စုံတစ်ရာကို တွေးလိုက်မိပြီးနောက် အားတက်သရော ပြောလိုက်မိ၏။

"ဟုတ်ပြီ ... သိုင်းရာဇာကြီးက သူနဲ့တပည့်နှစ်ယောက်ကို



ခေါ်သွားတယ်ဆိုတော့ သူသွားရာလမ်းတစ်လျှောက်မှာ လျှို့ဝှက်အမှတ်အသားတွေ ထားခဲ့မှာ သေချာတယ်"

ဤသည်ကို ဖန်ယိဟန်ပြောမှပင် ကျန့်ရှိဟုန်းကလည်း သတိရမိ၏။

"ဟုတ်တယ် ... အစ်ကိုဖန်ယိဟန်ပြောတာ မှန်တယ်၊ ဒါကို ကျွန်မလည်း အခုမှ စဉ်းစားမိတယ်၊ ဒီတော့ ကျွန်မတို့ တောင်ပိုင်းဆီကို လိုက်သွားကြတာပေါ့၊ လမ်းတစ်လျှောက်မှာ သူတို့ရဲ့ လျှို့ဝှက်အမှတ်အသားတွေကို ရှာတွေ့နိုင်ပါလိမ့်မယ်"

ဖန်ယိဟန်သည် အနည်းငယ် ဆုတ်ဆိုင်းနေမိ၏။ ချီတုံချတုံ ဖြစ်နေသည်။

အတန်ကြာမှ သူက ပြောလိုက်သည်။

"သခင်မလေးနဲ့ နောင်ကြီး ချိုကျွန်းလင်တို့ ဘယ်လောက် စိတ်ပူနေကြမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမဲ့"

ဖန်ယိဟန်က ရုတ်တရက် ဆက်မပြောသေးဘဲ တစ်ပိုင်းတစ်စနှင့် ရပ်နားထားလိုက်သည်။

"ဘာဖြစ်လို့လဲ"

ကျန့်ရှိဟုန်းက စိတ်မရှည်နိုင်ဘဲ ကြားဖြတ် လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်သည် တွေဝေနေရာမှ လေးပင်စွာ ပြန်ပြေလိုက်သည်။

“ကျွန်တော်တွေးမိတဲ့အချက်က သိုင်းအဓိပတိကြီး ယန်ဝူကျိုနဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်တို့လို ပုဂ္ဂိုလ်ကြီးနှစ်ယောက်တောင် မရ ရအောင် လှည့်ပတ်ခေါ်ဆောင်သွားဝံ့တယ်ဆိုကတည်းက တစ်ဖက်လူတွေမှာ အတော်ပိရိတဲ့ အကြံအစည်ရှိနေမယ်ဆိုတာ ထင်ရှားနေပါတယ်”

ဖန်ယိဟာန်က သူတွက်ဆထားမိသော အကြောင်းအချက်ကို ပြောပြလိုက်သည်။

ကျန်လူအားလုံး သူပြောသည်ကို ငြိမ်သက်စွာ နားထောင်နေကြလေသည်။

ဖန်ယိဟာန်က ဆက်၍ပြောလိုက်သည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် တစ်ခုစဉ်းစားမိတယ်”

“ဘာများလဲ”

ကျန့်ရှိဟုန်းက ဖြတ်၍ မေးလိုက်သည်။

“အခုအတိုင်း ကျွန်တော်တို့ လိုက်သွားကြမယ်ဆိုရင် ကျွန်တော်တို့မှာ လူအင်အားနည်းနေတယ်၊ တစ်ဖက်ရန်သူရဲ့အင်အားကို အတိအကျ မခန့်မှန်းနိုင်ပေမယ့် ကျွန်တော်တို့ရဲ့ လက်ရှိလူအင်



အားနဲ့တော့ ရန်သူကို လုံလုံလောက်လောက် ခုခံနိုင်ဖို့ မလွယ်ဘူးထင်တယ်”

သူပြောသည်ကို နားထောင်ရင်း ကျန့်ရှိဟုန်း၊ ချိုကျန်းလင်နှင့် တူးလန်တို့က ခေါင်းကိုယ်စီ ညိတ်လိုက်မိကြသည်။

“ဒီတော့ ကျွန်မတို့ ဘယ်လိုစီစဉ်ကြမလဲ”

“ကျွန်တော် စဉ်းစားထားပါတယ် ... အခု ကျွန်တော်တို့သွားကြမယ့် ခရီးစဉ်ကို ကျွန်တော်တို့ရဲ့မိတ်ဆွေဖြစ်တဲ့ ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်ကို အကြောင်းကြားထားပြီး သူ့ဆီက အကူအညီတောင်းခံရင် ကောင်းလိမ့်မယ်လို့ ထင်ပါတယ်”

ဖန်ယိဟာန်၏ အစီအစဉ်ကို သဘောကျသွားကြသည်။

“သူ့အနေနဲ့ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုအပေါ် မူတည်ပြီး သူ့ အစီအစဉ်နဲ့သူ တတ်အားသရွေ့ အကူအညီပေးနိုင်ပါလိမ့်မယ်၊ ဒါမှလည်း ကျွန်တော်တို့ တွေ့ကြုံရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကျော်လွှား ဖြတ်သန်းနိုင်မှာ ဖြစ်ပါတယ်”

ဖန်ယိဟာန်ပြောသည်မှာ အလွန်ပင် လျော်ကန်သင့်မြတ်လှ၏။

သိုင်းရာဇာကြီး ကျန့်ထင်းစန်နှင့် သိုင်းအဓိပတိကြီး ယန်ဝူကျိုကဲ့သို့သော ဧရာမပုဂ္ဂိုလ်ကြီးများကိုပင် ငြိမ်းခြောက်လှည့်စား၍

www.burmeseclassic.com

www.burmeseclassic.com



သူတို့အလိုရှိရာအရပ်သို့ အရောက်ခေါ်ဆောင်သွားနိုင်ခဲ့သော ရန်သူ၏ ပရိယာယ်နှင့်အင်အားက ကြွယ်ဝပြည့်တင်းလှသည်ကို အထူးသတိပြုကြရပေမည်။

ထိုရောမပုဂ္ဂိုလ်ကြီးများကိုပင် အရခေါ်ဆောင်သွားနိုင်သော ရန်သူကို မိမိတို့ လက်ရှိလူအင်အားမျှလောက်နှင့် မည်သည့်နည်းနှင့်မှ ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ကြောင်း သူတို့ ကောင်းစွာ ခန့်မှန်းမိကြသည်။

ထိုအခါ အခြေအနေအရ ပြင်ပအကူ အညီတစ်ရပ်သည် အမှန်တကယ်လိုအပ်လာပြီ ဖြစ်၏။

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်သည် မိမိတို့လိုအပ်နေသော အကူအညီကို ဖြည့်တင်းပေးနိုင်သူတစ်ဦးပင် ဖြစ်ပေသည်။

ယွင်၏စီစဉ်မှုဖြင့် ငွေစင်ရော်ဂိုဏ်းမှအကူအညီသာ ရရှိခဲ့ကြမည်ဆိုလျှင် အလွန်ပင် အားရတက်ကြွစရာကောင်းသလို ဖန်ယိဟန်ပြောသည့်အတိုင်း မိမိတို့၏အခက်အခဲပြဿနာကို အလွယ်တကူ ဖြေရှင်းနိုင်မည် ဖြစ်ပေသည်။

ဤသည်ကို တွေးတောဆင်ခြင်မိသော တူးလန်က အားရဝမ်းသာစွာဖြင့် ပြောလိုက်သည်။

"အေး ... ဟုတ်တယ် ... ဖန်ယိဟန်ပြောတဲ့အတိုင်း ဖြစ်



နိုင်တယ်၊ ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်ရဲ့ အကူအညီသာ ရမယ်ဆိုရင် တောင်ပိုင်းဒေသကို ရောက်သွားကာနဲ့ သိုင်းရာဇာကြီးနဲ့ သိုင်းအဓိပတိကြီးတို့ရဲ့ခြေရာကို အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်မှာ သေချာပါတယ်"

ယခုမှပင် ကျန့်ရီဟုန်း၏ မျက်လုံးများက ဝမ်းသာအားရစွာဖြင့် အရောင်တလက်လက် တောက်ပလာလေတော့သည်။

စောစောကတော့ သူမ၏မျက်နှာက ပြိုတော့မည်မိုးကဲ့သို့ အုံ့မှိုင်းနေခဲ့သည်။

"ဒါဖြင့် ဘဘကြီး တူးလန်ကပဲ အမြန်ဆုံး လူလွှတ်ပြီး ငွေစင်ရော်ဂိုဏ်းချုပ်ကြီးဆီကို အကြောင်းကြားခိုင်းလိုက်ပါနော်"

ကျန့်ရီဟုန်းသည် အားတက်သရောနှင့် အလောသုံးဆယ်ပင် တူးလန်အား လှမ်းပြောလိုက်၏။

တူးလန်က ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ကိစ္စမရှိဘူး ... ဒီကိစ္စအတွက် ကျုပ်ကိုယ်တိုင် အခုပဲသွားလိုက်မယ်"

သူ၏စကားအဆုံးမှာပင် တူးလန်သည် အခန်းထဲမှ ပြသွက်သွက် ထွက်ခွာသွားလေတော့သည်။

တူးလန်ထွက်ခွာသွားပြီးနောက် ကျန့်ရီဟုန်းက သူမ၏

www.burmeseclassic.com

www.burmeseclassic.com



အိမ်စေများအား သူမနှင့်အတူ ဖန်ယိဟန်နှင့် ချိုကျန်းလင်တို့အတွက် ပါ ခရီးထွက်ခွာရာတွင် လိုအပ်မည့် အသုံးအဆောင်ပစ္စည်းများကို ပြင်ဆင်ထုပ်ပိုးခိုင်းလိုက်လေသည်။

ထို့နောက် သူမသည် ဖန်ယိဟန်နှင့် ချိုကျန်းလင်တို့အား ထမင်းပိုင်းဖြင့် ဧည့်ခံကျွေးမွေး၏။

မွန်းလွဲပိုင်းတွင် သူတို့သုံးယောက်လုံး ခရီးထွက်ခွာရန် အသင့်ဖြစ်နေကြလေသည်။

တာ့ဇီစံအိမ်တော်ကြီး၏ အပြင်ဘက် ခြံထဲတွင် မြင်းကြီး သုံးကောင်သည် အဆင်သင့်ရှိနေပြီဖြစ်၏။

စားသောက်ပြီး တစ်အောင့်မျှအကြာတွင် ကျန့်ရီဟုန်း၊ ဖန်ယိဟန်နှင့် ချိုကျန်းလင်တို့သည် မြင်းကြီးများကို ကိုယ်စီစီးလျက် ဟန်စန့်တောင်ပေါ်ရှိ တာ့ဇီစံအိမ်တော်ကြီးမှ ထွက်ခွာလာခဲ့ကြလေ တော့သည်။

❀ ❀ ❀

(စာစဉ်-၁) ပြီး၏။

(စာစဉ်-၂) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ်   ၅၀၁၄၁၀၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၁၄၁၂၁၀၀၉

၂၀၁၀ - ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ မုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

တက္ကသိုလ်
**ဝင်းကြွယ်**

# မြစိမ်းရောင်သခင်မ

(တစဉ်-၂)

www.burmeseclassic.com

www.burmeseclassic.com



## သံသယအမှတ်အသား

တောလမ်းတစ်လျှောက်တွင် မြင်းသုံးကောင်က အဟုန် ပြင်း၍ ပြေးနေ၏။

မြင်းသုံးကောင်ပေါ်တွင် စီးနင်းလိုက်ပါလာကြသူများမှာ လူရွယ်နှစ်ယောက်နှင့် မိန်းမပျိုလေးတစ်ယောက်တို့ ဖြစ်သည်။

ထိုသူများမှာ ဖန်ယိဟာန်၊ ချိကျုန်းလင်နှင့် ကျန့်ရီဟုန်းတို့ပင် ဖြစ်လေသည်။

သူတို့သုံးဦး ခရီးထွက်ခဲ့ကြသည်မှာ ဆယ့်ငါးရက်ပင် ရှိသွား ပြီ ဖြစ်၏။

သုံးယောက်စလုံးပင် သိုင်းအဓိပတိကြီး ယန်းပူကျိုနှင့် သိုင်း ဆရာကြီး ကျန့်ထင်းစန်တို့အတွက် စိတ်ပူနေမိကြလေသည်။

ထို့ကြောင့်လည်း သူတို့သည် ခရီးတွင်ရန်နှင့် တောင်ပိုင်း ဒေသသို့ အမြန်ဆုံးရောက်ရှိရန်ကိုသာ စိတ်စောနေမိကြ၏။

တာ့ဇီစံအိမ်တော်ကြီးမှ ထွက်ခွာလာသည့်အချိန်မှစ၍

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်လုံးတွင် အနားယူချိန်ပင် သိပ်မရှိခဲ့ကြပေ။

လိုအပ်သည်လောက်သာ ခေတ္တအနားယူ၍ ကျန်အချိန်များတွင် တောက်လျှောက် မရပ်မနား ခရီးနှင်လာခဲ့ကြလေသည်။

သူတို့ဖြတ်သန်းခဲ့ကြသော ခရီးလမ်းတစ်လျှောက် မြင်းခွာသံတဖြောင်းဖြောင်းနောက်တွင် ဖုန်လုံးကြီးများတထောင်းထောင်းထ၍ ကျန်ခဲ့လေသည်။

ယခုဆိုလျှင် သူတို့သည် ယူနန်ပြည်နယ်ထဲသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်၏။

သူတို့သည် တောအုပ်တစ်ခုကို ဖြတ်သန်းနေကြလေသည်။

ဤတောအုပ်ကိုလွန်လျှင် ယူနန်ပြည်နယ် ရှိန်းဝေမြို့သို့ ရောက်ရှိပေမည်။

ရှိန်းဝေမြို့နှင့် နီးလာလေ သူတို့က မြင်းများကို ပို၍ ဒုန်းစိုင်းစီးနှင်လေ ဖြစ်၏။

ရှိန်းဝေမြို့သို့ မရောက်မီ တောစပ်တစ်နေရာတွင် ဖန်ယီဟာန်သည် ဒုန်းစိုင်းပြေးနေသော သူ၏မြင်းဇက်ကြိုးကို ဆွဲလိုက်ရာ အရှိန်ယူ၍ခြေကုန်သုတ်နေသော မြင်းကြီးမှာ တုံ့ခနဲ ရပ်တန့်သွားလေသည်။

ဖန်ယီဟာန်၏မြင်းရပ်တန့်သွားသဖြင့် ချိုကျန်းလင်နှင့် ကျန့်



ရီဟုန်းတို့သည်လည်း သူတို့၏မြင်းများကို ကမန်းကတန်း ဇက်ကြိုးဆွဲ၍ ရပ်တန့်လိုက်ကြရသည်။

သူတို့နှစ်ဦးစလုံးပင် ဖန်ယီဟာန်ကို အံ့အားသင့်စွာဖြင့် လှမ်း၍ ကြည့်လိုက်ကြ၏။

ဖန်ယီဟာန်၏အမူအရာက တောအုပ်ထဲတွင် တစ်စုံတစ်ခုကို ရုတ်တရက် မြင်လိုက်ရပုံမျိုး ဖြစ် နေသည်။

သူ၏မျက်လုံးများက တောအုပ်အတွင်းသို့ ဝေ့ဝဲကြည့်နေသည်ကို တွေ့ရ၏။

"နောင်ကြီး ချိုကျန်းလင်နဲ့ သခင်မလေး ကျန့်ရီဟုန်းတို့... ဒီမှာ ခဏလောက် စောင့်နေကြပါ၊ ကျွန်တော် ဒီနားကို သွားကြည့်လိုက်ဦးမယ်"

ဖန်ယီဟာန်သည် မည်သည့်အကြောင်းကိုစွဲဟူ၍ ထုတ်ဖော်၍မပြောဘဲ စောင့်ဆိုင်းရန်ကိုသာ ပြောလိုက်၏။

သူသည် ထိုသို့ပြောပြီးနောက် ချိုကျန်းလင်နှင့်ကျန့်ရီဟုန်းတို့ထံမှ အဖြေစကားကိုပင် စောင့်ဆိုင်းမနေတော့ဘဲ သူ့မြင်းကြီးနှင့်အတူ လမ်းဘေး ဘယ်ဘက်တောအုပ်ထဲသို့ ဝင်ရောက်သွားလေသည်။

ချိုကျန်းလင်နှင့် ကျန့်ရီဟုန်းတို့မှာ အကျိုးအကြောင်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ရဘဲ ဘုမသိဘမသိဖြင့် အံ့အားသင့်ကာ ကြောင်အမ်းအမ်းဖြင့် ကျန်ခဲ့ရလေသည်။

"အစ်ကို ချိုကျွန်းလင် ... အစ်ကိုဖန်ယိဟန့်က တောအုပ်ထဲမှာ ဘာများတွေ့လိုက်လို့လဲ မသိဘူး၊ အစ်ကိုကော ဘာတွေ့မိသေးလဲ"

ကျန့်ရှီဟုန်းက ချိုကျွန်းလင်လည်း တွေ့လိုတွေ့ငြား၊ သိလိုသိငြား မေးကြည့်လိုက်သည်။

ချိုကျွန်းလင်ကလည်း အနည်းငယ် စဉ်းစားနေလိုက်ပြီးမှ သူခန့်မှန်းမိသလောက် မှန်းဆပြောလိုက်၏။

"အင်း ... ကျုပ်အထင်တော့ သူ့ကို သတင်းပေးပို့ကြိုဆိုတဲ့ လူတစ်ယောက်ယောက် ရှိနေပြီနဲ့ တူတယ်"

ချိုကျွန်းလင်၏စကားကို ကျန့်ရှီဟုန်းက လက်ခံချင်ပုံ မပေါ်ပေ။

"အစ်ကို ချိုကျွန်းလင်ပြောသလို မဖြစ်နိုင်ဘူးနဲ့ တူတယ်၊ သတင်းပို့ကြိုဆိုတဲ့လူဆိုရင် ကျွန်မတို့ကိုပါ အတူတူ ခေါ်သွားသင့်တာပေါ့၊ အခု ကျွန်မတို့ကို ထားခဲ့ပြီး သူတစ်ယောက်တည်း ထွက်သွားတာ ဘယ်လိုသဘောလဲ မသိဘူး"

ချိုကျွန်းလင်က ခေါင်းခါယမ်းလိုက်သည်။



"အဲဒါတော့ ကျုပ်လည်း မစဉ်းစားတတ်တော့ဘူး၊ ဒါပေမဲ့ သူတစ်ယောက်တည်း ထွက်သွားပုံထောက်တော့ သူ့အကြောင်းနဲ့သူ ရှိပါလိမ့်မယ်"

ကျန့်ရှီဟုန်းက ချိုကျွန်းလင်အား မျက်စောင်းတစ်ချက်ထိုး၍ ကြည့်လိုက်သည်။

သူမ၏အမူအရာက ချစ်စရာကောင်းနေသေးသည်။

လှသောမိန်းကလေးများသည် မည်သို့ပင်နေနေ အလှပျောက်၍ မသွားဟု ချိုကျွန်းလင် မှတ်ချက်ချမိ၏။

"ဘာအကြောင်းရှိရမှာလဲ၊ ဟင်း ... အစ်ကိုကပါ သူ့ဘက်လိုက်ပြီး အကာအကွယ်ပေးမနေပါနဲ့"

သူမက နှာခေါင်းရှုံ့၍ ကလေးဆိုးတစ်ယောက်ကဲ့သို့ ခပ်နွဲ့နွဲ့လေး ပြောလိုက်သည်။

ဆယ့်ငါးရက်မျှအတောအတွင်း လမ်းခရီးတစ်လျှောက်တွင် သူတို့သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် အလွန်ရင်းနှီးခင်မင်သွားကြပြီ ဖြစ်လေသည်။

ထို့ကြောင့် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြောအဆို၊ အနေအထိုင်မှစ၍ စိမ်းမနေကြဘဲ ပွင့်လင်းရဲတင်းစွာပင် ရှိနေကြပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ကျန့်ရှီဟုန်းသည် ချိုကျန်းလင်အား ဆိုးနွဲ့သော ညီမငယ်တစ်ယောက်ကဲ့သို့ ခပ်ချွဲချွဲလေး ပြောလိုက်၏။

ဤသည်ကိုပင် ချိုကျန်းလင်က သဘောကျသွားပြီး တစ်ချက်မျှ ပြုံးလိုက်မိသည်။

"ဒီလိုလည်း မဟုတ်ရပါဘူး သခင်မလေးရယ်၊ နောင်ကြီးဖန်ယီဟာန်ကို ကျုပ်က ဘက်လိုက်အကာအကွယ်ပေးပြီး ပြောနေတာမဟုတ်ပါဘူး၊ သူဟာ စိတ်နှလုံးကောင်းရှိသူတစ်ယောက်ပါ၊ သူ့အကျိုးတစ်ခုတည်းအတွက် ကျိတ်ပြီးလုပ်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး"

ချိုကျန်းလင်ပြောသည်ကို ကျန့်ရှီဟုန်းက အသံထွက်၍ တခစ်ခစ် ရယ်လိုက်သည်။

"ဟင်း ဟင်း ဟင်း … အစ်ကိုကြီးရယ် ကျွန်မလည်း သူ့ကို ဒီလိုလူစားမျိုးလို့ မပြောပါဘူး၊ အစ်ကိုကြီးပြောတဲ့အတိုင်း စိတ်နှလုံးကောင်းရှိတဲ့ လူတစ်ယောက် မှန်ပါတယ်"

ကျန့်ရှီဟုန်းက သူ့အား အစ်ကိုကြီးဟု ခပ်ချွဲချွဲလေး ခေါ်လိုက်သဖြင့် ချိုကျန်းလင်တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်သွားမိသည်။

ကျန့်ရှီဟုန်းသည် ရဲတင်းပွင့်လင်းစွာ ပြောဆိုဆက်ဆံသည်



မှန်သော်လည်း ယခုတစ်ကြိပ်လောက် သူ့အား ရင်းနှီးဟန်မပြခဲ့ဖူးသေးပေ။

လက်ပွန်းတတီးနေထိုင်ခြင်းသည် ရင်းနှီးမှုကို တစ်ဆင့်တက်နိုင်သော လှေကားထစ်တစ်ခုပင် ဖြစ်ပေသည်။

ကျန့်ရှီဟုန်းသည် ချိုကျန်းလင်အား တခ်ဆင့်တက်လာအောင် လှေကားထစ်ကို ချခင်းပေးသည်လား မသိ။

ချိုကျန်းလင်၏စိတ်တွင် သာယာမှုဖြစ်ပေါ်မိသည်ကား အမှန်ပင်။

သို့သော် ချိုကျန်းလင်သည် အချိန်မီပင် သူ့စိတ်ကို သူပြန်ထိန်းလိုက်လေသည်။

မိမိတို့ထွက်လာကြသည့် အဓိကရည်ရွယ်ချက်အောင်မြင်ဖို့က ပို၍အရေးကြီးနေသည် မဟုတ်ပါလား။

ချိုကျန်းလင် နောက်ထပ် စကားဆက်မပြောနိုင်မီမှာပင် တောအုပ်ထဲသို့ ဝင်ရောက်သွားသော ဖန်ယီဟာန် ပြန်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

"နောင်ကြီး ဖန်ယီဟာန် … ဘာများ ထွေထွေထူးထူး တွေ့ခဲ့သလဲ"

အနီးသို့ရောက်လာသော ဖန်ယီဟာန်ကို ချိုကျန်းလင်က မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"သိုင်းဆရာကြီး မိုးကြိုးလွှေထားခဲ့တဲ့ အမှတ်အသားတွေ တွေ့ခဲ့ရတယ်၊ ဒါကြောင့် ရှိန်းဝေမြို့ကို ကျုပ်တို့သွားဖို့ မလိုတော့ဘူး"

ဖန်ယိဟာန်က တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။

ဖန်ယိဟာန်၏စကားကြောင့် ကျန့်ရီဟုန်းမှာ အံ့အားသင့်သွားပြီး မျက်လုံးများ ဝိုင်းစက်သွား၏။

သူမက ပျာပျာသလဲ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး ဖန်ယိဟာန် ... မကြာခင် မိုးချုပ်တော့မယ်၊ မဟုတ်လား၊ ရှိန်းဝေမြို့ကို ဆက်မသွားရင် ဒီညအဖို့ တောထဲမှာ ကျွန်မတို့ ဘယ်လိုလုပ်ပြီး အနားယူအိပ်စက်ကြမှာလဲ"

ကျန့်ရီဟုန်း၏ စိုးရိမ်ပူပန်နေပုံကို ကြည့်၍ ဖန်ယိဟာန်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ သခင်မလေးပြောတဲ့အတိုင်း ကျုပ်တို့ အနားယူဖို့ကော၊ အိပ်ဖို့အတွက်ပါ မိုးကြိုးလွှေက အားလုံး အစီအစဉ် လုပ်ထားခဲ့ပါတယ်"

"အစ်ကိုဖန်ယိဟာန် ပြောတဲ့အတိုင်း တကယ်ပဲလား"

ကျန့်ရီဟုန်းက သေချာစေရန် ထပ်မံ၍ မေးလိုက်သည်။



သူမစကားကို ဖန်ယိဟာန်မဖြေမီမှာပင် ချိကျန်းလင်က လည်း ဖြတ်၍မေးလိုက်၏။

"ဆရာကြီးမိုးကြိုးလွှေက ကျွန်တော်တို့ ဒီနေရာကို ရောက်လာမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိလို့လဲ၊ သူစီစဉ်ထားတဲ့ နေရာက လုံခြုံစိတ်ချရပါ့မလား၊ ကျွန်တော်တို့အတွက် ပြဿနာမရှိဖို့က အရေးကြီးတယ်"

ကျန့်ရီဟုန်းနှင့် ချိကျန်းလင်တို့အား ဖန်ယိဟာန်က တစ်ပေါင်းတည်း ဖြေဆိုလိုက်လေသည်။

"မိုးကြိုးသိုင်းဆရာကြီးဟာ အင်မတန် စေ့စပ်သေချာတဲ့ လူတစ်ယောက်ပါ၊ သူက ကျွန်တော်တို့အတွက် လျှို့ဝှက်အမှတ်အသားတွေ ထားခဲ့သလို အနားယူအိပ်စက်ဖို့ နေရာကိုလည်း စီစဉ်ပေးထားခဲ့ပါတယ်၊ သူ့ရဲ့စီစဉ်မှုဟာ ကျွန်တော်တို့အတွက် စိတ်ချရပါလိမ့်မယ်"

"အစ်ကို ဖန်ယိဟာန် ... သိုင်းဆရာကြီး မိုးကြိုးလွှေရဲ့ လျှို့ဝှက်အမှတ်အသားတွေက ဘယ်ဘက်ကို ညွှန်ပြထားသလဲ"

ကျန့်ရီဟုန်းက မေးလိုက်ပြန်သည်။

"ဒီတောအုပ်ရဲ့ အရှေ့ဘက်အရပ်ကို ညွှန်ပြထားတာပဲ"

ဖန်ယိဟာန်က တောအုပ်၏အရှေ့ဘက်အုပ်သို့ လက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြရင်း ပြောလိုက်သည်။

ချိုကျွန်းလင်သည် ဖန်ယိဟာန်ညွှန်ပြသော အရပ်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

တောအုပ်နှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် အဆောက်အအုံတစ်ခုကို ရေးရေးမျှ တွေ့ရလေသည်။

ယင်းအဆောက်အအုံကို ခန့်မှန်းကြည့်ရသည်မှာ ဘုံကျောင်းတစ်ခု ဖြစ်ဟန်တူ၏။

"နောင်ကြီး ဖန်ယိဟာန် ... တောအုပ်ရဲ့ အရှေ့ဘက်ဆီမှာ ဘုံကျောင်းလိုလိုအဆောက်အအုံတစ်ခု တွေ့ရတယ်၊ ဆရာကြီးလွှေက ကျွန်တော်တို့ကို အဲဒီကိုများ သွားခိုင်းတာလား မသိဘူး"

ချိုကျွန်းလင်က သူ၏ထင်မြင်ချက်ကို ပြောလိုက်သည်။ ဖန်ယိဟာန်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"နောင်ကြီးချိုကျွန်းလင်ပြောတဲ့အတိုင်း မှန်ပါတယ်"

ဖန်ယိဟာန်က အဖြေပေးလိုက်ပြီးနောက် သူ၏မြင်းကို သစ်တော၏ အရှေ့ဘက်အရပ်ဆီသို့ ဦးလှည့်လိုက်သည်။

"ဟိုမှာ ဆရာကြီးလွှေများ ရှိနေဦးမလားမသိဘူး၊ မီလို မီဖြား ကျွန်တော်တို့ ခပ်သွက်သွက်လေး လိုက်သွားကြည့်ရအောင်"

ဖန်ယိဟာန်သည် ပြောပြောဆိုဆိုနှင့်ပင် သူ့မြင်းကို စီးနှင်



ကာ ရှေ့မှ ထွက်သွားလေသည်။

ချိုကျွန်းလင်သည် ကျွန့်ရီဟုန်းအား ပြုံး၍ ကြည့်လိုက်သည်။

"ကဲ သခင်မလေး ... သွားကြစို့"

ကျွန့်ရီဟုန်းမှာ ဝမ်းသာစွာဖြင့် စိတ်များ ပေါ့ပါးနေလေသည်။

သူမ၏ဖခင် သိုင်းရာဇာကြီးတို့လူစု၏ လျှို့ဝှက်အမှတ်အသားများကို ရှာဖွေတွေ့ရှိလေပြီ။

ဤသည်ကို ထောက်ရှုခြင်းဖြင့် ဖခင်ဖြစ်သူ ကျွန့်ထင်းစန်သည် ဤတောင်ဘက်အရပ်ဒေသတွင် ရောက်ရှိနေပြီဖြစ်ကြောင်း သက်သေထင်ရှားနေပြီ ဖြစ်သည်။

ထို့မျှသာ မကသေး ... သိုင်းရာဇာကြီး ကျွန့်ထင်းစန်တို့သည် ယခုတိုင်အောင် မည်သည့်အနှောင့်အယှက်တစ်စုံတရာနှင့်မျှ မတွေ့ကြရသေးကြောင်းကိုလည်း သိလိုက်ရလေသည်။

ထို့ကြောင့် ဖခင်အတွက် ပူပန်သောကရောက်နေသော ကျွန့်ရီဟုန်းမှာ စိတ်အေးသွားပြီး ပေါ့ပါးလန်းဆန်းသွားမိခြင်း ဖြစ်ပေသည်။

သူမသည် ချိုကျွန်းလင်အား ပြုံး၍ပြန်ကြည့်လိုက်သည်။ ထို့နောက် ခေါင်းတစ်ချက်ဆတ်၍ ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန့်ရှိဟုန်းသည် သူမ၏မြင်းအား တင်ပါးကို လက်ဖြင့် ခပ်ဆတ်ဆတ်ကလေး ပုတ်လိုက်၏။

မြင်းကြီးသည် သူ့သခင်မကို သယ်ဆောင်၍ ဖန်ယီဟာန် ထွက်ခွာသွားသောလမ်းအတိုင်း မနောက်မှလိုက်သွားလေသည်။

ချိုကျန်းလင်သည် ကျန့်ရှိဟုန်း၏နောက်မှ လိုက်သွားရင်း စိတ်များ တက်ကြွပျော်ပါးနေသော သူမ၏အဖြစ်ကိုကြည့်၍ ကျေနပ် မိပါသည်။

သစ်တောအုပ်အတွင်းမှ ဖြတ်လာခဲ့ကြစဉ် အခြားလူးလူး ခြားခြားဟူ၍ မတွေ့ကြရချေ။

တော အုပ်မှာ အတန်ငယ် ရှည်လျားပေသည်။ သူတို့သည် သစ်တောအုပ်အား ဖြတ်ကျော်လာခဲ့ကြပြီးနောက် မကြာမီမှာပင် အရှေ့ဘက်မှ ဘုံကျောင်းတစ်ကျောင်းဆီသို့ ရောက်လာခဲ့ကြ၏။

ဘုံကျောင်းရှေ့သို့ ရောက်လာသောအခါ ဖန်ယီဟာန်က ဦးစွာ မြင်းပေါ်မှဆင်း၍ ကျောင်းဝင်းတံခါးဆီသို့ လျှောက်သွား၏။

ဘုံကျောင်း၏ ဝင်းတံခါးကြီးက ပိတ်လျက်သားရှိနေ၏။

ချိုကျန်းလင်က ဘုံကျောင်းအား လှမ်းကြည့်လိုက်သည်။

ကျောင်းဝင်းအတွင်း၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ သည်။



ချိုကျန်းလင်နှင့် ကျန့်ရှိဟုန်းတို့သည် မြင်းပေါ်မှ ဆင်းလိုက် ကြပြီးနောက် ကျောင်းဝင်းတံခါးဝတွင် ရပ်နေသော ဖန်ယီဟာန်အနီး သို့ လျှောက်လာကြ၏။

ဖန်ယီဟာန်က သူတို့ကို လှည့်ကြည့် လိုက်သည်။

"ဘုံကျောင်းတစ်ခုလုံး တိတ်ဆိတ်နေတာပဲ၊ ကြည့်ရတာ အထဲမှာ လူရှိပုံ မရဘူး"

သံဝင်းတံခါးကြီးအား အတွင်းမှပိတ်ထားသော်လည်း သော့ ခတ်ထားသည်ကို မတွေ့ရချေ။

သို့သော် အတွင်းပိုင်း၌ လူသံသူသံ မကြားရသလို လူရိပ် လူရောင်ကိုလည်း မတွေ့ကြရပေ။

"နောင်ကြီး ဖန်ယီဟာန် ... ကျွန်တော် အထဲဝင်ကြည့်လိုက် ဦးမယ်"

ချိုကျန်းလင် ပြောလိုက်သည်။

သူသည် ဖန်ယီဟာန်ထံမှ အဖြေကိုပင် စောင့်မနေတော့ဘဲ ခြင်းဖက်ကြိုးကို လှုပ်၍ ခြံဝင်းပေါ်သို့ လွှားခနဲခုန်ဝင်လိုက်လေ သည်။

ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ ခြံဝင်းအတွင်းသို့ ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝင်းတံခါးကြီးကို အတွင်းမှနေ၍ ဖွင့်လိုက်လေသည်။

ပြီးမှ သူတို့မြင်းများကို ခြံဝင်းအတွင်းသို့ ဆွဲသွင်းယူဆောင်လိုက်ကြသည်။

ဘုံကျောင်းရှေ့ရှိ မြေကွက်လပ်တွင် မြင်းများကိုထားခဲ့ကြပြီးနောက် ကျောင်းလှေကားထစ်များပေါ်သို့ တက်လာခဲ့ကြ၏။

လှေကားထစ်များပေါ်တွင် ဖင့်ကူအိမ်နှင့် ဖုန်မှုန့်များ ဖုံးလွှမ်းနေသည်ကို တွေ့ရလေသည်။

ဤဘုံကျောင်းအား သန့်ရှင်းလှည်းကျင်းခြင်းမရှိခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း သိသာပေသည်။

ဤသို့ဆိုလျှင် ဤနေရာတွင် လူသူအဝင်အထွက် မပြုလုပ်ခဲ့သည်မှာလည်း ကြာပြီပင်ဖြစ်၏။

လှေကားအဆုံးတွင် ပိတ်ထားသောအဝင်တံခါးကို တွေ့ရလေသည်။

ဖန်ယိဟန်သည် တံခါးကို ယက်ဖြင့်တွန်းကြည့်လိုက်၏။

ကျွီခနဲ မြည်သံနှင့်အတူ တံခါးနှစ်ရွက်စလုံး အလိုက်သင့်ပွင့်သွား၏။

တံခါးမှာ စေ့ရုံသာစေ့ထားခြင်း ဖြစ်ပေသည်။



"အထဲမှာ ဘယ်သူများ ရှိပါသလဲ ခင်ဗျာ"

ဖန်ယိဟန်က အော်၍မေးလိုက်သည်။

အတွင်းမှ ဖန်ယိဟန်၏ ပဲ့တင်သံကိုသာ ပြန်ကြားရ၏။

အတန်ကြာသည်အထိ စောင့်ကြည့်နေသော်လည်း အတွင်းမှပြန်မှုတစ်စုံတရာကို မကြားရချေ။

ဒီအတိုင်းဆိုလျှင် ဖန်ယိဟန်တွေ့ခဲ့သည်ဆိုသော လျှို့ဝှက်အမှတ်အသားသည် မှား၍ပင် နေလေပြီလား။

စဉ်းစားတွေးတောစရာအကြောင်းများ ပေါ်လာပြီဖြစ်၏။

"အစ်ကိုဖန်ယိဟန် ... လျှို့ဝှက်အမှတ်အသားအကြည့် များ မှားနေလို့လား"

ကျန့်ရှိဟုန်းက မျက်မှောင်ကုတ်၍ မေးလိုက်သည်။

ဖန်ယိဟန်၏စိတ်တွင် မကျေမနပ် ဖြစ်သွားသည်။

ကျန့်ရှိဟုန်းကိုတော့ မဟုတ်ပါ။

လျှို့ဝှက်အမှတ်အသားကိုနှင့် စက်လျှင်း၍ပဲ ဖြစ်သည်။

သူကိုယ်တိုင် မျက်စိဖြင့်တွေ့မြင်ခဲ့ရသော လျှို့ဝှက်အမှတ်အသားများက မမှားပါ။

ဤနေရာသို့ သေသေချာချာပင် ညွှန်ပြထားပေသည်။

"မမှားပါဘူး ... ကျုပ်ကိုယ်တိုင် သေချာတွေ့ခဲ့ရတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... လာ ... အထဲဝင်ကြည့်ကြမယ်”

ဖန်ယိဟာန်က ခေါင်းခါ၍ ပြောလိုက်သည်။

ထို့နောက် သူသည် ဘုံကျောင်းအတွင်းသို့ လှမ်း၍ ...

ရောက်သွားလေသည်။

အထဲတွင် ဗုဒ္ဓရုပ်ပွားတော်နှင့် ဘုရားစင်တစ်ခုကို တွေ့...

၏။

ဘုရားစင်ရှေ့တွင် ကျောက်စားပွဲကြီးတစ်လုံး ရှိနေ၏...

ထိုစားပွဲပေါ်တွင် ပန်းအိုးများနှင့် အမွှေးတိုင်ထွန်းညှိ...

အိုးများကို တွေ့ရလေ သည်။

ပန်းအိုးများထဲတွင် ရေမရှိဘဲ ညှိုးခြောက်နေသော ...

ခြောက်အချို့သာ ရှိပေသည်။

ဖန်ယိဟာန်သည် ဘုရားစင်ဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ...

လျှောက်သွား၏။

ကျောက်စားပွဲကြီးရှေ့သို့ ရောက်သောအခါ စားပွဲပေါ်...

ကြည့်လိုက်မိ၏။

ထိုခဏ်မှာပင် ဖန်ယိဟာန်သည် မျက်နှာပျက်သွားလေ...

“နောင်ကြီး ချိုကျန်းလင်နဲ့ သခင်မလေးတို့ ... ဒီကို...

ကြည့်ကြစမ်းပါဦး”



ဖန်ယိဟာန်၏ဂုံစံက အနည်းငယ် ပြူးတူးပျာတာနိုင်လှ...

သည်။

ချိုကျန်းလင်နှင့် ကျန့်ရီဟုန်းတို့သည် ဖန်ယိဟာန်ဆီသို့ ပြေး...

သွားမိကြသည်။

ဖန်ယိဟာန်သည် မလှုပ်မယှက်ရပ်လျက် ကျောက်စားပွဲ...

ပေါ်သို့ ငေးကြည့်နေ၏။

ချိုကျန်းလင်ကော ကျန့်ရီဟုန်းပါ ဖန်ယိဟာန် အာရုံစူးစိုက်...

ကြည့်နေသော ကျောက်စားပွဲပေါ်သို့ ကြည့်လိုက်မိကြ၏။

ထိုအခါ သူတို့နှစ်ဦးစလုံးပင် ဖန်ယိဟာန်ကဲ့သို့ မျက်နှာများ...

အသီးသီးပျက်သွားကြလေသည်။

ကျန့်ရီဟုန်းက ပို၍ဆိုးသည်။

စောစောက ပေါ့ပါးတက်ကြွနေသော သူမသည် ယခုတော့...

ကြက်သေသေသွားသည့်အဖြစ်သို့ ရောက်သွားလေသည်။

အကြောင်းမှုကား ...

‘ကျန့်ထင်းစန်နှင့် တွေ့လိုက နုလုံရွာသို့ လိုက်ခဲ့ပါ’

ဟူသော စာလုံးများကို ကျောက်စားပွဲပေါ်၌ စားဖြင့်ရေး...

ခြစ်ထားသည်ကို တွေ့လိုက်ကြရခြင်းကြောင့်ပင် ဖြစ်လေသည်။

အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေပြီ။

www.burmeseclassic.com



ယခုအတိုင်းဆိုလျှင် သံသယဖြစ်စရာအကြောင်းများ ပေါ် နေပြီဖြစ်၏။

စောစောက ဖန်ယိ ဟန်သည် သိုင်းဆရာကြီးမိုးကြိုးလွှေ၏ လျှို့ဝှက်အမှတ်အသားများကို တွေ့ခဲ့ရသည်ဟု ဆို၏။

ဆရာကြီးလွှေက သူတို့အား ဤနေရာသို့လာရန် ညွှန် ထားခဲ့သည် မဟုတ်ပါလား။

ယခု ဤနေရာသို့ ရောက်သောအခါ ကျောက်စားပွဲပေါ် စာတန်းကြောင့် သူတို့သုံးယောက်စလုံးပင် အံ့အားသင့်ကာ တွေ သွားမိကြသည်။

"နောင်ကြီး ဖန်ယိဟန် ... ဒီစားပွဲပေါ်က စာတန်းကို ဆရာကြီးလွှေ ရေးခြစ်ထားခဲ့တာမှ ဟုတ်ရဲ့လား"

ချိုကျန်းလင်က သံသယဖြစ်သောလေသံနှင့် မေး သည်။

"မဖြစ်နိုင်ဘူး၊ သိုင်းဆရာကြီးလွှေဟာ သိုင်းရာဇာကြီး ဒီလိုအသုံးအနှုန်းမျိုး ဘယ်နည်းနဲ့မှ သုံးမှာမဟုတ်ဘူး"

"ဒါဖြင့် ဒီစာတန်းက ဘယ်သူ့လက်ချက်များ ဖြစ်နိုင်

ကျန့်ရှိဟုန်းက စိုးရိမ်စိတ်ဖြင့် မေး၏။

ချိုကျန်းလင်၏စိတ်တွင် မတင်မကျဖြစ်နေမိသည်။



ထို့ကြောင့် သူက ဖန်ယိဟန်ကို ပြောလိုက်၏။

"နောင်ကြီး ဖန်ယိဟန် ... ဒီကိစ္စကို ကျွန်တော်တော့ ဘယ်လိုနားလည်ရမှန်း မသိတော့ဘူး"

"နောင်ကြီးတွေ့ခဲ့ရတဲ့ သိုင်းဆရာကြီးလွှေရဲ့ လျှို့ဝှက်အမှတ်အသားတွေက ဒီနေရာကို လာဖို့ ညွှန်ပြထားခဲ့တယ် မဟုတ်လား၊ အခု ဒီကိုရောက်တော့ ဘယ်လိုကြောင့် တခြားလူတစ်ယောက်ရဲ့ လက်ရာသံစိတ်တစ်ခုက ဝင်လာရတာလဲ"

ချိုကျန်းလင် တွေးမိသည့်အတိုင်း ဖန်ယိဟန်ကလည်း စဉ်းစားမိလေသည်။

"ဟုတ်တယ် နောင်ကြီးချိုကျန်းလင် ... ဒီကိစ္စရဲ့အကြောင်းရင်းကို ကျွန်တော်လည်း စဉ်းစားလို့မရအောင်ဘဲ ဖြစ်နေပါတယ်၊ အင်း ... ဒီအတိုင်းဆိုရင် ဖြစ်နိုင်စရာ အကြောင်းတစ်ရပ်ပဲရှိတော့တယ်"

"ဘယ်လိုဖြစ်နိုင်တဲ့ အကြောင်းများလဲ"

ကျန့်ရှိဟုန်းက ခပ်သွက်သွက် ဝင်မေးလိုက်သည်။

"သိုင်းရာဇာကြီးနဲ့ သိုင်းဆရာကြီးလွှေတို့ဟာ တစ်ဖက်လူရဲ့ အကွက်ထဲကို ရောက်ရှိသွားကြပြီလို့ပဲ ယူဆနိုင်စရာ အကြောင်းရှိတော့တယ်"

www.burmeseclassic.com



ကျန့်ရီဟုန်း၏မျက်နှာပေါ်တွင် သွေးမရှိတော့လောက်အောင်ပင် ဖြူရော်သွား၏။

"အစ်ကို ဖန်ယိဟာန် ... ဒီအတိုင်းဆိုရင် ကျွန်မအဖေနဲ့ ဦးကြီးလွေ့တို့ အန္တရာယ်ရှိနေပြီပေါ့ ... ဟုတ်လား"

ကျန့်ရီဟုန်းက တုန်ယင်စွာဖြင့် မေးလိုက်သည်။

"ဒီလိုလည်း အတိအကျပြောလို့ မရသေးပါဘူး၊ ယူဆနိုင်စရာ အကြောင်းရပ်တစ်ခုအဖြစ် ပြောပြတာပါ"

စိုးရိမ်စွာဖြင့် စိတ်လှုပ်ရှားနေသော ကျန့်ရီဟုန်အား ဖန်ယိဟာန်က ပြန်လည်နှစ်သိမ့်လိုက်သည်။

"ထူးခြားမှုတွေ့လိုတွေ့ငြား လျှောက်ကြည့်လိုက်ဦးမယ်"

ဖန်ယိဟာန်က ထိုသို့ပြောပြီးနောက် ... ဘုံကျောင်း၏ အနောက်ဘက်အဆောင်ဆီ အဆောင်ဆီသို့ လျှောက်သွားလေသည်။

ချိကျန်းလင်နှင့် ကျန့်ရီဟုန်းတို့သည်လည်း သူ့နောက်မှ အလိုအလျောက် လိုက်ပါသွားမိ၏။

ဘုံကျောင်းတည်ဆောက်ထားပုံမှာ ရှေ့ပိုင်းတွင် အဆောင်တစ်ခုနှင့် နောက်ပိုင်းတွင် အဆောင်တစ်ခု ဖြစ်ပေသည်။

နောက်ဘက်အဆောင်မှာ တစ်ဝက်နီးပါးမျှ ပြိုပျက်နေသည်ကို တွေ့ရ၏။



အဆောင်နှစ်ခုစလုံးပင် ပင့်ကူအိမ်များ၊ ဖုန်များ ထူထပ်စွာရှိပြီး ခြောက်ကပ်ကပ်နိုင်လွန်းလှပေသည်။

သက်ရှိအရိပ်အယောင်ဆို၍ ဘာတစ်ခုမှ မတွေ့ကြရချေ။

သူတို့သည် အနောက်ဆောင်တွင် လှည့်ပတ်ကြည့်ရှုပြီးနောက် ရှေ့ဘက်အဆောင်ဆီသို့ ပြန်ထွက်လာခဲ့ကြ၏။

"ဒီအတိုင်းဆိုရင် ကျွန်တော်တို့ နုလုံ့ရွာကို လိုက်သွားကြဖို့ပဲ ရှိတော့တယ်"

ဖန်ယိဟာန်သည် သက်ပြင်းတစ်ချက်ကို လေးပင်စွာချရင်း ပြောလိုက်သည်။

ကျန့်ရီဟုန်းသည် စိတ်များရှုပ်ထွေးနေပြီး စကားပြောချင်စိတ်ပင် မရှိတော့ချေ။

ထို့ကြောင့် သူမသည် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

ချိကျန်းလင်ကမူ တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ပြောလိုက်၏။

"နောင်ကြီး ဖန်ယိဟာန် ... ကျွန်တော်တို့ အရင်ဆုံး ငွေစင်ဆုံအဖွဲ့သားတွေနဲ့ တွေ့ဆုံဆက်သွယ်ပြီးမှ နုလုံ့ရွာကို သွားကြရင် ကောင်းမယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်၏မျက်နှာတွင် အပြုံးရိပ်ဆင်သွားသည်။

ချိကျန်းလင်ပြောသည်မှာ အလွန်သင့်မြတ်သောအကြံပင် ဖြစ်သည် မဟုတ်လော။

"ဟုတ်တယ် … နောင်ကြီးပြောတာ အလွန်ကောင်းတဲ့ အကြံပါပဲ၊ ငွေစင်ရော်ဂိုဏ်းနဲ့ ဆက်သွယ်နိုင်ဖို့အတွက် ကျွန်တော်တို့ ရှိန်းဝေမြို့လေးကို အရင်သွားကြရလိမ့်မယ်"



ရှိန်းဝေမြို့ …။

ရှိန်းဝေမြို့သည် ယူနန်ပြည်နယ်တွင် ရှိ၏။

မြို့ကြီးတစ်မြို့ မဟုတ်သော်လည်း အသွားအလာ၊ ဈေးရောင်းဈေးဝယ်တို့ဖြင့် သူ့ဒေသနှင့်သူ စည်ကားသည်ဟု ဆိုရပေမည်။

ဖန်ယိဟန်တို့ ရှိန်းဝေမြို့သို့ ရောက်သောအခါ မှောင်ရီပျိုးစပြုနေပြီဖြစ်၏။

သူတို့သည် တည်းခိုခန်းပါရှိသော စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်သွားကြသည်။

ဆိုင်ရှင်က လိုက်လံပျူငှာစွာ ခရီးဦးကြိုပြုလေသည်။

သူတို့သည် ထိုဆိုင်တွင် အခန်းငှားရမ်း၍ တစ်ညတာ တည်းခိုလိုက်ကြသည်။

အခန်းထဲသို့ ဝင်ရောက်ခဲ့ကြပြီးသည့်နောက် ဖန်ယိဟန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အပြင်သို့ထွက်ခဲ့လေသည်။

သူသည် ငွေစင်ရော်အဖွဲ့သားများနှင့် အဆက်အသွယ်ပြု လုပ်ရန် လိုက်လံရှာဖွေခြင်းပင် ဖြစ်သည်။

ဖန်ယိဟာန်တည်းခိုခန်းသို့ ပြန်ရောက်လာသောအခါ ည သန်းခေါင်ကျော်ပြီ ဖြစ်သည်။

သူပြန်ရောက်သည်နှင့် ချိုကျန်းလင်နှင့်ကျန့်ရီဟုန်းတို့က အလောတကြီး မေးမြန်းလိုက်ကြ သည်။

"ဘယ်လိုလဲ ... တွေ့ခဲ့ရဲ့လား"

"သတင်းအစအန ရပြီလား"

ဖန်ယိဟာန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီ ... နှလုံးဆိုတဲ့ရွာ ဘယ်မှာရှိတယ်ဆိုတာ ငွေစင်ရော် ဂိုဏ်းသားတွေတောင် မသိကြဘူး၊ သူတို့အထင်အရတော့ ဝေးလံတဲ့ တောင်ဘက် တောရိုင်းအစွန်းဆုံးဒေသက ယိလုံတောင်ပေါ်မှာ ရှိ မယ်လို့ သိခဲ့ရတယ်"

ထိုစကားကို ကြားသောအခါ ချိုကျန်းလင်သည် လေးနက် တည်ကြည်စွာဖြင့် မျက်မှောင်ကြုတ်၍ စဉ်းစားနေမိ၏။

ပြီးမှသူက တစ်လုံးချင်း ပြောလိုက်သည်။

"အင်း ... ဟုတ်ပြီ ယိလုံတောင်ဆိုတာ ကျွန်တော့်ဆရာကြီး



ယန်းဝူကို ပြောသံကြားဖူးတယ်"

"ဟင် ... ဟုတ်လား၊ ဒီလိုဆို အစ်ကိုချိုကျန်းလင်ကိုပဲ ဦး ဆောင်လမ်းပြအဖြစ် အားကိုးရတော့မှာပဲ"

ကျန့်ရီဟုန်းက အားတက်သရော ပြောလိုက်သည်။ ချိုကျန်းလင် ၏ မျက်နှာက တည်သွားသည်။

"ဒါပေမဲ့ သခင်မလေးရဲ့ ... ယိလုံတောင်ဆိုတာက အရှေ့ အနောက်တန်းနေတဲ့ အင်မတန် ကျယ်ဝန်းရှည်လျားတဲ့တောင်တန်း ကြီးတစ်ခုပဲ၊ အဲဒီကို သွားနိုင်တဲ့နေရာ နှစ်နေရာရှိတယ်၊ တစ်နေရာ က လီမြစ်ဝှမ်းနားက သွားရတယ်၊ နောက်တစ်နေရာကတော့ ပိုပြီး ဝေးတယ်၊ ကျုပ်ဆရာကြီး ပြောဖူးပေမယ့် နေရာကိုတော့ အတိ အကျ မကြားမိဘူး၊ လီမြစ်ဝှမ်းဒေသကို ကျုပ်လည်း တစ်ခါမှရောက် ဖူးတာ မဟုတ်ဘူး၊ ဒီတော့ လီမြစ်ဝှမ်းကို သွားဖို့အတွက် နောင်ကြီး ဖန်ယိဟာန်ကိုပဲ အားကိုးရလိမ့်မယ်"

ကျန့်ရီဟုန်းက မျှော်လင့်ချက်ကြီးစွာဖြင့် ဖန်ယိဟာန်ကို ကြည့်လိုက်မိသည်။

"ဒီအတွက် သိပ်မခဲယဉ်းပါဘူး၊ ကျုပ်တို့ မနက်စောစော ခရီးမထွက်ခင် ဒီဆိုင်ရှင်ဆီမှာ စုံစမ်းကြည့်လိုက်ရင် သိနိုင်ပါတယ်"

ဖန်ယိဟာန်က စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချိုကျန်းလင်မှာ စိတ်သက်သာရာ ရသွားတော့သည်။

နောက်တစ်နေ့နံနက်တွင် သူတို့သုံးယောက်စလုံး စောစီးစွာ အိပ်ရာမှထခဲ့ကြ၏။

ဖန်ယိဟာန်က ဆိုင်ရှင်ထံ သွားရောက်မေးစမ်းကြည့်ရာ လီမြစ်ဝှမ်းသို့ သွားရမည့်ခရီးစဉ်ကို သိခဲ့ရလေသည်။

သူတို့သည် နံနက်စာစားသောက်ကြပြီးသည့်နောက် ဆိုင်ရှင်ညွှန်ပြသော ခရီးစဉ်အတိုင်း ထွက်ခွာခဲ့ကြလေသည်။

ရှိန်းဝေမြို့ကလေးမှ ထွက်ခဲ့ကြပြီးသည့်နောက် လမ်းမကြီးမှခွဲထွက်ကာ တောလမ်းမှနေ၍ တောင်ဘက်ဒေသသို့ ဦးတည်ထွက်ခဲ့ကြ၏။

လီမြစ်ဝှမ်းသည် တိဗက်ပြည်နယ်တောင်ပိုင်းတွင် တည်ရှိလေသည်။

လီမြစ်ဝှမ်းသို့မရောက်မီ ပထမဦးစွာ ချဲ့ဟုန်မြစ်ကို ဖြတ်ကူးရ၏။

ချဲ့ဟုန်မြစ်သည် အငယ်စား မြစ်လက်တက်ကလေးတစ်ခုသာ ဖြစ်သည်။

ထို့ကြောင့် မြင်းများပင် အလွယ်တကူ ဖြတ်ကူးနိုင်ကြ၏။



ချဲ့ဟုန်မြစ်ကို ဖြတ်မကူးမီအထိ ခရီးလမ်းသည် ပြေပြစ်နေ၏။ ချောမွေ့နေ၏။

အတားအဆီး အဟန့်အတားများနှင့်လည်း မတွေ့ခဲ့ကြရပေ။

ချဲ့ဟုန်မြစ်၏ တစ်ဖက်ကမ်းသို့ရောက်သောအခါတွင်မူ လမ်းခရီးသည် ရုတ်တရက် ကြမ်းတမ်းလာတော့သည်။

တောင်များထူထပ်လာသလို တောသည်လည်း နက်ရှိုင်းလာ၏။

လမ်းမှာ လူသွားသာရုံမျှသာ ကျဉ်းမြောင်းလှသည့်အတွက် သုံးယောက်သား မြင်းပေါ်မှဆင်းကာ ခြေကျင်လျှောက်ခဲ့ကြလေသည်။

အချို့နေရာများတွင် သစ်ပင်ချုံနွယ်များ တားဆီးပိတ်ဆို့နေ၍ ခုတ်ထွင်ရှင်းလင်းပြီးမှ သွားကြရ၏။

သဘာဝရေမြေတောတောင်သည် သာမောဖွယ်ရာ ကောင်းလှပေသည်။

စာပေသမားများအဖို့ဆိုလျှင် ဤနေရာသည် စိတ်ကူးယဉ်၍ သီကျူးဖွဲ့နွဲ့ရေးသားရန် အလွန်ကောင်းသော အရပ်ဒေသတစ်ခုပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်၏ ခြေလျင်လျှောက်နှုန်းက သာမန်လူများထက် နှစ်ဆသုံးဆခန့် ပို၍မြန်၏။

သို့သော် လမ်းပန်းအခက်အခဲကြောင့် ထင်သလောက် ခရီးမပေါက်နိုင်ကြပေ။

ကျန့်ရှီဟုန်းမှာ ပို၍ စိတ်စောနေမိသည်။

စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့်အပြစ်ကြောင့် စိတ်မောလူမော ဖြစ်ရလေသည်။

သူတို့သည် ချဲ့ဟုန်မြစ်တစ်ဖက်ကမ်းမှ တစ်နေ့နှင့် တစ်ညတိုင် လျှောက်မိခဲ့ကြပြီဖြစ်၏။

ရှိန်းဝေမြို့ကလေးမှထွက်လာခဲ့ပြီးသည့်နောက် ပွ[illegible]မြောက်သောနေ့တွင် လီမြစ်နှင့် မိုင်ငါးဆယ်ခန့်ကွာဝေးသော ယင်းဖိန်ရွာကလေးသို့ ရောက် ခဲ့ကြလေသည်။

ယင်းဖိန်ရွာနှင့် မနီးမဝေးတွင် လှပသောရေကန်ကြီး တစ်ကန် ရှိ၏။

ယင်းရေကန်မှာ လီဟိုင်းရေကန်ပင် ဖြစ်သည်။

ကြာပန်းများဖူးပွင့်နေသော လီဟိုင်းရေကန်ကြီးက သာယာလှပေသည်။

သာယာလှပသော လီဟိုင်းရေကန်ကြီးကိုကြည့်ရင်း ယင်း



ပန်းနွမ်းနယ်သော ကျန့်ရှီဟုန်းမှာ အတန်ငယ်လန်းဆန်း၍ စိတ်များပြန်လည်ကြည်လင်တက်ကြွလာမိလေသည်။

သူတို့သည် ယင်းဖိန်ရွာမှဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားကြကာ ခေတ္တခဏ အမောဖြေအနားယူကြပြီးနောက် ဆက်လက်ခရီးနှင်ခဲ့ကြလေသည်။

တစ်နေ့ကုန် ခရီးနှင်ခဲ့ကြပြီးနောက် ညနေစောင်းတွင် ကျင်းဟုန်မြစ်သို့ ရောက်ခဲ့ကြ၏။

ကျင်းဟုန်မြစ်သည်လည်း ချဲ့ဟုန်မြစ်ကဲ့သို့ပင် အသေးစားမြစ်လက်တက်တစ်ခုပင် ဖြစ်၏။

သူတို့သည် ကျင်းဟုန်မြစ်ကို ဖြတ်ကူးခဲ့ကြပြီးနောက် ခရီးအတန်ငယ် ဆက်မိသောအခါ နေဝင်ဖျိုးစအချိန်တွင် ရှင်းကျန်ရွာကလေးသို့ ရောက်ခဲ့ကြလေသည်။

"နောင်ကြီး ချိုကျုန်းလင် ... ဒီညတော့ ကျွန်တော်တို့ ဒီရွာမှာပဲအိပ်ကြရင် ကောင်းလိမ့်မယ်ထင်တယ်"

ခရီးဆက်ရန် အချိန်လည်းမရှိတော့။

လူများလည်း ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ ဖန်ယီဟုန်းက ရှင်းကျန်ရွာတွင် ညအိပ်ရန် ပြောလိုက်သည်။

ချိုကျုန်းလင်က မျက်မှောင်ကုတ်၍စဉ်းစားရင်း ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျွန်တော်တို့သွားရမယ့် ခရီးက အတော်ဝေးနေသေးတယ်၊ ခရီးတစ်ထောက်လောက် ဆက်လိုက်ကြရင် မကောင်းဘူးလား"

ချီကျုန်းလင်က ခရီးဆက်ရန် သန္နိဋ္ဌာန်ရှိသေး၏။

ယောကျ်ားသားနှစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်သော်လည်း ယခု ကျန့်ရှီဟုန်းက ပါဝင်နေပေသည်။

သူမကို ငဲ့ညှာရန် လိုအပ်ပေသည်။

ဤတစ်ည ခရီးဆက်လိုက်ရုံမျှနှင့်လည်း ထိလုံတောင်ဆီသို့ ချက်ချင်း ရောက်သွားလိမ့်မည် မဟုတ်သေးချေ။

ထို့ကြောင့် ဖန်ယိဟာန်က ခေါင်းခါယမ်းလိုက်သည်။

"ခရီးတစ်ထောက် ဆက်လိုက်ကြလို့လည်း ကျုပ်တို့ ရောက်ချင်တဲ့ ယိလုံတောင်ကို ရောက်သွားနိုင်တာမှ မဟုတ်သေးပဲ၊ တောထဲတောင်ထဲမှာ ညအချိန်မတော် ဆက်မသွားနိုင်မှ ဒုက္ခရောက်နေလိမ့်မယ်၊ ဒါကြောင့် ရွာထဲက အိမ်တစ်အိမ်မှာ တစ်ညလောက် ဝင်တည်းလိုက်ကြတာ အကောင်းဆုံးပါပဲ"

"အစ်ကို ဖန်ယိဟာန်ပြောတာ မှန်ပါတယ်၊ ကျွန်မတို့ ဒီရွာကလေးမှာပဲ တစ်ညလောက် ဝင်အိပ်လိုက်ကြတာပေါ့"



ကျန့်ရှီဟုန်းက ကပျာကသီ ဝင်ရောက်ထောက်ခံလိုက်သည်။

ထိုအခါမှ ချီကျုန်းလင်မှာ သဘောပေါက် လက်ခံလိုက်လေသည်။

ဖန်ယိဟာန်သည် ရှေ့မှဦးဆောင်၍ ရှင်းကျန်ရွာထဲသို့ ဝင်ဆက်ခဲ့ပြီး တစ်ပတ်မျှ ပတ်၍ကြည့်လိုက်၏။

ရွာကလေးမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အေးချမ်းသာသောအသွင်ကို ဖော်ဆောင်လျက် ရှိပေသည်။

တဲအိမ်ကလေးတစ်လုံးရှေ့သို့ ရောက်သောအခါ ဖန်ယိဟာန်က အိမ်တံခါးကို ခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

တည်းခိုရန်အတွက် ဖန်ယိဟာန်ရွေးချယ်လိုက်သော တဲအိမ်ကလေးမှာ မိမိတို့အတွက် သင့်လျော်သည်ကို ချီကျုန်းလင် တွေ့လိုက်သည်။

ထို့ကြောင့် ချီကျုန်းလင်သည် ဖန်ယိဟာန်ကို စိတ်ထဲမှ ချီး၍ချီးကျူးလိုက်မိ၏။

ဖန်ယိဟာန်သည် အတွေးအခေါ်၊ အယူအဆအရာတွင် လူတော်တစ်ယောက် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံငါးဇေါက်သံ ထွက်ပေါ်လာပြီး မကြာမီ ပိတ်ထားသော

အိမ်တံခါးသည် ပွင့်ဟ၍ လာ၏။

ဘံခါးကြားမှ အသက်ရှစ်ဆယ်ကျော် အဘိုးကြီးတ

ယောက် ခေါင်းပြူထွက်လာလေသည်။

ဖန်ယီဟာန်သည် အဘိုးကြီးအား လက်နှစ်ဖက်ယှ

ဂါရဝပြုကာ တရိုတသေ နှုတ်ဆက်လိုက်သည်။

"ဘကြီး ခင်ဗျာ ... ကျွန်တော်တို့ဟာ သံမဏိမျက်နှာ

ဆရာကြီးဦးကြီးလေ့ရဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်၊ အခု ခရီးသွာ

အချိန်မရတော့တဲ့အတွက် ဖြစ်နိုင်မယ်ဆိုရင် ဒီမှာ တစ်ညလော

တည်းခိုခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

အဘိုးကြီး၏မျက်နှာတွင် အပြုံးရိပ်များ ယှက်သန်း

သည်။

သူက လိုက်လှဲပျူငှာစွာဖြင့် ခွန်းတုံ့ပြန်လိုက်သည်

"ဪ ... ဆရာကြီးလေ့ရဲ့ မိတ်ဆွေတွေပါလား

လာပါ ... အထဲကို ကြွခဲ့ကြပါ"

အဘိုးကြီးသည် သူ၏စကားအဆုံးတွင် တံခါးရွက်

ပေးပြီး လမ်းဖယ်ပေးလိုက်၏။

ဖန်ယီဟာန်နှင့်အတူ ချီကျန်းလင်နှင့် ကျန့်ရီဟုန်း



တဲအိမ်အတွင်းသို့ ဝင်ရောက်သွားကြသည်။

တဲအိမ်အတွင်း ဝိုင်းဖွဲ့ထိုင်မိကြသောအခါ ဖန်ယီဟာန်က

သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"ကျွန်တော်က ရှိန်းရှန်းဆရာကြီးရဲ့ တပည့် ... ဖန်ယီဟာန်

ပါ"

"ဪ ... ဖန်ယီဟာန်ဆိုတာ မောင်ရင်ကိုး၊ အင်း ... ကြား

ဖူးပါတယ်၊ ကြားဖူးပါတယ်"

အဘိုးကြီးက ဝမ်းသာအားရဖြစ်ကာ ခေါင်းတဆတ်ဆတ်

ညိတ်ရင်း ပြောလိုက်သည်။

ထိုစဉ် ဆယ့်ခြောက်နှစ်ခန့်ရှိ လူငယ်လေးတစ်ယောက်က

သင်ပန်းကြီးတစ်ခုတွင် လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များ

ထည့်၍ ယူဆောင်လာလေသည်။

"ကဲ ... လက်ဖက်ရည်ကြမ်း သုံးဆောင်ကြပါဦး၊ ကျုပ်တို့

က တောရပ်တောရွာဖြစ်နေလို့ မင်းတို့ ဧည့်သည်တွေကို မြို့မှာလို

ဖွယ်ဖွယ်ရာရာ ဧည့်မခံနိုင်တာ အားနာလှပါတယ်"

အဘိုးကြီးက အားတုံ့အားနာဖြစ်ဟန်ဖြင့် ပြောလိုက်သည်။

ဖန်ယီဟာန်က ပြုံး၍ ပြန်ပြောလိုက်၏။

"အို ... ကိစ္စမရှိပါဘူး ခင်ဗျာ၊ အခုလို တည်းခိုခွင့်ပြုတာကို

www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးကို အနှောင့်အယှက်ပေးသလိုတောင် ဖြစ်နေတာမို့ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး မောင်ရင်လေးတို့ရယ် ... ကျုပ်အတွက် အနှောင့်အယှက် မဖြစ်ပါဘူး၊ ဒီမှာ လွတ်လွတ်လပ်လပ် မောင်ရင်တို့စိတ်တိုင်းကျ နေနိုင်ပါတယ်၊ မောင်ရင်တို့နဲ့ အခုလိုတွေ့ရတာအတွက် ကျုပ်က ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်"

အဘိုးကြီးက ဖန်ယီဟာန်တို့ အနေမကျုံ့စေရန် စိတ်ရင်းအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါနဲ့ ဆရာကြီးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

ဖန်ယီဟာန်က မေးလိုက်သည်။

"ကျောက်ဟာန်လို့ ခေါ်ပါတယ်"

ဖန်ယီဟာန် ရုတ်တရက် အံ့အားသင့်သွားမိလေသည်။

သူသည် ကျောက်ဟာန်ဆိုသော အဘိုးကြီးအား သေချာကြည့်ပြီး မေးလိုက်သည်။

"ဝါစန်းဂိုဏ်း ချိန်းဟုတ်ကျောင်းက သိုင်းဆရာကြီးကျောက်ဟာန် ဆိုတာလား"

အဘိုးကြီးက ခေါင်းဆတ်ဆတ်ညိတ်ရင်း ပြန်ဖြေလိုက်၏။

"မှန်ပါတယ် ... ကျုပ်နာမည်ကို မောင်ရင်က ကြားဖူးတယ်



လား"

"ဟုတ်ကဲ့ ... ကြားဖူးနေတာ ကြာပါပြီ၊ အခု မထင်မှတ်ဘဲ ဆရာကြီးကို ကိုယ်တိုင်တွေ့ရလို့ ဝမ်းသာမဆုံး ဖြစ်မိပါတယ်ခင်ဗျာ"

ဖန်ယီဟာန်က တရိုတသေပြောလိုက်ပြီးနောက် သူ့အဖော်များနှင့် ကျောက်ဟာန်အား မိတ်ဆက်ပေးလိုက်လေသည်။

"သူက ချိကျန်းလင်လို့ ခေါ်ပါတယ်၊ ဟိုဘက်ကတော့ သိုင်းရာဇာကြီး ကျန့်ထင်းစန်ရဲ့သမီး ... ကျန့်ရှီဟုန်းပါ"

ကျောက်ဟာန်သည် ချိကျန်းလင်နှင့် ကျန်းရှီဟုန်းတို့အား ပြုံး၍ ကြည့်လိုက်သည်။

ထို့နောက် သူက ဖော်ရွေစွာဖြင့် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"ဩော် ... ဩော် ... သိုင်းရာဇာကြီးရဲ့ ချစ်သမီးလေး ကျန့်ရှီဟုန်းကိုး ... အခုလိုတွေ့ရတာ အများကြီး ဝမ်းသာလှပါတယ်"

ကျန့်ရှီဟုန်းသည် ကျောက်ဟာန်အားပြုံးကြည့်ရင်း ပြန်လည်၍ ဦးညွတ်ဂါရဝပြုလိုက်သည်။

ကျောက်ဟာန်သည် ချိကျန်းလင်အားကြည့်၍ မေးလိုက်ပြန်သည်။

"မောင်ရင်လေးကကော ဘယ်သိုင်းဆရာကြီးရဲ့ သား

www.burmeseclassic.com

www.burmeseclassic.com



တပည့်များလဲ"

ချိုကျွန်းလင်သည် လက်အုပ်ချီ၍ ဂါရဝပြုကန်တော့ကာ ဖြေဆိုလိုက်သည်။

"တောင်ထိပ်သိုင်းဝိဇ္ဇာဆရာကြီး ယန်းဝူကျိုရဲ့တပည့် ဖြစ်ပါတယ် ခင်ဗျာ"

"အို ... သိုင်းဝိဇ္ဇာ အဓိပတိဆရာကြီးရဲ့တပည့်ပါလား အင်း ... ချီးကျူးလေးစားမိပါတယ်"

ကျောက်ဟာန်က သဘောကျစွာ ပြုံးရယ်၍ ပြောလိုက်သည်။

ချိုကျွန်းလင်သည် မိမိအား အမွှမ်းတင်စကား ပြောလိုက်သဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ကျွန်တော်က ဒီလောက်လည်း မဟုတ်သေးပါဘူးခင်ဗျာ ဆရာကြီးရဲ့ခင်မင်မှုကိုတော့ အထူးပဲ ကျေးဇူးတင်မိပါတယ်"

"အင်း ... အခုလို မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ ညီသည်တွေက တကယ့်ကိုပဲ ထိပ်သီးပုဂ္ဂိုလ်ကြီးတွေရဲ့ သားတပည့်တွေချည်း ပါပဲလား၊ မောင်ရင်တို့နဲ့ အခုလို တွေ့ရတာ ကျုပ် သိပ်ဝမ်းသာအားရ ဖြစ်မိပါတယ်၊ ဒါနဲ့ မောင်ရင်တို့ လာရင်းကိစ္စကို ပြောပြပါဦး ... အကြောင်းထူးရှိလိမ့်မယ်လို့ ကျုပ်ထင်မိပါတယ်"



အကင်းပါးသော ကျောက်ဟာန်က မေးလိုက်သည်။ ဖန်ယိဟာန်က ချောင်းတစ်ချက်ဟန့်ပြီး ဖြေလိုက်သည်။

"ကျွန်တော်တို့က ဆရာကြီးလွေနောက်ကို လိုက်ခဲ့ကြတာပါ၊ ဆရာကြီးလွေများ ဒီကို ဝင်လာခဲ့ပါသေးသလား ခင်ဗျာ"

"ဆရာကြီးလွေ ဒီကို ဝင်သွားပါတယ်၊ သူပြောပြလို့ သိသင့်သလောက်လည်း သိရပါတယ်"

ကျောက်ဟာန်က ပြုံး၍ ပြောလိုက်သည်။

သူ့စကားကြောင့် ဖန်ယိဟာန်တို့သုံးယောက်စလုံး ဝမ်းသာအားတက် ဖြစ်သွားမိကြလေသည်။

ဤအတိုင်းဆိုလျှင် ဆရာကြီးလွေအား ဆက်လက်ခြေရာခံဖို့ ရာ လွယ်ကူသွားလေပြီ။

ကျောက်ဟာန်ထံမှ လုံလောက်သောကွင်းဆက်များ ရရှိလိမ့်မည်ဟု ဖန်ယိဟာန် မျှော်လင့်မိ၏။

"ဆရာကြီးလွေက လမ်းတစ်လျှောက်မှာ လျှို့ဝှက်အမှတ်အသားတွေ ချထားပါတယ်၊ သူ့အမှတ်အသားအတွေအတိုင်း ကျွန်တော်တို့ လိုက်ခဲ့ကြတာ ရှိန်းဝေမြို့မရောက်ခင် ဘုံကျောင်းပျက်ကြီးတစ်ခုကို ရောက်သွားခဲ့ပါတယ်၊ အဲဒီမှာ တွေ့ခဲ့ရတဲ့ စာတန်းအမှတ်အသားကတော့ အတော်လေးဆန်းကျယ်ပြီး ပထမပိုင်း တွေ့ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသားတွေနဲ့ ဆန့်ကျင်နေတဲ့အတွက် ကျွန်တော်တို့ မစဉ်းစားတတ်အောင် ဖြစ်သွားပါတယ်၊ ဆရာကြီးကတော့ ဆရာကြီးလွှေနဲ့ တွေ့ပြီးပြီဆိုလို့ ဒီအကြောင်းကို သိပါလိမ့်မယ်လို့ ထင်ပါတယ်"

ကျောက်ဟန်က သဘောကျစွာ ရယ်လိုက်သည်။

"ဟား ဟား ဟား ... ဒီကိစ္စလား ... ဆရာကြီးလွှေက ပြောပြသွားပါတယ်"

"သူက ဘာတွေများ ပြောပြသွားပါသလဲ"

ကျန့်ရှီဟုန်းက ဝမ်းသာအားရဖြစ်ကာ ကြားဖြတ်၍ ဝင်မေးလိုက်သည်။

"တစ်ဖက်လူတွေရဲ့ အာရုံကို လမ်းကြောင်းပြောင်းသွားအောင် လွှဲပြောင်းပေးလိုက်တဲ့ အကြံအစည်ပါ"

"ဟုတ်ကဲ့ ... ဆရာကြီးအမိန့်ရှိတာ ကျွန်မ သိပ်နားမရှင်းလို့ နည်းနည်းလောက် ရှင်းပြပါရှင်"

ကျန့်ရှီဟုန်းက ရှင်းလင်းပြတ်သားစွာ သိနိုင်ရန် ဆက်၍ မေးလိုက်သည်။

"သူ့ရည်ရွယ်ချက်က သူ့နောက်ကိုလိုက်လာမယ့် ကိုယ့်လူတွေကို ... အခုတော့ မင်းတို့ကိုပေါ့ကွာ ... တစ်ဖက်ရန်သူတွေရဲ့ အန္တရာယ်စက်ကွင်းက လွတ်အောင် ဖယ်ရှားပေးလိုက်တာပါပဲ၊ ဒီလို



အမှတ်အသားပြောင်းလဲပေးလိုက်ခြင်းအားဖြင့် လမ်းခုလတ်မှာ မင်းတို့ရဲ့ လုံခြုံရေးကို ထိန်းသိမ်းပေးလိုက်တာပဲပေါ့၊ ဆရာကြီးလွှေရဲ့ အမြော်အမြင်ကြီးမားမှု တစ်ရပ်ပါပဲ"

ကျောက်ဟန်ရှင်းပြသည့်တိုင် ကျန့်ရှီဟုန်းမှာ နားမလည်နိုင်သေးဘဲ ငေးငိုင်နေလေသည်။

ဤသည်ကိုရိပ်မိသော ကျောက်ဟန်က သူမ သဘောပေါက်နားလည်စေရန် ဆက်၍ပြောလိုက်လေသည်။

"အေး ... မင်းတို့ ဘုံကျောင်းထဲမှာ တွေ့ခဲ့ကြတဲ့အတိုင်း သူ့အမှတ်အသားစာတန်းကို မိုက်ကန်းကန်း သုံးနှုန်းဖော်ပြထားခဲ့တယ် မဟုတ်လား၊ ဒါကို တစ်ဖက်ကလူတွေ တွေ့သွားခဲ့ရင် ရန်သူတွေက ဒါဟာဖြင့် သူတို့အထက်ပုဂ္ဂိုလ်တွေရဲ့ လက်ချက်ပဲလို့ ထင်မြင်ယူဆသွားကြပြီး မင်းတို့ကို နှောင့်ယှက်ဟန့်တားခြင်း မပြုကြတော့ဘူးပေါ့၊ ဒီလိုမှမဟုတ်ရင် မင်းတို့ အခုလို ဒီကို ချောချောမောမောရောက်လာကြမှာ မဟုတ်တော့ဘူး"

ယခုမှပင် ကျန့်ရှီဟုန်းမှာ နားလည်သဘောပေါက်သွားလေတော့သည်။

"ဟုတ်ပါတယ် ... သိုင်းဆရာကြီးလွှေဟာ ဆင်ခြင်ဉာဏ်ပြည့်ဝတဲ့ လူတစ်ဦးပါပဲ၊ သူ့ရဲ့ စီစဉ်မှုက ချီးကျူးထိုက်ပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်က ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောလိုက်သည်။

ချိုကျန်းလင်သည် မိမိဆရာကြီးနှင့် ပတ်သက်၍ သိလိုစိတ်ပြင်းပြလာ၏။

ထို့ကြောင့် သူက ဖွင့်ဟမေးလိုက်သည်။

"ဆရာကြီးကျောက်ဟန် ... သိုင်းဆရာကြီးလွှကကျွန်တော့်ဆရာကြီး ယန်းဝူကျိအကြောင်း ဘာများ ပြောသွားသေးသလဲ"

"ဆရာကြီး ယန်းဝူကျိအကြောင်းလား၊ အင်း ... ပြောတော့ပြောသား ... ဒါပေမဲ့ သိပ်တော့ ထွေထွေထူးထူး မရှိလှပါဘူး"

ကျောက်ဟန်၏ အမူအရာကလေးပင် ထိုင်းမှိုင်းသွားသည်။

"ဒါဖြင့် ဆရာကြီး ယန်းဝူကျိဟာ သူတို့နဲ့အတူ ရှိနေပြီလားဆိုတာ ဆရာကြီး မသိဘူးပေါ့"

ချိုကျန်းလင် ထပ်မံမေးလိုက်သည်။

ကျောက်ဟန်သည် အနည်းငယ် စဉ်းစားနေသည်။ အတန်ကြာမှ သူသည် လေးတွဲစွာ ခေါင်းခါယမ်းလိုက်သည်။

"သူတို့နဲ့အတူ ရှိတယ်လို့တော့ ပြောသံမကြားမိဘူး၊ ဒီကိုလာတုန်းကလည်း ဆရာကြီး ယန်းဝူကျိ ပါမလာပါဘူး"

ချိုကျန်းလင်သည် သူ့ဆရာကြီး ယန်းဝူကျိအတွက် စိုးရိမ်



သွားမိ၏။

"နောင်ကြီး ချိုကျန်းလင် ... နောင်ကြီးရဲ့ ဆရာကြီး ယန်းဝူကျိနဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်တို့ ဆုံမိကြပုံ မပေါ်သေးဘူး"

ဖန်ယိဟာန်က ဝင်ရောက်ပြောဆိုလိုက်သည်။

"ဟုတ်တယ် ... ဒါကြောင့် ဆရာကြီးယန်းဝူကျိအတွက် ကျွန်တော် စိတ်ပူနေမိတယ်"

"မင်းတို့ သိပ်ပြီးတော့လည်း စိတ်ပူမနေကြပါနဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်က တစ်ဖက်လူတွေ ဘယ်သူဘယ်ဝါဆိုတာ သိပြီလို့ ဆရာကြီးလွှက ကျုပ်ကို ပြောသွားပါတယ်"

ကျောက်ဟန်၏စကားကို အားလုံးက စိတ်ဝင်စားသွားမိသည်။

သူဆက်လက်ပြောသည်ကိုပင် မစောင့်နိုင်တော့ဘဲ ကျန့်ရိဟုန်းက မြာမြာသလဲ ဝင်၍မေးလိုက်၏။

"ဒုဂင်လား ... တစ်ဖက်ကလူတွေက ဘယ်သူများလဲ ဆိုတာကော ဆရာကြီးလွှက ပြောပြမသွားဘူးလား"

ကျောက်ဟန်သည် ချိုကျန်းလင်အား တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ သူသည် အားတုံ့အားနာဖြစ်ဟန်နှင့် လေးတွဲ့စွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"အင်း ... ပြောရမှာ အားတော့နာပါတယ်၊ ဆရာကြီးလွှေ ပြောသွားတာကတော့ တစ်ဖက်လူဟာ ဆရာကြီးယန်းဂူကိုလို့ ပြောတာပဲ၊ ဒါပေမဲ့ တကယ်တမ်း ဦးဆောင်နေကြသူတွေက လေပွေ သိုင်းသမားကြီး သုံးဖော်တို့ဖြစ်တယ်လို့ ပြောသွားပါတယ်"

ကျောက်ဟန်သည် ချိုကျန်းလင်၏ရှေ့တွင် သူ့ဆရာကြီး အကြောင်းပြောရ၍ အားနာနေပုံရ၏။

ပို၍ဆိုးသည်က ကျန့်ရှီဟုန်း ပါရှိနေခြင်းကြောင့် ဖြစ်သည်။ ချိုကျန်းလင်သည် မျက်နှာကွက်ခနဲ ပျက်သွား၏။

ကျန့်ရှီဟုန်းမှာလည်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူမက ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်သည်။

"ဪ ... လေပွေသိုင်းသမားကြီး သုံးဖော်ဟုတ်လား"

"ဟုတ်တယ် ... သူပြောတဲ့အတိုင်း ဟုတ်မှန်လိမ့်မယ်လို့ ကျုပ် ယူဆမိတယ်"

ကျောက်ဟန်က ပြောလိုက်သည်။ ဖန်ယီဟန်သည် ခေါင်း ခါယမ်းလိုက်သည်။

"အင်း ... ဒီအတိုင်းဆိုရင် သိုင်းဆရာကြီးလွှေနဲ့ သိုင်းရေခေါ ကြီးတို့ ထင်မြင်ယူဆချက် လွဲမှားနေကြပြီ"



ဖန်ယီဟန်၏စကားကြောင့် ကျောက်ဟန် ကြောင်အမ်း အမ်း ဖြစ်သွား၏။

သူက ဖန်ယီဟန်ကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ဘယ်လိုကြောင့်များလဲ"

"အဖြစ်အပျက်အမှန်က ဒီလိုပါ ... သိုင်းဝိဇ္ဇာကြီး ယန်းဂူကို က သိုင်းရေခေါကြီးကို စာရေးသားပြီး ဖိတ်ကြားချိန်းဆိုလိုက်တဲ့ ကိစ္စ မှာ သူ့ဆန္ဒသဘောအရ မဟုတ်ဘဲ တစ်စုံတစ်ယောက်ရဲ့ အမွေ အကျပ်ကိုင်ခြိမ်းခြောက်မှုကြောင့် ဖိတ်ကြားချိန်းဆိုလိုက်ခြင်း ဖြစ်ပါ တယ်၊ အခု ကျွန်တော်တို့က ဆရာကြီးယန်းဂူကို အကျပ်ကိုင် မ်းဆီးခေါ်ဆောင်သွားသူတွေရဲ့နောက်ကို လိုက်လာခဲ့ကြတာပါ"

ဖန်ယီဟန် ပြောပြသည်ကို ကြားရသောအခါ ... ကျောက် ဟန်မှာ အံ့အားသင့်သွားလေသည်။

ဤအကြောင်းကိစ္စများကို သူ လုံးဝ မသိခဲ့ချေ။

ဤအတိုင်းဆိုလျှင် ပြဿနာသည် လွန်စွာ ရှုပ်ထွေးသော သည် ဖြစ်သည်။

"ဟင် ... သိုင်းဝိဇ္ဇာကြီးကိုယ်တိုင် အကျပ်ကိုင်ခံရပြီး သိုင်း ရေခေါကြီးကို တောင်ဘက်ဒေသလာဖို့ ဖိတ်ကြားချိန်းဆိုလိုက်တာ ... ဟုတ်လား၊ ဒါတွေကို ကျုပ် လုံးဝမသိရပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခေတ္တမျှ စဉ်းစားနေလိုက်ပြီးမှ လေးလေးပင်ပင် ဆက်ပြောလိုက်သည်။

"ဒါဆိုရင်တော့ ဒီကိစ္စက သိပ်မလွယ်လှဘူးနဲ့ တူတယ်"

"ဟုတ်ပါတယ် … ဒါကြောင့်လည်း ကျွန်တော်တို့ ဒီ တောင်ပိုင်းဒေသကို အရေးတကြီးလာခဲ့ကြတာ ဖြစ်ပါတယ်"

"ဒါဖြင့် သိုင်းဆရာကြီးလွှေ[illegible] သိုင်းရာဇာကြီးပါ ဆရာကြီးယန်းဂူကို အကျပ်ကိုင်ခံရတဲ့အကြောင်းကို သိကြဦးမှာ မဟုတ်ဘူး၊ သူတို့ကို အသင့်စောင့်ကြိုနေမယ့် အန္တရာယ်က မသေးလှဘူး"

ကျောက်ဟန်သည် မျက်မှောင်ကြုတ်၍ စဉ်းစားမိသမျှကို ပြောလိုက်သည်။

"ဟုတ်ပါတယ် … ဒါကြောင့် ဆရာကြီးလွှေနဲ့ သိုင်းရာဇာကြီးတို့ကို အချိန်မီတွေ့နိုင်ဖို့ အရေးကြီးတယ်"

ဖန်ယိဟန်က ပြောလိုက်သည်။

သူတို့ပြောသည်ကို နားထောင်ရင်း ကျန့်ရှီဟုန်း၏ စိုးရိမ်စိတ်များ ပိုမိုကြီးထွားလာသည်။

"ဆရာကြီးကျောက်ဟန် … ကျွန်မဖခင်ကြီးနဲ့ သိုင်းသမားကြီးလွှေတို့ အခု ဘယ်မှာရှိမယ်ဆိုတာ တစ်ဆိတ် ညွှန်ကြားပေးပါလားရှင်"



ကျောက်ဟန်သည် လေးနက်စွာ စဉ်းစားနေလိုက်ပြီးမှ သူမအား အဖြေပေးလိုက်သည်။

"သခင်မလေးရဲ့ ဖခင်ကြီးနဲ့ သိုင်းဆရာကြီးလွှေတို့ အခုနေဆိုရင် လီမြစ်ဝှမ်းက လီကျန်းမြို့ထဲကို ရောက်သွားလောက်ကြပါပြီ"

စိတ်လှုပ်ရှားနေသော ကျန့်ရှီဟုန်းသည် နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာပြီး ကျောက်ဟန်အား မေးခွန်းသစ်တစ်ခု ထပ်၍မေးလိုက်သည်။

"ဆရာကြီး … နုလုံ့ရွာဆိုတာ ကြားဖူးသလား၊ နုလုံ့ရွာဟာ ယီလုံတောင်ပေါ်မှာ ရှိတယ်ဆိုတာကော ဟုတ်သလား၊ ကျွန်မ ဖခင်ကြီးနဲ့ သိုင်းသမားကြီးလွှေတို့ ယီလုံတောင်ပေါ်ကိုများ သွားကြတာလား မသိဘူးနော်"

ကျန့်ရှီဟုန်းကိုကြည့်ရင်း ကျောက်ဟန် စိတ်မကောင်းဖြစ်သွားသည်။

"ဟုတ်ပါတယ် … သူတို့ ယီလုံတောင်ပေါ်ကို သွားကြတာပါပဲ"

စိတ်စောနေသော ကျန့်ရှီဟုန်းသည် ဖန်ယိဟန်အား လှမ်း၍ မေးလိုက်၏။

"အစ်ကို ဖန်ယိဟန် … ကျွန်မတို့ ဘယ်တော့ ခရီးဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ”

ဖန်ယိဟာန်က ပြုံးပြလိုက်သည်။

“မနက်စောစော ဒီက ထွက်ကြမယ်လေ”

မနက်ရောက်ရန် တစ်ညမျှ စောင့်ရချေဦးမည်။

ကျန့်ရှီဟုန်းစိတ်တွင် ယံခုပင် ယိလုံတောင်ပေါ်သို့ ရောက်သွား ချင်နေတော့သည်။

စောင့်ရသည့်အခါမျိုးတွင် အချိန်သည် ကုန်ခဲလွန်းလှ၏။

သူရိန်နေမင်း၏ ရွှေလျားနှုန်းသည် နှေးကွေးလေးလံနေ သည်။

ထိုစဉ် ...

စောစောက ရေနွေးကြမ်းလာချပေးသော သူငယ်လေးနှင့် အဘွားကြီးတစ်ယောက်တို့က စားပွဲတစ်လုံးပေါ်တွင် ထမင်းဟင်း များ ခင်းကျင်းပြင်ဆင်လိုက်ကြလေသည်။

ထမင်းပွဲပြင်ပြီးသောအခါ ကျောက်ဟာန်သည် ဖန်ယိဟာန် တို့အား ထမင်းသုံးဆောင်ရန် ဖိတ်ခေါ်လိုက်၏။

“ကဲ ... မင်းတို့အားလုံး ခရီးပန်းပြီး ဆာနေကြရောပေါ့ စောစောစီးစီး ထမင်းသုံးဆောင်လိုက်ကြဦး၊ ပြီးတော့မှပဲ အေးအေး ဆေးဆေး အနားယူကြတာပေါ့၊ မနက်စောစော လီကျန်းမြို့အထိ



...ပို့လိုက်ပို့ပေးပါ့မယ်”

အဘိုးကြီး ကျောက်ဟာန်၏ အမူအရာက လောကွတ်ကျေ ...သက်သက်မျှသာ မဟုတ်ဘဲ ... လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ပြောဆို ...လိုက်ခြင်းဖြစ်ကြောင်း သူတို့ သုံးယောက်စလုံးက နားလည်လိုက်ကြ ...၏။

သူတို့ ထမင်းဝိုင်းသို့ ဝင်ထိုင်မိကြသောအခါ ကျောက်ဟာန် ...က အဘွားကြီးနှင့်လည်းကောင်း၊ လူငယ်ကလေးနှင့်လည်းကောင်း ...မိတ်ဆက်ပေးလိုက်သည်။

အဘွားကြီးမှာ ကျောက်ဟာန်၏ဇနီး လျူတာ့နမ် ဖြစ်၏။

လူငယ်လေးမှာ ကျောက်ဟာန်နှင့် လျူတာ့နမ်တို့၏ သား ...ငယ်ကျောက်ချုံး ဖြစ်ပေသည်။

အဘွားကြီးလျူတာ့နမ်သည်လည်း အဘိုးကြီး ကျောက် ...ဟာန်နည်းတူ လှိုက်လှဲဖော်ရွေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်စလုံးပင် စိတ်ရင်းစေတနာ ကောင်းကြ ...သူများ ဖြစ်ပေသည်။ ဖန်ယိဟာန်တို့သုံးယောက်စလုံးပင် အားရပါးရ ...မြိန်ယှက်စွာ တဝကြီးစားသောက်ကြ၏။

ကျောက်ဟာန်နှင့် လျူတာ့နမ်တို့က ဧည့်သည်များ အားနာ ...စားမှာကို စိုးရိမ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူတို့က အားရပါးရ စားသောက်ကြသောအခါ ကျေ
နပ်စွာဖြင့် ပီတိဖြစ်မိကြလေသည်။

စားသောက်ပြီးသောအခါ တအောင့်တနား စကားပြော
ကြပြီးနောက် နံနက်စောစော ခရီးထွက်ရန်အတွက် အားလုံးပင် အေ
စီးစွာ အိပ်ရာဝင်ခဲ့ကြလေသည်။

စိတ်စောနေသော ကျန့်ရှိဟုန်းအဖို့ တော်တော်နှင့် အိပ်
ပျော်နိုင်ဘဲ တလူးလူးတလွန့်လွန့်နှင့် အတွေးလွန်နေခဲ့သည်။

သန်းခေါင်ကျော်မှပင် သူမသည် မှေးခနဲ အိပ်ပျော်သွား
တော့၏။

ရှင်းကျန်ရှာကလေးသည်ကား အေးမြသော လရောင်
အောက်တွင် ငြိမ်သက်စွာ အိပ်မောကျနေလေသည်။



တိတ်ဆိတ် ငြိမ်သက်နေသော ရှင်းကျန်ရွာကလေးသည်
နေရောင်နှင့်အတူ နိုးထလှုပ်ရှားလာပြီ ဖြစ်၏။

နံနက်စောစောမှာပင် ကျောက်ဟန်သည် ဖန်ယိဟန်တို့
အား လီကျန်းမြို့ဆီသို့ လမ်းပြ၍ ခေါ်ဆောင်လာခဲ့လေသည်။

တစ်နေကုန် ခရီးနှင်ခဲ့ကြပြီးနောက် ညနေလေးနာရီခန့်တွင်
ကျန်းမြို့သို့ ရောက်ရှိခဲ့ကြ၏။

ခရီးလမ်းကျွမ်းကျင်သော ကျောက်ဟန်ပါရှိ၍သာ တစ်နေ့
နှင့် လီကျန်းမြို့သို့ ရောက်ရှိခဲ့ကြခြင်း ဖြစ်ပေသည်။

မိမိတို့ဘာသာ သွားကြရမည်ဆိုလျှင် ဖန်ယိဟန်တို့သည်
တစ်နေ့နှင့် လီကျန်းမြို့သို့ ရောက်ရှိကြလိမ့်ဦးမည် မဟုတ်ပေ။

လီကျန်းမြို့ထဲတွင် လူများ ဥဒဟိုသွားလာနေကြသည်ကို
တွေ့ရသည်။

မြို့ထဲသို့ ရောက်လျှင်ရောက်ချင်း ကျောက်ဟန်သည် ဖန်

www.burmeseclassic.com

www.burmeseclassic.com



ယိဟန်တို့ သုံးဦးအား အပေါင်ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်သွားခဲ့

ဆိုင်အတွင်းသို့ ရောက်သောအခါ ... အလုပ်သမား ယောက်အား တွေ့ရလေသည်။

ကျောက်ဟန်သည် ထိုအလုပ်သမားအနီးသို့ကပ်၍ တီး ပြောကြားလိုက်၏။

ဖန်ယိဟန်တို့မှာ ကျောက်ဟန်၏အပြုအမူကို နားမလည် ဘဲ ငေးကြောင်ပြီး ကြည့်နေမိ၏။

မိမိတို့အား ညှော်ဝတ်ပြုရန်အတွက် ပစ္စည်းတစ်စုံတ ပေါင်နှံခြင်းပြုတော့မည်လားဟု တွေးထင်လိုက်မိကြလေသည်

ဤသို့ဆိုလျှင် မိမိတို့သည် ဤအဘိုးကြီးအား သက်သ ဒုက္ခအနှောင့်အယှက်ပေးသလို ဖြစ်နေပြီဟု တွေးမိကာ စိ ကောင်းဖြစ်သွားကြလေသည်။

ကျောက်ဟန်သည် ဆိုင်အလုပ်သမားအား တီးတိုး ကြားနေရမှ ဖန်ယိဟန်တို့ဘက်သို့လှည့်၍ ခေါင်းတစ်ချက်ဆတ် ခေါ်လိုက်၏။

ထိုအခါ ဆိုင်အလုပ်သမားသည် ကျောက်ဟန်တို့ လေ အား အပေါင်ဆိုင်၏ အနောက်ဘက်အဆောင်ကလေးတစ်ခု ခေါ်ဆောင်သွားလေသည်။



ဖန်ယိဟန်တို့သုံးယောက်မှာ ... ဘုမသိဘမသိနှင့်ပင် ကျောက်ဟန်၏နောက်မှ လိုက်ပါခဲ့ကြရ၏။

ဆိုင်၏နောက်ဘက်ဆီသို့ ရောက်သောအခါ အသက်ငါး ဆယ်ကျော်ခန့်ရှိမည့် လူဝကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

လူဝကြီးသည် ကျောက်ဟန်ကိုတွေ့သောအခါ ဝမ်းသာ အယ်လဲ ခရီးဦးကြိုပြုလိုက်လေသည်။

"ဟာ ... ဆရာကြီးကျောက်ဟန်ပါလား ... ကြွပါ ကြွပါ"

"ဟောဒါ ... အောက်ရွာက သိုင်းသမားသူဌေးကြီး လုံယွဲ့ ပါပဲ"

ကျောက်ဟန်သည် ဖန်ယိဟန်တို့အား လူဝကြီးနှင့် မိတ်ဆက် ပေးလိုက်သည်။

ထို့နောက် တစ်ဖန် လုံယွဲ့အား ဖန်ယိဟန်တို့နှင့် တစ်ဦးချင်း မိတ်ဆက်ပေးလိုက်၏။

လုံယွဲ့သည် ဖန်ယိဟန်တို့သုံးဦးအား တွေ့ဆုံသိကျွမ်းလိုက် ရသောအခါ ဖော်ရွေစွာဖြင့် လေးလေးစားစား ကြိုဆိုနှုတ်ဆက်လိုက် လေသည်။

"ဩော် ဩော် ... ဆရာလေးတို့သုံးယောက်စလုံး သိုင်း အကျော်အမော်တွေချည်းပဲကိုး၊ အခုလို တွေ့ဆုံသိကျွမ်းရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာဂုဏ်ယူမိပါတယ်"

ထို့နောက် သူတို့အားလုံး နေရာယူ၍ ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

မကြာမီ လုံယွဲ့၏အလုပ်သမားများက အကောင်းစား လက်ဖက်ခြောက်ခတ်ထားသော လက်ဖက်ရည်ကြမ်းဗန်း ယူလာပြီး ကောင်းစွာတည်ခင်းဧည့်ခံ၏။

ကျောက်ဟန်သည် ချောင်းတစ်ချက်ဟန့်၍ လည်ချောင်းရှင်းလိုက်ပြီးနောက် လုံယွဲ့အား မေးလိုက်သည်။

"ညီတော်လုံယွဲ့ ... သိုင်းဆရာကြီးလေ့မျှား ဒီကို ရောက်လာသွားသေးသလား"

လုံယွဲ့သည် ဖန်ယိဟာန်တို့သုံးဦးအား မျက်လုံးတစ်ချက် ဝေ့ဝဲကစားပြီး အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ သူက အဖြေပေးလိုက်၏။

"သူ လာသွားပါတယ်"

ထိုအခါ ကျန့်ရှီဟုန်းက လောကြီးစွာဖြင့် မေးလိုက်သည်။

"ဆရာကြီးလုံယွဲ့ရှင် ... သူတို့ အခု ဘယ်မှာများ ရှိနိုင်မလဲ"

လုံယွဲ့က ပြန်လည်စဉ်းစားလိုက်ပြီးနောက် အေးဆေးတည်ငြိမ်စွာ ပြောလိုက်၏။



"လွန်ခဲ့တဲ့သုံးရက်လောက်က ကျုပ်ဆိုင်မှာ တစ်ည ဝင်အိပ်သွားပါတယ်၊ နောက်တစ်နေ့ မနက်စောစောပဲ ယိလုံတောင်ပေါ်ကို သွားမယ်ဆိုပြီး ထွက်သွားကြတာပဲ"

"အင်း ... သေချာပါပြီ၊ ကျွန်တော်တို့ ထင်ထားကြတဲ့အတိုင်း သူတို့ ယိလုံတောင်ပေါ်ကို သွားကြပါပြီ"

ဖန်ယိဟာန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ဆရာကြီးလုံယွဲ့ဆီက အခုလို သိခွင့်ရတာ ကျေးဇူးတင် ဝမ်းသာပါတယ်၊ ဒါနဲ့ သိုင်းဆရာကြီးလေ့နဲ့ ကျွန်မဖခင်ကြီးက ယိလုံတောင်ပေါ် ဘယ်နေရာကို သွားမယ်ဆိုတာများ ပြောသွားပါသေးသလားရှင်"

ကျန့်ရှီဟုန်းက ပို၍သေချာစေရန် ထပ်မံမေးမြန်းလိုက်ခြင်း ဖြစ်၏။ လုံယွဲ့က ခေါင်းခါယမ်းလိုက်သည်။

"သူတို့ ယိလုံတောင်ပေါ်ကို သွားမယ်လို့သာ ပြောသွားတာ ... နေရာအတိအကျတော့ မပြောသွားပါဘူး"

"ဆရာကြီးခင်ဗျာ ... ယိလုံတောင်ကြောမှာ နုလုံဆိုတဲ့တောင်တစ်လုံးများ ရှိပါသလား ခင်ဗျာ"

ချိကျန်းလင်က လုံယွဲ့ကို မေးလိုက်ခြင်းဖြစ်သည်။ လုံယွဲ့

www.burmeseclassic.com

www.burmeseclassic.com



သည် ချိုကျန်းလင်အား လှမ်းကြည့်လိုက်သည်။

"ဆရာလေးက ယိလုံတောင်ပေါ်ကို ရောက်ဖူးလို့လား"

ချိုကျန်းလင်က ခေါင်းခါယမ်းပြလိုက်၏။

"ရောက်တော့မရောက်ဖူးပါဘူး ... ကြားဖူးလို့ မေးကြည့်တာပါ"

လုံယွဲ့က သူ့အား အေးစက်စက်ပြန်ကြည့်ရင်း အဖြေပေးလိုက်၏။

"ဟုတ်ပါတယ် ... ယိလုံတောင်ကြီးရဲ့ ဒုတိယတောင်ထိပ်တစ်လုံးဟာ နုလုံတောင်ထိပ်ပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ..."

လုံယွဲ့သည် သူ့စကားကို ဆုံးဆောင်ဆက်မပြောဘဲ ရပ်တားလိုက်သည်။

သူ့မျက်နှာတွင် အပြုံးရိပ်တစ်ခု ထင်လာသည်။

ထိုအပြုံး၏နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်စုံတစ်ရာ ရှိနေသည်ဟု ထင်ရ၏။

ဘေးမှ နားထောင်နေသော ကျောက်ဟန်က မနေသာဘဲ ဝင်၍မေးလိုက်သည်။

"ညီတော် လုံယွဲ့ ... ဘာများ ဆက်ပြောစရာ ရှိသေးလို့လဲ၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ကျုပ်တို့ကို အားနာမနာပါနဲ့"



ထိုအခါမှ လုံယွဲ့က ဖြည်းလေးစွာဖြင့် ပြောလိုက်သည်။

"နုလုံတောင်ထိပ်ဟာ ယိလုံတောင်ကြောမှာ အန္တရာယ်အကြီးမားဆုံး နေရာတစ်ခု ဖြစ်ပါတယ်၊ တောင်က မတ်စောက်သလို ခရီးကလည်း ကြမ်းတမ်းတဲ့အတွက် တက်ဖို့ရာ သိပ်မလွယ်လှဘူး"

လုံယွဲ့သည် မိမိတို့အား နုလုံတောင်ပေါ်သို့ တက်နိုင်လိမ့်မည်မဟုတ်ဟု ထင်နေပုံရ၏။

ယိလုံပြောသည်ကို ကျောက်ဟန်က သဘောကျသွားပြီး တစ်ချက်မျှ ပြုံးလိုက်၏။

"ဘာလဲ ... နုလုံတောင်ပေါ်ကို ကျုပ်တို့ တက်နိုင်မှာမဟုတ်ဘူး ထင်လို့လား"

"ဟုတ်ကဲ့ ... ဆရာကြီးတို့ တက်နိုင်လိမ့်မယ်လို့ ကျွန်တော်မထင်မိဘူး"

ကျောက်ဟန်သည် လုံယွဲ့အား မျက်မှောင်ကြုတ်၍ ကြည့်ရင်း ဆက်မေးလိုက်သည်။

"ညီတော်လုံယွဲ့ကတော့ ဒီနေရာမှာ အနှစ်နှစ်ဆယ်ကျော်လောက် အနေကြာလာပြီဖြစ်လို့ နုလုံတောင်ပေါ်ကို ရောက်ဖူးပြီ

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့"

"ဟုတ်ကဲ့ ... ရောက်ဖူးတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ထိပ်ပိုင်းရောက်လေ မတ်စောက်လွန်းပြီး ခြေချစရာ တစ်နေရာတောင် မရှိသလောက် ဖြစ်တဲ့အတွက် တောင်ထိပ်ထိအောင် မတက်နိုင်ခဲ့သေးပါဘူး"

"အင်း ... ဆရာကြီးလုံယွဲ့လို နယ်ခံပုဂ္ဂိုလ်တစ်ယောက်တောင်မှ တောင်ထိပ်ထိအောင် မတက်နိုင်ခဲ့ဘူးဆိုတော့ နုလုံတောင်ကိုတက်ဖို့ရာ အန္တရာယ်ဘယ်လောက်ကြီးမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်"

လုံယွဲ့၏စကားကို ယုံကြည်စွာဖြင့် ဖန်ယိဟာန်က ပြောလိုက်သည်။

မိမိပြောသည်ကို အားလုံးက ယုံကြည်နေပုံရသည့်အတွက် လုံယွဲ့ ကျေနပ်သွားမိလေသည်။

အားလုံးထဲတွင် ကျန့်ရှီဟုန်းသည် မျက်နှာအပျက်ဆုံး ဖြစ်သည်။

သူမသည် ဣန္ဒြေအကြီးအကျယ်ပျက်ပြီး ဖန်ယိဟာန်ကို လှမ်းပြောလိုက်သည်။

"အစ်ကို ဖန်ယိဟာန် ... ဆရာကြီးလုံယွဲ့ပြောနေတဲ့အတိုင်း



သာ ဟုတ်မှန်ရင်တော့ ကျွန်မဖခင်ကြီးနဲ့ သိုင်းဆရာကြီးလွေ့တို့လည်း ဒီတောင်ထိပ်ပေါ်ကို တက်နိုင်ကြလိမ့်မယ် မထင်ဘူး"

ကျန့်ရှီဟုန်း၏အသံက ငိုသံများပင် ပါနေပေသည်။

လုံယွဲ့က သဘောကျစွာဖြင့် ရယ်လိုက်သည်။

"ဟား ဟား ဟား ... သခင်မလေးရဲ့ ဖခင်ကြီးနဲ့ သိုင်းဆရာကြီးလွေ့တို့က ဒီလောက်ခဲယဉ်းတဲ့ နုလုံတောင်ပေါ်ကို ဘယ်နည်းနဲ့မှ သွားကြလိမ့်မယ်လို့ မထင်မိပါဘူး"

ကျောက်ဟာန်သည် အတန်ကြာပင် မျက်မှောင်ကုတ်၍ စဉ်းစားနေလိုက်ပြီး သူ့စိတ်တွင် တွေးထင်မိသည်ကို ပြောလိုက်၏။

"ညီတော်လုံယွဲ့ ... ကျုပ်စိတ်ထင်ပြောရရင်တော့ နုလုံတောင်ထိပ်ကို ရောက်နိုင်တဲ့လမ်းတစ်ခုခုတော့ ရှိနေလိမ့်မယ် ထင်တယ်၊ ဒီလမ်းကို လူတိုင်း သိချင်မှသိမယ်ပေါ့လေ"

လုံယွဲ့က ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

"ဆရာကြီး ကျောက်ဟာန်ပြောသလို ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ဝှာစ်ခုတော့ရှိတယ် ..."

အားလုံးက သူ့စကားကို စိတ်ပါဝင်စားစွာဖြင့် အာရုံစိုက်သွားမိကြသည်။

လုံယွဲ့သည် သူ၏ ဗိုက်ပူပူကြီးကို လက်ဖြင့်ပွတ်သပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောလိုက်၏။

"တစ်ယောက်ယောက်က တောင်ထိပ်ပေါ်က ကြိုးတင်ချောင်း ပစ်ချပေးလိုက်မယ်ဆိုရင်တော့ အဲဒီကြိုးကို တွယ်ပြီး တက်ရင် ရချင်ရနိုင်ပါလိမ့်မယ်"

"ဒီလိုလည်း ဘယ်ဖြစ်နိုင်မှာလဲ၊ တောင်ထိပ်ပေါ်ကို လူတောင်မှ မတက်နိုင်တဲ့ဟာ ... ဘယ်သူက ဒီကြိုးကို လာပြီး ချပေးနိုင်မှာလဲ"

လုံယွဲ့ပြောသည်ကို ဘဝင်မကျသော ဖန်ယိဟာန်က ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ အဲဒါကြောင့်လည်း ကျုပ်က ဥပမာပေးပြီး ပြောပြတာပါ၊ နုလုံတောင်ပေါ်ကို တက်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲ"

ကျန့်ရှီဟုန်းသည် ဖခင်ဖြစ်သူအတွက် စိုးရိမ်ပူပန်မှု လွန်ကဲစွာဖြင့် ဖန်ယိဟာန်အား ပြောလိုက်လေသည်။

"အစ်ကို ဖန်ယိဟာန် ... ဒီအတိုင်းဆိုရင် ကျွန်မအဖေကို အမြန်ဆုံးတွေ့အောင် ရှာကြမှဖြစ်လိမ့်မယ်၊ ကျွန်မတို့ အေးတိအေးစက်နဲ့ အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သိပ်ပြီးတော့လည်း စိတ်ပူမနေပါနဲ့လေ"



ဖန်ယိဟာန်သည် ကျန့်ရှီဟုန်းအား အားပေးနှစ်သိမ့်လိုက်ပြီးနောက် လူဝကြီးလုံယွဲ့အား ဆက်၍ မေးလိုက်၏။

"ဆရာကြီးလုံယွဲ့ ခင်ဗျာ ... ဆရာကြီးဆီကို သိုင်းရာဇာကြီးနဲ့ သိုင်းဆရာကြီးလျှေတို့ လာရောက်ကြစဉ်က သူတို့နဲ့အတူ တခြားဘယ်သူတွေများ ပါလာသေးသလဲ"

"ဘယ်သူမှ မပါပါဘူး"

လုံယွဲ့က ချက်ချင်း ပြန်ဖြေလိုက်သည်။ ထိုစဉ် ချိကျန်းလင်က ဖြတ်၍ ဝင်မေးလိုက်သည်။

"ကျွန်တော့်ဆရာကြီး ယန်းဂူကိုကော လီကျန်းမြို့ထဲမှာ မတွေ့မိလိုက်ဘူးလား"

လုံယွဲ့သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ ပြန်ဖြေ၏။

"အင်း ... ဒီအတိုင်းဆိုရင်တော့ သိပ်ပြီးထူးဆန်းနေပြီ"

ချိကျန်းလင်က တစ်ကိုယ်တည်း ညည်းညူလိုက်သည်။

"ဆရာလေးရဲ့ သိုင်းဆရာကြီးက ဒီအရပ်ဒေသကို လာမယ်ပြောလို့လား"

လုံယွဲ့က နားမလည်ဟန်ဖြင့် ချိကျန်းလင်ကို မေးလိုက်

www.burmeseclassic.com



သည်။

"သူ ဒီကိုပဲ လာမှာပါ ... ဒါပေမဲ့"

ချိုကျွန်းလင်သည် ပြောရခက်နေဟန်ဖြင့် စကားကို ရပ်ထားလိုက်သည်။

ဤသည်ကို ရိပ်စားမိသော ဖန်ယိဟာန်က ဝင်ရောက်၍ တိုတိုနှင့်လိုရင်းကို ရှင်းလင်းပြောပြလိုက်၏။

"သိုင်းဆရာကြီးလွှေနဲ့ သိုင်းရာဇာကြီးတို့က ဆရာကြီး လုံယွဲ့ကို အကျိုးအကြောင်း ပြောမပြခဲ့လို့ အခုလို လွဲကုန်ကြရတာပါ"

ဖန်ယိဟာန်က လိုရင်းကိုပြောပြပြီးနောက် သူ့စကားကို အဆုံးသတ်လိုက်သည်။

ဖန်ယိဟာန်၏စကားအဆုံးတွင် လုံယွဲ့က အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"အင်း ... သိုင်းရာဇာကြီးက သူ့ပြဿနာအကြောင်းတွေ ပြောမပြတာ သိပ်တော့မဆန်းလှပါဘူး၊ ကျုပ်ကိုယ်တိုင်ကလည်း သူတို့ ဒီကို ဘာကိစ္စနဲ့ လာကြသလဲဆိုတာ မေးမှမမေးမိဘဲ၊ ကျုပ်က သိုင်းလောကထဲက ပြဿနာတွေမှာ ဝင်ပြီးမစွက်ဖက်ချင်တာ ကြာပါပြီ၊ ဒါကြောင့်လည်း အေးအေးနေချင်လို့ ဒီတောင်ပိုင်းဒေသမှာ လာနေခဲ့တာပါပဲ"



သူသည် ခဏမျှ နားနေလိုက်သည်။

မည်သူ့ထံကမှ စကားသံ ထွက်မလာဘဲ ငြိမ်သက်တိတ်ဆိတ်နေကြ၏။

အတန်ကြာမှ လုံယွဲ့ထံမှ စကားသံ ဆက်လက်ထွက်ပေါ်လာသည်။

"အခြေအနေ သုံးသပ်ကြည့်ရသလောက်တော့ တောင်ပိုင်းဒေသမှာ ပြဿနာတစ်ခုခုတော့ ပေါ်နေပြီနဲ့ တူတာပဲ"

"သိပ်ကြီး ကြီးကြီးကျယ်ကျယ်ပြဿနာမျိုးတော့ ဖြစ်လိမ့်မယ် မထင်ပါဘူး၊ သာမန်အနှောင့်အယှက်ကလေးလောက်ပဲ ရှိမှာပါ"

ဖန်ယိဟာန်က သူ့အယူအဆကို တင်ပြလိုက်သည်။

လုံယွဲ့သည် စိတ်မသက်သာဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"ဆရာလေး ဖန်ယိဟာန် ... ကျုပ်နေလာခဲ့တဲ့ကာလ တစ်လျှောက်လုံး ဒီတောင်ပိုင်းဒေသဟာ အင်မတန် အေးချမ်းတဲ့အရပ်ပါ၊ ဆူဆူပူပူရယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ခုတစ်လော ...ရှုတ် ရုတ်ရုတ်နဲ့ လူအဝင်အထွက်များလာပြီး ခြေရှုပ်ကြ... ဒီအတိုင်းဆိုရင် ကျုပ်လိုလားတဲ့ ငြိမ်းချမ်းစွာနေထိုင်ရေးဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



ဟာ မကြာခင် ပျက်စီးရလိမ့်မယ်ထင်တယ်"

သူ့စကားကို ဖန်ယိဟာန်သည် သဘောကျသွားပြီး ပြုံးလိုက်မိ၏။

လုံယွဲ့၏ စကားအသွားအလာအရ မိမိတို့လူစုသည် သူ့အား အနှောင့်အယှက်ပေးသလို ဖြစ်နေပြီဟု သိလိုက်ရလေသည်။

သို့သော် မဟုတ်နိုင်ပါ။ မိမိတို့အနေနှင့် တမင်တကာ အနှောင့်အယှက်ပေးလို၍ လာရောက်ခဲ့ကြခြင်း မဟုတ်ပါပေ။

ဆရာကြီးကျောက်ဟန် ခေါ်ဆောင်လာ၍ ဤနေရာသို့ ရောက်လာကြခြင်း ဖြစ်ပါသည်။

လုံယွဲ့ထံမှလည်း မိမိတို့သိရှိလိုသည့် အချက်အလက်တ ကို သိရှိခဲ့ ရလေသည်။

ယခုမှပင် လုံယွဲ့သည် သိုင်းလောက အရှုပ်အထွေးများ ပါဝင်စွက်ဖက်လိုခြင်းမရှိဘဲ အေးအေးဆေးဆေး နေလိုသူတစ် ဖြစ်ကြောင်း သူ့စကားများအရ သိလိုက်ရခြင်း ဖြစ်သည်။

သူ ပြောပုံအရဆိုလျှင် မိမိတို့က အလိုက်သိရပေမည်။

သူ့အား ဆက်လက်၍အနှောင့်အယှက်ပေးရန် မသင့်တော့ချေ။

ယခုပင်လျှင် အားနာဖို့ ကောင်းနေပြီဖြစ်၏။



ထို့ကြောင့် ဖန်ယိဟာန်က ရှိသေစွာ တောင်းပန်လိုက်မိသည်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ မသိလို့ ဆရာကြီးလုံယွဲ့ကို အခုလို အနှောင့်အယှက်ပေးမိကြတာ အများကြီး အားနာပါတယ်ခင်ဗျာ၊ တ်မကောင်းလည်း ဖြစ်မိပါတယ်၊ ကျွန်တော်တို့မှာလည်း ကိုယ့်ပူနဲ့ကိုယ် ဖြစ်နေလို့ မလွှဲသာဘဲ ဒီအကြောင်းကိစ္စတွေ ပြောပြမိတာပါ၊ ဆရာကြီးအတွက် စိတ်အနှောင့်အယှက်ဖြစ်သွားတာကို အားလုံးကိုယ်စား ကျွန်တော်က အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ"

ထိုအခါ လုံယွဲ့က လက်ကာ၍ ပြန်ပြောလိုက်၏။

"အို ... ဆရာလေးတို့က တခြားလူတွေမှ မဟုတ်ဘဲ၊ ကျုပ်အတွက် ဒီလောက်လည်း အနှောင့်အယှက် မဖြစ်ပါဘူး၊ ဆရာလေးတို့ သိလိုတာ, မေးလိုတာတွေ ရှိသေးရင် အားမနာပါနဲ့ ... ဆက်ပြီး မေးကြပါ။ ကျုပ်သိသလောက်, တတ်နိုင်သလောက် အကူအညီ ပေးပါ့မယ်"

လုံယွဲ့ကိုယ်တိုင်က လိုလိုလားလားပြောလိုက်သဖြင့် ဖန်ယိဟာန် အားတက်ပြီး နှုတ်ရဲသွား၏။

"ဟုတ်ကဲ့ ခင်ဗျာ ... ကျွန်တော်သိချင်တာတစ်ခုလောက် မေးချင်ပါတယ်ပါ၊ ဆရာကြီးက ဒီအရပ်ဒေသမှာ ကာလရှည်ကြာနေလာခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတော့ ယိုလုံတောင်ပေါ်က အခြေအနေနဲ့ ထူးခြားတဲ့ သိုင်း သမားအကျော်အမော်တွေရဲ့ သတင်းကို တခြားလူတွေထက် ပိုပြီး တိတိကျကျ သိလိမ့်မယ်လို့ ယူဆမိပါတယ်၊ ဆရာကြီး ကြားသိ သလောက် ပြောပြနိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက် အများကြီး အထောက်အကူ ရနိုင်ပါတယ်"

လုံယွဲ့သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"ငါ့ညီထင်သလို မဟုတ်ပါဘူး၊ ကျုပ် ဒီအရပ်ဒေသမှာ ... လာခဲ့တာ အနှစ်နှစ်ဆယ် ရှိခဲ့ပြီဖြစ်ပေမယ့် ဒီကာလတစ်လျှောက် ... ယိုလုံတောင်ပေါ်မှာ ထူးထူးချွန်ချွန်သိုင်းသမား ရှိတယ်လို့ ... တစ်ခါမှ မကြားဖူးဘူး"

"ဆရာကြီးကိုယ်တိုင်က မရှိဘူးလို့ ပြောတာကို ကျွန်တော် ... လုံးဝ ယုံကြည်ပါတယ်"

ဖန်ယိဟန်သည် ခေါင်းညိတ်၍ ပြောလိုက်၏။ ထို့နောက် ... သူက ကျောက်ဟန်အား လှမ်း၍ ပြောပြန်သည်။

"ဆရာကြီးကျောက်ဟန် ... ဒီအတိုင်းဆိုရင်တော့ ကျွန် တော်တို့ရဲ့ သိုင်းဝိဇ္ဇာဆရာကြီးယန်းဂူကျိုကို အကျပ်ကိုင်ခေါ်သွား ... လူတွေဟာ ဒီတောင်ပိုင်းဒေသကလူတွေ မဖြစ်နိုင်တော့ဘူး၊ ပြည်မ ကြီးက လူတွေပဲ ဖြစ်ရလိမ့်မယ်"

"ဟုတ်တယ် ... ကျုပ်လည်း ဒါကို စဉ်းစားမိပါတယ်"

ဖန်ယိဟန်ပြောသည်ကို ကျောက်ဟန်ကလည်း ထောက်ခံ လိုက်၏။

လုံယွဲ့က မျက်မှောင်တစ်ချက်ကုတ်၍ ကျောက်ဟန်ကို လှမ်းမေးလိုက်သည်။

"နောင်ကြီးကျောက်ဟန် ... ပြည်မက သိုင်းသမားကြီးတွေ ထဲကဆိုရင် ဘယ်သူတွေကများ ဆရာကြီးယန်းဂူကျိုလို ပုဂ္ဂိုလ်ကို ... လောက်တောင် သတ္တိရှိရှိနဲ့ လုပ်ဝံ့တာလဲ ... ထင်ထားတဲ့လူများ ... သလား"

လုံယွဲ့မေးသည်ကို ကျောက်ဟန်က စဉ်းစဉ်းစားစားနှင့် အဖြေပေးလိုက်၏။

"အင်း ... ဒီကိစ္စက ပြောရခက်သားပဲ၊ လူဆိုတာမျိုးက ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အတွက် အကျိုးအမြတ်ရှိမယ်ဆိုရင် လုပ်ကြ တာချည်းပဲ မဟုတ်လား၊ ဖြစ်ချင်ရာဖြစ် ... နောက်ပြဿနာ နောင် ... ကြည့်ရှင်းမယ်ဆိုပြီး မျက်စိမှိတ်လုပ်ကြမှာ ဓမ္မတာပဲလေ"

ကျောက်ဟန်စကားကို ခေတ္တရပ်၍ ခံတွင်းရှင်းသည့် အနေ ... ရေနွေးကြမ်းတစ်ကျိုက် မော့သောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်လူများက သူ့စကားကို ဆက်လက်နားစွင့်နေ၏။

အတန်ကြာမှ ကျောက်ဟန်က ဆက်လက်၍ ပြောသေ
သည်။

"အခုကိစ္စက အဖိုးတန် သိုင်းကျမ်းစာအုပ်တစ်အုပ် ရှိ
ရေးဆိုတော့ သိုင်းသမားတွေအနေနဲ့ ပိုပြီးလုပ်ကြမှာ သေချာ
ပေါ့၊ ဒီစာအုပ်ကလည်း နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့
ယိချိန်သိုင်းကျမ်းပဲ ဖြစ်ပါတယ်၊ ဒါကြောင့်လည်း သိုင်းသမား
က သဲကြီးမဲကြီး လိုက်နေကြတာပေါ့၊ ဘယ်သူဘယ်ဝါဆိုတာ
တော့ ကြိုတင်ပြီး ထင်မထားကောင်းဘူးလေ၊ ကျုပ်တို့အနေနဲ့
သိုင်းဝိဇ္ဇာကြီး ယန်းဂူကျိုနဲ့ မတွေ့ခင်မှာ ကိုယ်ထင်ရာ တောင်
မြောက်မြောက် ဖွတ်ပြောနေလို့ အပိုပါပဲ၊ ထင်ကြေးပေးနေ
လည်း ဘာမှ အကြောင်းထူးလာမှာ မဟုတ်ဘဲ၊ ဒီတော့ မပြော
နေတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်"

ကျောက်ဟန်သည် စိတ်ရှည်လက်ရှည် ရှင်းပြလိုက်၏

သူသည် ရှည်လျားစွာ စကားပြောလိုက်ရ၍ မောသွား
ရသည်။

ထို့ကြောင့် ရေနွေးကြမ်းတစ်ခွက်ကို ကောက်ယူ၍
သောက်လိုက်၏။



လုံယွဲ့သည် ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြောလိုက်သည်။

"နောင်ကြီးကျောက်ဟန်ပြောတာ မှန်ကန်ပါတယ်၊ အခု
ကိစ္စက သိုင်းဝိဇ္ဇာ အမိပတိကြီး ယန်းဂူကျိုနဲ့ တွေ့မှပဲ အကြောင်းစုံ
သိရပါလိမ့်မယ်"

ဆရာကြီးကျောက်ဟန်ပြောသည်မှာ မှန်ကန်ကြောင်း ဖန်
ယိဟန်တို့ သုံးဦးစလုံးကလည်း နားလည်လိုက်ကြပါသည်။

သို့သော် ဆရာကြီးဂူကျိုအား ရှာဖွေရန်မှာ သိပ်တော့ လွယ်
လိမ့်မည် မဟုတ်ပါချေ။

ဤသည်ကိုတွက်ဆမိသော ဖန်ယိဟန်က နှုတ်လေးလျှာ
လေး ဖြင့် ပြောလိုက်၏။

"ဆရာကြီးကျောက်ဟန်ပြောတာ အမှန်ဆုံးပါပဲ၊ ဒါပေမဲ့
ကျွန်တော်တို့ သိုင်းအမိပတိကြီး ယန်းဂူကျိုကို ရှာတွေ့နိုင်ဖို့အတွက်
သိပ်တော့ လွယ်လိမ့်မယ်မထင်ဘူး၊ အတော့်ကို ကြိုးစားရှာဖွေကြ
ရလိမ့်မယ်"

"နောင်ကြီး ဖန်ယိဟန် ... ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အ
ခဲမျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ... ကျွန်တော့်ဆရာကြီး ယန်းဂူကျိုကို
အမြန်ဆုံး တွေ့အောင် အစွမ်းကုန်ကြိုးစားရှာဖွေရမှာ မဟုတ်လား"

ချိကျန်းလင်က စိတ်ပျက်ခြင်းမရှိဘဲ တက်ကြွဟန်အပြည့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြောလိုက်သည်။

တက်ကြွထက်သန်နေသော ချိုကျွန်းလင်ကို ကြည့်၍ ဖန်ယိဟာန် အားရကျေနပ်ဖြစ်သွားလေသည်။

"ဟုတ်တာပေါ့ ... ဒါပေမဲ့ လောလောဆယ် အရေးကြီးတာက သိုင်းရာဇာကြီးကို အရင်ဆုံးတွေ့အောင် ရှာနိုင်ကြဖို့ပဲ၊ ဒါလည်း ဆရာကြီးယန်းဝူကျိုကို ခြေရာခံနိုင်မှာ မဟုတ်လား၊ သိုင်းရာဇာကြီး ကျန့်ထင်စန်ကို မတွေ့မချင်းတော့ ဆရာကြီးယန်းဝူကျို ဘယ်နည်းနဲ့မှ ရှာလို့ တွေ့နိုင်မှာ မဟုတ်ဘူး"

ဖန်ယိဟာန်၏စကားကို ကြားသောအခါ ကျန့်ရှီဟုန်းမှာ အားတက်သွားမိသည်။

ဖခင်ဖြစ်သူအားရှာဖွေရန် ယခုပင် ခရီးဆက်ချင်သည် ထို့ကြောင့် အလောတကြီး ဝင်ပြောလိုက်သည်။

"အစ်ကို ဖန်ယိဟာန် ... အချိန်စောသေးသားပဲ၊ ကျွန်တော် အခုပဲ ယိလုံတောင်ကို ခရီးဆက်ကြရင် မကောင်းဘူးလား"

ဖန်ယိဟာန်က ခရီးဆက်သင့်၊မသင့် စဉ်းစားချင့်ချိန်နေမိသည်။

စိတ်စောနေသူများအဖို့ အချိန်စောသေးသည်ဟုဆိုသော်လည်း ... တကယ်တမ်း သွားရောက်ကြလျှင် ယခုည ယိလုံတောင်



ပေါ်သို့ ရောက်၊မရောက် ချိန်ဆမရချေ။

ထို့ကြောင့် ဖန်ယိဟာန် မှန်းဆကြည့်မိသည်။

ဖန်ယိဟာန် အဖြေမပေးနိုင်သေးမီမှာပင် ချိုကျွန်းလင်ကလည်း ကျန့်ရှီဟုန်းလေသံအတိုင်း ဆက်၍ပြောလိုက်သည်။

"ဟုတ်တယ် ... ကျွန်တော်တို့ အချိန်ရှိတုန်း ခရီးဆက်ကြရင် ကောင်းလိမ့်မယ်"

ဖန်ယိဟာန်သည် ချိုကျွန်းလင်နှင့် ကျန့်ရှီဟုန်းတို့၏ မျက်နှာအမူအရာများကို ကြည့်ရှုအကဲခတ်လိုက်သည်။

သူတို့နှစ်ဦးစလုံး ဆန္ဒစောနေသည်မှာ ပေါ်လွင်နေ၏။

ဤသည်ကို အပြစ်မဆိုသာချေ။

သူတို့က ကာယကံရှင်များ ဖြစ်ကြပေသည်။

ချိုကျွန်းလင်သည် သူ့ဆရာကြီးယန်းဝူကျိုအတွက် စိုးရိမ်နေသလို ကျန့်ရှီဟုန်းသည်လည်း သူ့ဖခင်ဖြစ်သော သိုင်းရာဇာကြီး ကျန့်ထင်စန်အတွက် သောကရောက်နေပေမည်။

ယခုအချိန်မျိုးတွင် အကယ်၍ မိမိကသာ ဆက်လက်ဟန့်တားလိုက်မည်ဆိုလျှင် သူတို့နှစ်ယောက်စလုံး စိတ်တွင် မည်သို့ခံစားကြရမည်ကို ဖန်ယိဟာန် ကိုယ်ချင်းစာမိလေသည်။

ထို့ကြောင့် ဖန်ယိဟာန်က အလျှော့ပေး လိုက်လျောရန် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်ရတော့၏။

"ကောင်းပြီလေ ... ကျုပ်တို့ ခရီးဆက်ကြတာပေါ့၊ မိုးချုပ်မှ ယိလုံတောင်ပေါ်ကို ရောက်သွားကြလို့လည်း ကိစ္စမရှိပါဘူး"

ချိုကျန်းလင်နှင့် ကျန်းရီဟုန်းတို့၏ဆန္ဒကို လိုက်လျောလိုက်ရ၍ ဖန်ယိဟာန်၏စိတ်တွင် အတော်ပင် ပေါ့ပါးသွားမိသည်။

ချိုကျန်းလင်နှင့် ကျန်းရီဟုန်းတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ကျေနပ်စွာ ပြုံးလိုက်မိကြသည်။

ကျောက်ဟာန်ကလည်း ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

သူတို့လေးဦးအား တစ်လှည့်စီကြည့်၍ လူကြီး လုံယွဲ့သည် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်တော့သည်။

"ဟား ဟား ဟား ... ဆရာလေးတို့က သိပ်ပြီး စိတ်စောနေကြတာပဲကိုး၊ ကျုပ်သဘောအရဆိုရင်တော့ ဒီမှာ တစ်ညလောက် အနားယူကြစေချင်ပါသေးတယ်၊ ဒါပေမဲ့ ဆရာလေးတို့ကိစ္စက သိပ်ပြီးအရေးကြီးနေတဲ့အတွက် ကျုပ်က အတင်းအကျပ် မတားလိုပါဘူး၊ ဆရာလေးတို့ကို ကျေနပ်အောင် ဧည့်ဝတ်ပြုဖို့ အချိန်မရလိုက်တာကိုပဲ ကျုပ်အနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်"

"ဆရာကြီးရဲ့ စေတနာကို ကျွန်တော်တို့က ကျေးဇူးတင်ပါတယ် ခင်ဗျာ"

လုံယွဲ့၏ လောကွတ်စကားကို ချိုကျန်းလင်က ပြန်လည်၍ ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။

"ဆရာကြီးက နယ်ခံလူဆိုတော့ ကျွန်တော်တို့နဲ့များ အတူလိုက်ခဲ့နိုင်မလား"

ဖန်ယိဟာန်က လုံယွဲ့အား မိမိတို့နှင့်အတူလိုက်ပါရန် ဖိတ်ခေါ်လိုက်သည်။

"ဆရာလေးတို့နဲ့အတူ ကျုပ် လိုက်ချင်တဲ့ဆန္ဒ ရှိပါတယ်၊ ဒါပေမဲ့ မနက်ပိုင်းမှာ အရေးတကြီး ချိန်းဆိုထားတဲ့ကိစ္စတစ်ခု ရှိနေလို့ ဒီကနေ ဘယ်မှမခွာနိုင်တာကိုတော့ အားနာလှပါတယ်"

လုံယွဲ့က အားနာဟန်ဖြင့် ပြုံး၍ ပြောလိုက်သည်။

"အို ... ကျွန်တော်က ဆရာကြီး အားမယ်ထင်လို့ပါ၊ ဆရာကြီး မအားမလပ် ဖြစ်နေရင်တော့လည်း ကိစ္စမရှိပါဘူးခင်ဗျာ၊ နယ်ခံလူတစ်ယောက်ပါရင်တော့ ကျွန်တော့်အတွက် အများကြီး အဆင်ပြေတာပေါ့"

ဖန်ယိဟာန်က ပြောလိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်ကလည်း သာမန်ကိစ္စလောက်ဆိုရင်တော့ ဖျက်ပြီးလိုက်ခဲ့မှာပဲ၊ အခုဟာကတော့ မဖျက်နိုင်လောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် သိပ်ကို အရေးကြီးနေလို့ပါ၊ ကျုပ်ရဲ့ ဟောဒီအပေါင်ဆိုင်ကလေးဟာ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ အခန်းကျဉ်းကလေးတစ်ခုသာ ဖြစ်လို့ မကြီးကျယ်ဘူးလို့ ထင်ရပါတယ်၊ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းက မထင်လောက်အောင် ကြီးကျယ်ထွန်းကားလွန်းပါတယ်၊ မနက်ဖြန်မနက်ပိုင်းမှာ ကာဝတောင်ဆေါက ဖောက်သည်ကုန်သည်ကြီးတစ်ယောက်နဲ့ ကျုပ် အရောင်းအဝယ်လုပ်ငန်းကြီးတစ်ခု ဆွေးနွေးစရာ ရှိနေပါတယ်"

လုံယွဲ့က မိမိမလိုက်ပါနိုင်ရသည့်အကြောင်းကို ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့ ... မနက်ဖြန် ဆရာကြီးတို့ဆွေးနွေးကြမယ့် လုပ်ငန်းက အတော်ကလေး ကြီးကျယ်လိမ့်မယ် ထင်ပါရဲ့"

ဖန်ယိဟန်က သွယ်ဝိုက်၍ အရိပ်အမြွက်စကား ခေါ်လိုက်သည်။

"အင်း ... ပြောရင် ယုံချင်မှယုံမယ်၊ ကြားတယ်လို့လည်း ထင်ချင်ထင်ကြမှာပဲ၊ ဒီလုပ်ငန်းသာ အောင်မြင်ခဲ့ရင် ကျုပ်အတွက် ငွေ ဆယ်သိန်းမက အမြတ်အစွန်း ရနိုင်ပါတယ်၊ ဒါကြောင့် ကျုပ် အနေနဲ့ ဒီက ဘယ်မှ ခွာမသွားနိုင်ဟာပါ"

လုံယွဲ့၏စကားကို ကြားသောအခါ အားလုံးပင် အံ့အားသင့်



သွားမိကြလေသည်။

ကျောက်ဟန်ဆိုလျှင် ဆတ်ခနဲပင် တုန်လှုပ်သွားမိ၏။

သူ့တစ်သက်တာတွင် ဤမျှ များပြားသောငွေကို အိပ်မက်ပင် မမက်ဖူးခဲ့ချေ။

"အို ... ငွေဆယ်သိန်းတောင် ... ဟုတ်လား"

သူသည် အံ့ဩစွာဖြင့် ရေရွတ်လိုက်မိသည်။

"ဟုတ်ပါတယ်"

လုံယွဲ့က ပြုံး၍ ပြန်ဖြေသည်။

ကျောက်ဟန်သည် သူ၏ ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်၏။

"ကျုပ်တစ်သက်မှာ ငွေဆယ်သိန်းမပြောနဲ့ ... တစ်သောင်း အထိတောင် အပုံလိုက် မမြင်ခဲ့ဖူးပါဘူး၊ ဒီလောက်ကြီးကျယ်တဲ့ အရောင်းအဝယ်ကိစ္စမျိုးကြားရတာ ကျုပ်ဖြင့် အဖော့်ကိုပဲ ကြက်သီး ထမိပါတယ်"

ကျောက်ဟန်က နှုတ်မှပြောရင်း ၏ကိုယ်ကို တွန့်၍ပြလိုက်သည်။

ကျောက်ဟန်၏အမူအရာကို ကြည့်၍ လုံယွဲ့က သဘောကျစွာ ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်ပြော တာပေါ့ ...ဒီလုပ်ငန်းက တခြားတော့ မဟုတ်ပါဘူး ...ကာဝတောင် ပေါ်မှာ အဖိုးမဖြတ်နိုင်တဲ့ ဆေးပင်တွေ အတော်များများ ရှိပါတယ်၊

ကျုပ်က တောင်ပေါ်ကဖောက်သည်တွေနဲ့ ဒီဆေးပင်တွေ ကို အမြဲတမ်း အရောင်းအဝယ်ပြုလုပ်နေတာပါ၊ ကျုပ်ရဲ့ အဓိက လုပ်ငန်းက ဆေးပင်တွေနဲ့ ဆေးပစ္စည်းတွေကို အရောင်းအဝယ် လုပ် တာပါပဲ၊ ဒီအပေါင်ဆိုင်က အပိုဖွင့်ထားတဲ့ မဖြစ်စလောက် ဆိုင် ကလေးတစ်ခုသာ ဖြစ်ပါတယ်"

"အပိုဖွင့်ထားတာဆိုတော့ အပေါင်ပစ္စည်းတွေအပေါ်မှာ အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ချေးနေတာလား"

ဖန်ယိဟန်က မျက်မှောင်ကုတ်ကြည့်ရင်း မေးလိုက်သည်။

"အင်း ... ဆရာလေးပြောတာ မဆိုးပါဘူး၊ အတိုးနှုန်း သက်သာဆိုတာက အတိုးလုံးဝ မယူတဲ့အပြင် အပေါင်ပစ္စည်း မထား ပဲနဲ့လည်း ထုတ်ချေးတာပါပဲ"

လုံယွဲ့က ပြုံး၍ ဖြေလိုက်သည်။

"တစ်ယောက်နဲ့တစ်ယောက် နားလည်ယုံကြည်မှုအရ ငွေ ထုတ်ပေးတဲ့ သဘောပေါ့"

ကျောက်ဟန်က ဝင်ပြောလိုက်သည်။



"မှန်ပါတယ် . . . ကျွန်တော်က ကတိသစ္စာကို ယုံကြည်ပါ တယ်"

"ဆရာကြီးလုံယွဲ့ရဲ့စေတနာက လေးစားချီးကျူးထိုက်ပါ ပေတယ်"

ဖန်ယိဟန်က လေးလေးစားစား ပြောလိုက်သည်။

လုံယွဲ့၏မျက်နှာကြီးက သဘောကျစွာဖြင့် ပြုံးဖြိဖြိ ဖြစ်နေ သည်။

"ကျုပ်အဖို့တော့ ဒါက မဖြစ်စလောက် လုပ်ငန်းကလေးပါ၊ ဆေးအရောင်းအဝယ်လုပ်ငန်းကြီးမျိုးသာ တစ်နှစ်ကို တစ်ကြိမ်၊ နှစ် ကြိမ်လောက် အရောင်းအဝယ်တည့်ပြီး အလုပ်ဖြစ်သွားခဲ့ရင် ရလာ တဲ့ အကျိုးအမြတ်က ကျုပ်မိတ်ဆွေတွေကို ဆယ်နှစ်စာလောက် အတိုးမဲ့ ထုတ်ချေးနိုင်ပါတယ်၊ တကယ်လို့ ကျုပ်သာ လောဘစိတ် ရှိနေခဲ့ရင် တစ်နှစ်လုံး ထုတ်ပေးထားတဲ့ ချေးငွေအပေါ်မှာ ဆယ် ရာခိုင်နှုန်းပဲ အတိုးနှုန်း ဖြတ်ယူဦးတော့ အခုလောက်ဆို ကျုပ်ဟာ သန်းကြွယ်သူဌေးကြီး ဖြစ်နေပြီပေါ့"

လုံယွဲ့က သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်လေ သည်။

"အင်း ... ညီတော်လုံယွဲ့ရဲ့ သဘောထားက မြင့်မြတ်လှပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ချီးကျူးစရာလည်း ကောင်းပါရဲ့"

ကျောက်ဟန်က ထပ်ဆင့်ချီးကျူးစကား ဆိုလိုက်ပြန်သည်။

"ဒါကတော့ မရှိနွမ်းပါးသူတွေကို ကူညီတတ်တဲ့ ကျွန်တော့်ရဲ့ ဝါသနာပါပဲ၊ မနက်ဖြန်မနက်ပိုင်း ဒီမှာ အလုပ်ကိစ္စပြီးခဲ့ရင် ညနေပိုင်းမှာ ဆရာကြီးကျောက်ဟန်တို့ ရှိနေကြမယ့် ယိလုံတောင်ပေါ်ကို ကျွန်တော် အရောက်လိုက်လာခဲ့ပါ့မယ်"

"ဟာ ... ဒီလိုဆို သိပ်အဆင်ပြေတာပေါ့၊ ကဲ ... ဒါဖြင့် ကျုပ်တို့ကို ခွင့်ပြုပါဦး၊ အချိန်ရှိတုန်း ခရီးဆက်လိုက်ကြဦးမယ်"

ပြောပြောဆိုဆိုဖြင့်ပင် ကျောက်ဟန်သည် ခရီးဆက်ရန် အခန်းထဲမှ ဦးဆောင်ထွက်သွားကြလေတော့သည်။

ထို့နောက် သူတို့လေးယောက်သည် လုံယွဲ့အား နှုတ်ဆက်၍ ခရီးဆက်လက် ထွက်ခွာသွားကြတော့သည်။



## ယိလုံတောင်သို့ ရောက်ရှိခြင်း

ကျောက်ဟန်တို့ငါးစုသည် ...

လီကျန်းမြို့မှအထွက်တွင် မြို့၏အနောက်မြောက်ဘက်၌ [illegible]ဒီးထီးကြီးရပ်တည်နေသော ယိလုံတောင်တန်းကြီးကို လှမ်း၍ [illegible]တွေ့လိုက်ကြရလေသည်။

လူဝကြီး လုံယွဲ့၏ ပြောပြလမ်းညွှန်မှုကြောင့်ပင် ကျောက်[illegible]ဟန်တို့လေးဦးသည် နှလုံတောင်ထိပ်ရှိရာ ယိလုံတောင်ပေါ်ဆီသို့ [illegible]ခက်အခဲ သိပ်မရှိဘဲ ခရီးဆက်နိုင်ခဲ့ကြလေသည်။

ယခုအခါ နေဝင်သွားပြီ ဖြစ်၏။

အမှောင်ထုသည် တစ်စတစ်စနှင့် သိပ်သည်းစွာ မင်းမူလာ[illegible]လေသည်။

ယိလုံတောင်ပေါ်မှ တိုက်ခတ်လာသော ညလေများ[illegible] [illegible]အားစိမ့်လှ၏။

ညလေ တဟူးဟူးကြားမှပင် ကျောက်ဟန်တို့လေးဦးသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖော့သိုင်းပညာများကို အသုံးပြု၍ ပေါ့ပါးလျင်မြန်စွာဖြင့် ယိလုံ
တောင်ပေါ်သို့ တက်ခဲ့ကြလေသည်။

သာမန်အားဖြင့် လေးနာရီခန့် တက်ကြရမည်ဖြစ်သော်
လည်း ...

ကိုယ်ဖော့သိုင်းပညာကြောင့် နှစ်နာရီခန့်အကြာတွင် ယိလုံ
တောင်ပေါ်သို့ ရောက်ရှိခဲ့ကြလေသည်။

အချိန်ထက်ဝက်ခန့် ခရီးတွင်ခဲ့သည်ဟု ဆိုရပေမည်။

ယခု ...

သူတို့ရောက်ရှိနေသောနေရာသည် ယိလုံတောင်ပေါ်မှ
နုလုံတောင်ခါးပန်းတစ်နေရာ ဖြစ်၏။

သူတို့လေးဦးသည် နုလုံတောင်ထိပ်သို့ ဆက်၍တက်ရန်
ကြိုးစားကြံစည်နေကြလေသည်။

သို့သော် ...

ညအမှောင်အောက်တွင် သူတို့အားလုံး၏ မြင်ကွင်းထဲ၌
မှောင်နှင့်မည်းမည်း ကျောက်ဆောင်ကျောက်တုံးကြီးများကိုသာ
တွေ့မြင်ကြရသောကြောင့် ငေးငိုင်တွေဝေနေမိကြသည်။

ယခုအထိတော့ နုလုံတောင်ပေါ်တွင် သစ်ပင်ဟူ၍ တစ်ပင်
တလေကိုမျှ မတွေ့ကြရသေးချေ။



ဖန်ယိဟန်သည် နုလုံတောင်ထိပ်ဆီသို့ ခေါင်းမော့၍ အကဲ
ခတ်ကြည့်ရှုလိုက်သည်။

နုလုံတောင်သည် မြင့်မားမတ်စောက်လွန်းပြီး ကျောက်
ဆောင်ကျောက်တုံးများဖြင့် ပြည့်နှက်နေသည်ကိုသာ တွေ့ရလေ
သည်။

အချို့နေရာတွင် ကျောက်စွန်းကြီးများ ချွန်ထက်စွာ ထိုး
ထွက်နေသည်မှာ အသည်းယားဖွယ် ကောင်းလှတော့၏။

ဤအတိုင်းဆိုလျှင် လုံယွဲ့ပြောသည်မှာ မှန်နေချေပြီ။

ဖန်ယိဟန်သည် နုလုံတောင်ပေါ်သို့ မည်သို့တက်ရမည်ကို
စဉ်းစား၍မရ ဖြစ်နေ၏။

သူသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်မိ
သည်။

"အင်း ... ဆရာကြီးလုံယွဲ့ပြောတာ မှန်နေပြီ၊ နုလုံတောင်
ထိပ်ကို ရောက်အောင်တက်နိုင်ဖို့ဆိုတာ အန္တရာယ်သိပ်ပြီး ကြီးလှ
တယ်၊ တောင်က မတ်စောက်နေရုံသာမကဘူး ... ခြေချစရာနေရာ
တောင် မရှိသလောက်ပဲ"

"ဟုတ်တယ် နောင်ကြီးဖန်ယိဟန် ... ဒီအတိုင်းဆိုရင်
တော့ ကျွန်တော်တို့ နုလုံတောင်ပေါ်ကို တက်နိုင်ကြမှာ

www.burmeseclassic.com



မဟုတ်ဘူး"

ချိုကျွန်းလင်က ပြောလိုက်သည်။

ချိုကျွန်းလင်ပြောသံကို နားထောင်ရင်း ဖန်ယိဟန်က ကရုဏာသက်သွားမိသည်။

သူ့စကားသည် ယခုည တက်နိုင်မည်မဟုတ်၍ အနားယူပြီး နောက်တစ်နေ့ လင်းလင်းရှင်းရှင်းရှိမှ တက်ကြမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

နောက်တစ်နေ့ လင်းလင်းရှင်းရှင်း၌လည်း ဤတောင်ကို တက်ရန်မလွယ်ကြောင်း ချိုကျွန်းလင် တွက်ဆမိပုံမရချေ။

"ခုလို ညအချိန်မျိုး မပြောနဲ့ ... နေ့ခင်းကြောင်တောင် ဒီနှလုံးတောင်ပေါ်ကို ကျုပ်တို့တက်နိုင်ဖို့ မလွယ်လှဘူး"

ဖန်ယိဟန်က စိတ်လောကြီးနေသော ချိုကျွန်းလင်ကို သတိပေးသည့်အနေနှင့် ပြန်ပြောလိုက်သည်။

"အစ်ကို ဖန်ယိဟန် ... ကျွန်မ ဖခင်ကြီးနဲ့ သိုင်းဆရာကြီးလွှတို့ ဒီကိုရောက်နေကြပြီလား မသိဘူးနော်၊ အခုထိတော့ သူတို့ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရသေးဘူး"

ကျွန်ရီဟုန်းက ညှိုးငယ်သောလေသံဖြင့် ပြောလိုက်လေသည်။



"သူတို့နှစ်ယောက်က နှလုံးတောင်ထိပ်ကို ရောက်သွားကြပြီလားမှ မသိဘဲ"

ချိုကျွန်းလင်က ဝင်၍ အဖြေပေးလိုက်သည်။

"အို ...အစ်ကိုချိုကျွန်းလင်ကလည်း ... မဖြစ်နိုင်တာ၊ နှလုံးတောင်ရဲ့ အနေအထားအရ တက်ဖို့မလွယ်တာ အစ်ကို့မျက်မြင်ပဲ ဟုတ်လား။ ဒါကို အစ်ကိုဖန်ယိဟန်ကလည်း အခုနကပဲ ပြောသေးသားပဲ"

ဖန်ယိဟန်က တစ်ချက်ပြုံးလိုက်သည်။

"ဟုတ်တယ် ... သာမန်အားဖြင့် အပေါ်ယံကြည့်ပြီး ပြောရင်တော့ နှလုံးတောင်ပေါ်ကိုတက်ဖို့ မလွယ်တာအမှန်ပဲ၊ ဒါပေမဲ့ ကျုပ်စဉ်းစားမိသလောက် နှလုံးတောင်ထိပ်ရောက်အောင် တက်နိုင်တဲ့နည်းတစ်နည်းတော့ ရှိရလိမ့်မယ်လို့ ထင်တယ်၊ ဟို ... လုံယွဲ့ဆိုတဲ့ သူကြီးဟာ နှလုံးတောင်ပေါ်ကို ရောက်ကိုရောက်ဖူးရမယ်လို့ ကျုပ် ယုံကြည်နေမိတယ်"

ဖန်ယိဟန်က သူတွေးခေါ် စဉ်းစားမိသည်ကို ရှင်းပြလိုက်သည်။

"မောင်ရင်က ဘယ်လိုကြောင့် ဒီလိုယူဆရတာလဲ"

ကျောက်ဟန်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်သည် လုံယွဲ့အား အမှန်ပင် သင်္ကာမကင်းဖြစ် နေမိလေသည်။

လုံယွဲ့သည် သူ့ကိုယ်သူ ဂုဏ်ဖော်ဝါကြွားသလို အလွန် အကြွားသန်သူတစ်ယောက် ဖြစ်သည်ကို သူ့ပြောစကားများအရ ဖန်ယိဟာန်က သိခဲ့ရလေသည်။

နောက်တစ်ချက်ကလည်း လူဝကြီးလုံယွဲ့သည် မိမိတို့နှင့် အတူ မလိုက်ပါလို၍ အကြောင်းရမယ်ရှာကာ နေရစ်ခဲ့သည်ဟု ဖန်ယိဟာန် ထင်မိ၏။

ဤသည်ကလည်း လုံယွဲ့တွင် လုံလောက်သော လျှို့ဝှက်ချက် အကြောင်းတစ်ခုခု ရှိရပေမည်။

"ဆရာကြီး ကျောက်ဟာန် ... လုံယွဲ့ဆိုတဲ့လူကြီး ပြောတဲ့ စကားတွေကို ကျွန်တော်ရှုတော့ နည်းနည်းမှ အယုံအကြည်မရှိဘူး ပြီးတော့ သူ့ကို ကျွန်တော် မသင်္ကာဘူး"

ဖန်ယိဟာန်က သူ့ထင်မြင်ယူဆချက်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်၏။

ကျောက်ဟာန်သည် မျက်မှောင်ကုတ်၍ နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

"ဒါဖြင့် မောင်ရင် ... သူ့ကို ဘာတွေ မသင်္ကာသလဲဆိုတာ



ပြောပါဦး"

"ဒီလူကြီးက သူ့ကိုယ်သူ ဂုဏ်ဖော်ချင်သလောက် အကြွား သိပ်သန်တဲ့လူပဲ၊ ဒါကြောင့်လည်း သူ့အပေါ် သံသယဖြစ်မိတာပါ၊ နောက်ပြီး သူဟာ ကျွန်တော်တို့နဲ့အတူတူ လိုက်မလာဘဲ ချန်နေရစ်ခဲ့တာ သူ့မှာ မရိုးသားတဲ့ အကြောင်းတစ်ခုခု ရှိရမယ်လို့ ကျွန်တော် ထင်မိတယ်"

ဖန်ယိဟာန်၏စကားကြောင့် ချိုကျန်းလင်နှင့် ကျန့်ရှိဟုန်းတို့ ဝင် စိုးရိမ်ထိတ်လန့်သွားမိကြ၏။

"သူက မနက်ဖြန် အရောင်းအဝယ် ကိစ္စတစ်ခု ရှိနေတယ်လို့ ပြောတယ် မဟုတ်လား အစ်ကိုဖန်ယိဟာန်"

ကျန့်ရှိဟုန်းက ဝင်ပြောလိုက်သည်။ ဖန်ယိဟာန်က ပြုံးလိုက်သည်။

"ဟုတ်တယ် ... အဲဒီအကြောင်းကြောင့်ပဲ စဉ်းစားစရာ ဖြစ်လာရတာပေါ့၊ သူ့ကိစ္စ အရောင်းအဝယ်ဖြစ်ရင် ငွေဆယ်သိန်းလောက် အမြတ်အစွန်းရမယ်လို့ ပြောတယ်မဟုတ်လား ... ဒါကိုက မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပဲ"

"ဟုတ်တယ် ... ဒါကို ကျုပ်လည်း မယုံဘူး"

ကျောက်ဟာန်က ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးပဲ စဉ်းစားကြည့်ပါ ... သူပြောတော့ ဆေးပန္နည်း အရောင်းအဝယ်တဲ့၊ ဆေးပန္နည်းအရောင်းအဝယ်ဆိုတာ ဘယ် လောက်များ အမြတ်အစွန်းရနိုင်မှာမို့လဲ၊ သူပြောသလို ဆယ်သိန်း ဖိုးလောက် ဘယ်လိုမှမမြတ်နိုင်ပါဘူး"

"ဒါပေါ့ ... အင်မတန်ရှားပါးပြီး အဖိုးတန်တဲ့ ဆေးပန္နည်း မျိုးပဲ ထားဦးတော့ ... အလွန်ဆုံး ငါးပုံတစ်ပုံထက် ပိုပြီး မမြတ်နိုင် ဘူး၊ ဒီနှုန်းနဲ့ပဲ တွက်ကြည့် ... အမြတ်ဆယ်သိန်းကျန်ဖို့အတွက် သိန်းငါးဆယ်လောက် ရင်းနှီးမြှုပ်နှံထားရမှာ၊ လုံယွဲ့မှာ အဲဒီလော ငွေရင်းငွေနှီး ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး"

ကျောက်ဟန်က ရှင်းလင်းတွက်ချက်ပြလိုက်သည်။

ချိုကျန်းလင်နှင့် ကျန့်ရှီဟုန်းတို့မှာ တွေဝေသွားမိကြ

"ဟုတ်ပါတယ် ... ဒီလိုအရပ်ဒေသမျိုးမှာ ဒီလောက်ကြီး ကျယ်တဲ့အရောင်းအဝယ်မျိုး ဘယ်နည်းနဲ့မှ မရှိနိုင်ပါဘူး"

ဖန်ယိဟာန်က ပြောလိုက်သည်။

"ဟင် ... ဒါဖြင့် လုံယွဲ့ဆိုတဲ့လူကြီးဟာ စိတ်ချယုံကြည် တဲ့လူတစ်ယောက် မဟုတ်ဘူးပေါ့နော်"

ကျန့်ရှီဟုန်းက စိုးရိမ်စွာဖြင့် ပျာပျာသလဲ မေးလိုက်

"သိပ်ဟုတ်တာပေါ့၊ လူဝကြီးလုံယွဲ့ကို စိတ်မချရတာတော့



အမှန်ပဲ"

ဖန်ယိဟာန်က ပြန်ပြောလိုက်သည်။

သူတို့သည် စကားပြောရင်း အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်လာခဲ့ကြရာ တောင်ကြားတစ်ခုဆီသို့ ရောက်လာခဲ့ကြလေ သည်။

ထိုစဉ် ...

ရှေ့မှသွားနေသော ချိုကျန်းလင်သည် ဆတ်ခနဲ တစ်နေရာ သို့ လက်ညှိုးညွှန်ပြ၍ ပြောလိုက်၏။

"ဆရာကြီးကျောက်ဟန်နဲ့ နောင်ကြီးဖန်ယိဟာန် ... ဟို ရှေ့ကို ကြည့်လိုက်ကြစမ်းပါ ... အလင်းရောင် တလက်လက်ထွက်နေ တာ တွေ့ရတယ်၊ ကျွန်တော့်စိတ်ထင်တော့ မီးရောင်လို့ ထင်မိတာပဲ"

ချိုကျန်းလင်၏အသံက အံ့သြဟန် အပြည့်ပါနေ၏။

ကျောက်ဟန်၊ ဖန်ယိဟာန်နှင့် ကျန့်ရှီဟုန်းတို့က ချိုကျန်းလင် ညွှန်ပြရာဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိကြသည်။

မှောင်မည်းတိတ်ဆိတ်နေသော ရှေ့တောအုပ်တစ်နေရာ တွင် မှိတ်တုတ်မှိတ်တုတ်လင်းနေသော မီးရောင်တစ်ခုသို့ အံ့သြစွာ တွေ့မြင်လိုက်ကြရလေသည်။

မီးရောင်က သိပ်တော့မနီးလှပါ။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးတစ်နေရာတွင် ပိုးစုန်းကြူးလေးတစ်ကောင်၏ အလင်းရောင်သဖွယ် ပျပျကလေးသာ မြင်ကြရခြင်း ဖြစ်၏။

သူတို့အားလုံး ဝမ်းသာအားရ ဖြစ်သွားမိကြသည်။

ပိန်းပိတ်အောင်မှောင်မည်းနေသော ဤတောအုပ်ကြီး အတွင်း၌ မီးရောင်ကိုမြင်ရခြင်းအားဖြင့် သက်ရှိလူသူ တစ်စုံတစ် ယောက်တော့ ရှိရမည်ဟု အားလုံး သိနားလည်လိုက်ကြသည်။

ဤမျှချောက်ချားဖွယ်ကောင်းသော တောကြီးမျက်မည်းထဲ တွင် မည်သို့သောလူများ ရောက်ရှိနေသည်ကို သူတို့ မစဉ်းစားတတ် အောင် ဖြစ်သွားကြသည်။

ယခုလိုအချိန်မျိုးတွင် ကောင်းသည်,ဆိုးသည် ခွဲခြားနေ၍ မဖြစ်။ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ အားကိုးရမည်သာ ဖြစ်၏။

အကူအညီတစ်ခုခုတော့ ရနိုင်ပေသည်။

လောလောဆယ် ယခုတစ်ညတာ နားနေအိပ်စက်ဖို့ရာပင် သူတို့တွင် အခက်ကြုံနေကြရသည် မဟုတ်ပါလား။

အနည်းဆုံး ယခု တစ်ညတာတော့ ထိုနေရာတွင် နားခိုအိပ် စက်နိုင်မည် ဖြစ်၏။

ကံကောင်းမည်ဆိုလျှင် နလုံတောင်ပေါ်သို့တက်ရောက်ရန် လမ်းစကိုပင် သိကောင်းသိနိုင်ပေလိမ့်မည်။



ဖန်ယိဟန် အတော်ကလေး အားတက်သွားမိ၏။ ထို့ ကြောင့် သူက စိတ်အားတက်ကြွစွာ ပြောလိုက်သည်။

“ဟုတ်တယ် … ဒါ မီးရောင်ပဲ၊ ကျွန်တော်တို့ အဲဒီကို အရောက်သွားကြမှ ဖြစ်မယ်”

ပြောပြောဆိုဆိုနှင့်ပင် ဖန်ယိဟန်သည် ရှေ့မှ ခပ်သွက် သွက် လျှောက်သွားလေသည်။

ကျန်လူသုံးယောက်ကလည်း သူ့နောက်မှ ကပ်လျက်လိုက် သွားကြ၏။

သွားသည်ဟုဆိုသော်လည်း နေရာအတိအကျသိပြီး တန်း တန်းမတ်မတ် သွားရခြင်းမျိုး မဟုတ်ချေ။

မီးရောင်ကိုကြည့်ရင်း မီးရောင်ရှိမည်ဟု ထင်ရသော အရပ် သို့ မှန်းဆ၍ ချီတိုးသွားရခြင်းသာ ဖြစ်လေသည်။

မျက်စိအောက်က မီးရောင် ပျောက်မသွားအောင်လည်း အထူးသတိထားကြရသေးသည်။

ဤသို့ သတိထားနေလျက်နှင့်ပင် တစ်ချက်တစ်ချက်တွင် မီးရောင် ပျောက်သွားတတ်သေးသည်။

မီးက ငြိမ်းသွားခြင်းတော့ မဟုတ်ပါ။

ဖန်ယိဟန်တို့ ဦးတည်ရာလမ်းကြောင်း လွဲသွားခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ပေသည်။

ထိုအခါမျိုးတွင် နောက်ကြောင်းပြန်၍ မီးရောင်ကို ရှာဖွေကြရပြန်သည်။

ပြီးမှ ဦးတည်ရာလမ်းကြောင်း ပြောင်းလှည့်၍ ချုံတိုးရှင်းလင်းကာ မီးရောင်မြင်ရာဆီသို့ ဆက်သွားကြရသည်။

ဤသို့နှင့် နှစ်မိုင်မျှ လျှောက်ခဲ့မိကြသောအခါ မီးရောင်ထွက်ပေါ်သောနေရာနှင့် အတော်ပင် နီးကပ်လာခဲ့ကြသည်ကို တွေ့မြင်ရတော့သည်။

မီးရောင်အနီးသို့ရောက်သောအခါ တောကြီးမျက်မည်းအတွင်း၌ သပ်ရပ်စွာဆောက်လုပ်ထားသော ဝါးတဲကလေးတစ်ခုကို အံ့အားသင့်စွာ တွေ့လိုက်ကြရလေသည်။

တဲ၏အနီးဝန်းကျင်တွင် သစ်ပင်ဝါးပင်ကြီးများ ဖုံးလွှမ်းနေသော တောမြိုင်ကြီးက သိပ်သည်းနက်ရှိုင်းစွာ ရှိနေသောကြောင့် ဖြစ်၏။

ဖန်ယိဟန်တို့လူစုမှာမူ မီးရောင်ကို အမှတ်မထင် မြင်တွေ့ကြပြီး ခြေရာခံလိုက်လာနိုင်ခဲ့ခြင်းဖြစ်၍ ဤနေရာသို့ ရောက်ရှိလာနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

တဲအတွင်း၌ မီးရောင်လင်းလက်စွာ ထွက်ပေါ်နေသော်



လည်း မည်သည့်အသံမျှ မကြားရဘဲ ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေသည်ကို တွေ့ရသည်။

သူတို့သည် တဲကလေး၏ရှေ့တွင်ရပ်၍ အကဲခတ်ကြည့်ရှုနေမိကြသည်။

ဝါးတဲကလေး၏ရှေ့တွင် မြေကွက်လပ်ငယ်တစ်ခု ရှိနေပေသည်။

ဖန်ယိဟန်က ဦးဆောင်၍ မြေကွက်လပ်ကိုဖြတ်ကာ တဲအိမ်ကလေးဆီသို့ လျှောက်သွားကြသည်။

တဲရှေ့သို့ ရောက်သောအခါ ဖန်ယိဟန်သည် ပိတ်ထားသော တံခါးကို အသာခေါက်လိုက်၏။

'ခေါက် ခေါက် ခေါက်'

'ခေါက် ခေါက် ခေါက်'

သူ တံခါးခေါက်လိုက်သည်က မပြင်းလှသော်လည်း တိတ်ဆိတ်သော ညယံတွင် အသံက ခပ်ကျယ်ကျယ်ထွက်သွားသည်။

"တဲရှင်တို့ ... တံခါးခဏလောက် ဖွင့်ပေးပါခင်ဗျာ"

တစ်ဆက်တည်းပင် ဖန်ယိဟန်က အသံပြုလိုက်၏။ ရုတ်တရက် မည်သည့်တုံ့ပြန်သံမှ ထွက်မလာချေ။

တစ်အောင့်အကြာတွင်မူ တဲအတွင်းမှ ချိုးချိုးချွတ်ချွတ်

www.burmeseclassic.com

www.burmeseclassic.com



အသံကြားရပြီး ပိတ်ထားသောတံခါးတစ်ခြမ်း ပွင့်သွားလေသည်။

တံခါးကြားမှ အသက်ငါးဆယ်ကျော်ရှိမည့် အဘိုးကြီးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ကြရသည်။

အိမ်ထဲတွင် ထွန်းညှိထားသော မီးရောင်၏အရိပ်ကြောင့် ထိုအဘိုးကြီး၏မျက်နှာကို သဲသဲကွဲကွဲ မတွေ့မြင်ရချေ။

သို့သော် အမှောင်ထဲတွင် သူ၏မျက်လုံးများက တောက်ပလွန်းလှသည်ကို သတိပြုလိုက်မိကြ၏။

ထိုအဘိုးကြီး၏ကိုယ်တွင် ဟောင်းနွမ်းလွန်းလှသော အကျီ ဝတ်စုံများကို ဝတ်ဆင်ထားလေသည်။

အကင်းပါးသော ဖန်ယိဟာန်သည် ထိုအဘိုးကြီးမှာ သာမန်လူတစ်ယောက်မဟုတ်ဘဲ အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း ချက်ချင်းပင် အကဲခတ်လိုက်မိလေသည်။

"ညကြီး အချိန်မတော် ... ဘယ်သူတွေလဲ"

တဲတံခါးဝမှ အဘိုးကြီးက မေးလိုက်သည်။

ဖန်ယိဟာန်သည် လက်နှစ်ဖက်ယှဉ်၍ ဦးညွှတ်ကာ အရိုအသေပြုလိုက်သည်။

ပြီးမှ သူက ချိုသာစွာဖြင့် နှုတ်ဆက်ခွင့်ပန် စကားဆိုလိုက်သည်။



"ကျွန်တော်တို့ဟာ တောင်ပေါ်မှာ လမ်းမှားလာကြတဲ့ ခရီးသည်တွေ ဖြစ်ပါတယ်ခင်ဗျာ၊ အခုညအဖို့ ခရီးဆက်ဖို့ အချိန်မရှိတော့လို့ တည်းခိုခွင့်ပြုဖို့ တောင်းပန်ပါတယ်"

အဘိုးကြီးသည် ဖန်ယိဟာန်နှင့်အတူ ကျန်လူသုံးယောက်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

"မောင်ရင်တို့ လေးယောက်တည်းပဲလား"

အဘိုးကြီးက မေးလိုက်သည်။ ဖန်ယိဟာန်က ကပျာကယာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ လေးယောက်တည်းပါ"

အဘိုးကြီးက ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ပြီး ...

"ကောင်းပြီလေ ... အထဲကို ဝင်ခဲ့ကြပါ"

"ဟုတ်ကဲ့ ... အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျာ"

အဘိုးကြီးက တံခါးဝမှ လမ်းဖယ်ပေးလိုက်သည်။

ဖန်ယိဟာန်သည် ကျေးဇူးတင်ကြောင်းပြောကြားပြီးနောက် ရှိကျန်းလင်ဘက်သို့လှည့်၍ ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ...

သူသည် တဲအတွင်းသို့ လှမ်းဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်နောက်မှ ချိကျန်းလင်၊ ကျန့်ရီဟုန်းနှင့် ကျောက်ဟာန်တို့က လိုက်ပါသွားကြသည်။

တဲအိမ်ကလေးမှာ မကျယ်ဝန်းလှသော်လည်း … အထဲမှာ ဝါးထရံများ ကာရံ၍ အခန်းဖွဲ့ထ းသည်မှာ နေချင်စရာကောင်းလှလေသည်။

ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းတစ်ခန်းနှင့် မီးဖိုဆောင်ဟုထင်ရသော အခန်းတစ်ခန်း … စုစုပေါင်း အခန်းသုံးခန်းမျှ ရှိလေသည်။

ဧည့်ခန်းထဲတွင် သပ္ပါယ်စွာ ပြင်ဆင်ထားသော ဘုရားကျောင်းဆောင်ခုံကိုလည်း တွေ့ကြရ၏။

ကျန့်ရီဟုန်းသည် ဘုရားကျောင်းဆောင်ကို ကြည့်ရင်းကြည်ညိုသဒ္ဓါစိတ်များ ပွားများနေမိ၏။

အခန်းထဲတွင် ဆီမီးခွက်တစ်လုံး ထွန်းညှိထားလေသည်။

မီးခွက်ထဲတွင် ဆီခန်းလုနီးပါးဖြစ်နေ၍ မီးအလင်းရောင်သည် စောစောက လမ်းမှာတွေ့ရသလောက် မလင်းလက်တော့ချေ။

အခန်းတွင်း၌ ခပ်မှိန်မှိန်သာ အလင်းရောင် ထွက်ပေါ်နေတော့၏။



အဘိုးကြီးက သူတို့အား အခန်းထောင့်တစ်နေရာတွင် နေရာချထားပေးလိုက်သည်။

"ကဲ … ဒီမှာ အေးအေးဆေးဆေးထိုင်ပြီး အနားယူကြပါဦး"

ဖန်ယိဟာန်တို့လူစုသည် ဝိုင်းဖွဲ့၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။

စိတ်မောလူမောခဲ့ရသမျှ ယခုမှပင် အနားယူကြရပေတော့မည်။

အဘိုးကြီးသည် သူတို့အား နေရာချထားပေးပြီးနောက် အခန်းတွင်းသို့ ဝင်သွား၏။

သိပ်မကြာပါ … အဘိုးကြီး အခန်းထဲမှ ပြန်ထွက်လာလေသည်။

သို့သော် … ယခုတစ်ကြိမ်တွင်မူ သူတစ်ယောက်တည်း မဟုတ်တော့ချေ။

သူ့နောက်မှ လူကြီးတစ်ယောက် ပါလာသည်ကို တွေ့ကြရ၏။

ထိုလူအား ရုတ်တရက်တွေ့လိုက်ရသော ဖန်ယိဟာန်မှာ သိတ်ခနဲဖြစ်ပြီး အံ့အားသင့်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကမန်းကတန်းပင် ထိုင်နေရာမှထ၍ ထိုလူကြီးအား ဦးညွှတ် အရိုအသေပြုကာ နှုတ်ဆက်လိုက်၏။

“ကျွန်တော် ဖန်ယိဟန်က ငွေစင်ရော်ဂိုဏ်းချုပ်ကြီးကို ဦးညွှတ်ဂါရဝပြုပါတယ် ခင်ဗျား”

ချိုကျန်းလင်၊ ကျန့်ရိုဟုန်းနှင့် ကျောက်ဟန်တို့သည်လည်း ထိုလူကြီးထံသို့ အာရုံရောက်ရှိသွားကြ၏။

ထိုလူကြီးသည်ကား ငွေစင်ရော်ဂိုဏ်းချုပ်ကြီး ‘ယွင်’ ပင် ဖြစ်ပေသည်။

ဖန်ယိဟန် ဂါရဝပြု၍ နှုတ်ဆက်လိုက်သောအခါ ယွင်သည် တစ်ချက်မျှ ပြုံး၍ ပြန်ပြောလိုက်သည်။

“သူငယ်လေးက အခုမှ ရောက်လာတာကိုး၊ ကျုပ်က လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ရောက်လာလိမ့်မယ်လို့ တွက်ထားတာ”

“မှန်ပါတယ် ခင်ဗျား၊ ဟောဒီက သခင်မလေး ကျန့်ရိုဟုန်းသာ ပါမလာခဲ့ရင်တော့ အခုထက် နှစ်ရက်၊ သုံးရက်လောက် စောပြီး ရောက်လာနိုင်ပါတယ်”

ဖန်ယိဟန်က ကျန့်ရိုဟုန်းဘက်သို့ စောင်းငဲ့ကြည့်၍ ပြောလိုက်သည်။



ဤသည်ကို ...

သူမက မနှစ်မြို့ဟန်ဖြင့် မျက်စောင်းလှလှလေး တစ်ချက်ထိုး၍ ကြည့်လိုက်သည်။

သူမ ပါလာ၍ ခရီးမတွင်ဘဲ ကြန့်ကြာနေရသည်ဟု ပြောခြင်းကို မခံချင်ဖြစ်မိသည်။

ဖြစ်နိုင်မည်ဆိုလျှင် ...

သူသည် ယခုပင်လျှင် နလုံးတောင်ထိပ်သို့ မဖြစ်ဖြစ်သည့်နည်းနှင့် တက်ပြလိုက်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်ဖြစ်ပေါ်နေသည်။

သို့သော် ...

ကျန့်ရိုဟုန်းသည် မျက်စောင်းလှလှလေးတစ်ချက် ထိုးလိုက်ရုံမှအပ ဘာမျှပြန်မပြောလိုက်ပါ။

ဖန်ယိဟန်သည် ဂိုဏ်းချုပ်ကြီး ယွင်အား သူ့လူများနှင့် မိတ်ဆက်ပေးလိုက်သည်။

သူတို့ အပြန်အလှန် နှုတ်ဆက်ကြပြီးနောက် ယွင်က မေးလိုက်သည်။

“ဆရာကြီးတူးလန်နဲ့ လမ်းမှာ တွေ့ခဲ့ကြသေးသလား”

“မတွေ့ပါဘူး ခင်ဗျာ၊ ဆရာကြီးတူးလန်က ဂိုဏ်းချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ယွင်ဆီကို အကူအညီတောင်းခံဖို့အတွက် တာ့ဇီစံအိမ်က ကျွန်တော်တို့အရင် ထွက်သွားခဲ့တာပါ။ ဆရာကြီး တူးလန်နဲ့ ဂိုဏ်းချုပ်ကြီးတို့ ဒီကို အတူတူလာခဲ့ကြတာ မဟုတ်လား"

ဖန်ယီဟာန်က ယွင်၏အမေးကို ပြန်ဖြေရင်း တစ်ဆင့်တည်း ပြန်မေးလိုက်သည်။

ဂိုဏ်းချုပ်ကြီးယွင်သည် အနည်းငယ် စဉ်းစားပြီးနောက် ဆက်၍ပြော၏။

"ဟုတ်တော့ ဟုတ်တယ်၊ သူနဲ့ငါ ဒီကိုရောက်နေတာ ငါးရက်လောက် ရှိသွားပြီ၊ ဒါပေမဲ့ လွန်ခဲ့တဲ့သုံးရက်ကပဲ မင်းတို့ကို သွားကြိုမယ်ဆိုပြီး ထွက်သွားခဲ့တာ၊ အခု ဘယ်လိုကြောင့် မင်းတို့နဲ့ ... သွားရတာလဲ"

ကျန့်ရှီဟုန်းမှာ မျက်မှောင်ကြုတ်သွားသည်။

ဤအတိုင်းဆိုလျှင် တူးလန်အတွက်ပါ စိတ်ပူစရာ ဖြစ်... ပြန်၏။

သူမအတွက် တစ်ပူပေါ်နှစ်ပူဆင့်ရပြန်ချေပြီ။

"ဂိုဏ်းချုပ်ကြီးရှင့် ... ဘဘကြီး တူးလန်အတွက် ... စရာအကြောင်းများ ရှိပါသလား"

သူမက ဟျာဟျာသလဲ မေးလိုက်သည်။



"အင်း ... ပြောရခက်သားပဲ"

ယွင်က ညည်းညူသလိုပြောပြီး ခေါင်းခါနေလိုက်သည်။

သူ့စကားသံက လေးပင်နေသည်။

သူကိုယ်တိုင်က ဇဝေဇဝါဖြစ်နေဟန်ရှိသည်။

အတန်ကြာမှ ယွင်က ဆက်ပြောလိုက်သည်။

"တကယ်ဆိုရင် မင်းတို့နဲ့သူ လူချင်းလွဲစရာ အကြောင်းမရှိဘူး၊ မင်းတို့ လီကျန်းမြို့ဘက်လမ်းက မလာဘူးဆိုရင်တော့ ဘယ်လိုမှ မလွဲနိုင်ပါဘူး"

"ကျွန်တော်တို့ လီကျန်းမြို့ဘက်ကလမ်းအတိုင်း လာခဲ့ကြတာပါပဲ"

ကျောက်ဟာန်က ခပ်သွက်သွက် ဝင်ပြောလိုက်၏။

"ဟုတ်လား ... ဒါဆိုရင်တော့ စဉ်းစားစရာ ဖြစ်နေပြီ"

ဂိုဏ်းချုပ်ကြီးယွင်၏ မျက်ခုံးနှစ်ဖက် အပေါ်သို့ မြင့်တက်သွားပြီး အံ့သြဟန်ဖြင့် ပြော၏။

သူသည် တစ်စုံတစ်ခုကို စဉ်းစားလိုက်မိဟန်တူ၏။

သူ၏မျက်လုံးများ ရုတ်တရက် အရောင်တောက်ပလာသည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



သူက မှော်လင့်တကြီးဖြင့် ဖန်ယိဟန်တို့အား မေးလိုက်သည်။

"မင်းတို့ လီကျန်းမြို့က အပေါင်ဆိုင်ပိုင်ရှင် လုံယွဲဆီကို ဝင်ခဲ့ကြသေးသလား"

"ဝင်ခဲ့ပါတယ်"

ကျောက်ဟန်က ခပ်သွက်သွက် ဖြေလိုက်သည်။

"ဒါဖြင့် ဆရာကြီးကျောက်ဟန်တို့ကို လုံယွဲက တူးလန်အကြောင်း ဘာမှမပြောပြဘူးလား"

ဂိုဏ်းချုပ်ကြီးယွင်က ဆက်၍မေးလိုက်၏။

"ဘာမှ မပြောဘူး"

ကျောက်ဟန်၏စကားကို ကြားသောအခါ ယွင်မှာ မျက်မှောင်တစ်ချက်ကုတ်သွားမိသည်။

"ဟင် ... ဟုတ်လား၊ ဒါဖြင့် ဆရာကြီးတူးလန်နဲ့ သူ မတွေ့လိုက်လို့များလား၊ အို ... ဒီလိုလည်း မဖြစ်နိုင်သေးပါဘူး"

ယွင်သည် တစ်ကိုယ်တည်း ညည်းညူပြောဆိုရင်း မငြိမ်းမချမ်းဖြစ်သွားဟန်ဖြင့် မျက်မှောင်ကုတ်နေမိသည်။

လုံယွဲနှင့်ပတ်သက်သော မသင်္ကာစရာအကြောင်းများကို ဂိုဏ်းချုပ်ကြီးထံ စုံစမ်းကြည့်ရန် ဖန်ယိဟန် အကြံရလိုက်မိသည်။



ဤအတိုင်းဆိုလျှင် လုံယွဲသည် ဆရာကြီးတူးလန်နှင့် ပတ်သက်၍လည်း မိမိတို့အား ထိမ်ချန်ထားခဲ့လေပြီ။

"ဂိုဏ်းချုပ်ကြီး ခင်ဗျာ ... လုံယွဲဆိုတဲ့ လူဝကြီးရဲ့ ထင်မြင်ချက်ကို သိပါရစေခင်ဗျာ"

ဖန်ယိဟန်က ဂိုဏ်းချုပ်ကြီးအား ထုတ်ဖော် မေးမြန်းလိုက်သည်။

"လုံယွဲအကြောင်းလား ... သိုင်းလောကမှာတော့ သူ့သတင်းက အကောင်းတွေရှိသလို အဆိုးတွေလည်း ရှိတာပါပဲ"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးက အဖြေပေးလိုက်သည်။

ထို့နောက် သူက လေးနက်သောအသံဖြင့် ဆက်၍မေးလိုက်သည်။

"မောင်ရင်က ဘယ်လိုကြောင့် ဒီအကြောင်းမေးတာလဲ၊ လုံယွဲအပေါ် မသင်္ကာစရာအကြောင်း ရှိနေလို့လား"

"ဟုတ်ပါတယ် ... သူ့ကို ကျွန်တော် သိပ်မသင်္ကာဘူး"

ဖန်ယိဟန်က လုံယွဲနှင့်တွေ့ဆုံခဲ့ကြစဉ်က အကြောင်းများကို ပြန်၍ပြောပြလိုက်၏။

ဖန်ယိဟန်၏ စကားများကို ငွေစင်ရော်ဂိုဏ်းချုပ်ကြီးက အံ့အားသင့်စွာဖြင့် နားထောင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတဲ့အကြောင်းအရာတွေနဲ့ သူ့စကားတွေက မဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်မိပါတယ်၊ ဒါကြောင့် သူ့ကို မသင်္ကာ ဖြစ်မိတာပါ"

ဖန်ယိဟန်၏စကားဆုံးသောအခါ ဂိုဏ်းချုပ်ကြီးယွင်သည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဪ ... သူက ဒီလိုပဲ ပြောလိုက်သလား၊ မောင်ရင်သာ ပြန်မပြောရင် ဒီအကြောင်းကို ကျုပ်သိမှာမဟုတ်ဘူး၊ မောင်ရင်ပြောမှ ကျုပ်လည်း စဉ်းစားမိတော့တယ်"

"လုံယွဲ့ဟာ ပြည်မကြီးကနေ ဟောဒီ တောင်ပိုင်းဒေသကို ရောက်လာခဲ့တာ အနှစ် နှစ်ဆယ်လောက်ရှိပြီ၊ သူ့မှာ ဘာအကြံအစည်များ ရှိနေသလဲမသိဘူး ... စဉ်းစားရတော့ ခပ်ကျပ်ကျပ်ပဲ ဂိုဏ်းချုပ်ကြီးတို့ ဒီကိုလာတုန်းက သူနဲ့ ဆုံတွေ့ခဲ့ကြသေးသလား"

ကျောက်ဟန်က ဝင်ရောက်ပြောဆိုရင်း တစ်ဆက်တည်းမှာပင် မေးလိုက်၏။

"တွေ့ခဲ့တာပေါ့၊ ဒါကြောင့်လည်း ဖန်ယိဟန်ရဲ့ ပြောစကားအရ သူ့ကို ကျုပ်ကိုယ်တိုင် မသင်္ကာဖြစ်နေမိပြီ"

ဂိုဏ်းချုပ်ကြီးယွင်သည် စကားကို ခေတ္တရပ်နားထားလိုက်၏။



သူ့စကားကို အားလုံး စိတ်ဝင်စားသွားမိကြသည်။

ထို့ကြောင့် ယွင် ဆက်ပြောလာမည့်စကားကို နားစွင့်နေမိကြ၏။

ယွင်က ဆက်၍ပြော၏။

"လွန်ခဲ့တဲ့ခြောက်ရက်က တူးလန်နဲ့ ကျုပ်တို့နှစ်ယောက် လုံယွဲ့နဲ့ တွေ့ခဲ့ကြတာပေါ့၊ ကျုပ်ဟာ သိုင်းရာဇာကြီး ကျန့်ထင်းစန့်ရဲ့ သတင်း ဒီအနီးတစ်ပိုက်မှာ ကြားမိခဲ့သလားလို့ မေးတော့ သူက ဘာသတင်းမှ မကြားမိဘူးလို့ ပြောတာပဲ၊ ဒါနဲ့ ကျုပ်က ယိလုံတောင်ပေါ်ကို သွားချင်လို့ လိုက်ပို့ခိုင်းတယ်၊ သူက နောက်တစ်နေ့မှာ အရောင်းအဝယ်လုပ်ငန်းကြီးတစ်ခုအတွက် ချိန်းဆိုထားတာ ရှိနေလို့ ဆိုပြီး မောင်ရင်တို့ကိုပြောတဲ့အတိုင်း ကျုပ်ကိုလည်း ပြောခဲ့တာပဲ၊ ဒီအတိုင်းဆိုရင် သူဟာ လိမ်ပြောနေတာသေချာတဲ့အတွက် မသင်္ကာစရာကောင်းနေတာ အမှန်ပဲ"

ငွေစင်ရော် ဂိုဏ်းချုပ်ကြီး၏စကားကြောင့် ဖန်ယိဟန်တို့လူစုမှာ အလွန်အံ့အားသင့်သွားမိကြ၏။

လုံယွဲ့သည် မိမိတို့အား လိမ်ညာပြောသည့် နည်းအတိုင်းပင် ဂိုဏ်းချုပ်ကြီးယွင်ကိုလည်း ပြောဆိုခဲ့ပေသည်။

သူသည် အဘယ်ကြောင့် ထိုကဲ့သို့ ပြောရခြင်းဖြစ်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



လုံယွဲ့သည် ဤတောင်ပိုင်းဒေသတွင် အခြေချနေထိုင်ခဲ့သည်မှာ အနှစ်နှစ်ဆယ်ပင် ရှိပြီဟုဆို၏။

အေးအေးလူလူ နေထိုင်လို၍ ဤဒေသတွင် လာရောက်နေထိုင်ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။

သို့သော် သူ့စကားကို မည်သို့ ယုံကြည်ရမည်နည်း။

သူလာရောက်အခြေချသည့်ဒေသက ယိချိန်သိုင်းကျမ်းစာအုပ် လျှို့ဝှက်တည်ရှိရာအရပ်၏ အနီးပတ်ဝန်းကျင်တွင် ဖြစ်ပေသည်။

ဤအတိုင်းဆိုလျှင် ...

လုံယွဲ့သည် ယိချိန်သိုင်းကျမ်းစာအုပ်ကို ကျိတ်၍ ရှာဖွေနေသူတစ်ဦး ဖြစ်နိုင်ပေသည်။

ဖန်ယိဟာန်၏ဦးနှောက်အတွင်းသို့ ဤအတွေးများက ဆင့်ကာဆင့်ကာ ဝင်ရောက်လာသည်။

ထိုအခါ ဆရာကြီးယန်းဂူကျိုအား ဖမ်းဆီးခေါ်ဆောင်သွားသောကိစ္စသည် လုံယွဲ့နှင့် တစ်နည်းတစ်ဖုံ ပတ်သက်ဆက်စပ်နေနိုင်ကြောင်း ဖန်ယိဟာန် တွေးတောလိုက်မိသည်။

တိုက်ရိုက်ပတ်သက်ချင်လည်း ပတ်သက်နိုင်၏။

သို့မဟုတ် ...



သွယ်ဝိုက်၍ တစ်နည်းနည်းပတ်သက်နေခြင်းလည်း ဖြစ်နိုင်သည်။

ထို့ကြောင့်သာ လုံယွဲ့သည် သံသယဖြစ်စရာ စကားများကို ပြောဆိုခဲ့ ခြင်း ဖြစ်ပေမည်။

ဤသို့ဆိုလျှင် ဆရာကြီးတူးလန်သည်လည်း လုံယွဲ့၏ပရိယာယ်စက်ကွင်း၌ အမိခံလိုက်ရပြီလော။

မဖြစ်နိုင်ဟု အတပ်မပြောနိုင်ချေ။

ဖြစ်နိုင်စရာအကြောင်းယုတ္တိများက အတော်များများ ရှိနေလေသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... ကျွန်တော်တို့ကို ကြိုဖို့ထွက်သွားတဲ့ ဆရာကြီးတူးလန်ဟာ လုံယွဲ့ရဲ့ကျော့ကွင်းထဲမှာ အမိခံလိုက်ရပြီနဲ့တူတယ်"

ဖန်ယိဟာန်က စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"ကျုပ်အမြင်မှာတော့ လုံယွဲ့ဟာ ကလိမ်ခြုံလူကြီး တစ်ယောက်ပဲ၊ သူရှိနေသမျှ ကျုပ်တို့အတွက် အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေမှာ သေချာတယ်၊ ဒါကြောင့် သူ့ကို အရင်ဆုံး ရှင်းပစ်လိုက်ရရင် မကောင်းဘူးလား"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးထံမှ စကားမတုံ့ပြန်ခင်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဟန်က ...ရောက်ပြောလိုက်ခြင်း ဖြစ်သည်။

သူ့အမူအရာက စိတ်လောကြီးနေပုံရသည်။

ဂိုဏ်းချုပ်ကြီးယွင်က စဉ်းစားနေဟန်ဖြင့် ခပ်လေးလေး ပြောလိုက်လေသည်။

"အင်း ... လုံယဲ့လိုလူမျိုးကို သက်သက်ညှာညှာနဲ့ ချမ်းသာခွင့် မပေးသင့်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ၊ ဘဘကြီးယွင်က လုံယဲ့ကို မဆုံးမဝံ့လို့လား"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီး၏ စကားမဆုံးမီမှာပင် ကျန့်ရီဟုန်းက ကြားဖြတ်ဝင်မေးလိုက်ခြင်း ဖြစ်၏။

"ဒီလိုလည်း မဟုတ်ပါဘူး ... ကျူပ်သဘောကိုပြောရရင် ဆရာကြီးတူးလန်ရဲ့အခြေအနေကို အတိအကျမသိသေးခင် အရမ်းကာရော စွတ်မလုပ်စေချင်ဘူး"

ဂိုဏ်းချုပ်ကြီးယွင်က သူ့သဘောကို ပြောလိုက်၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... သိုင်းရာဇာကြီး ကျန့်ထင်းစန်ရဲ့ သတင်းအစအနကော ကြားမိပါသလား"

ဖန်ယိဟန်က မေးလိုက်၏။

"ဟင့်အင်း ... သူ့သတင်းလည်း ခုထိ ဘာမှ မကြားသိရ သေးဘူး"

ကျန့်ရီဟုန်းမှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူမသည် တုန်လှုပ်ချောက်ချားစွာဖြင့် ဖန်ယိဟန်အား လှမ်းပြောလိုက်မိ၏။

"အစ်ကိုဖန်ယိဟန် ... ကျွန်မဖခင်ကြီးလည်း လုံယဲ့လက်ချက်များ မိသွားပြီလား မသိဘူး"

ကျန့်ရီဟုန်း၏အခြေအနေကို ရိပ်စားမိသော ဖန်ယိဟန်သည် ခေါင်းကိုခါယမ်းပြလိုက်၏။

ထို့နောက် ကျန့်ရီဟုန်း စိတ်သက်သာရာရစေရန် နှစ်သိမ့်စကားဆိုလိုက်လေသည်။

"သခင်မလေး ... သိပ်ပြီးတော့လည်း စိတ်အနှောင့်အယှက်ဖြစ်ပြီး စိုးရိမ်မနေပါနဲ့၊ လုံယဲ့ဟာ ဘယ်လောက်ပဲ သတ္တိကောင်းကောင်း သိုင်းရာဇာကြီးကိုတော့ အန္တရာယ်ပြုနိုင်မှာ မဟုတ်ပါဘူး"

ဖန်ယိဟန်၏ အားပေးစကားကြောင့် ကျန့်ရီဟုန်းမှာ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

ဟုခဉ် တံခါးလာဖွင့်ပေးသော အသိုကြီးသည် ဆံပြွတ်ခိုးနှင့် ဟင်းပန်ကန်များ ယူလာသည်ကို တွေ့ရ၏။

သူတို့သည် ဆန်ပြုတ်များစားသောက်ရင်း ရှေ့လုပ်ငန်းစဉ်



www.burmeseclassic.com

www.burmeseclassic.com



များကို ဆွေးနွေးတိုင်ပင်နေကြလေသည်။

စကားကောင်းနေကြသည်မှာ ညသန်းခေါင်ကျော်မှပင် အိပ်ရာဝင်ဖြစ်ကြတော့သည်။

ကျန့်ရှိဟုန်းမှာ မိန်းကလေးဖြစ်၍ သူမအား အတွင်းခန်း၌ နေရာချထားပေး၏။

ကျန်လူများမှာ ဧည့်ခန်းမှာပင် တန်းစီ၍ အိပ်ကြလေသည်။

သူတို့သည် ထိုင်၍ စိတ်တည်ငြိမ်အောင် လေ့ကျင့်အား ထုတ်ပြီးမှ အနားယူအိပ်စက်ကြလေသည်။

ဤဝါးတဲကလေးတွင် နေထိုင်သောအဘိုးကြီးမှာ ယိလုံတောင်ပေါ်တွင် လာရောက်၍ သိုင်းပညာလေ့ကျင့်အားထုတ်နေသူတစ်ဦး ဖြစ်လေသည်။

ထိုအဘိုးအိုရှိနေခြင်းကြောင့်ပင် ဖန်ယိဟာန်တို့လူစုမှာ ယခုကဲ့သို့ ယိလုံတောင်ပေါ်တွင်တည်းခိုရန် အဆင်ပြေသွားကြခြင်း ဖြစ်ပေသည်။

စောစောက စကားပြောသံများ ကြားနေရသော ဝါးတဲကလေးသည် ယခုမှ ငြိမ်သက်တိတ်ဆိတ်သွားလေပြီ။

ဖန်ယိဟာန်တို့လူစုမှာ ခရီးပန်းလာကြသဖြင့် မောမောနှင့်



နှစ်ခြိုက်စွာ အိပ်ပျော်သွားကြသည်။

တစ်ချက်တစ်ချက် လေတိုး၍ သစ်ရွက်များပွတ်တိုက်သံမှအပ ယိလုံတောင်ကြီးသည် လရောင်အောက်တွင် ချောက်ချားဖွယ်ကောင်းလောက်အောင် ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သားကောင်ဖြစ်...သော မုဆိုး

အချိန်မှာ နံနက်အရုဏ်တက်... ရောင်နီပျပျ ယှက်သန်းချိန်ဖြစ်၏။

ဖန်ယိဟန်သည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုး...၏။

ကျင့်သားရပြီးဖြစ်သော သူ၏နားများက အပြင်ဘက်... လေတိုးသံသဲ့သဲ့ကို ကြားလိုက်ရသည်။

အကျီ သို့မဟုတ် အဝတ်စကို လေတိုးသောအသံဖြစ်... ကြောင်း သူ ကောင်းစွာသိလိုက်လေသည်။

အပြင်ဘက်တွင် လူသူရောက်ရှိ ချဉ်းကပ်နေပြီဖြစ်ကြောင်း... ချက်ချင်းပင် နားလည်လိုက်လေသည်။

သူသည် နံဘေးတွင် နှပ်ခြုံကျစွာ အိပ်ပျော်နေသော ...ကျန်းလင်ကို အသာအယာ လှုပ်နှိုးလိုက်၏။

ချိကျန်းလင်က ဆတ်ခနဲမျက်စိဖွင့်ကြည့်သည်။ ဖန်ယိ...



က တိုးညင်းသောလေသံဖြင့် ပြောလိုက်သည်။

“နောင်ကြီး ချိကျန်းလင် ... အပြင်မှာ လူရောက်နေတယ်”

သူ့စကားမဆုံးမီမှာပင် ချိကျန်းလင်သည် ရုတ်တရက် ထခုန်၍ အိမ်ပြင်သို့ထွက်ရန် ဟန်ပြင်လိုက်လေသည်။

စိတ်လောကြီးနေသော ချိကျန်းလင်အား ဖန်ယိဟန်က တပျာကယာ လှမ်းဆွဲထား လိုက်ရသည်။

“နောင်ကြီး ချိကျန်းလင် ... စိတ်လောပြီး အရမ်းမလှုပ်ရှားနဲ့ ကျွန်တော်တို့နိုးနေတာ အပြင်ကလူ သိသွားရင် ထွက်ပြေးလို့ မမိလိုက်ဘဲ ဖြစ်နေမယ်၊ နောင်ကြီးက ဂိုဏ်းချုပ်ကြီးတို့ကို နှိုးပြီး အိမ်ပေါ်ကနေ အခြေအနေကြည့်နေပါ၊ ပိုက်ကွန်ထဲဝင်မှ အမိဖမ်းဖို့ ကြိုးစားကြပါ၊ ကျွန်တော်တစ်ယောက်တည်း အပြင်ထွက်ကြည့်လိုက်ဦးမယ်”

ထိုအခါမှ ချိကျန်းလင်က သဘောပေါက်သွားပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ဖန်ယိဟန်သည် အသာအယာထလျက် နောက်ဖေးဘက်သို့ ထွက်လာခဲ့၏။

မီးဖိုဆောင်မှတစ်ဆင့် အသံ လုံးဝမထွက်စေဘဲ အိမ်အပြင်သို့ ကိုယ်ဖျောက်၍ ထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





အိမ်အပြင်သို့ရောက်ရှိလာပြီးနောက် ...

ဖန်ယိဟာန်သည် အနီးဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ဝဲကစား၍ အကဲခတ်ကြည့်ရှုလိုက်၏။

သို့သော် ... မသင်္ကာစရာဟူ၍ လုံးဝမတွေ့ရဘဲ ဖြစ်နေသည်။

အရာရာသည် သဘာဝအတိုင်းပင် ရှိနေကြ၏။

ဖန်ယိဟာန် မကျေမနပ် ဖြစ်သွားသည်။

အဝတ်လေတိုးသံကို သူ နားနှင့်ဆတ်ဆတ် သေချာကြားခဲ့ရသည်။

ကျင့်သားရနေသော သူ့နားနှစ်ဖက်ကို သူ အကြွင်းမဲ့ ယုံ၏။ နားကြားလွဲခြင်း မဖြစ်နိုင်ပေ။

စောစောက မိမိတို့ဝါးတဲဆီသို့ လူချဉ်းကပ်လာသည်မှာ အမှန်ပင်ဖြစ်သည်။

တစ်ဦးတစ်ယောက် ဖြစ်ချင်ဖြစ်မည်။

တစ်စုတစ်ဝေး ဖြစ်ချင်ဖြစ်မည်။

အိမ်ထဲမှ နိုးလာသည်ကိုသိသွား၍ လာလမ်းအတိုင်း ပြန်လှည့်သွားသည်လားတော့ မပြောတတ်။

ထို့ကြောင့် သူသည် ခြေရာခံ၍ ရှာဖွေရန် တောတွင်းတာ
...ရာဆီသို့ ကိုယ်ဖော့၍ ပြေးထွက်သွားသည်။

တစ်မိုင်ဆိုသောခရီးက မဝေးသော်လည်း နီးသည်ဟု မဆိုသာပါ။

သာမန်လူတစ်ယောက်အဖို့ အတော်ကလေး လျှောက်ရသည်ဖြစ်သည်။

ဖန်ယိဟာန်သည် ... သူ၏ကိုယ်ဖော့ပညာဖြင့် မိနစ်ပိုင်းအတွင်းမှာပင် တစ်မိုင်ခရီးသို့ ရောက်လာ၏။

ယခုထိ မည်သည့်ထူးခြားချက်ကိုမျှ မတွေ့ရသေးဘဲ ဖြစ်နေသည်။

ဖန်ယိဟာန် နောက်သို့ပြန်လှည့်ရန် စိတ်ကူးလိုက်သည်။

ရန်သူသည် အဝေးသို့ထွက်မပြေးဘဲ အနီးအနားမှာပင် ...အောင်းနေနိုင်သည် မဟုတ်ပါလား။

အကယ်၍ ထွက်ပြေးခဲ့လျှင် ယခုလောက်ဆို ထူးခြားသင့်...ဟု ယူဆ၏။

ထို့ကြောင့် ဖန်ယိဟာန်သည် လာလမ်းအတိုင်း ကိုယ်ဖော့၍ ...လာခဲ့တော့သည်။

အပြန်တွင်လည်း ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရချေ။

အပြင်တွင် ဆီးနှင်းများ ဖုံးလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆီးနှင်းများပိတ်ဖုံးနေသဖြင့် ယခုအချိန်တွင် ယိလုံတော[illegible] ထိပ်ကိုပင် မမြင်ရတော့ပါ။

ဖန်ယိဟာန်သည် ခပ်သုတ်သုတ် နောက်ကြောင်းလှည့်[illegible] လာရာ ဝါးတဲနှင့် ဆယ်လံခန့်အကွာသို့ ရောက်ရှိလာခဲ့သည်။

သခုမှပင် သူလိုက်၍ ရှာဖွေနေသောသူများကို ရုတ်တရ[illegible] တွေ့လိုက်ရလေသည်။

သူယူဆသည့်အတိုင်းပင် ရန်သူသည် အဝေးသို့ ဖွ[illegible] ပြေးသွားခြင်းမဟုတ်ဘဲ အနီးအနားတွင် ပုန်းအောင်းနေခြင်း[illegible] ကြောင်း တွေ့ရသည်။

ဝါးတဲလေး၏ရှေ့တွင် မှုန်ဝါးဝါး နှင်းများကြားမှ သို[illegible] ဝတ်စုံကိုယ်စီနှင့် မားမားကြီးရပ်နေကြသော လူထွားကြီးသုံးယော[illegible] ကို ခပ်ရေးရေး တွေ့လိုက်ရလေသည်။

ထိုလူကြီးသုံးယောက်နှင့် မလှမ်းမကမ်း သစ်ပင်နော[illegible] တွင် ဝတ်စုံရှည်ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ချော[illegible] မြောင်းကြည့်ရှုနေသည်ကိုလည်း တွေ့လိုက်ရ၏။

ဖန်ယိဟာန်သည် သဘောကျမှုဖြင့် တစ်ချက်ပြုံးလို[illegible] လေသည်။

သူတို့ကို ကြည့်မြင်ရသည့်ပုံစံက အာဂသတ္တိခဲကြီးများ ဖ[illegible]



[illegible]ပြည့်ဖြစ်၍ သူက သဘောကျသွားခြင်း ဖြစ်သည်။

ဖန်ယိဟာန်သည် လူထွားကြီးများရှေ့သို့ တရွေ့ရွေ့ ချဉ်း[illegible]ပ်သွားသည်။

တဖြည်းဖြည်း ချဉ်းကပ်လာရာ သိုင်းဝတ်စုံရှင်လူကြီးများ[illegible]င့် နီးသထက်နီး၍လာ၏။

ထိုလူကြီးသုံးယောက်နှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်[illegible]သာအခါ ဖန်ယိဟာန်သည် ခြေစုံရပ်လိုက်၏။

လူထွားကြီးသုံးယောက်သည် ဖန်ယိဟာန်အား ရုတ်တရက်[illegible]မြင်လိုက်ရသောအခါ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

သို့သော် ချက်ချင်းပင် သတိပြန်ဝင်လာပြီ ဖန်ယိဟာန်အား[illegible]တ်မသုန် စူးစိုက်ကြည့်လိုက်ကြ၏။

သူတို့သုံးယောက် မျက်လုံးအကြည့်က ဖန်ယိဟာန်အား[illegible]ဆင် သေးကြောင်း ပေါ်လွင်လျက်ရှိပေသည်။

ဤလူထွားကြီးသုံးယောက်အား နှိမ်ထားမှဖြစ်မည်ကို ဖန်[illegible]ဟာန် နားလည်သဘောပေါက်သွား၏။

နဂါးမှန်းသိအောင် စောစီးစွာပင် အမောက်ထောင်ပြထား[illegible]ဖြစ်ပေလိမ့်မည်။

သို့မှလည်း ဦးကျိုးသွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်သည် အဆုတ်တွင်းသို့ လေတဝကြီး ရှူသ
လိုက်၏။

ထို့နောက် သူ၏အတွင်းအားများ စုစည်းလိုက်သည်၊

ယခုအခါ ဖန်ယိဟန်သည် တိုက်ခိုက်ရန်အသင့်ဖြစ်နေ
ဖြစ်၏။

သူသည် ကိုယ်ဖော့၍ ရုတ်တရက် လွှားခနဲ ရှေ့သို့
ထွက်လိုက်သည်။

သိုင်းဝတ်စုံနှင့် လူထွားကြီးသုံးယောက်စလုံး ကြောင်
ကြည့်နေမိကြစဉ်မှာပင် ဖန်ယိဟန် သည် သူတို့ဆီသို့ရောက်သွား
သူ၏ လက်ညှိုးထိုးဖောက်သိုင်းကွက်များဖြင့် ထိုးထည့်လိုက်
တော့သည်။

အတွင်းအားများ စိုက်ထုတ်အသုံးပြု၍ တိုက်ခိုက်
သော သူ၏ လက်ညှိုးသိုင်းကွက်များက အလွန်ပြင်းထန်လှ
သည်။

ပြင်းထန်လှသလောက်လည်း လျှပ်ရှားမှုက လွန်စွာ
မြန်ဆန်လှပေသည်။

တစ်ခဏအတွင်းမှာပင် ...

လူထွားကြီးသုံးယောက်စလုံး တစ်ယောက်ပြီးတစ်ယော



မြေကြီးပေါ်သို့ တဖုံးဖုံး လဲကျသွားလေတော့သည်။

သူတို့၏ပုံစံက ဟန်ကြီးတစ်ခွဲသားဖြစ်နေကြသလောက်
တကယ်တမ်း တိုက်ခိုက်သည့်အခါ တစ်ယောက်မျှ ဟုတ်ဟုတ်ငြား
ငြား ပြန်လည်ခုခံနိုင်စွမ်း မရှိချေ။

ခုခံရန်မဆိုထားဘိ ... တိမ်းရှောင်ရန်ပင် အချိန်မရလိုက်
ကြပေ။

သိုင်းသမားကြီးသုံးယောက် လဲကျသွားပြီးနောက် ဖန်ယိ
ဟန်သည် သစ်ပင်နောက်ကွယ်တွင် ပုန်း၍ချောင်းကြည့်နေသူအား
လှမ်းကြည့်လိုက်မိသည်။

သစ်ပင်နောက်ကွယ်မှလူသည် သူ့လူများ အရေးနိမ့်သွား
သဖြင့် ဝင်ရောက်ကူညီတိုက်ခိုက်လိမ့်မည်ဟု ဖန်ယိဟန် ထင်မိ
သည်။

သို့သော် ...

သူထင်ထားသလိုပင် နောက်မှလူက တိုက်ခိုက်ရန် ထွက်
ပေါ်မလာခဲ့ပေ။

ရှေ့သို့ထွက်ခွာလာရမည့်အစား ...

နောက်ဘက်သို့ ဆုတ်၍ ခုန်ထွက်ပြေးသွားသည်ကိုသာ
တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ပြေးသွားသော ထိုလူ၏ အဖြစ်ကြောင့် ဖန်ယိဟာန် အလွန်ပင် အံ့အားသင့်သွားမိလေသည်။

ထိုသူထွက်ပြေးသွားသောနေရာက ဝါးတဲလေး၏ညာ ဘက်ရှိ သစ်တောအုပ်ကြီးထဲသို့ ဖြစ်ပေသည်။

"ဟေ့ ... မပြေးနဲ့ ... ရပ်လိုက်"

ဖန်ယိဟာန်က တစ်ချက်မျှ လှမ်း၍အော်ဟစ်ဟန့်တားလိုက် သည်။

ထို့နောက် သူသည် လူကြီး၏နောက်သို့ ပြေးလိုက်သွား လေသည်။

သစ်တောအုပ်ထဲသို့ ရောက်သောအခါ ထိုလူအား မတွေ့ တော့ချေ။

သို့သော် ထိုလူကြီးသည် ဤတောအုပ်အတွင်း၌ပင် ရှိနေ ဦးမည်ကို ဖန်ယိဟာန် တွက်မိ၏။

ထို့ကြောင့် သူသည် ကိုယ်ဖော့၍ တောအုပ်အတွင်း ဆက် လက်ဝင်ရောက်ခဲ့လေသည်။

သိပ်ကြာကြာ ရှာဖွေရခြင်း မရှိပေ ...။

ကိုက်ငါးဆယ်မျှ ဝင်ရောက်လိုက်မိရုံမျှနှင့်ပင် ရှေ့မှပြေး နေသော လူကြီးအား လှမ်းမြင်လိုက်ရတော့သည်။



မကြာမီပင် ထိုလူကြီးနှင့် ငါးလံမျှအကွာသို့ ဖန်ယိဟာန် ရောက်လာခဲ့၏။

ထိုအခါမှ သူသည် နောက်မှဆက်လိုက်ရင်း နှုတ်မှ လှမ်း အော်ပြောလိုက်သည်။

"ဟေ့လူ ... ရပ်လိုက်ပါ။ ဆက်ပြေးနေရင် ကျုပ် ဓားနဲ့ ပစ်လိုက်မယ်နော် ... နောက်မှ ကျုပ်ကို အဆိုးမဆိုနဲ့"

ရှေ့မှပြေးနေသူသည် သူ၏ကျောဘက်မှ အသံကြားလိုက် ရ၍ ထိတ်လန့်တုန်လှုပ်သွားလေသည်။

မိမိဆက်ပြေးနေလျှင် နောက်မှလူက သူပြောသည့်အတိုင်း ဓားဖြင့်ပစ်လိုက်ပါက ခက်ချေမည်ဟု တွေးမိဟန်တူသည်။

သူသည် ကိုယ်ရှိန်သတ်၍ ရပ်လိုက်လေသည်။ ပြီးမှ ... နောက်သို့ အသာလှည့်၍ ကြည့်လိုက်၏။

မိမိအား တောက်ပသောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေ သည့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူကို အနီးကပ်မြင်လိုက်ရသောအခါ ဖန်ယိဟာန် အံ့အား သင့်သွားလေသည်။

ထိုလူကြီးမှာ လူဝကြီး လုံးယုံ၏အပေါင်ဆိုင်တွင် တွေ့ခဲ့ရ သော လူတစ်ယောက်ဖြစ်နေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"သြော် … လတ်စသတ်တော့ လူဝကြီးလုံယွဲ့ရဲ့ တပည့်တွေကိုး၊ ခင်ဗျားကကော ဘယ်သူတဲ့လဲ"

"ဝမ်ကွဖီဆိုတာ ငါပဲ … မင်း မကြားဖူးဘူးလား"

ဖန်ယိဟာန်၏အမေးခွန်းကို ထိုလူကြီးက ဟန်ပါပါဖြင့် ပြန်ဖြေလိုက်၏။

သူက ဟိတ်ဟန်ထုတ်၍ ပြောလိုက်သော်လည်း ဤနာမည်ကို ဖန်ယိဟာန် အမှန်မကြားဖူးချေ။

"ဝမ်ကွဖီ … ဟုတ်လား၊ ခင်ဗျားပြောမှပဲ ကြားဖူးတော့တယ်၊ ကဲပါလေ … ကျုပ်မသိတဲ့လူအကြောင်းကို ဆက်ပြီး မမေးချင်တော့ပါဘူး"

ဖန်ယိဟာန်စကားကြောင့် ဝမ်ကွဖီမှာ အောင့်သက်သက်ဖြစ်သွားလေသည်။

"ဟေ့ကောင်လေး … မင်းက လူငယ်သလောက် လေလုံးထွားလှချည်လား"

ပြောမည့်သာပြောရသည် … ဖန်ယိဟာန်၏ အစွမ်းအစကို စောစောကပင် ဝမ်ကွဖီတွေ့ရှိခဲ့ပြီးဖြစ်ရာ သူ့အနေနှင့် ဖန်ယိဟာန်ကို အထင်မသေးဝံ့ပါချေ။

ဝမ်ကွဖီပြောသည်ကို ဖန်ယိဟာန်က ဂရုမစိုက်။ စူးရှသော



မျက်လုံးများဖြင့် ထိုသူအား စူးစိုက်ကြည့်လိုက်သည်။

"ခင်ဗျားဆရာလုံယွဲ့ အခု ဘယ်မှာလဲ … သိုင်းဆရာကြီးတူးလန်ကို သူပဲ ဖမ်းချုပ်ထားတယ်မဟုတ်လား"

"ဟုတ်တယ် … တူးလန်က အလိုက်ကမ်းဆိုးမှ မသိတတ်ဘဲ၊ ဒါကြောင့် ဆရာကြီးလုံယွဲ့က သူ့ကို အကြောနှိပ်ပြီး အချုပ်ခန်းထဲ ပို့ထားလိုက်တယ်"

ဝမ်ကွဖီ၏စကားကြောင့် ဖန်ယိဟာန်မှာ ထောင်းခနဲ ဒေါသထွက်သွားလေသည်။

ထိုစဉ် ဝမ်ကွဖီက ဆက်၍ပြောလိုက်ပြန်သည်။

"ဆရာလုံယွဲ့ဟာ အခုလောက်ဆို ဝါးတဲကလေးကို ရောက်သွားပြီး မင်းရဲ့အဖော်တွေအားလုံးကို ဖမ်းပြီးလောက်ရောပေါ့"

သူ့စကားကြောင့် ဝါးတဲကလေးထဲတွင် ကျန်ရစ်ခဲ့သူများအတွက် ဖန်ယိဟာန် စိတ်ပူသွားမိ၏။

သို့သော် ယခုအချိန်ထိ ဝါးတဲကလေးဆီမှ မည်သည့်အသံမျှ မကြားရသေးချေ။

ဝမ်ကွဖီပြောသလို ဝါးတဲကလေးသို့ လုံယွဲ့သာ ရောက်ရှိသွားခဲ့လျှင် တိုက်ခိုက်သံများ ကြားရမည်မှာ သေချာပေသည်။

ယခု ဘာသံမျှမကြားရ၍ ဖန်ယိဟာန် အနည်းငယ် စိတ်

www.burmeseclassic.com

www.burmeseclassic.com



လက်ပေ့ါပါးသွားသည်။

"ဟား ဟား ဟား ... သိပ်ပြီးတော့လည်း မကြွားစမ်းပါနဲ့၊ ကျုပ်လူတွေကို အလွယ်တကူနဲ့ နိုင်မယ်လို့များ ထင်နေသလား"

ဖန်ယိဟန်က အေးစက်စက်ရယ်သံပြု၍ ပြန်ပြောလိုက်သည်။

"အေး ... မင်းမယုံရင် ဝါးတဲကလေးကို သွားကြည့်ပေါ့"

"စိတ်ချ ... ကျုပ်သွားရင် ခင်ဗျားကိုပါ တစ်ပါတည်း ခေါ်သွားရမှာပဲ၊ အခုနလို ထွက်ပြေးဖို့တော့ စိတ်မကူးလိုက်နဲ့ ... ကျုပ်က ချမ်းသာပေးမှာ မဟုတ်ဘူး"

ဝမ်ကွဖီမှာ ထိတ်ခနဲ ဖြစ်သွား၏။

ဖန်ယိဟန်သည် သူထင်ထားသည်ထက်ပင် အကင်းပါးသူ တစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသောကြောင့် ဖြစ်လေသည်။

ဖန်ယိဟန်အား ဝါးတဲဆီသို့ ပြန်သွားစေရန် ဝမ်ကွဖီက လီဆယ်ပြောလိုက်ခြင်းသာလျှင် ဖြစ်၏။

တစ်နည်း အားဖြင့် မိမိထံသို့ အန္တရာယ်ကျရောက်မလာမီ အာရုံပြောင်းသွားစေရန် လမ်းကြောင်းလွှဲပေးလိုက်ခြင်း ဖြစ်ပေသည်။

သို့သော် သူထင်သလို ဖြစ်မလာခဲ့ပေ။



သူ့အကြံအစည်ကို ဖန်ယိဟန်က ရိပ်မိသွားခဲ့၏။ ထို့ကြောင့် ဝမ်ကွဖီသည် ရှက်ဒေါသ ထွက်သွားလေသည်။

"ဘာကွ ... မင်းကိုယ်မင်း သိပ်ဟုတ်လှပြီ ထင်နေတယ်ပေါ့ ... ဟုတ်လား ... ဟား ဟား ဟား"

ပြောပြောဆိုဆိုနှင့် ဝမ်ကွဖီ၏လက်တစ်ဖက်သည် ရုတ်တရက် လှုပ်ရှားသွားကာ လက်နက်ပုန်းများဖြစ်သော အသေးစား မားကလေး သုံးလက်ဖြင့် ဖန်ယိဟန်ထံသို့ ပစ်လွှင့်တိုက်ခိုက်လိုက်လေသည်။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်းမားကလေးသုံးလက်သည် လေထုကို ထိုးဖောက်၍ ဖန်ယိဟန်ထံ အရှိန်နှင့် ဝင်ရောက်လာ၏။

ဝမ်ကွဖီနှင့် ဖန်ယိဟန်တို့၏ မျက်နှာချင်းဆိုင်အကွာအဝေးက ဝါးတစ်ရိုက်ခန့်သာ ရှိနေပေသည်။

ထို့ကြောင့်လည်း ဝမ်ကွဖီက သူပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် ဖန်ယိဟန်အား မလွဲမသွေထိမှန်လိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ထား၏။

သို့ရာတွင် မထင်မှတ်ဘဲ တစ်ဖက်ရန်သူ၏သိုင်းပညာက အံ့သြဖွယ်ရာ မယုံကြည်နိုင်လောက်အောင်ပင် အဆင့်မြင့်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရှိလိုက်ရပြီး သူ၏လက်နက်ပုန်းများက လွဲချော်သွားခဲ့ရလေသည်။

ဝမ်ကွဖီ၏ လျှို့ဝှက်လက်နက်ပုန်းများ ပစ်လွှတ်လိုက်သည့် အချိန်နှင့် တစ်ပြိုင်တည်းမှာပင် ဖန်ယိဟန်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး သူ့တစ်ကိုယ်လုံး လျှပ်တစ်ပြက် လေထဲသို့ ခုန်ထွက်မြောက်တက်သွားလေသည်။

ထို့ကြောင့်လည်း ဝမ်ကွဖီ၏လက်နက်ပုန်းများက လွဲချော်သွားရခြင်း ဖြစ်သည်။

မိမိ၏တိုက်ကွက် လွဲချော်သွားသဖြင့် ဝမ်ကွဖီမှာ ပို၍ စိတ်တိုသွားသည်။

ဒေါသလည်း အကြီးအကျယ် ထွက်သွားသည်။

တစ်ပြိုင်တည်းမှာပင် ထိတ်လန့်စိုးရွံ့မှုလည်း ဖြစ်ပေါ်ခံစားလိုက်ရသည်။

ဖန်ယိဟန်သည် အမြင့်သို့ ကိုယ်ဖော့ခုန်တက်လိုက်ပြီးနောက် အရှိန်ဖြင့် ဝမ်ကွဖီ၏ခေါင်းပေါ်မှ ဖြတ်ကျော်၍ နောက်ကျောဘက်ဆီသို့ ခုန်ဆင်းလိုက်သည်။

ဝမ်ကွဖီကလည်း မိမိခေါင်းပေါ်မှ ဖြတ်ကျော်သွားသော ရန်သူသည် နောက်ကျောဘက်တွင် ပြန်လည်ကျရောက်လာလိမ့်



မည်ဟု ခန့်မှန်းလိုက်မိသည်။

ထို့ကြောင့် ... ရန်သူ မြေပေါ်သို့ ပြန်မကျမီ တိုက်ကွက်ဆင်ရန်အတွက် သူ၏ကိုယ်ကို လျင်မြန်စွာ စောင်းလှည့်လိုက်ပြီး တစ်ဆက်တည်းဆိုသလိုပင် လက်ဝါးစောင်းနှစ်ချက်ဆင့်၍ ခုတ်ချလိုက်သည်။

ဤနေရာတွင် ဝမ်ကွဖီ ထည့်သွင်းစဉ်းစားရန် မေ့လျော့သွားသည့် အချက်တစ်ချက် ရှိနေသည်။

ဖန်ယိဟန်၏ လေပေါ်ဝဲသိုင်းကွက်ပင် ဖြစ်သည်။

ရန်သူဆိုသည်က လက်လှမ်းမီသည့်နေရာမှ မလွှတ်တမ်း တိုက်ခိုက်လေ့ရှိသည် မဟုတ်ပါလော။

ဖန်ယိဟန် မြေပြင်ပေါ်သို့ ပြန်မကျမီမှာပင် လက်ဝါးသိုင်းကွက်တစ်ခုဖြင့် ဝမ်ကွဖီအား အရှိန်ပြင်းစွာ တိုက်ခိုက်လိုက်၏။

ဖန်ယိဟန်၏ လက်ဝါးသိုင်းကွက်သည် ဝမ်ကွဖီ၏ လက်ဝါးစောင်းသိုင်းချက်နှင့် ထိပ်တိုက်တွေ့ဆုံမိသွားကာ ရိုက်ချိုးလိုက်သလို ဖြစ်သွား၏။

ပြင်းထန်သော ဖန်ယိဟန်၏ အတွင်းအားအရှိန်ကြောင့် ဘာတရက် ဝမ်ကွဖီမှာ အသက်ရှူကျပ်လာပြီး သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ခြေထောက်များ ယိမ်းယိုင်ကာ နောက်ဘက်သို့ ဆယ်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခန့် ဆုတ်သွားလေသည်။

"ဟား ဟား ဟား ... ခင်ဗျားရဲ့ မဖြစ်စလောက် ပညာကလေးလောက်နဲ့ ကျုပ်ကိုစမ်းဖို့ ကြိုးစားတာများ အံ့ပါရဲ့"

ဖန်ယိဟာန်က ပြက်ရယ်ချော်လေသံဖြင့် လှမ်းပြောလိုက်၏။

ထို့နောက် သူသည် ရှေ့သို့တိုးသွားကာ ဝမ်ကွဖိ၏ ညာဘက်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ချုပ်ကိုင်လိုက်လေသည်။

ဝမ်ကွဖိမှာ ထိတ်လန့်တကြား ဖြစ်သွား၏။

ထိတ်လန့်မှုကြောင့် သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားသည်။

"မင်း ... မင်း ... ငါ့ကို ဘာ ... ဘာလုပ်မလို့လဲ"

သူသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် တုန်လှုပ်ချောက်ချားစွာ မေးလိုက်လေသည်။

ဖန်ယိဟာန်က သဘောကျကျေနပ်စွာဖြင့် ပြုံးလိုက်မိ၏။

တဏယ်တော့ ဝမ်ကွဖိသည် ကြောက်တတ်ပြီး သူရဲဘောကြောင်သူတစ်ဦးဖြစ်ကြောင်း သူနားလည်လိုက်ပေသည်။

"ခင်ဗျား ... ကျုပ်ကို ဆရာကြီးတူးလန်ဆီ လမ်းပြပေးသွားရမယ်"



ဖန်ယိဟာန်က အကျုပ်ကိုင်လိုက်သည်။ ဝမ်ကွဖိမှာ ထိတ်ခနဲ ဖြစ်သွား၏။

"အို ... ဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မင်းကိုသာ ခေါ်သွားရင် ဆရာကြီးလုံယွဲ့က ငါ့ကို သတ်ပစ်လိမ့်မယ်"

သူက ကြောက်လန့်စွာ အကြောက်အကန် ငြင်းဆန်လိုက်သည်။

"ဒါတော့ ခင်ဗျားသဘောပဲ၊ ကျုပ်စကားကို မလိုက်နာဘူးဆိုရင်တော့ လုံယွဲ့မသတ်ခင် ခင်ဗျားကို ကျုပ် အခုချက်ချင်း သတ်ရလိမ့်မယ်"

ဖန်ယိဟာန်သည် ပြောသည့်အတိုင်း တကယ်လုပ်မည့်ဟန်နှင့် လက်တစ်ဖက်ကို မြှောက်လိုက်လေ၏။

"ဟော့ ... ဟော့ ... မ ... မလုပ်ပါနဲ့"

ဝမ်ကွဖိက ကမန်းကတန်းဖြင့် ထိတ်လန့်တကြား လှမ်း၍ တားလိုက်ရသည်။

သူ့အဖို့ ယခုမှ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်သာ ဖြစ်နေ၏။

ဆူးကြားမှ ဘူးခါးသံဖွယ် မလှုပ်သာ မလူးသာ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်အား တူးလန်ရှိရာသို့ လမ်းပြခေါ်ဆောင်သွားမည်ဆိုလျှင် လုံယွဲ့က မည်သို့မျှ ချမ်းသာပေးလိမ့်မည် မဟုတ်ပေ။

အကယ်၍ ခေါ်မသွားပြန်လျှင်လည်း ဖန်ယိဟန်က သက်ညှာမည် မဟုတ်ချေ။

လတ်တလောအခြေအနေတွင် မိမိ၏ကံကြမ္မာက ဖန်ယိဟန်၏လက်ထဲတွင် ကျရောက်လျက်ရှိနေသည်။

တွေဝေနေသော ဝမ်ကွဖီကိုကြည့်ရင်း ဖန်ယိဟန်က ပြောလိုက်၏။

"ကဲ ... ဒါဖြင့် ကျုပ်စကားကို ခင်ဗျားနားထောင်ပြီး ဆရာကြီးတူးလန်ဆီ ခေါ်သွားပေတော့၊ ခင်ဗျားပြောတဲ့အတိုင်း လုံယွဲ့သာ အမှန်တကယ် ဝါးတဲကလေးကို ရောက်သွားရင် သူ့အဖို့ ပြန်ထွက်လာနိုင်စရာ ဘယ်လိုမှ နည်းလမ်းမရှိတော့ဘူးလို့ မှတ်ထားလိုက်ပါ၊ ဒီတော့ ကျုပ်ကိုပို့ပေးလို့လည်း လုံယွဲ့က ခင်ဗျားကို ရန်ပြုနိုင်မှာ မဟုတ်ပါဘူး"

ဖန်ယိဟန်သည် ဝမ်ကွဖီအား စိတ်ဓာတ်စစ်ဆင်ရေး ပြုလုပ်လိုက်ခြင်း ဖြစ်ပေသည်။

ဖန်ယိဟန်၏စကားက အတော် အရာရောက်သွားသည်။ ဝမ်ကွဖီ၏စိတ်ဓာတ်များ ယိမ်းယိုင်လာပြီ ဖြစ်၏။



"မင်း တကယ်ပြောနေတာလား ... ဝါးတဲကလေးထဲက သူတွေ အိပ်ပျော်နေကြတယ် မဟုတ်လား"

ဝမ်ကွဖီမှာ စိတ်ထဲ၌ မတင်မကျဖြစ်လျက်ရှိသည်။ ထို့ကြောင့် ဒွိဟဖြစ်စွာနှင့် မေးလိုက်ခြင်း ဖြစ်လေသည်။

"အပြင်မှာ ရောက်နေတဲ့ ခင်ဗျားလူသုံးယောက်ကို အနိုင်ယူပြီး ခင်ဗျားကိုတောင် ကျုပ် ဖမ်းမိထားပြီပဲဗျာ၊ ကျန်တဲ့လူတွေ အိပ်,မအိပ်ဆိုတာ ခင်ဗျားဘာသာ စဉ်းစားကြည့်ပေါ့"

ယခုအခါတွင်မူ ဖန်ယိဟန်၏စကားကို ဝမ်ကွဖီ အကြွင်းမဲ့ ယုံကြည်သွားပြီ ဖြစ်လေသည်။

ဖန်ယိဟန်တို့ သတိကြီးပုံကို သူ့စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိသည်။

"ကောင်းပြီလေ ... ဒါဆိုရင် ဆရာကြီး တူးလန်ရှိတဲ့နေရာကို ငါလိုက်ပို့ပေးပါ့မယ်"

ဝမ်ကွဖီက ယတိပြတ်ဆုံးဖြတ်ပြီးဟန်နှင့် ပြောလိုက်သည်။ ဖန်ယိဟန် ကျေနပ်သွား၏။

"အင်း ... ဒီလိုမှပေါ့၊ ကဲ ... အချိန်ရှိတုန်း ကျုပ်တို့ လီကျန်းဆီကို အမြန်ဆုံး အရောက်သွားကြစို့"

ဖန်ယိဟန်၏စကားကြောင့် ဝမ်ကွဖီမှာ ကြောင်အမ်းအမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"လီကျန်းမြို့ကို သွားမယ် ... ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

သူက နားမလည်ဟန်ဖြင့် မေးလိုက်သည်။

သူ့အမေးကြောင့် ဖန်ယိဟာန်ပင် ကြောင်တောင်တောင် ဖြစ်သွားရပြန်လေသည်။

"နို့ ... ခင်ဗျားပဲ ဆရာကြီးတူးလန်ဆီကို ပို့ပေးမယ်ဆို"

ထိုအခါမှ ဝမ်ကွဖီက ပြုံးလိုက်သည်။

"ဪ ... ဒီအတွက်လား၊ ဆရာကြီးတူးလန်က လီကျန်းမြို့မှာ မဟုတ်ပါဘူး ... ဟောဒီတောင်ပေါ်တစ်နေရာမှာပဲ အချုပ်ခံနေရတာပါ"

ဖန်ယိဟာန်မှာ အံ့သြလွန်းသောကြောင့် ပါးစပ်အဟောင်းသားပင် ဖြစ်သွားရလေသည်။

သူက အံ့သြစွာဖြင့် ပြန်မေးလိုက်သည်။

"ဟုတ်တယ်"

"ကဲ ... ကဲ ... ဒါဖြင့်လည်း ကျုပ်တို့ အမြန်ဆုံးသာ လိုက်ပို့ပေးတော့ဗျာ"

ဖန်ယိဟာန်က ခပ်လောလောလေး ပြောလိုက်သည်။

"သွားကြတာပေါ့ ... ကျုပ်နောက်ကသာ လိုက်ခဲ့ပါ"



ထိုသို့ပြောပြီးနောက် ဝမ်ကွဖီသည် ရှေ့မှထွက်သွား၏။

ဖန်ယိဟာန်က သူ့နောက်မှ ထက်ကြပ်မကွာ လိုက်သွားသည်။

တကယ်တော့ ဝမ်ကွဖီသွားနေသည်မှာ နလုံတောင်ထိပ်ဆီသို့ပင် ဖြစ်ပါသည်။ ဤသည်ကို ဖန်ယိဟာန် မသိသေးချေ။

သူသည် သိုင်းသမား ကြီးတူးလန်နှင့် တွေ့ရန်ကိုသာ စိတ်စောနေခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ကျောက်လိုဏ်ဂူ

ဝမ်ကွဗီသည် ဖန်ယိဟန်အား ချုံတောများကိုတိုး၍ ခေါ်ဆောင်ခဲ့လေသည်။

တောအုပ်သည် တဖြည်းဖြည်း ထူထပ်သိပ်သည်းလာသည်ကို ဖန်ယိဟန် သတိပြုမိသည်။

ခရီးအတန်ကြာ သွားမိသောအခါ သူတို့နှစ်ယောက်သည် မတ်စောက်သောလျှိုကြီးတစ်ခုသို့ ရောက်ရှိလာခဲ့ကြ၏။

ရှေ့တွင် လျှိုနံရံကြီးက မားမားကြီးခံနေသည်ကို ဖန်ယိဟန် တွေ့ရ၏။

သူတို့အနေနှင့် ရှေ့သို့ဆက်၍သွားစရာ မရှိကြတော့ပေ။

ဖန်ယိဟန်သည် ဝမ်ကွဗီအပေါ် သံသယစိတ်ဝင်မိသည်။

ဤလူကြီးသည် မိမိအား လှည့်စားရန်အကြံနှင့် လျှိုမြောင်ချောက်ကြား တောတွင်းတစ်နေရာသို့ ခေါ်ဆောင်လာသည်လား ထင်မိလေသည်။



သို့သော် မည်သည့်နေရာသို့ပင်ရောက်ရောက် ဝမ်ကွဗီလို လူစားမျိုးကို ဖန်ယိဟန်အနေနှင့် ဂရုမစိုက်ပါ။

ဝမ်ကွဗီ၏အရည်အချင်းနှင့် စိတ်ဓာတ်ပျော့ညံ့ပုံကို ဖန်ယိဟန် သိထားခဲ့ပြီ မဟုတ်ပါလော။

ထိုအခိုက်မှာပင် ဝမ်ကွဗီသည် ကျောက်နံရံပေါ်ရှိ လူတစ်ရပ်ခန့်မြင့်သောနေရာဆီသို့ လက်ဖြင့်လှမ်း၍ ကုတ်ဆွဲလိုက်သည်ကို တွေ့ရလေသည်။

ဖန်ယိဟန် မျက်တောင်မခတ်ဘဲ ကြည့်နေမိစဉ်မှာပင် ကျောက်နံရံတစ်နေရာ၌ လူတစ်ကိုယ်စာ ဝင်နိုင်ထွက်နိုင်သော အပေါက်တစ်ပေါက် ပေါ်လာလေသည်။

ကျောက်နံရံသားမှာ တံခါးရွက်တစ်ခုကဲ့သို့ လည်သွားခြင်းပင် ဖြစ်ပေသည်။

ရုတ်တရက်ကြည့်မည်ဆိုလျှင် ထိုလျှို့ဝှက်တံခါးရှိနေမှန်း မည်သို့မှ မသိနိုင်ဘဲ ကျောက်နံရံနှင့် တစ်သားတည်း ရှိနေသည်ကိုသာ မြင်တွေ့ရမည် ဖြစ်သည်။

ဤသို့ဆိုလျှင် ဝမ်ကွဗီသည် လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်ခြင်းဖြစ်ကြောင်း ဖန်ယိဟန် သဘောပေါက်သွား၏။

လည်သွားသော ကျောက်တံခါးကြီးကို မှင်တက်မိစွာ ငေး

www.burmeseclassic.com



ကြည့်ရင်း ဖန်ယိဟာန် အံ့အားသင့်နေမိလေသည်။

"ဒီနေရာက ဘာလဲ … လုံယွဲ့ရဲ့ လျှို့ဝှက်စခန်းလား"

ဖန်ယိဟာန်က မေးလိုက်သည်။ ဝမ်ကွဖီက ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

"ဟုတ်တယ် … ဒါ ဆရာလုံယွဲ့ ပစ္စည်းသိုလှောင်တဲ့နေရာပဲ၊ ရန်သူတွေကို လုံခြုံစိတ်ချစွာ ချုပ်ထားနိုင်တဲ့ အချုပ်ခန်းတစ်ခု ဆိုလည်း မမှားပါဘူး"

ဝမ်ကွဖီသည် ပြောပြောဆိုဆိုနှင့် ထိုကျောက်နံရံပေါက်ကြီး အတွင်းသို့ ရှေ့မှ ဝင်ရောက်သွားသည်။

ဖန်ယိဟာန်သည် သူ့နောက်မှ တစ်ပါတည်း လိုက်ဝင်သွားလေသည်။

ကျောက်နံရံအတွင်းဘက်တွင် အလင်းရောင် သိပ်မရှိပေ။

သို့သော် ဖန်ယိဟာန်သည် ခပ်လှမ်းလှမ်းသို့ရောက်သည် အထိ မြင်နိုင်စွမ်းရှိပေသည်။

အတွင်းပိုင်းသည် ကျောက်လှိုဏ်ဂူကြီး တစ်ခုဖြစ်နေသည်ကို တွေ့ရ၏။

ဂူဝမှ အတွင်းဘက်သို့ သွားသောလမ်းကြောင်းရှည်တစ်ခု



ကို ဖန်ယိဟာန် တွေ့ရလေသည်။

ထိုလမ်းကြောင်းသည် ကွေ့ပိုက်မသွားဘဲ ဖြောင့်တန်းစွာ ရှိနေ၏။

ထိုတဖြောင့်တည်းရှိနေသော လမ်းကြောင်း၏အဆုံးဟု ယင်ရသောနေရာတွင် မီးရောင်ကလေးတစ်ခု လင်းလက်နေသည်ကို တွေ့ရလေသည်။

မီးရောင်ကလေးရှိသော နေရာသည် ဂူဝမှဆိုလျှင် အတော်ကလေး ဝေးကွာနေပေသည်။

ဝမ်ကွဖီသည် ထိုလမ်းအတိုင်း ရှေ့မှလျှောက်သွားလျက် ရှိနေ၏။

ဖန်ယိဟာန်သည် ဝမ်ကွဖီ၏နောက်မှ ကပ်လျက်လိုက်ပါခဲ့သည်။

ရှေ့မှ ဝမ်ကွဖီအနေနှင့် ကောက်ကျစ်သောအကြံနှင့် တစ်စုံတစ်ရာမပြုနိုင်စေရန် ဖန်ယိဟာန်သည် အထူးသတိပြု၍ စောင့်ကြပ် လိုက်ပါလာခြင်း ဖြစ်သည်။

အကယ်၍ …

ဝမ်ကွဖီ ရုတ်တရက် လှုပ်လှုပ်ရှားရှား လုပ်လိုက်ပါက ဖန်ယိဟာန်သည် ချက်ချင်း အကြောများလှမ်းပိတ်နိုင်သော အကွာ

www.burmeseclassic.com

www.burmeseclassic.com



အဝေးအနေအထားတွင် ချိန်ကိုက်၍ လိုက်ခဲ့လေသည်။

သူတို့ လျှောက်လာခဲ့ကြသည်မှာ မိုင်ဝက်ခန့်ပင် ရောက်ခဲ့ကြပြီ ဖြစ်၏။

ရှေ့မှ မီးရောင်သည်လည်း တဖြည်းဖြည်း ပို၍လင်းလာပြီး အနီးအပါးကို အတော်ပင် ထင်ထင်ရှားရှား တွေ့မြင်လာရပြီ ဖြစ်သည်။

ရှေ့သို့ အနည်းငယ်ဆက်ပြီး လျှောက်မိကြသောအခါ မီးလင်းသောနေရာဆီသို့ ရောက်လာကြ၏။

မီးရောင်မှာ ကျောက်စွန်းတစ်ခုပေါ်တွင် ထွန်းညှိထားသော ဆီမီးအိမ်ကလေးတစ်ခု ဖြစ်လေသည်။

ထိုနေရာသို့ရောက်သောအခါ ဝမ်ကွဖီသည် နောက်သို့ လှည့်၍ ဖန်ယိဟာန်အား ပြောလိုက်သည်။

"အဲဒီရှေ့က အခန်းထဲမှာ ဆရာလုံယွဲ့ပစ္စည်းတွေ ထားတာပေါ့၊ ရန်သူတွေကိုလည်း အဲဒီမှာပဲ ဖမ်းချုပ်ထားတာပဲ"

ဝမ်ကွဖီက ပြောသော်လည်း ဖန်ယိဟာန် ... မည်သည့်အခန်းကိုမျှ မတွေ့ရပေ။

သူသည် မီးအလင်းရောင်ကို အားပြု၍ ရှေ့သို့ အာရုံစူးစိုက်ကြည့်လိုက်မိသည်။



ထိုအခါမှ ရှေ့သုံးကိုက်ခန့်အကွာတွင် ဝင်ပေါက်ကျောက်တံခါးတစ်ခုကို ဖန်ယိဟာန် တွေ့လိုက်ရလေသည်။

ဝမ်ကွဖီသည် ထိုနေရာသို့ တိုးလျှောက်သွားပြီး ကျောက်တံခါးကြီးကို တွန်းဖွင့်နေ၏။

ဖန်ယိဟာန်သည် အရေးကြုံလျှင် ကာကွယ်ရန်အတွက် အသင့်ပြင်ဆင်ထား၏။

အကယ်၍ တံခါး၏တစ်ဖက်ဖြစ်သော အတွင်းဘက်မှ သက်ရှိတစ်ယောက်ယောက်ကြောင့်ဖြစ်စေ၊ ကြိုတင်ပြင်ဆင်ထားခြင်းကြောင့်ဖြစ်စေ လျှို့ဝှက်လက်နက်ပုန်းများပင် လွင့်ထွက်ပေါ်လာပါက ခုခံကာကွယ်ရန် ဖန်ယိဟာန် အသင့်ရှိနေခြင်းပင် ဖြစ်လေသည်။

ဝမ်ကွဖီ တွန်းဖွင့်လိုက်ခြင်းကြောင့် ကျောက်တံခါးကြီးသည် တဖြည်းဖြည်း ပွင့်၍သွား၏။

တံခါးပွင့်သွားသောအခါ အတွင်းဘက်မှ အလင်းရောင်တစ်ခုက တိုးထွက်လာသည်။

ဝမ်ကွဖီသည် ဖန်ယိဟာန်အား ခေါင်းတစ်ချက် ညွှတ်ပြလိုက်ပြီး ရှေ့မှဝင်သွား၏။

ဖန်ယိဟာန်သည် ဂရုတစိုက်နှင့် သတိမလစ်စေဘဲ လိုက်၍

www.burmeseclassic.com



ဝင်သွားလေသည်။

အတွင်းသို့ရောက်သည်နှင့် အခန်းကျယ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

သဘာဝကျောက်လိုဏ်ဂူကြီးကို လုံယွဲ့သည် စနစ်တကျပြုပြင်တည်ဆောက်ထားပုံ ရ၏။

ထိုအခန်းကြီး၏အပေါ်ပိုင်းတွင် မျက်နှာကြက်ပြုလုပ်ထားသည်ကို သတိပြုလိုက်မိလေသည်။

မျက်နှာကြက်မှာ သိပ်တော့ မမြင့်လှပေ။ ဆယ်ပေခန့်မျှရှိမည်ဟု ခန့်မှန်းရသည်။

ထိုမျက်နှာကြက်တွင် ဆီမီးအိမ်ကြီးတစ်လုံး ချိတ်ဆွဲထားသည်ကို တွေ့မြင်ရသည်။

မီးအိမ်ကြီး၏ အလင်းရောင်ကား စူးစူးရှရှဖြင့် အားကောင်းလှ၏။

ကြည့်ရသည်မှာ ထိုဆီမီးအိမ်ကြီးအား အမြဲထွန်းညှိထားပုံရလေသည်။

ခန်းမဆောင်ကြီး၏ နောက်ပိုင်း တစ်ဖက်တစ်ချက်တွင် ပိတ်လျက်ရှိသော တံခါးတစ်ခုစီ ရှိနေပြန်သည်။

ထိုတံခါးများ၏ တစ်ဖက်ရှိ နက်ရှိုင်းသော လျှို့ဝှက်



ချက်များကိုမူ ဖန်ယိဟန် မခန့်မှန်းတတ်ပါ။

သို့သော် သိုင်းဆရာကြီးဘူးလန်သည် ထိုအခန်းနှစ်ခုအနက် တစ်ခန်းတွင် ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရလိမ့်မည်ဟု ဖန်ယိဟန် ရိပ်စားမိပေသည်။

"ဆရာကြီးဘူးလန်ကို ဒီအခန်းတွေထဲမှာ ဖမ်းဆီး အကျဉ်းချထားတာလား"

"ဟုတ်တယ်"

ဝမ်ကွဖီ ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် ခန်းမဆောင်၏နောက်ဘက်ရှိ ဘယ်ဘက်တံခါးပေါက်ဆီသို့ လက်ညှိုးထိုးပြပြီး ဆက်ပြောလိုက်သည်။

"သိုင်းဆရာကြီး ဘူးလန်ကို အဲဒီ ဘယ်ဘက်အခန်းထဲမှာ ချုပ်ထားတာပဲ"

"အထဲမှာ အစောင့်ရှိသလား"

"ဟင့်အင်း ... မရှိပါဘူး"

ဝမ်ကွဖီက ခေါင်းခါယမ်းရင်း ဖြေလိုက်သည်။

"အစောင့်မရှိဘူး ... ဟုတ်လား၊ ဒါဖြင့် သူထွက်ပြေးသွားမှာပေါ့"

ဖန်ယိဟန်က အံ့အားသင့်စွာဖြင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကွဇီက သဘောကျစွာဖြင့် ပြုံးရယ်လိုက်သည်။

"ဒီအတွက် စိုးရိမ်စရာမလိုပါဘူး၊ သူ့အကြောတွေ အပိတ်ခံထားရလို့ ဘယ်နည်းနဲ့မှ ထွက်မပြေးနိုင်ပါဘူး၊ ဒါကြောင့်လည်း ဆရာလုံယွဲ့က စိတ်ချလက်ချ ထားခဲ့တာပေါ့"

ထိုအခါ တူးလန်အတွက် ဖန်ယိဟာန် စိုးရိမ်သွားမိသည်။

အကြောပိတ်ခံထားရသူတစ်ယောက်အား အခန်းတွင်း၌ ပိတ်လှောင်ထားသည်ဆိုပါက အစာဝတ်ရေဝတ် ဖြစ်နေမည့်အရေးကို သူက တွေးပူလိုက်မိ၍ ဖြစ်ပါသည်။

"ဟင် ... သူ့ကို အကြောပိတ်ထားပြီး အစောင့်လည်း တစ်ယောက်မှ မရှိဘူးဆိုတော့ အစာရေစာပြတ်ပြီး အသက်ရှင်နိုင်ပါဦးမလား"

"ဟာ ... ဆရာလုံယွဲ့က ရက်ခြားဆိုသလို ဒီကိုလာကြည့်ပါတယ်၊ နောက်ပြီး အသက်ရှင်နေနိုင်ရုံလောက် အစားအစာ ကျွေးထားပါတယ်"

ဝမ်ကွဇီ၏ စကားအဆုံးတွင် ဖန်ယိဟာန်သည် စိတ်မရှည်နိုင်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်ကို ဆရာတူးလန်ဆီ မြန်မြန်ပို့ပေးစမ်းပါ။ သူ့ အခြေအနေကို ကျုပ်သိချင်တယ်"



"ကောင်းပါပြီ"

ဝမ်ကွဇီက ထိုသို့ပြောပြီး ဖန်ယိဟာန်အား ဘယ်ဘက်ကျောက်တံခါးဆီသို့ ခေါ်ဆောင်သွား၏။

အခန်းဝသို့ ရောက်သော အခါ သူသည် ကျောက်တံခါးကို အသာပင် တွန်းဖွင့်လိုက်သည်။

တံခါးပွင့်သွားပြီးနောက် သူတို့နှစ်ယောက် အခန်းတွင်းသို့ ဝင်လိုက်ကြ၏။

အခန်း၏အနေအထားက ခြောက်ပေမျှသာ ကျယ်ဝန်းမည်ဖြစ်သည်။

အခန်းကြမ်းပြင်ပေါ်တွင် လဲကျနေသော လူတစ်ယောက်ကိုတွေ့လိုက်ရ၏။

သိုင်းသမားကြီးတူးလန်ပင် ဖြစ်ပါသည်။

ထို တခဏမှာပင် ဖန်ယိဟာန်သည် နောက်မှနေ၍ ဝမ်ကွဇီ၏ သွေးကြောတစ်နေရာကို ပိတ်လိုက်လေသည်။

ဝမ်ကွဇီသည် မည်သို့မှ မသိလိုက်မီမှာပင် တစ်ကိုယ်လုံး လှုပ်ရှား၍မရနိုင်အောင် ဖြစ်သွားလေတော့သည်။

စိတ်ချလက်ချဖြစ်သွားတော့မှ ဖန်ယိဟာန်သည် သူ၏အင်္ကျီအိတ်ထဲတွင် အသင့်ပါလာသော အသက်ကယ်ဆေးလုံးတစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူ၍ သိုင်းဆရာကြီးတူးလန်၏ ပါးစပ်ထဲသို့ ထည့်ပေး၍ တိုက်ကျွေးလိုက်သည်။

ထို့နောက်မှ သိုင်းဆရာကြီးတူးလန်အား ပိတ်ထားသော သွေးကြောများကို ပြန်ဖွင့်ပေးလိုက်သည်။

ခေတ္တအကြာတွင်မှ ဆရာကြီးတူးလန်သည် သတိပြန်လည်ရရှိလာ၏။

သူသည် သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်ကာ လူးလွန့်လာပြီးနောက် ထထိုင်လိုက်လေသည်။

"နောင်ကြီးတူးလန် နေသာထိုင်သာ ရှိရဲ့လား"

ဖန်ယိဟာန်က ပြုံး၍ မေးလိုက်သည်။

တူးလန်သည် ဖန်ယိဟာန်နှင့် ဝမ်ကွဖိတို့ထံသို့ မျက်လုံးတစ်ချက် ဝေ့ဝဲကစား၍ ကြည့်ရှုလိုက်သည်။

ပြီးမှ သူက ဖန်ယိဟာန်ကို ပြန်ကြည့်ရင်း အဖြေပေးလိုက်သည်။

"အင်း ... သက်သာပါတယ်၊ ဒါနဲ့ ငါညီတို့ လုံယွဲ့နဲ့ တွေ့ပြီးကြပြီလား"

"ဟုတ်ကဲ့ တွေ့ပြီးပါပြီ၊ ကျွန်တော်တော့ သူ့လိုလူမျိုးကို နည်းနည်းမှ အထင်မကြီးပါဘူး၊ အင်မတန် ရွံရှာမုန်းတီးစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့်လည်း သူထောင်ထားတဲ့ ကျော့ကွင်းထဲကို ကျွန်တော်တို့ တိုးမဝင်ဘဲ လွတ်အောင် ရှောင်ကွင်းနိုင်ခဲ့ကြပါတယ်"

ဖန်ယိဟာန်၏စကားအဆုံးတွင် တူးလန်က သက်ပြင်း တစ်ချက် ချလိုက်သည်။

"ဟုတ်တယ်၊ ဒါကို ကျုပ်သတိမထားလိုက်မိလို့ သူ့ လက်ချက် အမိခံလိုက်ရတာပေါ့၊ ကံကောင်းလို့ အသက်ပါမသွားခဲ့တာပဲ၊ ခင်းသားခေါင်းစွပ်ထားတဲ့ သူ့ဘိလူးရုပ်ကြီးကို ငါညီတို့ ကြိုတင် မြင်နိုင်စွမ်းရှိတာကိုတော့ ချီးကျူးမိပါကယ်"

တူးလန်က သူ့အဖြစ်ကိုပြောပြရင်း ဖန်ယိဟာန်ကို ချီးကျူးလိုက်သည်။

"ဒါနဲ့ သိုင်းရာဇာကြီးနဲ့များ နောင်ကြီး တွေ့ခဲ့သေးသလား"

ဖန်ယိဟာန်က သိုင်းရာဇာကြီးကျန်းထင်းစန်အကြောင်း မေးလိုက်သည်။

"ဟင့်အင်း ... ကျုပ်တို့ရဲ့ သိုင်းရာဇာကြီးနဲ့ မတွေ့ရသေးပါဘူး"

တူးလန်က အဖြေပေးလိုက်သည်။

သူသည် ခေတ္တမျှ စဉ်းစားလိုက်ပြီးနောက် ဖန်ယိဟာန်အား



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ပြောလိုက်သည်။

"ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်တော့ နုလုံတောင်နားက ချိုင့်တဲလေးမှာ ရှိနေတယ်၊ ငါ့ညီတို့ သူနဲ့တွေ့ပြီးကြပြီလား"

"ဟုတ်ကဲ့ … တွေ့ပြီးပါပြီ"

ဤနေရာတွင် ကြာရှည်အချိန်ဆွဲနေ၍ မဖြစ်ကြောင်း ဖန်ယိဟန် သတိရလိုက်၏။

အကယ်၍ ဤကျောက်ဂူအတွင်းသို့ လုံယွဲ့ရောက်လာခဲ့လျှင် အခြေအနေသည် ရှုပ်ထွေးသွားနိုင်၏။

ထို့ကြောင့် ဖန်ယိဟန်သည် ဤကျောက်ဂူမှ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

"နောင်ကြီး … ဒီနေရာက ရန်သူ့နယ်မြေ ဖြစ်နေပါတယ်၊ ဒါကြောင့် နောင်ကြီး လမ်းလျှောက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ဒီထဲက အမြန်ဆုံးထွက်သွားကြရင် ကောင်းမယ်၊ ဝါးတဲကလေးမှာ ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်နဲ့အတူ သခင်မလေးကျန့်ရိဟုန်းတို့ စောင့်နေကြပါတယ်"

ထိုအခါမှ တူးလန်သည် လုံယွဲ့၏ စခန်းမှ ထွက်ခွာရန် သင်ရသွားလေသည်။

သူက သွက်လက်စွာပင် ပြန်ပြောလိုက်သည်။



"ဟုတ်တယ် … ကျုပ်တို့ အခုပဲ သွားကြတာပေါ့၊ ကျုပ် လမ်းလျှောက်နိုင်ပါတယ်၊ ဗိုက်ထဲမှာ နည်းနည်းဆာတာကလွဲပြီး တခြားဘာမှ အခက်အခဲမရှိပါဘူး"

ပြောပြောဆိုဆိုနှင့်ပင် တူးလန်သည် သူ၏စကားအဆုံး၌ ထိုင်ရာမှ ထရပ်လိုက်၏။

တူးလန်ကို ဖန်ယိဟန် ကိုယ်ချင်းစာမိလေသည်။

လုံယွဲ့သည် ဆရာကြီးတူးလန်အား မသေရုံတမယ် အစာရေစာကို မဝရေစာ ကျွေးထားခဲ့သည် မဟုတ်ပါလား။

တူးလန်၏မျက်လုံးအစုံသည် ဝမ်ကွဖီအား ခပ်ကြမ်းကြမ်း စိုက်ကြည့်လိုက်၏။

"ငါ့ညီ … သူလည်း လုံယွဲ့ရဲ့ တပည့်ပီပီ ကောင်းတဲ့လူတစ်ယောက် မဟုတ်ဘူး၊ သူ့ကို ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ"

ဖန်ယိဟန်သည် ဝမ်ကွဖီကို ကြည့်၍ တစ်ချက်ပြုံးလိုက်သည်။

"သူ့ကို ဒီအခန်းထဲမှာ ဒီအတိုင်းထားခဲ့မယ်လေ၊ နောင်ကြီးနဲ့ လူချင်းလဲလိုက်တာပေါ့၊ လုံယွဲ့ရောက်လာမှ သူ့ဘာသာသူ ကြည့်ရှင်းလိမ့်မယ်"

ဝမ်ကွဖီသည် အတော်ပင် တုန်လှုပ်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအပတိုင်းထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ ... သူ့ကို အသက်ရှင်ခွင့် ပေးထားဖို့ကို မသင့်ဘူး"

ဘူးလန်က ဝမ်ကွဗီအား ရှင်းပစ်လိုဟန်ဖြင့် ပြောလိုက်သည်။

"နောင်ကြီး စိတ်ချသာနေပါ၊ ကျွန်တော်တို့ ပယောဂပေးတဲ့ သူ့မှာသူ အစာပေါ်ရေပေါ်ဖြစ်ပြီး ကိစ္စချောသွားပါလိမ့်မယ်၊ လုံ့ယွဲ့က ဒီဂူထဲကို နောက်တစ်ခေါက်ရောက်လာနိုင်ကောမယ် မထင်ဘူး ... ဆေးနိုင်ဖို့ကတော့ သေချာသလောက်ပဲ"

ဖန်ယီဟန်က ပြောလိုက်သည်။

သူပြောသည်ကို ဘူးလန်က နားမလည်သဖြင့် မျက်လုံးများ ပေကလတ် ပေကလတ် ဖြစ်သွားသည်။

"ညီညီက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

"ကျွန်တော် တွက်ဆထားတဲ့အတိုင်းသာ မှန်မယ်ဆိုရင်တော့ နုလောက်ဆို လုံ့ယွဲ့ဟာ ငွေမင်ရော်ဝိုထ်းချုပ်ကြီး ယွင်တို့ရဲ့ လက်အောက်မှာ အဖမ်းခံနေရပြီ၊ ဒါကြောင့် ဝမ်ကွဗီကို လုံ့ယွဲ့ ဘယ်လိုမှ လာကယ်နိုင်မှာ မဟုတ်တော့ဘူး"

ဖန်ယီဟန် ရှင်းပြလိုက်သောအခါ ဘူးလန် သဘောပေါက်သွား၏။



ဝမ်ကွဗီမှာမူ အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

ထိုစဉ်မှာပင် ဖန်ယီဟန်သည် ဘူးလန်အား လက်တစ်ဖက်ဖြင့်တွဲ၍ အခန်းထဲမှ လျှင်မြန်စွာ ယွက်လိုက်၏။

ခန်းမဆောင်ကြီးအတွင်းသို့ ရောက်သောအခါ ဝမ်ကွဗီ ကျန်ခဲ့သော အခန်းမှကျောက်တံခါးကြီးကို ပြန်လည်၍ တွန်းပိတ်လိုက်သည်။

"ဆရာလေး ဖန်ယီဟန် ... ကျုပ်ကို ဒီအတိုင်း ပစ်မထားခဲ့ပါနဲ့"

အတွင်းမှ ဝမ်ကွဗီက ကြောက်လန့်တကြားဖြင့် တုန်လှုပ်ချောက်ချားစွာ ငယ်သံပါအောင် အော်ဟစ်လိုက်သည်။

သို့သော် သူ့အသံကို အပြင်ဘက်မှ ဖန်ယီဟန်တို့ မကြားနိုင်တော့ပါ။

ကောင်းမှုကျူးလွန်ခဲ့သူအဖို့ ကြမ္မာရဟတ် တစ်ပတ်လည်သည်ဟုပင် ဆိုရတော့မည်။

"နောင်ကြီး ... ကျွန်တော်တို့ ဒီအထဲက ပတ္တမြားခင် ဒီ လိုဏ်ဂူကြီးကို အသေးစိတ်လေ့လာကြရင် မကောင်းဘူးလား"

ဖန်ယီဟန်က လိုဏ်ဂူကြီးအား စစ်ဆေးလေ့လာရန် အကြံပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဤလှိုဏ်ဂူကြီးကို အမှန်ပင် စိတ်ဝင်စားနေခဲ့သည်။

သို့သော် ဤဂူထဲတွင် ကြာရှည်အချိန်ဖြုန်းနေရန် မသင့်ကြောင်း တူးလန်ခံယူထားသည်။

"ကျုပ်တို့ ဒီထဲမှာ အချိန်ဖြုန်းနေလို့ မသင့်ဘူးထင်တယ် ဝါးတဲကလေးဆီက အခြေအနေကို အမြန်ဆုံး သွားကြည့်ကြရင် ကောင်းမယ်"

နောင်ကြီးတူးလန်ပြောသည်မှာ မှန်ကန်ကြောင်း ဖန်ယီဟန် သဘောပေါက်သွားသည်။

မိမိထွက်ခွာလာခဲ့ပြီးသည့် နောက်ပိုင်းတွင် ဝါးတဲကလေး မည်သို့မည်ပုံ ဖြစ်ကျန်ခဲ့သည်ကို မသိရသေးချေ။

ထိုအခြေအနေကို သိဖို့က ပို၍အရေးကြီးနေလေသည်။

ပြီးတော့ ဂိုဏ်းချုပ်ကြီးယွင်နှင့် ချိကျန်းလင်တို့လူစု လည်း မိမိအတွက် စိတ်ပူပန်နေကြမည်။

"ဟုတ်တယ် ... ဒီနေရာကို ကျွန်တော်တို့သိနေမှတော့ အချိန်မရွေး ပြန်လာလို့ ရပါတယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ဖြောင့်တန်းနေသော ဂူတွင်းလမ်းအတိုင်း အပြင်သို့ ထွက်လာခဲ့ကြလေသည်။



ကျောက်လိုဏ်ဂူအပြင်သို့ ရောက်သည်နှင့် ဖန်ယီဟန်သည် ဝမ်ကွဖီ၏နည်းအတိုင်း လိုဏ်ဂူအဝင် ကျောက်တံခါးကြီးကို ပြန်ပိတ်လိုက်သည်။

ကျောက်တံခါးကြီးသည် ကျောက်နံရံမျက်နှာပြင်နှင့် တစ်သားတည်း ပြန်ဖြစ်သွား၏။

ထိုအခါမှ ဖန်ယီဟန်သည် စိတ်ချလက်ချဖြင့် တူးလန် အားဖေးမတွဲခေါ်ရင်း မိမိတို့လူများရှိရာ ဝါးတဲကလေးဆီသို့ လာ လမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## လွှတ်မြောက်ပြီးနောက်

လမ်းတွင် ထင်သလောက် ခရီးမတွင်ခဲ့ကြချေ။

ဖန်ယိဟန် တို့ ကျောက်လိုက်ဂူအပြင်သို့ ရောက်သောအခါ နေအတော်စောင်းနေပြီဖြစ်၏။

တောရိပ်တောင်ရိပ်ကြောင့် အလင်းရောင်က မှုန်ပျပျသာ ရှိတော့သည်။

အစာရေစာပြတ်နေသော တူးလန်မှာ ပင်ပန်းနွမ်းနယ်နေသည်ဖြစ်၍ နားနားနေနေနှင့် ဖြည်းဖြည်းချင်းသာ လာခဲ့ကြရသည်။

မကြာမီမှာပင် အလင်းရောင်ပျောက်ကွယ်သွားပြီး အမှောင်ထုက ကြီးစိုးမင်းမူလာကြလေသည်။

ဖန်ယိဟန်မှာ ဝါးတဲကလေးသို့ အမြန်ဆုံးရောက်ရန်ကိုသာ စိတ်စောနေမိသည်။

အမှောင်ထဲတွင် လမ်းကို စမ်းတဝါးဝါးရှာဖွေ၍ သွားနေရသဖြင့် ခရီးက ပို၍ဖင့်နွှဲနေပေသည်။



ခရီးဖင့်လေ ဖန်ယိဟန်မှာ စိတ်ပိုစောလေ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးသည် အမှောင်ထုအောက်တွင် ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေပေသည်။

လရောင်ကလေး ခပ်ရေးရေးရှိနေ၍သာ တော်ပေသေးသည်။

လရောင်ကို အားပြု၍ ဖြည်းဖြည်းချင်း ခရီးဆက်ခဲ့ကြရာ ညသန်းခေါင်ကျော်ခန့်တွင် ဖန်ယိဟန်နှင့် တူးလန်တို့သည် ဝါးတဲကလေးဆီသို့ ပြန်လည်ရောက်ရှိခဲ့ကြ လေသည်။

ဝါးတဲကလေးတွင် ကျန်ရှိနေခဲ့ကြသော ငွေစင်ရော်ဗိုက်းချုပ်ကြီးယွင်နှင့် ချိုကျန်းလင်တို့လူစုကလည်း မအိပ်ကြဘဲ ဖန်ယိဟန်ကို စောင့်နေကြကြောင်း တွေ့ရသည်။

သူတို့အားလုံး ဖန်ယိဟန်အတွက် စိုးရိမ်ပူပန်နေမိကြလေသည်။

ဖန်ယိဟန်နှင့်အတူ သိုင်း ဆရာကြီးတူးလန်ပါ ပါလာသည်ကို တွေ့ကြရသောအခါ သူတို့အားလုံးပင် အံ့အားသင့်သွားကြလေသည်။

ဝါးတဲကလေးပေါ်တွင် ခွေ့ဆွေ့မှု အမောအပန်းပြေဖြေပြီးကြပြီးနောက် ဖန်ယိဟန်က သူဖြစ်ပျက်တွေ့ကြုံခဲ့သမျှ အကြောင်းစုံကို

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်း ပြောပြလိုက်၏။

လုံယွဲ၏လျှို့ဝှက်ကျောက်လိုဏ်ဂူအကြောင်း ကြားသိလိုက်ရသောအခါ ...

အားလုံးပင် အံ့သြကာ စိတ်ဝင်စားမိကြလေသည်။

ချိုကျန်းလင်ကလည်း ဖန်ယိဟန်ထွက်သွားပြီးသည့်နောက် ... ဝါးတဲကလေးမှ အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်သည်။

ဖန်ယိဟန်ယူဆထားမိသည့်အတိုင်း အမှန်ပင် လုံယွဲသည် တစ်ယောက်တည်း ဝါးတဲကလေးဆီသို့ ရောက်လာခဲ့၏။

သို့သော် သူရောက်လာသောအခါ ဒဏ်ရာကိုယ်စီနှင့် မြေပေါ်တွင်လဲနေကြသော သူ့လူများဖြစ်သည့် သိုင်းသမားကြီးသုံးယောက်၏အဖြစ်ကို တွေ့လိုက်ရသဖြင့် ဖန်ယိဟန်တို့၏ သိုင်းပညာအခြေအနေကို ရိပ်စားမိသွားသည်။

တစ်ဖန် သူ့တပည့်တစ်ဦးဖြစ်သော ဝမ်ကွဖီ၏အရိပ်အယောင်ကို မတွေ့ရဘဲ စုပ်စမြုပ်စပျောက်နေသည့်အဖြစ်ကြောင့်လည်း လုံယွဲ၏စိတ်တွင် ပို၍သံသယဝင်သွား၏။

ထို့ကြောင့် လုံယွဲသည် သိုင်းသမားကြီးသုံးယောက်ကို သတိရစေရန်လုပ်၍ ထိုနေရာမှ ပြန်လည်ထွက်ခွာ လွတ်မြောက်သွားခဲ့လေသည်။



လုံယွဲ လွတ်မြောက်သွားသည့်အတွက် ဖန်ယိဟန် အတော်မကျေမနပ်ဖြစ်သွားမိသည်။

"ဟာ ... လုံယွဲသာလွတ်သွားရင်တော့ ကျောက်လိုဏ်ဂူထဲမှာ ကျန်ခဲ့တဲ့ ဝမ်ကွဖီကိုတွေ့သွားမှာ သေချာတယ်၊ မဖြစ်ဘူး၊ ကျုပ်ကိုယ်တိုင် လိုက်သွားပြီး လုံယွဲကို ရှင်းပစ်မှဖြစ်မယ်"

တူးလန်က ခံပြင်းစွာဖြင့် ပြောလိုက်သည်။

"နောင်ကြီး ... သိပ်လောမကြီးပါနဲ့၊ ခေါင်းအေးအေးနဲ့ စဉ်းစားကြတာပေါ့"

စိတ်စောနေသော တူးလန်ကို ဖန်ယိဟန်က ထိန်းသိမ်းပြောဆိုလိုက်သည်။

တူးလန်တစ်ယောက်တည်း ကျောက်လိုဏ်ဂူထဲသို့ ပြန်သွား၍မဖြစ်သည်ကို ဖန်ယိဟန် နားလည်ထားပေသည်။

ဤသည်ကို တူးလန်က သဘောမကျဖြစ်သွားသည်။

ဖန်ယိဟန်သည် မိမိအား အဘယ်ကြောင့် တားဆီးပိတ်ပင်နေရသနည်း။

"လုံယွဲသာ ဝမ်ကွဖီနဲ့တွေ့သွားရင် ကျုပ်တို့အကြောင်းကို သိသွားမှာ သေချာတယ်၊ ကျုပ်ကို ခင်ဗျား ဘာကြောင့် ဟန့်တား

www.burmeseclassic.com

www.burmeseclassic.com



နေရောလဲ”

တူးလန်သည် မကျေမနပ်ဖြင့် မေးလိုက်၏။

“နောင်ကြီးတစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်ပါ့မလဲ ... ကျွန်တော်တို့အားလုံး သွားကြမယ်”

ဖန်ယိဟန်ပြောသည်ကို တူးလန်သဘောမပေါက်ပါ။ စဉ်းစားရခက်စွာဖြင့် နားမလည်နိုင်အောင် ဖြစ်သွားသည်။ အဘယ်ကြောင့် ကျောက်လိုဏ်ဂူသို့ အားလုံးသွားကြမည်နည်း။

ဤမျှ တစ်အုပ်ကြီးသွားရောက်ရန် မလိုအပ်ဟု သူထင်သည်။

“အားလုံးသွားကြမယ် ... ဟုတ်လား၊ ဒီလောက် လူအများကြီး ဘာလုပ်ဖို့လဲ”

“နောက်မှ ကျွန်တော်ပြောပြပါ့မယ်”

ဖန်ယိဟန်က မတင်မကျ ပြောလိုက်သည်။ ထို့နောက် ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်အား လှမ်းမေးလိုက်သည်။

“ဂိုဏ်းချုပ်ကြီးကော ကျောက်လိုဏ်ဂူကို လိုက်မယ်မဟုတ်လား”

“ဟာ ... ဘယ်နေခဲ့လိမ့်မလဲ ... လိုက်မှာပေါ့”



ဂိုဏ်းချုပ်ကြီးယွင်က ပြုံး၍ ပြန်ပြောလိုက်၏။

ထို့နောက် ဂိုဏ်းချုပ်ကြီးယွင်သည် ဝါးတဲကလေးမှ သိုင်းသမားကြီးအား မှာကြားခဲ့ရာရှိသည်များကို မှာကြားပြောဆိုလိုက်ပြီး ဖန်ယိဟန်အား သွားရန် အချက်ပေးလိုက်လေသည်။

“ကဲ ... အားလုံးကို သွားကြစို့”

ဝါးတဲကလေးအပြင်၌ လရောင်သည် မှုန်တိမှုန်မွှား ကျနောက်လျက် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုက်မိုက်ကန်းကန်း သိုင်းသမား

ရှေ့ဆုံးမှ ...

တူးလန်နှင့် ဖန်ယိဟာန်။

အလယ်မှ ...

ကျောက်ဟာန်နှင့် ကျန့်ရှီဟုန်း။

နောက်မှ ...

ချိကျန်းလင်နှင့် ငွေစင်ရော်ဂိုဏ်းချုပ်ကြီး ယွင်။

လူခြောက်ယောက်သည် မှုန်ဝါးဝါး လရောင်အောက်တွင် တောလမ်းခရီးကို ခပ်သွက်သွက် ဖြတ်သန်းနေကြ၏။

စိတ်စောနေကြ၍လည်း သူတို့၏လှုပ်ရှားမှုများက ပို၍ မြန်ဆန်နေလေသည်။

အရုဏ်တက်စအချိန်မှာပင် ...

သူတို့သည် ကျောက်လိုဏ်ဂူသို့ ချောမောစွာ ရောက်ရှိလာခဲ့ကြ၏။



ဂူပေါက်ဝသို့ ရောက်ရှိသည်နှင့် တူးလန်နှင့် ဖန်ယိဟာန်တို့၏ မျက်လုံးများမှာ ပိုင်းစက်ပြူးကျယ်သွားကြသည်။

သူတို့ထွက်ခွာလာခဲ့ကြစဉ်က သေချာပြန်ပိတ်ထားခဲ့သော ကျောက်လိုဏ်ဂူအဝင်ပေါက်သည် ယခု ပွင့်ဟနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

ထိုမြင်ကွင်းကို မြင်လိုက်ရသော ဖန်ယိဟာန်နှင့် တူးလန်တို့မှာ မျက်စိမျက်နှာ အတော်ပင် ပျက်သွားကြ၏။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ...

ကျောက်လိုဏ်ဂူတွင်းသို့ လုံ့ယွဲ့ရောက်ရှိနေသည်မှာ သေချာသလောက်ဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး နားလည်လိုက်ကြလေသည်။

ဖန်ယိဟာန်သည် ဆုတ်ဆိုင်းမနေတော့ဘဲ ရှေ့ဆုံးမှနေ၍ ကျောက်လိုဏ်ဂူအတွင်းသို့ လှမ်းဝင်လိုက်၏။

တူးလန်၊ ကျောက်ဟာန်နှင့် ချိကျန်းလင်တို့က ဖန်ယိဟာန်နောက်မှ ကပ်လျက်လိုက်ဝင်သွား၏။

ကျန့်ရှီဟုန်းနှင့် ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်တို့က နောက်ဆုံးမှ ဝင်လိုက်ကြသည်။

သူတို့အားလုံး ကျောက်လိုဏ်ဂူအတွင်းသို့ ရောက်ရှိသွား

www.burmeseclassic.com

www.burmeseclassic.com



ကြည်နှင့်တစ်ပြိုင်နက် ကျောက်တံခါးကြီးသည် အလိုအလျောက် ပြန်ပိတ်သွားသည်ကို အံ့ဩစွာ တွေ့လိုက်ကြရလေသည်။

ထိုအခါ တူးလန်သည် ရုတ်တရက် လှုပ်ရှားလိုက်ပြီး ကျောက်တံခါးကြီးကို တွန်းဖွင့်ကြည့်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ့လက်များသည် ကျောက်တံခါးကြီးနှင့် မထိမိခင်မှာပင် ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်၏ အော်ဟစ်သတိပေးသံ ကြားလိုက်ရ၏။

"တူးလန် ... ဆရာကြီး ... မလုပ်နဲ့ မလုပ်နဲ့"

ထိုအသံကြောင့် တူးလန်၏လက်များသည် ကျောက်တံခါးဆီသို့ မရောက်မီမှာပင် အချိန်မီ ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး"

တူးလန်က ဂိုဏ်းချုပ်ကြီးယွင်အား နားမလည်နိုင်စွာ လှမ်းကြည့်ရင်း ပြန်မေးလိုက်သည်။

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးသည် မျက်မှောင်တစ်ချက်ကုတ်၍ ပြန်ပြောလိုက်၏။

"ကျုပ်စိတ်တင်ပြောရရင်တော့ ဆရာကြီးတို့ ဒီဂူထဲက ထွက်သွားလာခဲ့ကြပြီးတဲ့နောက်ပိုင်းမှာ ဒီဂူထဲကို တစ်ယောက်ယောက် ရောက်လာခဲ့တာ သေချာတယ်၊ အလိုအလျောက် ပြန်ပိတ်သွားတဲ့



ကျောက်တံခါးကြီးကို ကြည့်ခြင်းအားဖြင့် အန္တရာယ်ကျရောက်စေမယ့် ထောင်ချောက်တစ်ခုခု ဆင်ထားလိမ့်မယ် ထင်လို့ပါ၊ ဒါကြောင့် ခုအချိန်ကစပြီး ကျုပ်တို့အားလုံး သတိကြီးစွာ ထားကြဖို့လိုတယ်၊ နေရာတကာမှာ အရမ်းကာရော မလုပ်မိကြဖို့ အထူးဂရုစိုက်ကြရလိမ့်မယ်"

တူးလန်သည် မျက်မှောင်ကုတ်၍ ဆတ်ခနဲ ဆတ်ခနဲ ခေါင်းတစ်ချက်ညိတ်လိုက်၏။

ယခုမှပင် ...

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးကို သူက ကျေးဇူးတင်လိုက်မိသည်။

အကယ်၍ သူသာ ကျောက်တံခါးကြီးအား ထိတွေ့တွန်းမိခဲ့လျှင် မည်သို့သောအန္တရာယ်စက်ကွင်းနှင့် ရင်ဆိုင်ရဦးမည် မဆိုနိုင်ချေ။

ပထမတစ်ကြိမ်ကလည်း သတိလက်လွှတ်ဖြစ်သွား၏။

လုံယွဲ၏ထောင်ချောက်တွင် အမိခံခဲ့ရပြီးပြီ မဟုတ်ပါလား။

ယခုတစ်ကြိမ်တော့ အစစအရာရာ သတိဝီရိယ ထားရပေတော့မည်။

ထိုစဉ်မှာပင် ဂူအတွင်းဘက်တစ်နေရာမှ အေးကော်ကော်

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံကြီးတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေသည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

ရုတ်တရက် ထွက်ပေါ်လာသော ရယ်သံက တစ်နေရာတည်းမဟုတ်ဘဲ ဂူအတွင်း ပွဲတင်ရိုက်သွားကာ နေရာအနှံ့မှ ထွက်ပေါ်လာလေသည်။

ထို့ကြောင့် ...

ရယ်သံသည် မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို လုံးဝမှန်းဆ၍မရနိုင်ချေ။

"ဘယ်သူလဲ"

ဂိုဏ်းချုပ်ကြီးယွင်က ခပ်ဆတ်ဆတ်လေသံဖြင့် လှမ်းအော်မေးလိုက်သည်။

ထိုအခါ ...

စောစောကရယ်သံသည် ရုတ်တရက် ရပ်သွားပြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ပြီးမှ ခြောက်ကပ်ကပ်နိုင်လှသော အက်သံကြီးတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ကျုပ်ရဲ့အစီအစဉ်ကို ရိပ်မိနိုင်သူဟာ သာမန်အဆင့်



လူတစ်ယောက်မဟုတ်ဘူးဆိုတာ ကျုပ်သိပါပြီ၊ ဒီတော့ ခင်ဗျားဘယ်သူဆိုတာ အရင်ပြောပါ။ ဒါမှလည်း ခင်ဗျားရဲ့အင်အားကို ကျုပ်မှန်းဆနိုင်မယ်"

ထိုစကားသံကို ဂိုဏ်းချုပ်ယွင်သည် မျက်မှောင်ကုတ်၍ နားထောင် စဉ်းစားနေမိသည်။

အသံကိုကြားရခြင်းအားဖြင့် အသက်အရွယ် သိပ်မကြီးလှသေးသော လူငယ်တစ်ယောက်၏အသံဖြစ်ကြောင်း သူသိလိုက်လေသည်။

သို့သော် မည်သူမည်ဝါဆိုသည်ကိုမူ လုံးဝ မခန့်မှန်းနိုင်သေးချေ။

"ကျုပ် ... ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်ပဲ ... မင်း ကြားဖူးမလားတော့ မသိဘူး"

အသံရှင်အား ယွင်က ပြန်ပြောလိုက်သည်။

တစ်အောင့်မျှ ငြိမ်သက်သွားပြီးနောက် တစ်ဖက်မှ အသံက ပြန်လည်ထွက်ပေါ်လာသည်။

"ဩော် ... ဩော် ... သိုင်းလောကမှာ လူအင်အားအတောင့်ဆုံးဂိုဏ်းရဲ့ အကြီးအကဲ ဂိုဏ်းချုပ်ကြီးပဲကိုး ... ကြားဖူးပါတာ၊ တော်လည်း တော်ပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ချိုးမွှမ်းသလိုလို၊ သရော်သလိုလိုနှင့် အနှောင့်အသွားမလွတ်ချေ။

စကားသံ ခေတ္တပြတ်သွားပြီးနောက် တစ်ဖန် ဆက်၍ ပေါ်လာပြန်၏။

"ခင်ဗျားရဲ့နာမည်နဲ့ ဂုဏ်သတင်းက သိုင်းလောကမှာ ပျံ့လေးတကျော်ကျော်ဖြစ်နေပေမယ့် ကျုပ်ကတော့ အထင်မကြီးမိသေးဘူးဗျာ"

ယခုအခါ အသံရှင်သည် တိုက်ရိုက်စော်ကားသည့်စကားများ ပြောဆိုလာပြီဖြစ်၏။

ဤသည်ကို တူးလန်က ထောင်းခနဲ ဒေါသထွက်သွားသေးသည်။

ထို့ကြောင့် သူသည် ဒေါသတကြီးနှင့် လှမ်းအော်ပြောလိုက်၏။

"ဟေ့ ... မင်းဘယ်သူလဲ၊ ပုန်းလျှိုးကွယ်လျှိုးနဲ့ လက်သည်ပုန်းတော့ လုပ်ပြမနေနဲ့ ... သတ္တိရှိရင် ထွက်ခဲ့စမ်း"

တူးလန်၏စကားအဆုံးတွင် ဂိုဏ်းချုပ်ကြီးယွင်က ဆေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်လေသည်။

"မင်းရဲ့လေသံက သိပ်ပြီးကျယ်လှပါလား၊ ဘယ်အရပ်က



သိုင်းသမားကြီးများပါလိမ့်၊ ဒီလောက်ကြီးကျယ်တဲ့ပုဂ္ဂိုလ်ကြီးကို တွေ့ရအောင် တစ်ဆိတ်လောက် ကိုယ်ယောင်ပြပါလား"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးက လှမ်းပြောလိုက်သည်။

ထိုသို့ အချေအတင် ပြောဆိုနေကြသည်ကို ဖန်ယိဟန်က အာရုံစူးစိုက်၍ နားစွင့်နေမိသည်။

တစ်ဖက်ရန်သူ၏ အသံလာရာနေရာကို သူက မှန်းဆရှာဖွေလိုခြင်းပင် ဖြစ်၏။

သို့သော် တစ်ဖက်မှ ထွက်ပေါ်လာသောစကားသံက ပဲ့တင်သံမျိုး ဖြစ်နေ၍ ဖန်ယိဟန်မှာ အသံလာရာ နေရာအတိအကျကို ခန့်မှန်း၍မရနိုင်အောင် ဖြစ်လျက်ရှိနေသည်။

ထိုစဉ်မှာပင် တစ်ဖက်မှအသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... ဂိုဏ်းချုပ်ကြီးကိုတော့ လေးစားပါတယ်၊ ဒါပေမဲ့ တူးလန်ဆိုတဲ့လူက ကျွန်တော့်ရဲ့ ဖမ်းဆီး ချုပ်နှောင်ခြင်းခံရဖူးသူတစ်ယောက်ဖြစ်လို့ သူ့ကို ကျွန်တော် အဖက်လုပ်ပြီး စကားပြောနေစရာ မလိုပါဘူး၊ ဂိုဏ်းချုပ်ကြီးကလည်း သူ့ကို နောက်ထပ် စော်စော်ကားကား စကားမျိုး ပြောမလာအောင် တားဆီးပေးပါ၊ ဒီလိုမှမဟုတ်ရင် ကျုပ်ကို ထပ်ပြီးစော်ကားတဲ့စကားမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောလာမယ်ဆိုရင်တော့ ကျွန်တော့်စကားသံကို ဒီတင်ပဲ ရပ်လိုက်ရပါလိမ့်မယ်"

တစ်ဖက်မှ အသံရှင်သည် တူးလန်အား အထင်သေးဟန်ဖြင့် မတူမတန်သလို ပြောလိုက်လေသည်။

ဤအတွက် တူးလန်မှာ မခံမရပ်နိုင်လောက်အောင် ဒေါသူပုန်ထသွားမိလေသည်။

ထို့ကြောင့် သူက တစ်ဖက်မှအသံရှင်အား ဆဲဆိုရန် ဟန်ပြင်ပါးစပ်လှုပ်လိုက်သည်။

သို့သော် ...

ဂိုဏ်းချုပ်ကြီးယွင်က အချိန်မီ ဝင်ရောက်ဟန့်တားလိုက်သည်။

"နောင်ကြီးတူးလန် ... သည်းခံပါ၊ နို့မဟုတ်ရင် သိုင်းရာဇာကြီး ကျန့်ထင်းစန်ရဲ့လုံခြုံရေးအတွက် ထိခိုက်သွားနိုင်စရာအကြောင်း ရှိပါတယ်"

ထိုအခါမှ တူးလန်သတိရလိုက်သည်။

ဂိုဏ်းချုပ်ကြီးယွင်ပြောသည်က မှန်၏။

တစ်ဖက်မှ အသံရှင်အား မခံချင်အောင် နင့်နင့်သီးသီးပြောမည်ဆိုက မိမိတို့၏ သိုင်းရာဇာကြီးအတွက် စိုးရိမ်ရပေသည်။



ထို့ကြောင့် ...

တူးလန်သည် သူ၏ဒေါသကို အချိန်မီ ပြန်လည်ချုပ်တည်းလိုက်သည်။

မတတ်သာ၍ လက်လျှော့ပေးလိုက်ရသဖြင့် တူးလန်သည် သက်ပြင်းတစ်ချက်ချ၍ ခေါင်းငုံ့သွားလေသည်။

ရင်ထဲကမူ အောင့်သက်သက်နှင့် အခံရခက်နေလေသည်။

မမြင်ရသောအသံရှင်ထံမှ အသံက ထပ်မံထွက်ပေါ်လာပြန်၏။

"အေး ... ဒီလိုမှပေါ့ တူးလန်ရဲ့၊ ကိုယ့်အမှားကိုယ်သိပြီး အခုလို ခေါင်းငုံ့လက်လျှော့သွားတာ မင်းအတွက် အကောင်းဆုံးလုပ်ရပ်ပဲ"

ထူးတော့ ထူးဆန်းနေ၏။

မိမိတို့က အသံရှင် မည်သည့်နေရာတွင် ရှိမည်ကို ခန့်မှန်းရခက်ခဲနေသော်လည်း အသံရှင်သည် မိမိတို့၏ လှုပ်ရှားမှုအားလုံးကို တွေ့မြင်နိုင်စွမ်း ရှိနေသကဲ့သို့ တစ်မုဟုတ်ချင်း မှန်ကန်တိကျစွာ ပြောနိုင်ပေသည်။

ဤသည့်အတွက် အံ့ဩစရာကောင်းလှပေသည်။

အသံရှင်သည် အရာဝတ္ထုများကို ထိုးဖောက်မြင်နိုင်စွမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်လားဟုပင် ဖန်ယိဟန် တွေးတောစဉ်းစားနေမိ၏။

ဖန်ယိဟန်နည်းတူ ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်သည်လည်း အံ့သြနေမိလေသည်။

"ကျုပ်တို့ရဲ့ လှုပ်ရှားမှုအားလုံးကို မင်း မြင်နေရလို့လား"

ဂိုဏ်းချုပ်ကြီးယွင်က အော်မေးလိုက်သည်။

ထိုအခါ တစ်ဖက်မှအသံရှင်သည် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြန်လေသည်။

"ဟား ဟား ဟား ဟား ... သိပ်မှန်တာပေါ့၊ ခင်ဗျားတို့ရဲ့ လှုပ်ရှားမှုအားလုံးကို ကျုပ်က သေသေချာချာကို မြင်နေရတာပဲလေ ဒါကြောင့်လည်း ခင်ဗျားတို့အနေနဲ့ စိတ်လိုက်မာန်ပါ အရမ်းကာရော ဖွတ်တရွတ် မပြုလုပ်စေချင်ဘူး၊ ဒါကိုတော့ ကျုပ် ကြိုကြိုတင်တင် သတိပေးလိုက်ပါရဲ့၊ အခုအချိန်ကစပြီး ကျုပ်ခွင့်မပြုဘဲနဲ့ ခင်ဗျားတို့ ဒီကျောက်လိုဏ်ဂူထဲက ထွက်သွားလို့ မရတော့ပါဘူး"

ဟုတ်၊မဟုတ်တော့ မဆိုနိုင်။

ထိုသူသည် မိမိတို့အား ခြိမ်းခြောက်နေခြင်းလည်း ဖြစ်နိုင်၏။

သူပြောသည့်အတိုင်း အမှန်လည်း ဖြစ်နိုင်၏။

သို့သော် ...



သူ့ပြောစကားများအားလုံး မှန်ကန်လိမ့်မယ်ဟုတော့ ဖန်ယိဟန် မထင်မိပါ။

ခြောက်တိုင်းသာ ကြောက်ရမည်ဆိုလျှင် ... ခက်ချေရော့မည်။

စဉ်းစားရင်းနှင့် ဖန်ယိဟန် ရယ်ချင်လာမိသည်။

ယခုအချိန်ထိ တစ်ခွန်းတစ်ပါဒမှ ဝင်ရောက်ပြောဆိုခြင်း မပြုသေးသော်လည်း ပြောဆိုရန် အချိန်ကျသင့်ပြီဟု ယူဆမိသည့်အတွက် ဖန်ယိဟန်သည် သဘောကျစွာ ရယ်သံပြု၍ အော်ပြောလိုက်၏။

"ဟား ဟား ဟား ... ခင်ဗျားစကားကြားရတာ ကျုပ်အဖို့ ပြက်လုံးတစ်ခု ကြားလိုက်ရသလို ပါပဲဗျာ၊ ခင်ဗျားဟာ ကျုပ်တို့ကို ဒီဂူထဲမှာ ပိတ်ထားနိုင်စွမ်း ရှိလိမ့်မယ်လို့ ကျုပ်ဖြင့် နည်းနည်းမှ မယုံမိပါဘူး၊ ယုတ္တိရှိအောင်လည်း ပြောမှပေါ့ဗျာ"

ဖန်ယိဟန်၏စကားကြောင့် တစ်ဖက်မှ အသံရှင်သည် အတော်ပင် အခံရခက်သွားဟန် တူ၏။

ဒေါသတကြီး ပြန်မေးလိုက်သံ ကြားရ၏။

"ခင်ဗျားက ဘယ်သူလဲ ... ခင်ဗျားအနေနဲ့ ကျုပ်ကို အခုလို ပြောရအောင် ဘယ်လောက်များ အရည်အချင်း ရှိနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှအသံရှင်သည် ဖန်ယိဟန်ကို အထင်သေးဟန်ဖြင့် မေးလိုက်ခြင်း ဖြစ်ပေသည်။

ဤအတွက် ဖန်ယိဟန်သည် လေသံမာမာဖြင့် ခွန်းတုံ့ပြန်လိုက်သည်။

"ဒီထဲမှာရှိနေကြတဲ့ လူတွေအားလုံး လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိတယ်ဆိုတာ ခင်ဗျားနားလည်ထားပါ၊ သိပ်ပြီး ကြီးကျယ်မနေချင်စမ်းပါနဲ့"

သူ့စကားအဆုံးတွင် တစ်ဖက်မှအသံရှင်က ပြန်ပြောလိုက်ပြန်သည်။

"အင်း … ခင်ဗျားဟာ လူငယ်တစ်ယောက်ပဲ၊ ဒါပေမဲ့ လူငယ်သလောက် လေသံက မာလှချည်လား၊ သတ္တိကတော့ မဆိုးပါဘူး၊ ခင်ဗျားကိုတော့ ကျုပ် သဘောကျသွားပြီ၊ ဒီမှာ ခင်ဗျား ကျုပ်နဲ့ မိတ်ဆွေ မဖြစ်ချင်ဘူးလား"

မမြင်ရသော အသံရှင်၏လေသံက ပြောင်းလဲသွားလေသည်။

သူက ဖန်ယိဟန်နှင့် မိတ်ဆွေဖွဲ့ရန် စကားကမ်းလှမ်းလိုက်သည်။

သူ့ကမ်းလှမ်းချက်ပေါ်တွင် ဖန်ယိဟန် ဝေဖန်သုံးသပ်



ကြည့်မိသည်။

ထိုသူသည် ပရိယာယ်ဆင်ခြင်းလည်း ဖြစ်နိုင်၏။

မိမိအား သူ့လုပ်ရပ်များတွင် အသုံးပြုရန် ရည်ရွယ်ချက်နှင့်လည်း ဖြစ်နိုင်၏။

မည်သို့ဆိုစေ … ကိုယ်က သူ့ထက် တစ်ကွက်ဦးရန်သာ အရေးကြီးပေသည်။

သူ့သဘောထားကို လေ့လာရန် ဖန်ယိဟန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့ကြောင့် ဖန်ယိဟန်သည် တစ်ဖက်သို့ လှမ်း၍ပြောလိုက်လေသည်။

"ခင်ဗျားရဲ့စိတ်ကူးက ဆိုးတော့မဆိုးပါဘူး၊ ဒါပေမဲ့ ခင်ဗျားရဲ့စိတ်ထား မှန်မမှန် ဆိုတာကိုတော့ ကျုပ်သိထားမှ ဖြစ်လိမ့်မယ်"

တစ်ဖက်မှအသံက ရုတ်တရက် ပြန်လည်ထွက်ပေါ်မလာပါ။ တဒင်္ဂမျှ တိတ်ဆိတ်သွား၏။

အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ တစ်ဖက်လူ၏အသံသာ ထွက်ပေါ်လာ၏။

"စိတ်ထားမှန်မမှန် သိချင်တယ် … ဟုတ်လား၊ ခင်ဗျားဘာကိုဆိုလိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟန်၏စကားကို နားမရှင်းဟန်ဖြင့် တစ်ဖက်မှ ပြန်မေးလိုက်သည်။

"ပထမဆုံး ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ သိရအောင် ကျုပ်တို့ရှေ့ကို ထွက်ခဲ့ပါ၊ ဒါမှလည်း ခင်ဗျားရဲ့ ရုပ်လက္ခဏာကို ကျုပ်တို့ အကဲခတ်လို့ရမယ်"

ဖန်ယိဟန်၏စကားကို တစ်ဖက်လူသည် သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ခင်ဗျားက ရုပ်ပိုင်းသျှုတ္တရကျမ်းပြုဆရာမို့လား၊ ခင်ဗျား သိပ်ရယ်စရာကောင်းတဲ့လူပဲ"

"ကျုပ်က သျှုတ္တရဆရာတော့မဟုတ်ဘူး၊ ဒါပေမဲ့ အရုပ်ဆိုး အကျည်းတန်တဲ့လူမျိုးကို ကျုပ်က မိတ်ဆွေဖွဲ့လေ့ မရှိဘူး၊ ခင်ဗျားရဲ့မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ အကြည့်ရဆိုးနေရင်တော့ ကျုပ်နဲ့မိတ်ဆွေဖြစ်ဖို့ ဝေးပါသေးတယ်"

ဖန်ယိဟန်က တစ်ဖက်လူအား မခံချင်အောင် ပြောလိုက်သည်။

"အို ... ဒီအတွက်တော့ စိတ်ချ၊ ကျုပ်က မိုးကျရွှေကိုယ် တစ်ယောက်မဟုတ်ပေမယ့် ကျုပ်မျက်နှာက ကြည့်ပျော်ရှုပျော်တော့ ရှိပါတယ်၊ ကဲ ... ခင်ဗျားအနေနဲ့ နောက်ထပ်ဘာများ တောင်



ဆိုချင်သေးသလဲဆိုတာ ပြောပါဦး"

"ဒုတိယအချက်က လက်ရှိအခြေအနေအရ ခင်ဗျားနဲ့ ကျုပ်တို့ဟာ ရန်သူလား၊ မိတ်ဆွေလားဆိုတာ သိချင်တယ်"

"ဒါကတော့ စိတ်ပါပဲ၊ ခင်ဗျားနဲ့ကျုပ်တို့ရဲ့ စိတ်ဆုံးဖြတ်ချက်ပေါ် မူတည်ပြီး မိတ်ဆွေ၊ရန်သူဆိုတာ အဖြေထွက်လာမှာပါ၊ မိတ်ဆွေအဖြစ် သတ်မှတ်လို့ရသလို ရန်သူအဖြစ် ဆုံးဖြတ်ချင်လည်း ဖြစ်တာပါပဲ"

တစ်ဖက်မှလူက စကားပရိယာယ်ကြွယ်ဝစွာဖြင့် ပြောလိုက်သည်။

သူ၏အဖြေစကားကို ဖန်ယိဟန် သဘောကျသွားမိ၏။

ထို့နောက် ဖန်ယိဟန်က ဆက်ပြောရန် ပြင်လိုက်သည်။

"တတိယအချက်အနေနဲ့ ..."

ဖန်ယိဟန်၏ စကားမဆုံးမီပင် တစ်ဖက်မှအသံရှင်က ဖြတ်၍ မေးလိုက်သည်။

"အို ... မကုန်နိုင်သေးဘူးလား၊ ခင်ဗျားတင်ပြတဲ့ အချက်တွေကလည်း များလှချည်လား"

"ဟုတ်တယ် ... အခုပြောမယ့် အချက်က သိပ်အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့်လည်း ပြောပါ"

ဖန်ယိဟာန်က စကားဆက်လိုက်သည်။

"အမှန်အတိုင်းပြောရရင်တော့ ကျုပ်တို့ ဒီကျောက်လိုဏ်ဂူကြီးထဲ လာခဲ့ကြတဲ့ ရည်ရွယ်ချက်က လုံယွဲ့ဆိုတဲ့လူကြီးနဲ့ တွေ့ချင်လို့ပဲ ... ခင်ဗျား သူ့ကို ထုတ်ပေးနိုင်မလား"

ယခုတစ်ကြိမ်တွင်မူ တစ်ဖက်မှအသံရှင်သည် ချက်ချင်းပြန်၍ အဖြေမပေးချေ။

သူသည် ဖန်ယိဟာန်၏စကားကို လေ့လာသုံးသပ်နေပုံ ရ၏။

အချိန်အတန်ကြာသည့်တိုင်အောင် တစ်ဖက်မှ စကားသံထွက်ပေါ်၍ မလာချေ။

ဖန်ယိဟာန်က တစ်ချက်မျှ ပြုံးလိုက်သည်။ သူ့စကားကို အဖြေပေးရန် အခက်တွေ့နေပုံရ၏။

"ဘယ်လိုလဲ ... ခင်ဗျား ဆုံးဖြတ်ရခက်နေပြီလား၊ ကဲဒါလေ ... ဒီကိစ္စကို ခဏထားလိုက်ပါဦး၊ လောလောဆယ် လူချင်းတွေ့ရအောင် ခင်ဗျား အပြင်ထွက်ခဲ့ပါလား"

ဖန်ယိဟာန်သည် ထိုသူ အခက်အခဲတွေ့နေရမှန်းသိ၍ စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။



ထိုအခါမှ တစ်ဖက်မှအသံက ပြန်လည်ထွက်ပေါ်လာသည်။

"အပြင်ထွက်လာဖို့က မခဲယဉ်းပါဘူး ... ဒါပေမဲ့ ခင်ဗျားတို့ရဲ့ အခြေအနေကို မသိရသေးခင်တော့ ကျုပ် ထွက်မလာနိုင်သေးဘူး"

ဖန်ယိဟာန်က မျက်မှောင်တစ်ချက် ကုတ်လိုက်သည်။

"ခင်ဗျားကလည်း အမျိုးမျိုးပါပဲလား ... ယောကျ်ားဆိုတာ စကားကို တည်တည်တံ့တံ့ပြောမှပေါ့ဗျ"

ဖန်ယိဟာန်က စိတ်မရှည်ဟန်နှင့် ပြောလိုက်သည်။

"ခင်ဗျားတို့ကို ကျုပ် အများကြီး သက်ညှာထားတယ် ဆိုတာ သိထားပါ၊ နို့မဟုတ်ရင် အခုလောက်ဆို ခင်ဗျားတို့အားလုံး ဒုက္ခကောင်းကောင်းကြီး ရောက်နေကြပြီ"

တစ်ဖက်မှအသံရှင်က သတိပေးသလိုလို၊ ခြိမ်းခြောက်သလိုလိုနှင့် ပြောလိုက်သည်။

"ဟား ဟား ဟား ... ခင်ဗျား ပြောမုံဆိုပုံတွေက အားလုံး အပိုင်တွက်ချက်ထားသလိုပါလား"

တစ်ဖက်မှလူကလည်း ရယ်သံဖြင့် တုံ့ပြန်လိုက်သည်။

"ဟား ဟား ဟား ... သိပ်ဟုတ်တာပေါ့၊ ဒါကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဒီတောင်ပိုင်းဒေသမှ မိုက်ကန်းကန်း သိုင်းသမားရယ်လို့ နာမည်ကျော်ကြားခဲ့တာပေါ့၊ မှတ်ထားကြ ... မိုက်ကန်းကန်း သိုင်းသမားဆိုတာ ကျုပ်ပဲ”

သူ၏အသံက ကျောက်လိုဏ်ဂူတစ်ခုလုံးအတွင်း၌ ပွဲတင်ထပ်သွားလေသည်။



## လက်သည်တရားခံ

မိုက်ကန်းကန်း သိုင်းသမား။

ဤအမည်သည် တောင်ပိုင်းဒေသတစ်လျှောက် လျှမ်းလျှမ်းတောက်ကျော်ကြားသည့်အမည်ဟု ဆိုသည်။

တောင်ပိုင်း ဒေသတစ်ခွင်လုံး ဤအမည်ကို မကြားဖူးသူ မရှိသလောက် ဟူသည့်သဘောမျိုး သက်ရောက်သည်။

သို့သော် ...

ဤနာမည်ကို ဖန်ယိဟန် မကြားဖူးချေ။

ထို့ကြောင့် သူက ငွေစင်ရော်ဂိုဏ်းချုပ်ကြီး ယွင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးကလည်း ဖန်ယိဟန်အား ခေါင်းခါယမ်းပြလိုက်သည်။

သူသည်လည်း မိုက်ကန်းကန်းသိုင်းသမားဆိုသည်ကို ကြားဖူးပုံ မပေါ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ...

မိုက်ကန်းကန်းသိုင်းသမားဆိုသည်မှာ နောက်ပေါက် လူငယ်သိုင်းသမားတစ်ယောက် ဖြစ်ရမည်ဟု ဖန်ယိဟာန် ယူဆလိုက်မိလေသည်။

အကယ်၍ လူငယ်တစ်ယောက် မဟုတ်ခဲ့လျှင်လည်း ပြည်မ သိုင်းလောကနှင့် ထိတွေ့ဖူးသူမဟုတ်သည်မှာ သေချာ၏။

ဖန်ယိဟာန်က တစ်ချက်မျှ ပြုံးလိုက်မိသည်။

"ဩော် ... မိုက်ကန်းကန်းသိုင်းသမားတဲ့လား၊ ဒီနာမည်ကို ကျုပ်တော့ တယ်သဘောမကျလှဘူး၊ ခင်ဗျားက ဘယ်လောက်များ မိုက်လို့လဲ"

ဖန်းယိဟာန်က တစ်ဖက်လူ၏စိတ်ကို ဆွပေးလိုက်သည်။

တစ်ဖက်မှအသံရှင်က အေးစက်စက် ရယ်မောရင်း ပြန်ပြောလိုက်လေသည်။

"ဟား ဟား ဟား ... ခင်ဗျားကြည့်ရတာလည်း ခပ်မိုက်မိုက်ပါပဲလား၊ ကျုပ်ကလည်း ခင်ဗျားလို ခပ်မိုက်မိုက်လူမျိုးနဲ့ တွေ့ရင် ပိုမိုက်ချင်စိတ်ပေါက်လာတယ်၊ ကျုပ်အကြောင်း သိချင်ရင်တော့ ခင်ဗျားကျေနပ်လောက်အောင် မိုက်ပြပါ့မယ်"

"ဟုတ်ပြီ ... ကျုပ်ကလည်း သိပ်ကြိုက်သွားပြီ၊ ခင်ဗျားရဲ့



မိုက်စွမ်းလေးတွေကို ပြစမ်းပါဦး ... ကြည့်ရသေးတာပေါ့"

လူကိုမမြင်ရသေးသည့် မိုက်ကန်းကန်း သိုင်းသမားအား ဖန်ယိဟာန်က ထပ်မံ စိတ်ဆွပေးလိုက်သည်။

တစ်ဖက်မှအသံက ထွက်ပေါ်လာပြန်၏။

"ကျုပ်ကတော့ ပြောပြီးပြီ ... ခင်ဗျားကိုတော့ ဘယ်သူဘယ်ဝါမှန်း မသိရသေးဘူး၊ ကျုပ်ရဲ့မိုက်စွမ်းကို မပြသေးခင် ခင်ဗျားနာမည် ဘယ်သူဆိုတာ မသိရဘူးလား"

"သိရပါတယ် ... ကျုပ်နာမည် ဖန်ယိဟာန်၊ ခင်ဗျားကတော့ ကြားဖူးချင်မှ ကြားဖူးလိမ့်မယ်"

"အို ... ဖန်ယိဟာန်ဆိုတာ ခင်ဗျားလား ... ကြားဖူးပါတယ်ဗျာ၊ ဒါကြောင့်လည်း ကျုပ်စိတ်ထဲမှာ တွေးနေမိတာ၊ ခင်ဗျားဟာ ဖန်ယိဟာန်ပဲ ဖြစ်လိမ့်မယ်လို့၊ ခုတော့ ကျုပ်ထင်ထားတဲ့အတိုင်းပါပဲလား"

ဖန်ယိဟာန် အံ့အားသင့်သွားမိသည်။

တစ်ဖက်မှ မိုက်ကန်းကန်းသိုင်းသမားဆိုသူ အသံရှင်သည် မိမိအား သိနေပေသည်။

ကိုယ့်အကြောင်းကို သိထားသူတစ်ယောက်နှင့် ရင်ဆိုင်ရသည်ဆိုလျှင် မိမိဘက်က အနည်းနှင့်အများဆိုသလို အခက်အခဲများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရင်ဆိုင်ရမည်မှာ သေချာနေပေသည်။

ဖန်ယိဟာန်တွေးတောနေမိစဉ် တစ်ဖက်မှအသံက ထွက်ပေါ်လာပြန်၏။

"အင်း ... ခင်ဗျားက ကျော်ကြားတဲ့ တောင်ပင်လယ် သိုင်းဆရာကြီး ရှိန်းရှင်းရဲ့ တပည့်ရင်းတစ်ယောက်ဆိုတော့ မိုက်တယ်ဆိုလည်း မိုက်နိုင်ပါတယ်၊ တကယ်လည်း မိုက်တယ်ဆိုတာ ကျုပ်သိပါတယ်၊ အဲ ... ဒါပေမဲ့ ကျုပ်ရဲ့လိုဏ်ဂူထဲ ရောက်လာပြီးမှတော့ ခင်ဗျားအတွက် ပြန်ထွက်နိုင်ဖို့ သိပ်မလွယ်တော့ဘူးနော်"

မိုက်ကန်းကန်းသိုင်းသမားသည် သူ့ကိုယ်သူ အတော် အထင်ကြီးနေပုံရ၏။

သူက လေသံတစ်ခွဲသားဖြင့်ပြောလိုက်သည်။

ဖန်ယိဟာန်သည် ထိုသူအား လုံးဝဂရုမစိုက်ဟန်နှင့် ပြန်ပြောလိုက်သည်။

"ဒီအတွက် ကျုပ် အငြင်းမပွားလိုပါဘူး၊ ခင်ဗျားရဲ့ လိုဏ်ဂူထဲက မထွက်နိုင်လို့လည်း ကျုပ်က ဂရုမစိုက်ပါဘူး ... ဒါပေမဲ့ ခင်ဗျားရဲ့နာမည်ကိုတော့ ပြောဦးမှပေါ့ မိုက်ကန်းကန်းသိုင်းသမားကြီးရဲ့"

"ဩော် ... ကျုပ်နာမည်လား ... ကျုပ်နာမည်ကို သိချင်



ကြရင်တော့ ခင်ဗျားတို့အားလုံး ဒီလိုဏ်ဂူထဲက ထွက်သွားနိုင်မှ ဒါမှမဟုတ် လိုဏ်ဂူရဲ့ အတွင်းပိုင်းဝင်ပေါက်ကို ဝင်လာနိုင်ကြမှပဲ ဖြစ်လိမ့်မယ်"

တစ်ဖက်မှ အသံရှင်က စိန်ခေါ်စကား ဆိုလိုက်သည်။

ဖန်ယိဟာန်ကလည်း သွက်လက်စွာပင် ပြန်ပြောလိုက်သည်။

"ကောင်းပြီ ... ခင်ဗျားစကားသာ တည်ပါစေ"

ဖန်ယိဟာန်သည် သူ့စကားအဆုံးတွင် ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ဂိုဏ်းချုပ်ကြီး၏မျက်နှာပေါ်တွင် မည်သို့သော စိုးရိမ်ထိတ်လန့်မှုကိုမျှ မတွေ့ရချေ။

ပကတိ တည်ငြိမ်လျက် ရှိပေသည်။

"ဘယ်လိုသဘောရသလဲ ဂိုဏ်းချုပ်ကြီး ... ကျွန်တော်တို့ ဂူအပြင်ကို ပြန်ထွက်ကြမလား ... အတွင်းဘက်ကို ဆက်ဝင်ကြမလား"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးအား ဖန်ယိဟာန်က မေးလိုက်သည်။

ဤကိစ္စအတွက် သူတစ်ဦးတည်းသဘောဖြင့် ဆုံးဖြတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုလိုချေ။

ထို့ကြောင့် ...

ဂိုဏ်းချုပ်၏ဆန္ဒသဘောထားကို တောင်းခံလိုက်ခြင်းဖြစ်သည်။

ဂိုဏ်းချုပ်ကြီးယွင်သည် တစ်ချက်မျှ ပြုံးလိုက်၏။

ပြီးမှ သူ၏ဆုံးဖြတ်စကားကို ပြတ်သားစွာ ပြောလိုက်သည်။

"ရောက်ပြီးမှတော့ ဘာလို့ ပြန်ထွက်ရမှာလဲ၊ ကျုပ်တို့က ဒီနေရာကို တမင်လာခဲ့ကြတာပဲ မဟုတ်လား၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျုပ်တို့ အထဲကို ဆက်ဝင်ကြမယ်"

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီးရဲ့အဆုံးအဖြတ်အတိုင်း ကျွန်တော် ရှေ့ကနေ ဦးဆောင်ပြီး ဆက်ဝင်သွားပါ့မယ်"

ဖန်ယိဟာန်က လေးလေးစားစား ပြောလိုက်ပြီးနောက် ရှေ့ဆုံးမှ ဦးဆောင်၍ တဖြောင့်တည်း ရှိနေသော လိုဏ်ဂူလမ်းအတိုင်း အတွင်းပိုင်းသို့ ဝင်သွားလေသည်။

သူ့နောက်မှ ...

ဘူးလန်၊ ချိကျန်းလင်၊ ကျန့်ရီဟုန်း၊ ကျောက်ဟာန်နှင့် ငွေခေါ်ဂိုဏ်းချုပ်ကြီးယွင်တို့ တစ်ဆက်တည်း လိုက်ပါသွားကြ၏။



မကြာမီမှာပင် ...

ဖန်ယိဟာန်သည် အလုံပိတ်ထားသော ကျောက်တံခါးကြီးဆီသို့ ရောက်သွားတော့၏။

ဖန်ယိဟာန်သည် ကျောက်တံခါးအားဖွင့်ရန် ဟန်ပြင်လိုက်သည်။

"သတိထား ဖန်ယိဟာန် ... အရမ်းမလုပ်လိုက်နဲ့"

ဂိုဏ်းချုပ်ကြီးယွင်က စိုးရိမ်စွာဖြင့် လှမ်း၍ သတိပေးလိုက်သည်။

ဖန်ယိဟာန်က ဂိုဏ်းချုပ်ကြီးယွင်အား အသာအယာ ပြုံးလိုက်လေသည်။

"ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီး ... မစိုးရိမ်ပါနဲ့"

ဖန်ယိဟာန်က ပြန်ပြောလိုက်ပြီးနောက် ကျောက်တံခါးကြီးပေါ်ရှိ လက်ကိုင်ခလုတ်ကို ကိုင်ဆွဲလိုက်၏။

သို့သော် ...

ဤတံခါးမှခလုတ်သည် လိုဏ်ဂူအဝင်ဝ ကျောက်တံခါးပေါ်ရှိ ခလုတ်နှင့် ယန္တရားပုံစံချင်းမတူသည်ကို တွေ့လိုက်ရလေသည်။

ဖန်ယိဟာန်သည် ခလုတ်အား ကိုင်ဆွဲလိုက်သော်လည်း

www.burmeseclassic.com



ကျောက်တံခါးကြီးက ပွင့်မသွားဘဲ ခိုင်မာစွာ ပိတ်မြဲပိတ်နေ၏။

ဖန်ယိဟန်သည် လက်ကိုင်ခလုတ်ကို စူးစိုက်၍ကြည့်လိုက်သည်။

ခလုတ်၏အနေအထားကို ကြည့်ပြီးနောက် ... သူသည် သဘောပေါက်သွားကာ အကြံတစ်ခု ရလိုက်၏။

သူ၏စိတ်ကူးကို အကောင်အထည်ဖော်ရန်အတွက် ဖန်ယိဟန်သည် သူ၏ခါးကြားမှ ဓားမြှောင်ကလေးတစ်ချောင်းကို ထုတ်ယူလိုက်သည်။

ကျန်လူအားလုံးက တိတ်ဆိတ်စွာဖြင့် ဖန်ယိဟန်၏ အပြုအမူကို အကဲခတ်စောင့်ကြည့်နေကြ၏။

ဖန်ယိဟန်သည် လက်ကိုင်ခလုတ်ကြားရှိ အပေါက်ကလေးထဲသို့ ဓားမြှောင်ကိုထိုးသွင်းလိုက်သည်။

"အစ်ကို ဖန်ယိဟန် ... ကျွန်မဆီမှာ အမာစား ဓားတစ်ချောင်း ပါတယ် ... ယူမလား"

ဖန်ယိဟန်ကို ကြည့်ရင်း ကျန့်ရီဟုန်းက မေးလိုက်သည်။ ဖန်ယိဟန်က ခေါင်းကို ယမ်းခါပြလိုက်၏။

"နေပါစေ ... မလိုပါဘူး"

သူသည် ထိုသို့ပြောရင်း ဓားမြှောင်ကို တစ်ချက်မျှ ကလန့်



လိုက်၏။

'ချောက်'

လက်ကိုင်ခလုတ်အတွင်းရှိ သော့မောင်းတံကို ဓားမြှောင်က ထိထိမိမိ ကလန့်မိသွားလေသည်။

ထိုအခါ ...

ဂိုဏ်းချုပ်ကြီးယွင်သည် ရှေ့သို့ တိုးထွက်လိုက်ပြီး အရှိန်ပြင်းသော လက်ဝါးသိုင်းချက်တစ်ကွက်ဖြင့် ကျောက်တံခါးကြီးပေါ်သို့ ခုတ်ပိုင်းချလိုက်လေသည်။

'ဝုန်း'

ခနဲ မြည်သံကြီးတစ်ချက်နှင့်အတူ ကျောက်တံခါးကြီးသည် အတွင်းဘက်သို့ ယိုင်၍ပွင့်သွားလေတော့သည်။

ဖန်ယိဟန်တို့အားလုံး အခန်းထဲသို့ ဝင်သွားကြ၏။

ထိုအခါ မမြင်ရသောအသံရှင်ထံမှ သဘောကျစွာ ရယ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဟား ဟား ဟား ... နောင်ကြီးဖန်ယိဟန်ရဲ့ ဓားကလေးက တယ်ပြီးအစွမ်းထက်လှပါလား၊ ခင်ဗျားမှာ ဒီလောက် ထက်မြက်တဲ့လက်နက်ကောင်း ရှိနေလိမ့်မယ်လို့ ကျုပ်မမျှော်လင့်မိဘူး၊ ဒီအတိုင်းဆိုရင်တော့ ဒီကျောက်လိုဏ်ဂူကြီးထဲမှာ ခင်ဗျားကို ပိတ်

www.burmeseclassic.com

www.burmeseclassic.com



လှောင်ထားလို့ မရတော့ဘူးနဲ့ တူတယ်”

“ဒါကတော့ ခင်ဗျားသိချင်ရင် ဆက်ပြီး စမ်းကြည့်ဦးပေါ့ ဗျာ၊ ကဲ … ကျုပ်တို့ ကျောက်ဂူရဲ့ အတွင်းပိုင်းကို ရောက်လာခဲ့ကြပြီ၊ ခင်ဗျားကတိအတိုင်းသာ ဘယ်သူဘယ်ဝါဆိုတာ ပြောပြပေတော့၊ နာမည်ပြောရုံတင် မကဘူး … ခင်ဗျား ထွက်လာသင့်ပြီလို့ ထင်တယ်”

ဖန်ယိဟာန်က ပြန်ပြောလိုက်သည်။

သူ့စကားအဆုံးတွင် တစ်ဖက်မှ စကားသံက ထွက်ပေါ်၍ လာပြန်၏။

“ကောင်းပါပြီဗျာ … ခင်ဗျားတို့ ဒီလောက် သိချင်လှတာ ပြောပြပါ့မယ်၊ သေသေချာချာ မှတ်ထားကြ … ကျုပ်နာမည် ချိုင့်ဟုန်လို့ ခေါ်တယ်၊ ခင်ဗျားတို့အထဲမှာ ဒီနာမည်ကို ကြားတဲ့လူများ ပါမလားတော့ မပြောတတ်ဘူး”

ဂိုဏ်းချုပ်ကြီးယွင်က မျက်မှောင်တစ်ချက် ကုတ်သွား၏။

ဖန်ယိဟာန်က ခေါင်းခါယမ်း၍ ပြန်ပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ဖန်ယိဟုန်မပြောမီပင် ငွေစင်ရော်ဂိုဏ်းချုပ်ကြီး ၏အသံက ထွက်ပေါ်လာ၏။



“မင်းက ချိုင့်အမျိုးစုထဲကဆိုတော့ ကျုပ်ကြားဖူးတဲ့ မြောင် အမျိုးစုထဲက ကျော်ကြားခဲ့တဲ့ ချိုင့်လူကြမ်းဆရာကြီးဖြစ်တဲ့ သိုင်း ဘိလူးနဲ့များ ပတ်သက်မှု ရှိနေမလား”

“ဂိုဏ်းချုပ်ကြီးက အဲဒီ ချိုင့်လူကြမ်း သိုင်းဆရာကြီးနဲ့များ သိကျွမ်းခဲ့လို့လား”

တစ်ဖက်မှ အသံရှင်က ပြန်မေးလိုက်သည်။

လူကြမ်းသိုင်းဆရာကြီးအား ဂိုဏ်းချုပ်ကြီးယွင် ငယ်စဉ် အခါက တွေ့မြင်ဖူးသော်လည်း နောက်ပိုင်းတွင် လုံးဝမဆုံမိကြတော့ချေ။

“ကျုပ် ငယ်စဉ်ကတော့ သူနဲ့ လေးငါးကြိမ်လောက် တွေ့ဖူး ပါတယ်၊ ဒီဘက်ပိုင်းမှာတော့ သူ့ကိုမတွေ့မိတာ နှစ်ပေါင်း လေး ဆယ်လောက် ရှိသွားပြီ”

“မှန်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်ကတည်း က စပြီး လူကြမ်းဆရာကြီးဟာ မြောင်အမျိုးစုတွေရှိတဲ့ အောက်ပြည် အောက်ရွာမှာပဲ သွားလာလှုပ်ရှားခဲ့ပါတယ်၊ ဒါကြောင့်လည်း ဂိုဏ်း ချုပ်ကြီး သူ့ကို မတွေ့မိကြတာ ဖြစ်ပါတယ်”

ချိုင်ဟုန်က ပြန်ပြောလိုက်သည်။

ဤအတိုင်းဆိုလျှင် ချိုင့်ဟုန်သည် လူကြမ်းဆရာကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်စပ်နေမည်မှာ သေချာသလောက်ဖြစ်ကြောင်း ဂိုဏ်းချုပ်ကြီးယွင် ရိပ်စားမိ၏။

"မင်းက ချိုင့်လူကြမ်းဆရာကြီးနှင့် ဘယ်လိုများ ပတ်သက်နေသလဲ"

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးက သေချာစေရန် ထပ်၍မေးလိုက်သည်။

တစ်ဖက်မှ ချက်ချင်း ဖြေဆိုသံမကြားရချေ။

ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက် ချိုင့်ဟုန်ထံမှ အဖြေစကား ကြားရ၏။

"ချိုင့်လူကြမ်းဆရာကြီးဆိုတာ တခြားလူ ဟုတ်ရိုးလား ... ကျွန်တော့ ဖခင်ကြီးပါပဲ"

ချိုင့်ဟုန်၏စကားကြောင့် ငွေစင်ရော်ဂိုဏ်းချုပ်ကြီးအဖို့ စဉ်းစားစရာဖြစ်သွားသည်။

"ဪ ... မောင်ရင်က ချိုင့်လူကြမ်းဆရာကြီးရဲ့ သားလား ... မမျှော်လင့်ဘဲ ခုလိုသိရတာ ဝမ်းသာပါတယ်"

ဂိုဏ်းချုပ်ကြီး၏ စကားမဆုံးမီမှာပင် ချိုင့်ဟုန်က ဖြတ်၍ ပြောလိုက်၏။

"မှန်ပါတယ် ... ဒါပေမဲ့ အခု ကျွန်တော့်ဖခင်ကြီး ကွယ်လွန်ခဲ့ပါပြီ၊ သူ့ အသက်ထင်ရှားရှိစဉ်ကတည်းက ကျွန်တော်ဟာ ဖခင်ကြီးရဲ့ အရှိန်အဝါကို အားမကိုးခဲ့ဘဲ ကိုယ့်ဘာသာကိုယ် ရုန်းကန်ခဲ့သူပါ ... ဒါကြောင့် ဂိုဏ်းချုပ်ကြီးအနေနဲ့ သွားလေသူ ဖခင်ကြီးရဲ့မျက်နှာကို ထောက်ထားပြီးတော့ ကျွန်တော့်ကို အားနာငဲ့ညှာနေစရာ မလိုပါဘူး"



ချိုင့်ဟုန်သည် သူ့ကိုယ်သူ အတော်ပင် အထင်ကြီးဟန်ဖြင့် လေသံခပ်ထွားထွားဖြင့် ပြောလိုက်၏။

ဤအတွက် ဖန်ယိဟန်သည် နှာခေါင်းတစ်ချက် ရှုံ့လိုက်မိသည်။

"ဪ ... ဪ ... ချိုင့်လူကြမ်းဆရာကြီး ကွယ်လွန်သွားမှကိုး"

ဂိုဏ်းချုပ်ကြီးယွင်က သံယောင်ပြု၍ ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော့် ဖခင်ကြီးဟာ လွန်ခဲ့တဲ့တစ်နှစ်ကပဲ ကွယ်လွန်သွားခဲ့ပါတယ်"

ချိုင့်ဟုန်သည် စကားကိုခေတ္တရပ်နားလိုက်ပြီးနောက် ဆက်၍ မေးလိုက်ပြန်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ... သိခွင့်ရှိမယ်ဆိုရင် ကျွန်တော် တစ်ခုလောက် မေးချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးယွင်က မေးခွင့်ပြုလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး ... ဒီလောက် ရှည်လျားဝေးလံလှတဲ့ ခရီးကို ဖြတ်သန်းရောက်ရှိလာခဲ့ကြတဲ့ ဂိုဏ်းချုပ်ကြီးတို့ရဲ့ ရည်ရွယ်ချက်ကို သိချင်တာပါပဲ၊ ဂိုဏ်းချုပ်ကြီးတို့မှာ အင်မတန်အရေးကြီးပြီး လုံလောက်တဲ့အကြောင်းတစ်ခုခုတော့ ရှိနေလိမ့်မယ်လို့ ထင်ပါတယ်"

"ဟား ဟား ဟား ... ဒီအကြောင်းကို မင်း တကယ်မသိသေးဘူးလား၊ ဒါမှမဟုတ် တမင်မသိချင်ဟန်ဆောင်ပြီး မေးလိုက်တာလား"

ချိုင့်ဟုန်မေးသည်ကို ဂိုဏ်းချုပ်ကြီးယွင်က သဘောကျစွာဖြင့် တဟားဟားရယ်၍ ပြန်မေးလိုက်၏။

မိမိတို့၏ လာရင်းကိစ္စကို ချိုင့်ဟုန် အမှန်ပင်သိရှိပြီး ဖြစ်ပေလိမ့်မည်ဟု သူယူဆထားပါသည်။

"ဒါတော့ ဂိုဏ်းချုပ်ကြီးတို့ ထင်ချင်သလို ထင်နိုင်ပါတယ်"

ချိုင့်ဟုန်က ခပ်မာမာပင် ပြန်ပြောလိုက်၏။

သူ့လေသံကို ထောက်ချင့်ခြင်းအားဖြင့် အပြောက ရှင်းနေသည်။

"ကောင်းပြီ ... သိုင်းရာဇာကြီး ကျန့်ထင်းစန်နဲ့ မင်း တွေ့ပြီးပြီလား"



ဂိုဏ်းချုပ်ကြီးယွင်က မေးခွန်းသစ်တစ်ခု မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

သူ့မေးခွန်းကို ဖြေရမည့်အစား ချိုင့်ဟုန်က ပြန်လှန်မေးခွန်းထုတ်လိုက်သည်။

ဂိုဏ်းချုပ်ကြီးမှာ အနည်းငယ် စိတ်တိုသွား၏။

"ဟေ့ ... အကြောင်းရှိလို့ မင်းကို မေးတာပေါ့ကွ"

သူက ခပ်ဆတ်ဆတ် ပြန်အော်လိုက်သည်။

"ဘယ်လိုအကြောင်းကိစ္စများလဲ ဆိုတာ အမိန့်ရှိပါဦး ခင်ဗျာ"

"မင်း သူနဲ့ မတွေ့သေးဘူးဆိုရင်တော့ ကျုပ်တို့က သူ့ကိုတွေ့အောင် ဆက်ပြီးရှာရလိမ့်မယ်၊ မင်း သူနဲ့တွေ့ပြီးပြီဆိုရင်တော့ သူနဲ့ပတ်သက်သမျှ မင်းပဲ ဆက်ပြီး ပြောရဆိုရမှာပဲ"

ဂိုဏ်းချုပ်ကြီးယွင်သည် စိတ်တိုနေသော်လည်း သူ့စိတ်ကို ထိန်း၍ ပြောပြလိုက်သည်။

"သြော် ... ဒီလိုလား"

ချိုင့်ဟုန်သည် အေးစက်စက်ဖြင့် ပြန်ပြောလိုက်၏။

"အေး ... ဟုတ်တယ်၊ မင်း သူ့ကိုတွေ့ပြီးပြီးလား ... အခုန်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပါ"

"ဟုတ်ကဲ့ ... အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ကျွန်တော် အခုထိ သူ့ကို မတွေ့မိသေးပါဘူး"

"ရှင့်စကားက ယုတ္တိမရှိဘူး၊ ဘာပဲဖြစ်ဖြစ် ရှင်ဟာ ကျွန်မ ဖခင်ကြီးနဲ့ တွေ့ပြီးသားပဲ ဖြစ်ရမယ် ... သူ အခု ဘယ်မှာရှိနေသလဲ ဆိုတာ ပြောပါ"

တစ်ချိန်လုံး ငြိမ်သက်စွာဖြင့်ရပ်လျက် နားစွင့်နေသော ကျွန့်ရှိဟုန်းက ဝင်ပြောလိုက်သည်။

ချိုင်ဟုန်၏စကားကို အမှန်ပင် ကျွန့်ရှိဟုန်း မယုံကြည်ပါ။

လုံယွဲ့သည် မိမိဖခင်ကြီးနှင့် တွေ့ပြီးခဲ့ပြီ မဟုတ်ပါလား။

ချိုင့်ဟုတ်သည်လည်း လုံယွဲ့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပင် ဖြစ်ရပေမည်။

ထို့ကြောင့် ...

ချိုင့်ဟုန်သည် မိမိတို့အား လိမ်ညာပြောဆိုနေသည်ဟု ကျွန့်ရှိဟုန်း ယူဆမိပေသည်။

သူမ၏စကားအဆုံးတွင် ချိုင့်ဟုန်၏အသံ ထွက်ပေါ်လာ၏။

"သြော် ... သခင်မလေးက သိုင်းရာဇာကြီး ကျွန့်ထင်း



ရဲ့ သမီးလား၊ အခုလို ကြုံဆုံသိကျွမ်းရတာ ဝမ်းသာပါတယ်"

ချိုင့်ဟုန်သည် ယခုတိုင် ကိုယ်ယောင်ထင်ပြ ထွက်ပေါ်လာခြင်း မရှိသေးသော်လည်း ကျွန့်ရှိဟုန်းတို့ကိုမူ တစ်နေရာမှ သေချာစွာ မြင်တွေ့နေပုံရလေသည်။

"လုံယွဲ့ကတော့ ကျွန်မဖခင်ကြီးနဲ့ တွေ့ပြီးပြီလို့ ပြောတယ်၊ ရှင်က ဘာဖြစ်လို့ မတွေ့သေးဘူးလို့ ပြောရတာလဲ"

ကျွန့်ရှိဟုန်းက မကျေမနပ်နှင့် ထပ်မံ၍ မေးလိုက်သည်။

"ဆရာကြီးလုံယွဲ့နဲ့ တွေ့ချင်တွေ့မှာပေါ့၊ ကျွန်တော်နဲ့မှ မတွေ့ရသေးဘဲ၊ မတွေ့ဘူးလို့ပဲ ပြောရတာပေါ့ဗျာ၊ ကျွန်တော်နဲ့သာ တွေ့ခဲ့ရင်လည်း သခင်မလေးရဲ့ဖခင်ကြီးအဖို့ သက်သာမှာ မဟုတ်ဘူး"

ချိုင့်ဟုန်သည် အဘယ်ကြောင့် ဤသို့ ပြောရပါသနည်း။

သူနှင့်တွေ့လျှင် မိမိဖခင်ကြီး မည်သို့ ဖြစ်မည်နည်း။

"ဘာဖြစ်လို့လဲ ... ရှင်က ကျွန်မဖခင်ကြီးအပေါ် ဘယ်လို မကျေနပ်ချက် ရှိနေလို့လဲ"

ကျွန့်ရှိဟုန်းက ပျာပျာသလဲ ပြန်မေးလိုက်သည်။

"ဒီအကြောင်းကို ပြောဖို့အတွက် အချိန်စောပါသေးတယ်"

ကျွန့်ရှိဟုန်း၏စိတ်တွင် မတင်မကျ ဖြစ်သွားသည်။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်က ဝင်၍ ပြောလိုက်၏။

"ဘယ်လိုလဲ ... ကျုပ်တို့ကို ခင်ဗျား ကိုယ်ယောင်ထွက်မပြသေးပါလား"

"သည်းခံပါ ... အချိန်တွေအများကြီး ကျန်ပါသေးတယ်၊ အခု အချိန်မကျသေးဘူး"

ဖန်ယိဟာန် စိတ်တိုသွားမိသည်။

"ခင်ဗျားပြောလိုက်ရင် စောသေးတာနဲ့ အချိန်မကျသေးတာနဲ့ချည်းပဲ ... ဘယ်တော့မှ အချိန်ကျမှာလဲ"

ဖန်ယိဟာန်သည် စိတ်ပေါက်ပေါက်နှင့် ပြန်အော်လိုက်၏။

"ဟား ဟား ဟား ... သိပ်မလောကြပါနဲ့လေ၊ နုလုံတောင်ထိပ်ရောက်ရင် ခင်ဗျားတို့သိချင်တာတွေ အားလုံးသိရမှာပါ"

ချိုင့်ဟုန်၏စကားကို ကြားသောအခါ ဖန်ယိဟာန်တို့လူ အားလုံးပင် အံ့အားသင့်သွားမိကြလေတော့သည်။



နုလုံတောင်ထိပ် ...။

နုလုံတောင်ထိပ်ဆိုသည်မှာ သိုင်းအဓိပတိကြီး ယန်းဝူကျိအား ဖမ်းဆီးခေါ်ဆောင်သွားသည့် နေရာပင် မဟုတ်ပါလား။

သိုင်းရာဇာကြီး ကျန့်ထင်းစန်သည်လည်း ဤနုလုံတောင်ထိပ်ဆီသို့ပင် သွားရောက်ခြင်းဖြစ်ပေသည်။

သိုင်းရာဇာကြီးသည် ဆရာကြီးယန်းဝူကျိနှင့် တွေ့ဆုံရန်အတွက် နုလုံတောင်ထိပ်သို့ သွားရောက်ခြင်း ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ...

ချိုင့်ဟုန်သည် ဆရာကြီးယန်းဝူကျိအား ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်သည်တရားခံပဲ ဖြစ်ရပေလိမ့်မည်။

"နုလုံတောင်ထိပ် ... ဟုတ်လား၊ ဒါဆို ခင်ဗျားဟာ ဆရာကြီးယန်းဝူကျိကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့ လက်သည်တရားခံပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ဟုန်သည် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ဒါကို ခင်ဗျား အခုမှသိသလား။ ကျုပ်က ခင်ဗျား စောစောကတည်းက ရိပ်မိနေပြီလို့ ထင်ထားတာ ... ဟား ဟား ဟား"

လက်သည်ကိုတော့ သိကြရချေပြီ။

လက်သည်ရှိရာ အရပ်ကိုသာ ယခုထိ မသိကြသေးခြင်းဖြစ်၏။

တစ်ဖန် ... နုလုံတောင်ထိပ်သို့ တက်ရောက်ရန် လမ်းစကိုလည်း ရှာ၍ မရကြသေးချေ။

ဖန်ယိဟန်သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်မိ၏။

"ချိုင့်ဟုန် ... ဆရာကြီးယန်းဂူကျိုကို ခင်ဗျား ဘာလုပ်ထားသလဲ၊ သူသာတစ်ခုခု ဖြစ်သွားရင်တော့ ခင်ဗျားမသက်သာဘူး မှတ်လိုက်ပါ၊ အခု ဆရာကြီးယန်းဂူကျို ဘယ်မှာလဲ"

ဖန်ယိဟန်သည် ယန်းဂူကျိုအတွက် စိုးရိမ်ပူပင်စွာဖြင့် ချိုင့်ဟုန်အား သတိပေးရင်း မေးလိုက်၏။

"ဒီအတွက်တော့ စိတ်ချပါ ... သူ့ကို ကျုပ် ကောင်းကောင်း



မွှန်မွှန်ပဲ ပြုစုစောင့်ရှောက်ထားပါတယ်၊ ဘာမှ မဖြစ်စေရပါဘူး"

ယန်းဂူကျိုအတွက် ချိုင့်ဟုန်က အာမခံချက်ပေးလိုက်သည်။

နံဘေးတွင် ရပ်နေသော ချိုကျုန်းလင်သည် ... အသားများ တဆတ်ဆတ် တုန်သည်အထိ ဒေါသများ ထွက်လာ၏။

သူသည် ဒေါသစိတ်ကို မချုပ်ထိန်းနိုင်တော့ဘဲ ချိုင့်ဟုန်အား လေသံမာမာဖြင့် လှမ်းပြောလိုက်လေသည်။

"ကျုပ်ရဲ့ဆရာကြီးအတွက် ကျုပ်က လတ်ပိုက်ကြည့်နေလိမ့်မယ်လို့ ခင်ဗျားထင်နေသလား"

"သြော် ... ခင်ဗျားက သိုင်းအဓိပတိကြီးယန်းဂူကျိုရဲ့တပည့်လား ... ကျုပ်က မသိလို့ပါဗျာ"

ချိုင့်ဟုန်သည် အေးစက်စက်လေသံဖြင့် ခနဲ့တဲ့တဲ့ ပြန်ပြောလိုက်၏။

"ဟေ့ ... မိုက်ကန်းကန်း သိုင်းသမား ... ကျုပ်ဆရာကြီးကို ခင်ဗျား အသာတကြည်ထုတ်ပေးမလား၊ မပေးဘူးလား ... ဒါပဲပြော၊ နို့မဟုတ်ရင်တော့ ခင်ဗျားကို ကျုပ် သတ်မိလိမ့်မယ်"

ဒေါသစိတ်မွှန်ထူနေသော ချိုကျုန်းလင်က ပမာမခန့် ပြန်ပြောလိုက်၏။

ချိုင့်ဟုန်က မခန့်လေးစားဟန်ဖြင့် ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … သိပ်ဒေါသမကြီးပါနဲ့လေ၊ ခင်ဗျားရဲ့ ဆရာကြီးက ကျုပ်လက်ထဲမှာ ရှိနေတယ်ဆိုတာလည်း သတိရဦးမှပေါ့၊ အခြေအနေက ခုအချိန်မှာ ခင်ဗျား ဒီစကားမျိုးပြောလိုက်ရင် ခင်ဗျားရဲ့ ဆရာကြီးအတွက် စိုးရိမ်စရာဖြစ်သွားမယ်ဆိုတာ နည်းနည်းလေးမှ မစဉ်းစားမိဘူးလား"

ချိုင့်ဟုန်ပြောသည်မှာ မှန်၏။

ချိုကျန်းလင်သည် ရုတ်တရက် ထိတ်ခနဲဖြစ်သွားကာ ယန်းဂူကျိအတွက် စိုးရိမ်သွားမိလေသည်။

စကားလွန်ပြီးမှ ချိုကျန်းလင်သည် သူ့အမှားကို သူသိကာ နောင်တရသွားမိသည်။

သူသည် ဒေါသစိတ်ကို ပြန်လည်ချုပ်တည်း၍ အရှိန်သတ်လိုက်ရ၏။

မချုပ်တည်း၍လည်း မဖြစ်။

ဒေါသအလျောက် စိတ်လိုက်မာန်ပါပြောဆိုမိသည့်အတွက် ချိုင့်ဟုန်သည် သည်းမခံနိုင်လျှင် မိမိဆရာကြီး ယန်းဂူကျိအား တစ်နည်းနည်းဖြင့် ဒုက္ခပေးနိုင်သည် မဟုတ်ပါလား။

ချိုင့်ဟုန်ကျေနပ်စေရန် ချိုကျန်းလင်သည် အချိုသတ်၍ စကားပရိယာယ် ဆင်လိုက်သည်။



"ဟုတ်ပေသားပဲ …" ဒါကို ကျုပ် သတိမထားလိုက်မိဘူး။ ပြောမှားဆိုမှားရှိရင် သည်းခံပါဗျာ၊ ခင်ဗျားကသာ ကျုပ်ဆရာကြီးကို ပြန်လွှတ်ပေးမယ်ဆိုရင် အများကြီး ကျေးဇူးတင်မှာပါ"

"ဒီလိုလိမ္မာမှပေါ့"

အသာစီးရထားသော ချိုင့်ဟုန်က မထိတထိ ပြောလိုက်သည်။

ချိုကျန်းလင်၏စိတ်တွင် ကျလိကျလိနှင့် အခံရခက်သွား၏။

ငွေစင်ရော်ဂိုဏ်းချုပ်ကြီးယွင် စဉ်းစားမိသည်မှာ ချိုင့်ဟုန်သည် သိုင်းအဓိပတိကြီး ယန်းဂူကျိအား အလွယ်တကူနှင့် လွှတ်ပေးလိမ့်မည် မဟုတ်ပေ။

စောစောကပင် သူသည် မိမိတို့အား နုလုံတောင်ထိပ်သို့ လာရောက်ရန် ပြောခဲ့သည် မဟုတ်ပါလော။

နုလုံတောင်ထိပ်သို့ တက်ဖို့ဆိုသည်ကလည်း ယခုထိ လမ်းစရှာမရသေးချေ။

ဟုတ်သည် မဟုတ်သည် အပထား … လုံယွဲ့၏ပြောစကားအရမူ နုလုံတောင်ထိပ်သို့ တက်ရောက်နိုင်သူ မရှိသေးဟု ဆို၏။

သို့သော် ချိုင့်ဟုန်ကမူ ဆရာကြီးယန်းဂူကျိ၊ကို နုလုံတောင်ထိပ်တွင် ထားရှိသည်ဟု ဆို၏။

www.burmeseclassic.com

ဤသို့ဆိုလျှင် နှလုံးတောင်ထိပ်သို့တက်ရောက်ရန် နည်းလမ်းတစ်ခုခု တော့ ရှိရပေမည်။

ဤသည်ကိုလည်း ချိုင့်ဟုန် ကောင်းစွာသိထားပေလိမ့်မည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးယွင်သည် ချိုင့်ဟုန်အား တိုက်ရိုက်ပင် မေးလိုက်၏။

"နှလုံးတောင်ထိပ်ကို ရောက်အောင်တက်နိုင်ဖို့ဆိုတာ အင်မတန် အန္တရာယ်များပြီး ခဲယဉ်းလှပါတယ်၊ လုံယွဲ့ကတော့ နှလုံးတောင်ထိပ်ကို ရောက်အောင်တက်နိုင်တဲ့လူ မရှိသေးဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ ဒီတောင်ပေါ်ကို တက်ရောက်နိုင်တဲ့ နည်းလမ်းတစ်ခုခု ရှိလိမ့်မယ်ဆိုတာ ကျုပ်သဘောပေါက်ထားတယ် ... ဒါကို မင်းသိတယ် မဟုတ်လား"

"ဂိုဏ်းချုပ်ကြီးပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ .. ဒီလမ်းကြောင်းကို ကျုပ်က ပြောပြလိမ့်မယ်လို့ ဂိုဏ်းချုပ်ကြီးတို့ မမျှော်လင့်ပါနဲ့၊ ဂိုဏ်းချုပ်ကြီးတို့အနေနဲ့ သိုင်းအဓိပတိကြီး ယန်းဂူကျိုနဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်တို့ကို တွေ့ချင်တယ်ဆိုရင်တော့ ကိုယ့်အစွမ်းအစနဲ့ကိုယ် နှလုံးတောင်ထိပ်ပေါ် အရောက်တက်လာကြဖို့ပဲ ဖြစ်ပါတယ်"



ချိုင့်ဟုန်သည် အကင်းပါးသူတစ်ယောက် ဖြစ်ပေသည်။

ဂိုဏ်းချုပ်ကြီးယွင်က နှလုံးတောင်ထိပ်သို့ တက်ရောက်ရန် နည်းလမ်းစကို သူ့အား အစ်အောက်မေးလိုက်သော်လည်း ချိုင့်ဟုန်က အပြတ် ပြန်ပြောလိုက်သည်။

ဂိုဏ်းချုပ်ကြီးယွင်သည် သူ၏အကြံအစည် မအောင်မြင်သဖြင့် နှုတ်ပိတ်သွားလေတော့သည်။

ချိုင့်ဟုန်သည် သူတို့အား နှလုံးတောင်ထိပ်သို့ တက်ရောက်နိုင်လိမ့်မည်မဟုတ်ဟု ထင်ထားပုံရလေသည်။

တစ်နည်းအားဖြင့် မိမိတို့အား အထင်သေးသည့်သဘောပင် ဖြစ်၏။

ဤသည့်အတွက် ကျန့်ရှီဟုန်းမှာ မခံချင်စိတ်နှင့် မျက်နှာတစ်ချက် မဲ့လိုက်သည်။

"ရှင်က ကျွန်မတို့ကို နှလုံးတောင်ထိပ်ရောက်အောင် မတက်နိုင်ဘူး ထင်နေလို့လား၊ စောင့်ကြည့်နေ ... ကျွန်မတို့ မကြာခင် နှလုံးတောင်ထိပ်ကို အရောက်တက်လာခဲ့ကြမယ်"

ချိုင့်ဟုန်သည် သဘောကျစွာဖြင့် ရယ်လိုက်၏။

"ဟား ဟား ဟား ... ကောင်းပါပြီဗျာ၊ သခင်မလေး အမိန့်ရှိတဲ့အတိုင်း ကျုပ်စောင့်မျှော်နေပါ့မယ်၊ ဒါပေမဲ့ အချိန်တော့ ကန့်

www.burmeseclassic.com

www.burmeseclassic.com



သတ်ထားရလိမ့်မယ်၊ ခင်ဗျားတို့ကို မနက်ဖြန် နေမွန်းတည့်ချိန်အထိပဲ ကျုပ်စောင့်နိုင်မယ်၊ ဒီအချိန်တိုင်လို့မှ နုလုံတောင်ထိပ်ပေါ်ကို ခင်ဗျားတို့ ရောက်မလာကြဘူးဆိုရင်တော့ သိုင်းအမိပတိကြီးနဲ့ သိုင်းရာဇာကြီးတို့ရဲ့ ကံကြမ္မာကို ကျုပ် ဆက်ပြီး တာဝန်မယူနိုင်တော့ဘူးဆိုတာ မှတ်ထားကြပါ”

ချိုင့်ဟုန်၏စကားတွင် ခြိမ်းခြောက်မှုများ ပါဝင်နေ၏။

ယခု ...ညကိုးနာရီခန့် ရှိနေလေပြီ။

နုလုံတောင်ထိပ်သို့ တက်ရောက်ရန်အတွက် လျှို့ဝှက်လမ်းကို ညတွင်းချင်း ရှာတွေ့နိုင်မှ ဖြစ်ပေမည်။

သို့မှသာ မနက်ဖြန် နေမွန်းတည့်အမီ နုလုံတောင်ပေါ်သို့ တက်နိုင် မည် ဖြစ်၏။

ဤအတောအတွင်း လျှို့ဝှက်လမ်းကို ရှာမတွေ့ခဲ့ပါက သိုင်းအမိပတိကြီးနှင့် သိုင်းရာဇာကြီးတို့၏ ကံကြမ္မာက မတွေးဝံ့စရာပင် ဖြစ်တော့သည်။

ဘာပဲဖြစ်ဖြစ် ...

ချိုင့်ဟုန်ပြောသည့်အတိုင်း မနက်ဖြန် နေမွန်းတည့်အမီ နုလုံတောင်ထိပ်သို့ အရောက်သွားရန် ကျန့်ရိဟုန်း ဆုံးဖြတ်လိုက်သည်။



“စိတ်ချ ... မနက်ဖြန် မွန်းတည့်ချိန်မတိုင်ခင် နုလုံတောင်ထိပ်ကို ကျွန်မတို့ အရောက်လာခဲ့မယ်”

သူမက ပြတ်သားစွာ ပြန်ပြောလိုက်သည်။ ချိကျန်းလင် အံ့အားသင့်သွားမိ၏။

ကျန့်ရိဟုန်းသည် မည်သည့်နည်းနှင့် နုလုံတောင်ထိပ်သို့ အရောက်သွားမည်နည်း။

တကယ်ဆို ချိုင့်ဟုန်အား သည့်ထက်မက အချိန်ပေးရန် တောင်းဆိုသင့်သည်ဟု ချိကျန်းလင် ထင်မိသည်။

ချိကျန်းလင်သည် ကျန့်ရိဟုန်းအား တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် တစ်ဖက်မှ ချိုင့်ဟုန်၏အသံကို ကြားလိုက်ရပြန်သည်။

“ကောင်းပြီ ... ခုအချိန်ကစပြီး မနက်ဖြန် မွန်းတည့်ချိန်အထိ ဆယ့်ငါးနာရီလောက် အချိန်ရှိပါသေးတယ်၊ ခင်ဗျားတို့သာ အစွမ်းအစရှိကြမယ်ဆိုရင်တော့ ဒါဟာ နုလုံတောင်ထိပ်ကို တက်ရောက်ဖို့အတွက် လုံလောက်တဲ့အချိန်ပါပဲ၊ ကဲ ... ကျုပ်သွားတော့မယ်၊ ခင်ဗျားတို့ ကံကောင်းကြမယ်ဆိုရင်တော့ မနက်ဖြန် ကျုပ်နဲ့ ဆုံကြတာပေါ့ ... ဟား ဟား ဟား”

www.burmeseclassic.com



"ဟော့ ... ခဏနေဦး"

ဖန်ယိဟာန်က လှမ်းအော်လိုက်သည်။

သို့သော် တစ်ဖက်မှ ချိုင့်ဟုန်၏အသံကို မကြားရဘဲ အတန်ကြာပင် တိတ်ဆိတ်နေ၏။

ချိုင့်ဟုန်မှာ အမှန်ပင် ထွက်ခွာသွားပြီလား။

ချိုကျန်းလင်သည် ဒေါသကြီးစွာဖြင့် ခြေတစ်ဖက်ကို ခပ်ပြင်းပြင်း ဆောင့်လိုက်သည်။

'တောက်'

သူသည် နှုတ်မှလည်း မကျေမနပ်ဖြင့် တက်တစ်ချက် ခေါက်လိုက်၏။

"နောင်ကြီးဖန်ယိဟာန် ... ဒီလူ ထွက်သွားပြီနဲ့ တူတယ်"

"သွားလိမ့်ဦးမယ် မထင်ပါဘူး၊ အသာနေ ... သူတကယ် သွား၊ မသွားသိရအောင် ကျွန်တော် စမ်းကြည့်လိုက်မယ်"

ဖန်ယိဟာန်သည် ချိုကျန်းလင်အနီးသို့ ကပ်၍ လေသံတိုးတိုးဖြင့် ပြောလိုက်၏။

ထို့နောက် သူသည် ခပ်ကျယ်ကျယ်ပင် လှမ်းအော်ပြောလိုက်သည်။

"ချိုင့်ဟုန် ... ခင်ဗျား ထွက်မသွားသေးဘူးဆိုတာ ကျုပ်သိ



ပါတယ်၊ ခင်ဗျား သွားချင်သွား၊ မသွားချင်နေ ... အကြောင်းမဟုတ်ပါဘူး၊ နုလုံတောင်ထိပ်ကို ဘယ်လိုတက်ရမယ်ဆိုတာ အခု ကျုပ် သိလိုက်ပါပြီ"

ဖန်ယိဟာန်ယူဆချက်က မှန်ကန်သွားသည်။

သူ့စကားအဆုံးတွင် တစ်ဖက်မှ ချိုင့်ဟုန်၏အသံက ပြန်လည်ထွက်ပေါ်လာ၏။

"ခင်ဗျား ဘယ်လိုလုပ်ပြီး သိတာလဲ ... ခင်ဗျားစကားကို ကျုပ် နည်းနည်းမှ မယုံဘူး"

ချိုင့်ဟုန်က မယုံဘူးဆိုသော်လည်း သူ့စကားသံတွင် အံ့အားသင့်ဟန်များ ပါဝင်နေ၏။

စိုးရိမ်သွားပုံလည်း ရလေသည်။

"ခင်ဗျား ယုံဖို့မယုံဖို့ထက် ကျုပ်တို့ နုလုံတောင်ထိပ်ကို ရောက်လာနိုင်ဖို့က ပိုပြီးအရေးကြီးတယ် မဟုတ်လား"

ဖန်ယိဟာန်က ပြန်ပြောလိုက်၏။

"အင်း ... ခင်ဗျား မဆိုးဘူး တော်ပါပေတယ်"

ချိုင့်ဟုန်က ဖန်ယိဟာန်အား ချီးမွမ်းစကား ဆိုလိုက်သည်။

"ခင်ဗျားထင်လို့ပါ ... ကျုပ်က သူလိုကိုယ်လို သာမန်လူ တစ်ယောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်က မထိတထိ ပြန်ပြောလိုက်သည်။

"ဒါနဲ့ စောစောက ခင်ဗျားကျုပ်ကို လှမ်းခေါ်လိုက်တာ ပြောစရာများ ရှိနေသေးလို့လား"

"ဟုတ်တယ်"

"ဒါဖြင့် ဘာပြောချင်လို့လဲ ... မြန်မြန်ပြော"

"ကျုပ်ကလည်း တိုတိုနဲ့လိုရင်းပဲ ပြောမှာပဲ၊ သိုင်းအဓိပတိကြီး ယန်းဂူကျိုကို ခင်ဗျားအကျပ်ကိုင်ခေါ်သွားခဲ့ပြီး သူ့နာမည်နဲ့ သိုင်းရာဇာကြီး ကျန့်ထင်းစန်ကို တောင်ပိုင်းဒေသလိုက်ခဲ့ဖို့ ဖိတ်ကြားလိုက်တဲ့လုပ်ရပ်က ဘာသဘောလဲ"

ဖန်ယိဟာန်သည် သွယ်ဝိုက်မနေဘဲ ပွင့်ပွင့်လင်းလင်းပင်မေးလိုက်၏။

"ခင်ဗျား ဒီအကြောင်းကို တကယ်ပဲ မသိဘူးလား ... ကျုပ်ဖြင့် အံ့ဩလို့ကို မဆုံးတော့ဘူး၊ ကျုပ်က ခင်ဗျားကို အတော်အထင်ကြီးထားမိတာ ခင်ဗျား ဒီလောက်တောင် ညံ့လိမ့်မယ် မထင်ပါဘူးဗျာ"

"ဟား ဟား ဟား ... ကျုပ်က ညံ့လို့မဟုတ်ဘူးဗျို့ ခင်ဗျားနှုတ်က ထွက်လာမယ့် အတည်ပြုစကားကို ကြားချင်လို့ မေးနေတာ၊ ဒီမှာ ကျုပ်ပြောမယ် ... ခင်ဗျားဟာ တိမ်မြုပ်ပျောက်ကွယ်



နေတဲ့ ယိချိန်သိုင်းကျမ်းစာအုပ်ကို ရယူနိုင်ဖို့အတွက် ဆရာကြီး ယန်းဂူကျိုနဲ့ သိုင်းရာဇာကြီးတို့ကို ဒီနေရာအရောက် ခေါ်လာခဲ့တာပဲ မဟုတ်လား"

"ဟုတ်လိုက်လေဗျာ ... ဒါကြောင့်လည်း ခင်ဗျားကို ကျုပ်က အထင်ကြီးမိတာပေါ့၊ ခင်ဗျားရဲ့အတွေးအခေါ်ဉာဏ်စွမ်းက ထက်မြက်လှပါပေတယ်"

တဲ့တိုးဖွင့်မေးလိုက်သောအခါ ချိုင့်ဟုန်မှာ မငြင်းသာတော့ဘဲ ဝန်ခံလိုက်တော့၏။

"ကျုပ်တို့ နုလုံတောင်ထိပ်ကို ရောက်လာခဲ့ရင် ကျုပ်ဆရာကြီး ဟာန်ဂူကျိုနဲ့ တွေ့ရမှာလား"

ချိုကျန်းလင်က ဝင်မေးလိုက်သည်။

"စိတ်ချ ... တွေ့ရပါစေမယ်"

ချိုင့်ဟုန်သည် ချိုကျန်းလင်အား အဖြေပေးလိုက်ပြီးနောက် ဖန်ယိဟုန်အား လှမ်းမေးလိုက်ပြန်၏။

"နောင်ကြီးဖန်ယိဟာန်အနေနဲ့ ပြောစရာများ ကျန်ရှိပါသေးသလား၊ ဘာများ မေးချင်၊ ပြောချင်ပါသေးလဲ"

"ဘာမှမေးစရာ ပြောစရာမရှိတော့ဘူး၊ ခင်ဗျားသွားလိုတဲ့ အရပ်ကို သွားနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဖန်ယိဟာန်သည် စိတ်မရှည်တော့ဘဲ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်ပြီး ချိုင့်ဟုန်အား ခွင့်ပြုလိုက်သည်။

"ကောင်းပါပြီခင်ဗျာ ... ဒီလိုဆိုလည်း ကျုပ် သွားပါတော့မယ်၊ မနက်ဖြန် မွန်းမတည့်ခင် သာ နှလုံးတောင်ထိပ်ကို ရောက်နိုင်ဖို့ ဆက်ကြိုးစားကြပါ ... ဟား ဟား ဟား"

ချိုင့်ဟုန်သည် သူ၏စကားအဆုံးတွင် အားပါးတရ ရယ်မောလိုက်လေသည်။

သူ့ရယ်သံသည် ကျောက်လိုဏ်ဂူတခုလုံးသို့ ပဲ့တင်ရိုက်ခတ်သွား၏။

ထို့နောက် ရယ်သံသည် တဖြည်းဖြည်းဝေးကွာသွားပြီး တစ်စ တစ်စ တိမ်ဝင်သွား၏။

နောက်ဆုံးတွင် ... ချိုင့်ဟုန်၏ရယ်သံသည် လုံးဝမကြားရတော့ဘဲ ပျောက်ကွယ်သွားလေတော့သတည်း။

(စာစဉ်-၂) ပြီး၏။

(စာစဉ်-၃) ဆက်လက်ဖတ်ရှုပါရန်

BURMESE CLASSIC
www.burmeseclassic.com